www.burmeseclassic.com

ဝဏ္ဏစိုးဝဲ

# နေ့လယ်ငင်းဧကောင်

သိုင်းတံ့မွှင့်လှ၍ ပရေသံ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၄၆၄/၂၀၀၁)(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၆/၂၀၀၂) (၁)

●

၂၀၀၂-ခုနှစ်
အုပ်ရေ-၄၀၀
တန်ဖိုး-၃၂၀

●

**ထုတ်ဝေသူ**

ဦးညွန့်ဋ္ဌေး၊ စိန်ပန်းမြိုင်စာပေ
၂၃-အေ၊ ဦးကောင်းလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

●

**ပုံနှိပ်သူ**

ဦးသုသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
၁၂-ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

●

**မျက်နှာဖုံးရိုက်**

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊
အမှတ်-၉၆၊ ၁၁-လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

BURMESE CLASSIC

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတံပွင့်လျှို့ ပလေ့သံ

စာစဉ်(၁)

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး .... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... | ဒို့အရေး |

---

စည်းကမ်းလိုက်နာ သေးကင်းကွာ
ရိုးသား ကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
မခွာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* မြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အခန်း (၁)

## ထိုင်သူလေးယောက် လာသူတစ်ယောက်

ဇရပ်ကြီးတစ်ဆောင်....

ဇရပ်ကြီးသည် အလွန်တရာ ကြီးမားလှ၏။ သို့သော် ဇရပ်ကြီး၏အနောက်ဘက်တွင် ပြိုပျက်စပြုနေလေပြီ။ ဇရပ်ကြီး၏ အရှေ့ဘက်တွင်မူ နောက်ပိုင်းလောက် ပျက်စီးခြင်း မရှိသေးပေ။ သို့သော် ဇရပ်ကြီးတစ်ဆောင်လုံး ပြုပြင်မှုနှင့် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ကင်းကွာခဲ့ပြီ ဖြစ်ကြောင်းကိုမူ သိသာစွာ တွေ့မြင်နိုင်ပေ၏။

ဤဇရပ်ကြီးကား တရုတ်ပြည်တောင်ပိုင်း၌ အလွန်တရာ နက်ရှိုင်းထူထပ်လှသော သစ်တောကြီးအတွင်း၌ တည်ရှိသည်။ လူသူအရောက်အပေါက်နည်းလှသော ဤသစ်တော

www.burmeseclassic.com



ဆောင်တည်း ထီးထီးမားမား ရှိနေခြင်း
ခု မပြိုကွဲ့က အံ့ဖွယ်ကောင်းနေသည်။
ားရည်းလုံးစိမြစ်ကိုရှာဖွေလျှင် ထူးဆန်းအံ့ဩဖွယ်
ာအာကာ ဖြစ်ရပ်များကို တူးဖော်မိကောင်း တူး

စည်းကမ်းလို

ယခုအခါ၌ပင် ဤဇရပ်ကြီးပေါ်၌ အံ့ဩဖွယ်ရာများ ရှိနေပေပြီ။

အဘယ့်ကြောင့်ဆိုသော်....

လူသူအရောက်အပေါက်နည်းလှသည့်ဤဇရပ်ကြီးပေါ်၌ ဆယ်ယောက်ထက် မနည်းသော လူတစ်စု ရောက်ရှိနေသောကြောင့်တည်း။

မှောင်ရီပျိုးစအချိန်....

သစ်တောကြီး တစ်ခုလုံး၌ သစ်ရွက် သစ်ကိုင်းများကို လေတိုးသည့် အသံမှအပ အခြား မည်သည့် အသံဗလံမျှ မကြားရတော့ပေ။ ချောက်ချားဖွယ် ကောင်းသော ဇရပ်ကြီး၏ ထောင့်လေးထောင့်တွင် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ထိုင်နေကြသည့် အဘိုးကြီးလေးယောက် ရှိနေ၏။ အဘိုးကြီး တစ်ယောက်စီ၏ဘေးတွင် လူငယ်သုံးယောက်စီ ရပ်နေကြ၏။

ခရမ်းရောင်။

အပြာရောင်။



အဝါရောင်။

အဖြူရောင်။

အရောင်လေးမျိုး၊ အကျီများက အဆင်ကွဲ။ အဘိုးကြီး တစ်ဦးစီသည် ထိုအရောင်လေးမျိုး ခွဲခြားဝတ်ဆင်ထားသည့် လူငယ်သုံးယောက်စီ၏ ဆရာကြီးများ ဖြစ်ကြဟန်ရှိသည်။ ထိုအရောင် လေးရောင်သည် ဂိုဏ်းလေးဂိုဏ်း၏ အမှတ်အသားများ ပေလော။

ထိုင်နေသည့် အဘိုးကြီးများသည် အနည်းငယ်မျှ မလှုပ်ရှားကြပေ။

သူတို့၏ မျက်လုံးများကို ပိတ်ထားကြ၏။ ထိုလေးယောက်စလုံး အတွင်းအား ကျင့်စဉ်များ ကျင့်နေသည်တတော့ သေချာလှပေသည်။

တိုစဉ်...

ဇရပ်ကြီး၏ တံခါးဝ၌ တစ္ဆေသရဲသဖွယ် မားမားမတ်မတ် အရိပ်ကြီးတစ်ခု ထိုးကျလာလေ၏။ တစ္ဆေသရဲတော့ ဟုတ်ပါ။ အရောင်လေးမျိုး ဝတ်ဆင်ထားသည့်လူငယ်များ ဆိတ်လန့်သွားသလို မကောင်းဆိုးဝါးတစ်ကောင် ရောက်ရှိလာခြင်းလည်း မဟုတ်ပါ။

လူသား စစ်စစ် အဘိုးကြီးတစ်ယောက်သာဖြစ်ပါလေ၏။ အဘိုးကြီး၏ မုတ်ဆိတ်ဖြူကြီးသည် ရင်ဘတ် သို့တိုင်တွဲရရွဲကျနေ၏။ အဘိုးကြီး၏ ဝတ်ရုံ စိမ်းကြီး မှာလည်း အနည်းငယ် အရောင်ပျက်စ ပြုနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ခပျိုးချိန် ဖြစ်နေသော်လည်း ထိုဇရပ်ထဲရှိ လူငယ်ဆယ့်နှစ်ယောက် စလုံး အနေဖြင့် အဘိုးကြီး၏ ရုပ်ဆင်းသွင်ပြင်ကို သေချာစွာ အကဲခတ်နိုင်စွမ်း ရှိကြပါလေ၏။

သို့တစေ....

အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးသည် သူ၌ အသင့်ပါလာဟန်တူသော ဖယောင်းတိုင် တစ်တိုင်ကို မီးထွန်းညှိလျက် ဇရပ်ဘောင်းရှိ တန်းတစ်ခုအနီး ပေါ်၌ တင်လိုက်၏။ ထိုဖယောင်းတိုင်မီးကြောင့် ဇရပ်ထဲရှိအမှောင်ထုလည်း ပြိုကွဲသွားလေတော့သည်။

အပြာရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်သည် သူ၏ ဆရာကြီးကို တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး ညွှန့်သည် အဘိုးကြီးဘက်သို့ ပြန်လှည့်လိုက်၏။

ထို့နောက် လေသံမာမာဖြင့် ပြောကြားလိုက်သည်။

"ဟျို့....ဆရာကြီး၊ ဒီဇရပ်ထဲကို ခင်ဗျားမဝင်ပါနဲ့၊ အမြန်ဆုံး ပြန်ထွက်သွားပါ"

ညွှန့်သည်အဘိုးကြီးထံမှ တဟားဟား ရယ်သံကြားလိုက်ရသည်။

"ငါ့ကို ဒီလိုနှင်လွှတ်ရဲသလား၊ ငါဘယ်သူဆိုတာကော မင်းတို့ သိရဲ့လား"

အပြာရောင် ဝတ်စုံဝတ် လူငယ်က 'ဟောက်' တစ်ချက်ခေါက်လိုက်ပြီး....



"ခင်ဗျား ဘယ်သူပဲ ဖြစ်နေဖြစ်နေ၊ ဘာကြီးပဲ ဖြစ်နေဖြစ်နေ အကြောင်း မဟုတ်ဘူး၊ ကျုပ်တို့ရဲ့ ကျေးဇူးရှင် ဆရာကြီးဘွေကို အနှောင့်အယှက် မပေးဖို့ပဲ အရေးကြီးတယ်"

ညွှန့်သည် အဘိုးအိုသည် ဇရပ်ကြီး၏ ထောင့်လေး ထောင့်၌ ငြိမ်သက်စွာထိုင်နေသည့် အဘိုးအို လေးယောက်ကို လှည့်ပတ် အကဲခတ်လိုက်၏။

ထို့နောက် ခပ်အေးအေးပင် မေးသည်။

"မင်းတို့ဆရာကြီးတွေ အပန်းဖြေနေကြတာလား"

"ဟုတ်တယ်၊ အတွင်းအားကျင့်စဉ် ကျင့်နေတယ်"

ညွှန့်သည် အဘိုးအိုသည် လက်ယာဘက်ထောင့်သို့ ဖြည်းညင်းစွာ လျှောက်သွားလေတော့၏။ လက်ယာဘက်အတွင်း ထောင့်တွင် အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်သုံးယောက်နှင့် အဘိုးအိုတစ်ယောက် ရှိနေသည်။ လူငယ်သုံးယောက်သည် အတွင်းအားကျင့်စဉ် ကျင့်နေသည့် သူတို့ဆရာကြီး၏ ရှေ့သို့ ခုန်ထွက်လာကြလေ၏။ သူတို့သည် သေသေကျေကျေ သူတို့ဆရာကြီးအတွက် ခုခံမည်ဆိုသည့် ဟန်ပန်မျိုး။

ညွှန့်သည် အဘိုးအိုသည် လက်ယာဘက် အပြင်ထောင့်သို့ ပြန်လျှောက်လာရာ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူငယ်သုံးဦးသည် သူတို့ဆရာကြီးရှေ့သို့ခုန်ထွက်လာပြန်၏။

အတွင်းအားကျင့်စဉ် ကျင့်နေကြသည့် အဘိုးအိုများကို သူတို့၏ တပည့်များက အသေအလဲခုခံကာကွယ်ကြမည် ဖြစ်

www.burmeseclassic.com



ကြောင်း ညှိသည်အဘိုးအို သဘောပေါက်သွား၏။ သူသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ဇရပ်ကြီး၏ အလယ်သို့ ပြန်လျှောက်သွားသည်။

သူသည် ဇရပ်အလယ်ကောင်၌ရပ်ပြီး ဇရပ်ခေါင်မိုးပေါ် မော့ကြည့်နေ၏။

အတန်ကြာ ငေးမောကြည့်နေပြီးမှ ခပ်တိုးတိုးပြောသည်။

သူ့ဟန်ပန်က သူတစ်ကိုယ်တည်း ညည်းညူနေသည့် ဟန်ပန်မျိုး။

သို့သော် စကားအဓိပ္ပာယ်ကမူ....

"အင်း....မင်းတို့ရဲ့ ဆရာတွေဟာ မင်းတို့ပြောတဲ့အတိုင်း အတွင်းအားနဲ့ ကျင့်စဉ်တွေ ကျင့်နေကြတာပဲ ဖြစ်ပါစေကွာ"

လူငယ် ဆယ့်နှစ်ယောက်သည် ထူးဆန်းသော ညှိသည် အဘိုးအိုကို ငေးကြည့်နေမိကြ၏။ သူတို့ ဆရာများကို ရန်မပြုတော့သဖြင့် ညှိသည် အဘိုးအိုအပေါ် ရန်လိုစိတ် မရှိကြတော့ပါ။

ထိုစဉ်....

တောအုပ်အတွင်း ဝှေ့ယမ်း တိုက်ခတ်လာသော လေပြည်သည် ဇရပ်အတွင်းသို့ လူးလာဆန်ခတ် ပြေးဝင်လာ၏။ ထိုလေကြောင့် ဖယောင်းတိုင်မီးသည် ငြိမ်းလုငြိမ်းလု ဖြစ်နေတော့၏။ မီးညွန့်သည် ကချေသည်မ တစ်ယောက်၏ လက်ချောင်းကလေးများနှယ် ယိမ်းနွဲ့နေသည်။



ထိုလေနှင့်အတူ....

အလွန်တရာ သာယာလှသော ပလွေသံသည် လေပြည်ကို စီးလျက် ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

ထိုပလွေသံသည် မည်သည့်အရပ်က ထွက်ပေါ်လာသည်ကို မည်သူမျှ မသိကြပါ။

လူငယ် ဆယ့်နှစ်ယောက်စလုံး ထိုထူးဆန်းသော ပလွေသံကို ကြားမိ၏။ သူတို့သည် ဂီတအရသာကို ကောင်းစွာ ခံစားတတ်သူများ မဟုတ်ကြပါ။ သို့သော် ထိုပလွေသံ၌မူ အမှန်တကယ် ယစ်မူးမိကြ၏။

ပလွေသံသည် သာယာ ငြိမ့်ညောင်းသော သံစဉ်တစ်ခုထဲ၌ သီမှတ်နေသည် မဟုတ်ပါ။ တဖြည်းဖြည်း သံစဉ်ပြောင်းလာသည်။ ထိုသံစဉ်သည် လူငယ်ဆယ့်နှစ်ယောက်၏ စိတ်ဘဝင်ကို အလွန်တရာမြင့်မားသော တောင်ထွတ်ဆီသို့ ချီပင့်ခေါ်ယူသွား၏။ တောင်ထိပ်မှ အသူရာချောက်တမျှ နက်လှသော ချောက်ကမ်းပါးအတွင်းသို့ ပစ်ချ၏။ လူငယ်ဆယ့်နှစ်ယောက်စလုံး ထိတ်လန့်တကြား ခံစားနေကြရသည်။ ထိုထူးဆန်းသော ပလွေသံ၏ ချောက်ချားဖွယ်ရာ သွေးဆောင်နေခြင်းမှ ရုန်းထွက်မရဘဲ ရှိနေကြသည်။

လူငယ် ဆယ့်နှစ်ယောက်သည် မြိုင်တူပင် ငယ်သံပါအောင် အော်ဟစ်လိုက်ကြ၏။ သူတို့သည် ချောက်ကမ်းပါးအောက်၌ စိစိညက်ညက်သေပြီဟု ထင်မှတ်မိကြသည်။ ထို့ကြောင့် သူတို့၏ မျက်စိများကို တင်းကျပ်စွာ ပိတ်ထားမိကြလေ၏။

www.burmeseclassic.com



အလို.... မှောင်လှချေတကား။

လူငယ်ဆယ့်နှစ်ယောက်အနက်မှ လူငယ် ငါးယောက်သည်မေ့မြောနေရာမှ ပြန်လည် သတိရလာလေ၏။ သူတို့မျက်လုံးများ ဖွင့်ကြည့်သောအခါ သူတို့ပတ်ဝန်းကျင်၌ အမှောင်ထုကြီး ကြီးစိုးနေသည်ကိုသာ မြင်ရတော့သည်။

အဘယ်ကြောင့်ဆိုသော်....

သူတို့ထွန်းညှိခဲ့သည့် ဖယောင်းတိုင်မီးသည် ငြိမ်းနေခဲ့ပြီဖြစ်သောကြောင့်တည်း။

လူငယ်တစ်ယောက်သည် အိတ်တွင်းမှ မီးခြစ်ကိုထုတ်လျက် ဖယောင်းတိုင်တွင် မီးပြန်ညှိလိုက်သည်။ ဖယောင်းတိုင်မီးကြောင့် ဇရပ်တွင်းမှ အမှောင်ထုသည် ပြန်လည်ပြိုကွဲသွားပြန်လေ၏။

ဟော....

လူငယ်ငါးဦးက အာမေဍိတ်သံ ပြုလိုက်၏။ လူငယ်အားလုံးသည် ထိုအာမေဍိတ်သံ အဘယ်ကြောင့် ထွက်လာသည်ကို အလိုလို သိရှိလိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော်....

ဇရပ်အလယ်၌ ရပ်နေခဲ့သည့် အဘိုးအိုသည် ယခုအခါ လုံးဝ ပျောက်ကွယ်ခဲ့ပြီ ဖြစ်သောကြောင့်ပေတည်း။

ဧည့်သည်အဘိုးအို မည်သည့်အချိန်က ထွက်သွားသည်ကို လူငယ်ငါးယောက် မသိကြပါ။ သူတို့ မေ့မြောနေစဉ် ကာလက ထွက်သွားနိုင်သည်ဆိုသည့် အချက်ကိုတော့ သူတို့ နားလည် ထားကြပါသည်။



ပလွေသံသည် သူတို့ဆယ့်နှစ်ယောက်စလုံးကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့သည်။ ထိုဧည့်သည် အဘိုးအိုကိုတော့ အဘယ်ကြောင့် ဒုက္ခမပေးလေသနည်း။ ဤ ပြဿနာ၏ အဖြေကို သူတို့ မတွက်ချက်ကြတော့ပါ။

ထိုအချိန်မှာပင် အခြား လူငယ် ခုနစ်ယောက်တို့သည် ပြန်လည် သတိရလာကြလေ၏။

* * *

သူတို့အားလုံးသည် ယခုအခါ၌ သူတို့၏ဆရာကြီး လေးပါးကိုသာ ဂရုစိုက်ကြတော့သည်။

ထောင့်လေးထောင့်၌ ထိုင်နေကြသော ဆရာကြီးများမှာမူ မူလနေရာ၌ပင် ထိုင်မြဲ ထိုင်နေကြပါ၏။ ငြိမ်သက်မြဲ ငြိမ်သက်နေကြပါ၏။ သစ်သား ပန်းပုရုပ်ကြီးများအလား မလှုပ်မယှက် ငြိမ်သက် တိတ်ဆိတ်နေကြသည်။

လူငယ် ဆယ့်နှစ်ယောက်တို့သည် ကိုယ့်ဆရာ၏သိက္ခာကို စောင့်ထိန်းသောအားဖြင့် မည်သူမျှ စတင် စကားမပြောကြပေ။ သုံးယောက်တစ်စုစီ ရှိနေကြသော လူငယ်များသည် သူတို့၏ ဆရာကြီးများ အနီးသို့ ပို၍ တိုးကပ်သွားကြသည်။ သူတို့ ကြောက်လန့်နေသည်ကတော့ အမှန်ပင်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



မည်သူကမျှ မိမိတို့၏ ဆရာကြီးများကို မနှိုးဝံ့ကြပါ။ အသိမပေးဝံ့ကြပါ။ ဆရာကြီးများ အနီးသို့ကပ်ပြီး ဇရပ်ပတ်ပတ်လည်ကို ကျိုးကန်းတောင်းမှောက်လျှောက်ကြည့်နေကြတော့သည်။ ချောက်ချားဖွယ် ကောင်းသော တိတ်ဆိတ်မှုသည် လူငယ် ဆယ့်နှစ်ယောက်၏ရင်ကို အတော်ကလေး ပူလောင် စေခဲ့ပေသည်။ သူတို့သည် အတန် ကြာမြင့်စွာ ချောက်ချားနေကြ၏။

ချောက်ချားမှုကို ရေရှည်မခံနိုင်မသော လူငယ်တစ်ဦးက စတင်၍ စကားပြောလာသည်။ ထိုလူငယ်သည် အဖြူရောင် ဝတ်စုံဝတ် သုံးယောက်တစ်စု လူငယ်ထဲမှ အငယ်ဆုံးလူငယ် ဖြစ်သည်။

"သိုင်းလောကထဲမှာ ဆရာကြီးတွေ စုထိုင်ပြီး အတွင်းအား လေ့ကျင့်တယ်ဆိုတာ မကြားဖူးပါဘူးဗျာ"

အပြာရောင် ဝတ်စုံဝတ် သုံးယောက်တစ်စု လူငယ်များထဲက အသက်အကြီးဆုံးဖြစ်ဟန်ရှိသော လူငယ်က ထောက်ခံလေ၏။

"ဟာ....ဒါတော့ မင်းမသိလို့ပါ၊ အတွင်းအားလေ့ကျင့်တယ်ဆိုတာ သိုင်းလောကထဲမှာ လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခုပဲ၊ ဒါက ဘာမှ မဆန်းပါဘူးကွာ

ထိုလူငယ်၏အသံသည် အတော်ကလေးကျယ်လောင်၏။ တမင် ကျယ်ကျယ်လောင်လောင် ပြောခြင်း ဖြစ်ကြောင်းကို



ကျန်လူငယ် ဆယ့်တစ်ယောက်စလုံး နားလည် သဘောပေါက်ကြလေ၏။

အဘယ့်ကြောင့်ဆိုသော် သူတို့ကျယ်ကျယ်လောင်လောင် ပြောသည့်စကားသံကြောင့် သူတို့၏ဆရာကြီးလေးပါးစလုံး အတွင်းအား လေ့ကျင့်ခြင်း လုပ်ငန်းမှ နိုးထလာစေချင်သောကြောင့် ပေတည်း။

သို့သော်....

သူတို့စိတ်ထဲက ဖြစ်စေချင်သလို ဖြစ်မလာပါ။ ဆရာကြီးလေးပါးစလုံး မျက်စိမှိတ်မြဲ ငြိမ်သက်မြဲ ငြိမ်သက်နေပါလေ၏။

ဇရပ်ကြီး၏ပြင်ပ၌ လမင်းကြီး၏ ငွေရည်ဆမ်းသော အလင်းရောင်သည် သစ်ပင်များအကြားမှ ပြိုးတိုး ပြောက်တောက် တိုးဝင်လျက်ရှိနေ၏။ လေပြည်ကလေးသည် တသုန်သုန် မြူးနေဆဲပင်။

ငြိမ်သက်တိတ်ဆိတ်မှုဒဏ်ကို မခံနိုင်သော အဝါရောင် ဝတ်စုံဝတ် လူငယ်တစ်ဦးက ကျယ်လောင်စွာ စကားပြောပြန်သည်။

"ဒီပုံစံအတိုင်း ကျုပ်တို့ စောင့်နေကြရင် နှစ်တစ်ဝက် ကျိုးသွားလိမ့်မယ်ဗျ"

ကျန်လူငယ်အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်ကုန်တော့သည်။

www.burmeseclassic.com

အဝါရောင်လူငယ်က ဆက်၍ အကြံပြုလေ၏။

"ကျုပ် တစ်ခု တင်ပြချင်ပါတယ်၊ ကျုပ်တို့ အားလုံး ကိုယ့်ဆရာကိုယ် နှိုးကြမယ်၊ အသိပေးကြမယ်၊ အားလုံး တစ်ပြိုင်နက် လုပ်ကြတာပေါ့၊ ဘယ်လိုသဘောရသလဲ"

ခရမ်းရောင်ဝတ်စုံဝတ် လူငယ်တစ်စုထဲမှ တစ်ယောက်က ထောက်ခံသည်။

"ဒီစကား မမှားဘူးဗျ၊ ကျုပ်တို့ဆက်စောင့်နေလို့ ဘာ အကျိုးထူးမှာလဲ၊ ကျုပ်စိတ်ထင်တော့ ဆရာကြီးတွေကို မနှိုးရင် အသိမပေးရင် နောင်တစ်ချိန်မှာ ကျုပ်တို့ အပြစ် ဖြစ်လာနိုင်တယ်ဗျ၊ ဒီတော့ အားလုံး ကိုယ့်ဆရာကိုယ် နှိုး ကြမယ်"

လူငယ် ဆယ့်နှစ်ယောက်တို့သည် ထောင့် အသီးသီး၌ ထိုင်နေသည့် ကိုယ့်ဆရာရှေ့ ကိုယ့်အုပ်စုဖြင့် ဒူးထောက် ဝပ်တွားလိုက်ကြ၏။

"ဆရာကြီး.....ဆရာကြီး"

လူငယ်ဆယ့်နှစ်ယောက်၏ အသံများသည် ယိမ်းတိုက် ထားသလို တစ်ပြိုင်တည်း ထွက်ပေါ်လာ၏။

ပြိုင်တူထွက်ပေါ်လာသဖြင့် သူတို့၏ အော်ခေါ်သံများ သည် လေပြည်နှင့်အတူ တောကြီးအတွင်း လွင့်ပျံ့သွားလေ တော့၏။



သို့သော်....

ဆရာကြီးလေးပါးကမူ ငြိမ်သက်မြဲ တိတ်ဆိတ်မြဲ။

* * *

သူတို့အော်သံသည် အတော်ကလေးကျယ်လောင်သည်။ ငြိမ်သက်တိတ်ဆိတ်နေသော သစ်တောကြီးအတွင်း အော် လိုက်ခြင်းဖြစ်၍ အထူးသဖြင့် ပို၍ ကျယ်လောင်သည်။

မည်မျှ အတွင်းအား လေ့ကျင့်နေသူဖြစ်စေ ထိုအသံ ကြောင့် အတွင်းအားကျင့်စဉ် ကျင့်နေရာမှ နိုးထလာရမည် ဖြစ်သည်။

လူငယ်ဆယ့်နှစ်ယောက်၏ ရင်ထဲ၌ စိုးရိမ်သောက ပို၍ ကြီးလာ၏။ ပို၍ ထိတ်လန့်လာကြ၏။

အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးမှာ ချက်ခြည်းပင် မျက်ရည်များ စီးကျလာသည်။

သူသည် သူ၏ဆရာကြီးရှေ့၌ နဖူးနှင့် ကြမ်းပြင် တိုက် လျက် ကြေကွဲစွာ အော်နေ၏။

" ဆရာကြီး-ကျွန်တော်တို့ကိုဒီအတိုင်းပစ်ထားခဲ့ပြီလား"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်ဝတ်စုံဝတ် လူငယ်သုံးဦးထဲမှ အသက်အကြီးဆုံး ဖြစ်ဟန်ရှိသော လူငယ်က ငိုယိုနေသည့် လူငယ်ကို ဝေါက်ငမ်းလိုက်သည်။

"ညီလေးကျိုး၊ မင်း ဘာတွေ အော်နေတာလဲ"

ကျိုး အမည်ရှိလူငယ်သည် ပါးပြင်မှ မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး....

"နောင်ကြီးကျင်း....ဆရာကြီး သေပြီနဲ့တူတယ်ဗျ"

ကျိုး၏စကားကြောင့် အခြားလူငယ် အားလုံး တုန်လှုပ်ချောက်ချားသွားကြသည်။

နောင်ကြီး'ကျင်း'အမည်ရှိလူငယ်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်သည်။

"တိတ်စမ်း၊ မင်းမဟုတ်မဟတ်တွေလျှောက်ပြောမနေနဲ့၊ ဆရာကြီးက ဘာကြောင့်သေရမှာလဲ၊ သူ့ အတွင်းအားကျင့်စဉ် လေ့ကျင့်နေတာကွ"

ကျင်းသည် ဂိုဏ်းတူညီဖြစ်သူကျိုးအား ဝေါက်ငမ်းမည်သာ ဝေါက်ငမ်းသည် ယို့အတွက် သူ့ရင်ထဲ မကောင်းလှပါ။

အဘယ်ကြောင့်ဆိုသော်....

သူကိုယ်တိုင်ကပင်လျှင် သူ့ဆရာကြီး သေဆုံးနေပြီဟု ထင်နေသောကြောင့်ပေတည်း။



ကျိုးသည် ဆရာကြီး၏ လက်များကို ဘိကိုင်လိုက်ပြီး ချက်ချင်းလိုလိုပင် ပြန်ဆုတ်သွားသည်။

သူသည် အော်ဟစ်ငိုယိုလိုက်ပြီး....

"ဆရာကြီး တကယ်သေသွားပြီ၊ ဆရာကြီးရဲ့ လက်တွေ ရေခဲတုံးလို အေးစက်နေပြီ"

ကျင်းသည် သူ့ဂိုဏ်းတူညီ၏ စကားကို အတည်ပြုနိုင်ရန် သူ့လက်ကို ဆန့်တန်းထုတ်လိုက်၏။

သို့သော် ဆရာကြီး၏လက်များကို ထိလုလုအချိန်မှာပင် လက်သည် နောက်သို့ တွန့်ခနဲ ပြန်ဆုတ်သွားလေ၏။ သူ မကိုင်ရဲပါ။ မစမ်းသပ်ဝံ့ပါ။

"ဆရာကြီး မသေနိုင်ပါဘူးကွာ၊ ဆရာကြီးရဲ့ အတွင်းအားက သိပ်ကောင်းတယ်၊ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး"

သူ့အသံက အသက်မပါချေ။ ခြောက်ကပ်နေ၏။

ကျိုး၏စကားကို ကြားပြီးနောက် ခရမ်းရောင်၊ အပြာရောင်နှင့် အဖြူရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် လူငယ်များသည် သူတို့၏ဆရာကြီးများကို ကိုယ်စီကိုယ်စီ စမ်းသပ်ကြည့်ကြ၏။ သူတို့လက်များလည်း တွန့်ဆုတ်ကုန်တော့သည်။

ကျိုး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသလို တို့ထိကိုင်သူ အားလုံး၏ မျက်နှာများသည်း ဖြူဖပ်ဖြူရော် ဖြစ်ကုန်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူငယ်အားလုံး ဝမ်းပန်းတနည်း ငိုကြွေးကြလေတော့၏။

အဘိုးအိုလေးယောက် သေဆုံးခဲ့သည်မှာ ကြာချေပြီ။

အဘိုးအိုများ၏ ခန္ဓာကိုယ်များသည် နှင်းတောင်မှ ရေခဲများသဖွယ် အေးစက်နေခဲ့လေပြီ။

ထိုစဉ် သုတ်ခနဲ တိုက်ခတ်လာသော လေပြည်နှင့်အတူ အသံတစ်သံကို အားလုံး ကြားလိုက်ကြရပြန်သည်။

နောင်ကြီးကျင်းဟု အမည်တွင်သော လူငယ်က....

"နားထောင်ကြစမ်း၊ ဒါ ဘာသံလဲ"

သူတို့အားလုံး ထိတ်ဆိတ်သွားကြ၏။ ထိတ်လန့်သွားကြ၏။

အခြားလူငယ်တစ်ယောက်က အော်လိုက်သည်။

"ဟုတ်တယ်ဗျို့၊ဒီအသံကို ကျွန်တော်တို့ စောစောပိုင်းက ကြားခဲ့ဖူးပြီ"

မှန်ပါသည်။

ထိုအသံကြောင့် သူတို့ဆယ့်နှစ်ယောက်စလုံး မိန်းမောမေ့မြောသွားခဲ့ရပေသည်။

ထိုအသံသည် ပလွေသံပင် ဖြစ်ပေသည်။

မည်သည့်ဂီတသံထုတ်လွှင့်သော ပစ္စည်းမဆို ထူးခြားဆန်းကြယ်သော စွမ်းအားရှိပေသည်။



ဂီတသည် လူ၏စိတ်နှလုံးကို အားမန်တက်ကြွစေနိုင်သည်။

ရွှင်လန်းပျော်မြူးစေနိုင်သည်။

ပူဆွေး လောင်ကျွမ်းစေနိုင်သည်။

နှမ်းခွေ ညှိုးလျှ သွားစေနိုင်သည်။

ဤကား ဂီတအစွမ်းပေတည်း။

*　　*　　*

ထိုစဉ် လူငယ်စာစ်ဦး၏စကားသံ ထွက်ပေါ်လာ၏။

"ဒီပလွေသံဟာ နားဝင်ချိုတယ်၊ ငြိမ့်ညောင်းတယ်၊ ရင်မောစရာ ကောင်းတယ်၊ အိပ်ချင်စရာလဲ သိပ်ကောင်းတယ်"

ထိုစကားသံကြောင့် သူတို့အားလုံးသည် ခပ်စောစောက မေ့မြောခဲ့သည့် အဖြစ်အပျက်များကို ပြန်လည် သတိရလာကြ၏။

"ငါတို့ စောစောကလိုမျိုး ပြန်မေ့သွားဦးမှာလား"

ဤကား လူငယ်ဆယ့်နှစ်ယောက်၏ ဦးခေါင်းအတွင်းသို့ တစ်ပြိုင်နက်တည်း ဝင်ရောက်လာသော အတွေးဖြစ်သည်။

ထိုစဉ် ပလွေသံ၏ မြူးကြွနေသောသံစဉ်များကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ကား စစ်ချီတေး။ ထူးဆန်းသည်။ ဘယ်အရပ်က ဂီတပညာရှင်သည် ဤစစ်ချီတေးကို သီမှုတ်နေသနည်း။

စစ်ချီတေးသည် မည်ကာမတ္တ စစ်ချီတေးမဟုတ်ပါချေ။ ရှစ်ခေါင်ဘာဏီတပ်ကြီး ယခုချက်ချင်းပင် ဝန်းရံလာသကဲ့သို့ ထင်မှတ်ရသော စစ်ချီတေးပင် ဖြစ်ပါလေ၏။

လူငယ်ဆယ့်နှစ်ယောက်တို့၏နားထဲ၌ အသိန်းအသောင်းမကသော စစ်သည်များ၏ခြေဆောင့်သံကို ကြားနေကြရသည်။

ဆင်တပ်၊ မြင်းတပ်များ၏ အဟုန်ပြင်းစွာချီတက်လာသည့် ပဲ့တင်သံများကို ကြားနေရသည်။

တကယ်ကား ရှစ်ခေါင်ဘာဏီတပ်ကြီး ချီတက်လာခြင်း မဟုတ်ပါချေ။

ပလွေ၏အနုပညာမြောက်လှသော သံစဉ်များက လူငယ်ဆယ့်နှစ်ယောက်၏နားများကို လှည့်စားခြင်းသာ ဖြစ်ပါလေ၏။

တစ်ခု ကံကောင်းသည်။ ပလွေသံသည် ဆိုင်းမဆင့် ဗုံမဆင့်ပင် ချက်ချင်းရပ်ဆိုင်းသွားသည်။

သို့သော်....

"ဖျပ်....ဖျပ်....ဖျပ်....ဖျပ်"



အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အသက်အငယ်ဆုံး သော လူငယ်တစ်ယောက်သည် ဇရပ်ကြီးအတွင်းမှ တစ်ရှိန် ိုး ပြေးဆင်းသွားလေ၏။

"ညီလေး ဗွမ်း၊ မင်း ဘယ်ကိုပြေးတာလဲ"

ဂိုဏ်းတူအစ်ကိုအကြီးဆုံးက လှမ်းအော်လိုက်၏။

ပြေးထွက်သွားသည့်လူငယ်သည် အော်လည်း မကြား၊ ခေါ်လည်း မကြား၊ တစ်ရှိန်ထိုး ပြေးမြဲ ပြေးထွက်သွား လေ၏။

ဂိုဏ်းတူအစ်ကိုကြီးက တောက်ခေါက်ရင်း မကျေမချမ်း ပြောနေလေ၏။

"ဟင်း....ဆရာကြီး အခုပဲသေတယ်၊ အခုပဲ ေ့စကားကို ားမထောင်တော့ဘူး၊ ဒီကောင့်ကို မမိမိအောင် ငါဖမ်း ေါခဲ့မယ်"

ကျန်သောဝတ်စုံဖြူဝတ်ဆင်သည့် လူငယ်က သူ၏ဂိုဏ်း အစ်ကိုကြီး၏စကားကို ထောက်လည်း မထောက်ခံ ဆန့် ည်း မဆန့်ကျင်ဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

ကျန်သောလူငယ်ကိုးယောက်တို့ကလည်း မည်သို့မျှ အကြံ က်မပေးဘဲ တိတ်ဆိတ်နေကြသည်။

ဝတ်စုံအဖြူရောင်ဝတ်ဆင်ထားသည့် အသက်အကြီးဆုံး သော လူငယ်သည် ဇရပ်အပြင်သို့ပြေးထွက်ရန် ဟန်ပြင် ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ ပြေးမထွက်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သူတို့ သဟိမေ့မြောနေစဉ်က ပျောက်ကွယ်သွားခဲ့သည့် ဝတ်ရုံစိမ်းဝတ်အဘိုးအိုသည် ဇရပ် အဝသို့ ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသော ကြောင့်ပင် ဖြစ်ပါလေ၏။

သူဝင်ရောက်လာသည့်ပုံစံမှာ အလွန်တရာ ညင်သာလှ၏။ ခြေသံလုံးဝမကြားကြရသဖြင့် အလွန်တရာ သိုင်းပညာ ထူးချွန်သော သိုင်းဆရာကြီးဖြစ်ကြောင်း လူငယ်အားလုံး ရိပ်မိ လိုက်ကြသည်။

အဘိုးအို၏မုတ်ဆိတ်ဖြူကြီးသည် အစိမ်းရောင်ဝတ်ရုံရှည် ပေါ်သို့ တွဲရ ရွဲ ကျနေသဖြင့် အလွန်တရာ ထင်ရှားစွာ မြင် ရပေသည်။

လူငယ်ဆယ့်တစ်ယောက်တို့သည် ဝတ်ရုံစိမ်း ဝတ်ဆင် ထားသည့် အဘိုးအိုရှေ့သို့ တစ်ပြိုင်နက်ခုန်ထွက်လာကြ၏။ ညှို့သည့် အဘိုးအို၏ မျက်လုံးများသည် ဝင်းဝင်းတောက် လျက် ရှိနေသဖြင့် လူငယ်ဆယ့်တစ်ယောက်တို့သည် အဘိုး အို၏ မျက်လုံးများကို ကြည့်ပြီး နောက်တွန့် သွားကြသည်။

အဘိုးအိုကမူ မည်သူ့ကိုမျှ ဂရုမစိုက်ပေ။ ဤလူငယ် ဆယ့်တစ်ယောက်စလုံးကို သူနှင့် တန်းတူသူများဟု ယူဆပုံ မရပေ။



"မင်းတို့ထဲက တစ်ယောက် ဘယ်ရောက်သွားသလဲ"

သူ့လေသံက အထက်စီးလေသံဖြစ်၏။ သူတစ်ပါးအပေါ် အမြဲတမ်း ဩဇာညောင်းခဲ့သော လူတစ်ယောက်၏ လေသံ မျိုး ဖြစ်သည်။

"အဘိုးကြီး....ခင်ဗျားလေသံက တယ်ပြီး မောက်မာပါ လား၊ ကျုပ်တို့ထဲက ဘယ်သူ ဘယ်ရောက်ရောက် ခင်ဗျားနဲ့ ဘာဆိုင်သလဲ"

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးက ဝတ်ရုံစိမ်းအဘိုးအိုကို မိုက်မိုက်ရိုင်းရိုင်းပင် ပြန်ပြောသည်။

အဘိုးအိုသည် ထိုလူငယ်ကို မျက်မှောင်ကြုတ်၍ ကြည့် လိုက်ပြီး....

"မင်းတို့ပုံစံကြည့်ရတာ ငါဘယ်သူဆိုတာ မင်းတို့အား လုံး သိပုံမရဘူး"

"ခင်ဗျားက ဘယ်သူမို့ လို့လဲ"

"မင်းတို့ ဆရာတွေက ရဲယိဖိန်ဆိုတဲ့ လူတစ်ယောက် အကြောင်း တစ်ခွန်းတလေတောင် မပြောခဲ့ဖူးလား"

"ဗျာ...."

ထိုအသံကား လူငယ် ဆယ့်တစ်ယောက်၏ နှုတ်ဖျားမှ တစ်ပြိုင်တည်း ထွက်ပေါ်လာသောအသံဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူငယ်အားလုံး ဒူးထောက်ထိုင်ချလိုက်ပြီး အားလုံး ပြိုင်တူပင် မေးမိကြလေ၏။

"ဂိုဏ်းတူဦးရီးတော် ရဲယိဖိန်များလားခင်ဗျာ"

အပွန့်တရာ မျက်လုံး အရောင်တောက်သည့် အဘိုးကြီးသည် ချက်ချင်းလိုလိုပင် မျက်ရည်များ ရစ်ဝဲလာလေ၏။

"ဪ....ငါ့ညီတော်လေးယောက်က ငါ့နာမည်ကို ထုတ်ပြောဖော် ရသေးသကိုး"

အဘိုးအို၏မျက်ဝန်းအိမ်မှ မျက်ရည်များယိုစီးကျလာ၏။

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်နှစ်ဦးက တိုင်ပင်ထားသည့်အလား ပြိုင်တူ ပြောကြလေ၏။

"ကျွန်တော်တို့ဆရာကြီးဟာ ဂိုဏ်းတူဦးရီးတော် ဆရာကြီး အကြောင်းကို တဖွဖွပြောခဲ့ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ဟာ ဆရာကြီး ရဲယိဖိန်ရဲ့ နာမည်ကို အသည်းထဲကနေ မှတ်မိနေပါတယ်"

အဝါရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူငယ်သည် ခပ်စောစောက ပလွေသံကြားရပြီးနောက် သတိမေ့မြောသွားသည့်အဖြစ်နှင့် ပြန်လည်သတိရလာပြီးနောက် ဝတ်ရုံစိမ်း အဘိုးအို ကွယ်ပျောက်သွားခဲ့သည့်အဖြစ်ကို ချက်ချင်းအမှတ်ရလာ၏။

ထို့ကြောင့်....



"ဆရာကြီး စောစောက ဘယ်ကို ထွက်သွားခဲ့တာလဲ ခင်ဗျာ၊ ကျွန်တော်တို့မှာတော့ အားလုံး သတိလက်လွတ် ဖြစ်သွားခဲ့ကြရပါတယ်"

ရဲယိဖိန်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

"ဟင်း....ငါသာ ကြိုတင်မစီမံခဲ့ရင် ငါ့ညီတော် လေးယောက်ဟာ သူတစ်ပါးလက်ချက်နဲ့ ခုဆို သေလောက်နေပြီကွယ်"

လူငယ်များသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ဆရာကြီး လေးယောက်စလုံး သေပြီဟု ယူဆထားမိသောကြောင့်ပင် ဖြစ်ပေသည်။

ရဲယိဖိန်သည် လူငယ်များ၏ အကြည့်ကို ချက်ချင်း နားလည် သဘောပေါက်လေ၏။

"မင်းတို့ သံသယဖြစ်နေကြသလား၊ သံသယဖြစ်မနေကြပါနဲ့၊ သူတို့မသေကြသေးပါဘူး၊ ဒါပေမယ့် ခုချက်ချင်းလဲ သတိရအောင် မလုပ်နိုင်သေးဘူးပေါ့ကွယ်"

အဘိုးအိုသည် အဝေးသို့ငေးမျှော်ကြည့်ပြီးနောက် ဆက်ပြောနေ၏။

"ရန်သူက သိပ်စွမ်းတယ်ကွ၊ ငါ့ညီတော်တွေ မသေမှန်း သိရင် ထပ်လာသတ်လိမ့်ဦးမယ်၊ ငါ့ညီတွေလဲ အနိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မှဟုတ်ဘူး၊ ငါလဲ မခုခံနိုင်ဘူး၊၊ အခြေအနေအရ ဒီလိုပဲလုပ်ထားရမှာပဲ”

ထိုစဉ် ဇရပ်အပြင်မှ တဟူးဟူး လေတိုးသံ ကြားလိုက်ရ၏။

ဇရပ်ထဲရှိ လူအားလုံးအနေဖြင့် သိုင်းလောက အတွေ့အကြုံအရ ဇရပ်အပြင်မှလူတစ်ယောက်ယောက်သည် ဇရပ်အတွင်းသို့ ပြေးဝင်လာနေပြီဖြစ်ကြောင်း ရိပ်မိလိုက်လေ၏။

မကြာမီ ဇရပ်ဝ၌ လူတစ်ယောက် ရောက်လာ၏။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး နောက်ကျော၌ ဓားရှည်တစ်ချောင်း သိုင်းလွယ်ထားသည်။ သူ၏လက်နှစ်ဖက်ဖြင့် လူတစ်ယောက်ကိုလည်း ပွေ့ချီလာသည်။

လူငယ်ဆယ့်တစ်ယောက်သည် ရောက်ရှိလာသူ လူငယ်အား အရေးတကြီး ဝိုင်း၍ အကဲခတ်ကြသည်။ ထိုသူကား အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်ကလေးသာတည်း။

★

အခန်း (၂)

အဆိပ်

ရုပ်ရည်သွင်ပြင် ခန့်ညားသည်။ ထူထဲသောမျက်ခုံးများက ဤလူငယ်အား တစ်ကြိမ်မြင်ဖူးရုံဖြင့်တစ်သက်မမေ့နိုင်အောင် ဖန်တီးထားသလို ဖြစ်နေပေပြီ။

ထိုလူငယ်သည် ဝတ်ရုံစိမ်းအဘိုးအိုရှေ့သို့ ရောက်ရှိလာပြီး သူပွေ့ချီလာသူကို ကြမ်းပြင်ပေါ်သို့ ချလိုက်၏။

အချခံလိုက်ရသူကား စောစောက ဇရပ်တွင်းမှ ပြေးထွက်သွားသည့် အဖြူရောင်ဝတ်ရုံ ဝတ်ဆင်ထားသည့်လူငယ် ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ရုံနှင့်လူငယ်က ရဲယိဖိန်အား ဦးညွှတ်အရိုအသေပေးပြီး ရိုကျိုးစွာအစီရင်ခံ၏။

"ဆရာကြီး၊ ကျွန်တော် သူ့ကို သွေးကြောပိတ်ပြီး အရှင်ဖမ်းခေါ်ခဲ့ပါတယ်"

ရဲယိဖိန်က ခေါင်းညိတ်ပြီး....

"ကောင်းတယ်၊ ဒီမှာပဲ ချထားလိုက်၊ မင်းကတော့ ဇရပ်ဝမှာ သွားစောင့်နေ"

"ဟုတ်ကဲ့"

ထိုလူငယ်သည် ဓားရှည်ကို ရှမ်းခနဲဆွဲထုတ်လျက် ဇရပ်ဝ၌ သွားစောင့်နေလေ၏။

ရဲယိဖိန်သည် လူငယ်ဆယ့်တစ်ဦးကို သေချာစွာအကဲခတ်ကြည့်ပြီး....

"မင်းတို့ထဲကလူလေးယောက်ဟာ ငါ့ညီလေးယောက်ဆီ တပည့်မခံခင် တခြားဆရာတွေဆီမှာ တပည့်ခံခဲ့ကြဖူးတယ်၊ အဲဒီဆရာတွေရဲ့ပညာတွေ ရရှိခဲ့ဖူးကြတယ်၊ အဲဒီလူတွေ ရှေ့ထွက်ခဲ့စမ်း"

အတိုးအိုရဲယိဖိန်သည် ငါးကြိမ်တိုင်တိုင် ခေါ်ထုတ်သော်၏။ မည်သူမျှ မထွက်မလာပေ။

ရဲယိဖိန်သည် လူငယ်များကို တစ်ချက်စေ့ငယ်မ်းကြည့်ပြီးနောက် သူ့ရင်ဘတ်အတွင်းမှ စာအုပ်ငယ်တစ်အုပ်ကို ထုတ်ယူလိုက်သည်။



စာအုပ်ငယ်ကို ကိုင်မြှောက်ပြပြီး အားလုံးကို ခြုံ၍ကြည့်လေ၏။

"ဒီကိစ္စကို ငါ ...ကြိုတင်ပြီးစုံစမ်းထားသယ်၊ မင်းတို့ရဲ့ လျှို့ဝှက်ချက်တွေ အားလုံးဒီစာအုပ်ထဲမှာရှိတယ်၊ ဒါကြောင့် မင်းတို့ ထွက်ပြေးဖို့ မကြိုးစားကြနဲ့တော့"

အတိုးအိုသည် စာအုပ်ငယ်၏စာရွက်များကို တစ်ရွက်ချင်း စတင်လှန်လှောလေတော့၏။

ထိုစဉ် ခရမ်းရောင်ဝတ်စုံဝတ်ဆင်သည့် လူငယ်တစ်ဦးက ဖြုန်းခနဲ ထလာလေ၏။

"ငါ့ညီတို့ သူ့စကားကို မယုံကြနဲ့၊ သူဟာ ဆရာကြီး ရဲယိဖိန် ဟုတ်ချင်မှ ဟုတ်မယ်၊ ငါတို့ဆရာကြီးလေးယောက် သေဆုံးပြီဆိုတာ ငါတို့အားလုံးအသိပဲ၊ သေပြီးတဲ့လူ ပြန်ရှင်တယ်ဆိုတာ ဘယ်တုန်းကမှ မကြားဖူးဘူး၊ ငါတို့ဆရာကြီးလေးယောက်ကို သတ်ဖြတ်သွားတာ သူပဲ"

ကျန်လူငယ်ဆယ်ယောက်တို့သည် ခရမ်းရောင်ဝတ်စုံဝတ်လူငယ်၏စကားကြောင့် နဝေတိမ်တောင် ဖြစ်ကုန်တော့၏။

ရဲယိဖိန်သည် ဇရပ်ဝ၌စောင့်နေသည့်လူငယ်အားလှမ်း၍ အချက်ပေးလေတော့၏။

"ဟေ့...ဟောဒီကောင်ကို ဖမ်းလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဆုံးသည်နှင့် ဇရပ်ဝဒ္ဓစောင့်နေသည့် လူငယ်သည် ဇရပ်တွင်းသို့ လျှပ်တစ်ပြက် ခုန်ဝင်လာလေတော့သည်။

သူသည် ခရမ်းရောင်ဝတ်စုံဝတ်ဆင်သည့် လူငယ်၏ လက်ကောက်ဝတ်ကို ဖြတ်ခနဲ ဖမ်းဆွဲလိုက်သည်။

သူခုန်ဝင်လာသည့်အရှိန်အဟုန်ကြီးမားလှသဖြင့် လူငယ်ဆယ်ယောက်တို့သည် နောက်သို့ ရှဲခနဲဆုတ်သွားကြရသည်။

အဝါရောင်ဝတ်စုံ ဝတ်ဆင်သည့် လူငယ်တစ်ယောက်က ချက်ချင်းသတိပေးသည်။

"အားလုံးပြန်တိုက်ကြ၊ ရန်သူပဲ"

လူငယ်ဆယ်ယောက်တို့သည် တစ်ယောက်တစ်မျိုး ဝင်ရောက် တိုက်ခိုက်ကြတော့၏။

သူတို့၏ လက်သီး၊ လက်ဝါးများသည် ဖွဲ့အိတ်ကြီးကို ထိုးနှက်တိုက်ခိုက်ရသလို ဖြစ်နေ၏။

*    *    *



"ရပ်လိုက်"

ရဲယိဖိန်၏အသံက မကျယ်လောင်လှပါ။

သို့သော် လူငယ်ဆယ်ယောက်တို့၏နားထဲ၌ ဘုန်းဟည်းသွားသည်။

သူတို့အားလုံး လန့်ဖျပ်ပြီး နောက်ဆုတ်သွားကြလေ၏။

"ဆန်ကွမ်းချီ၊ သူ့သွေးကြောကို ပိတ်ထားလိုက်"

အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားသည့်လူငယ်သည် ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်၏အကြောများကို ပိတ်ပစ်လိုက်၏။

ထို့နောက် အဖြူရောင်ဝတ်စုံဝတ်ဆင်သည့် လူငယ်၏ ဘား၌ ချထားလိုက်လေ၏။

အဝါရောင်ဝတ်စုံဝတ် လူငယ်သုံးယောက်ထဲမှ အသက်အကြီးဆုံး လူငယ်တစ်ယောက်သည် အကြီးအကျယ် မျက်နှာပျက်စ ပြုလာကြလေ၏။

အဘိုးအိုရဲယိဖိန်က လေသံခပ်တိုးတိုးဖြင့် ပြောသည်။

"ဟောဒီ လဲကျနေတဲ့လူနှစ်ယောက်အပြင် နောက်ထပ် နှစ်ယောက်ကို လက်ရဖမ်းထားရဦးမယ်"

သူသည် လူငယ်များကို တစ်ချက်ဝေ့ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဆက်ပြီးညှာဖို့ မကြိုးစားနဲ့တော့၊ ကိုယ့်ကိုယ်ကို မလုံတဲ့လူ ထွက်လာခဲ့"

လူငယ်ဆယ်ယောက်ဘို့သည် တစ်ယောက်ချင်းနှာ တစ်ယောက်ကြည့်ပြီး မေးခွန်းထုတ်နေကြသေ၏။

အဝါရောင်ဝတ်စုံဝတ် လူငယ်တစ်ဦးက ရဲယိဖိန်ကို လက်ညှိုးထိုးပြီး....

"ခင်ဗျားက ဘာသဘောနဲ့ ကျုပ်တို့ကို တရားခံ လာလုပ်နေရတာလဲဗျာ"

ရဲယိဖိန်က အေးစက်စက် မေးခွန်းပြန်ထုတ်သည်။

"မင်းကများ ငါ့ကို မေးခွန်းထုတ်နေရသလား"

ထိုလူငယ်က ပြန်ပြောရန်ဟန်ပြင်နေစဉ် ဇရပ်ကြီး၏ ခေါင်းရင်းဘက်ရှိ ရုပ်တုကြီးတစ်ခု၏နောက်ကွယ်မှ အေးစက်စက်အသံတစ်သံ ထွက်ပေါ်လာလေတော့သည်။

"ရဲယိဖိန်၊ ခင်ဗျား သိပ်ပြီး ချိုသောင်မနေနဲ့၊ ခင်ဗျား ကိုယ်တိုင် ကျုပ်ရဲ့ လုပ်ကြံမှုကို ခံလိုက်ရပြီ၊ ခင်ဗျားကိုယ်တိုင် သေလူဖြစ်နေပြီ၊ ခင်ဗျား လူ့လောကမှာ အလွန်ဆုံး အသက်ရှင်နေရရင် နောက်ထပ် ဆယ့်နှစ်နာရီပဲဗျ"

ရဲယိဖိန်က ချာခနဲ လှည့်ကြည့်လိုက်သည်။



အင်္ကျီအဖြူရောင် ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦးသည် တောင်ဝှေးကြီး တဒေါက်ဒေါက်ထောက်လျက် ရုပ်တုကြီးနောက်ကွယ်မှ ထွက်လာသည်။

သူ မည်သည့်အချိန်က ခိုအောင်းနေခဲ့သည်ကို မည်သူမျှ မသိကြပါ။

ရဲယိဖိန်၏မျက်နှာသည် ချက်ချင်းပင် မှုန်မှိုင်းသွားတော့သည်။

"ခင်ဗျားရဲ့စကားကို တကယ်ပဲ ယုံရတော့မှာလား အုန်းထန်းယိရဲ့"

ရဲယိဖိန်၏အမေးစကားကိုကြားသောအခါ အုန်းထန်းယိဆိုသူက တောင်ဝှေးကြီးကို မြေပြင်သို့ဆောင့်ချပြီး ရယ်မောလေတော့၏။

"ရဲယိဖိန်၊ ကျုပ် ဘယ်တုန်းက လိမ်ပြောခဲ့ဖူးလို့လဲ၊ ကျုပ်အကြောင်း ခင်ဗျားလဲ ကောင်းကောင်းကြားဖူးသားပဲဗျ"

ရဲယိဖိန်က မကျေမနပ်ဖြင့် ပြောလေ၏။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို အကြောင်းမဲ့လုပ်ကြံတာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



အုန်းထန်းယိက ရယ်ပြီး....

"ကျုပ်က အကြောင်းမဲ့ ဘယ်လုပ်မလဲဗျာ၊ လူလေးယောက်ရဲ့အသက်ကိုကယ်ဖို့ ခင်ဗျားကို လုပ်ကြံတာပေါ့ဗျ"

အုန်းထန်းယိက လက်လေးမချောင်းထောင်ပြပြီး ပြောနေလေ၏။

ရဲယိဖိန်သည် သူ့တပည့် ဆန်ကွမ်းချီကို မေးငေါ့ပြပြီး....

"ဟောဒီ ကျုပ်တပည့်ရေးကော အဆိပ်ထိသွားသေးသလားဗျာ"

အုန်းထန်းယိသည် သွားများပေါ်လာအောင် ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

"ဟောဒီ ဇရပ်ထဲမှာရှိတဲ့လူတိုင်း အဆိပ်သင့်သွားခဲ့ပြီဗျ၊ ဘယ်သူမှမလွတ်ဘူး"

ရဲယိဖိန့်မှာ အမှန်တကယ် မပြုံးနိုင်တော့ပေ။

"ကောင်းပြီ၊ ကျုပ် အဆိပ်သင့်ပြီမဲထားပါတော့၊ ဘယ်အချိန်မှာ အဆိပ်တက်မှာလဲ"

အုန်းထန်းယိ ဇရပ်ခေါင်မိုးကို မော်ကြည့်လျက် တဟားဟား ရယ်သည်။



"ဟုတ်တယ်၊ အဲဒီလိုသိတဘ်စမ်းပါ၊ ကျုပ်ကိုလဲ ယုံကြည့်စမ်းပါ၊ ခင်ဗျားဟာ မနက်ဖြန်မွန်းဘည့်အထိပဲ အသက်ရှင်မယ်၊ မွန်းလွဲတာနဲ့ သေပြီလို့သာမှတ်ပေတော့"

အုန်းထန်းယိသည် စကားစပြတ်သွားရာမှ ခေတ္တနားပြီဆက်ပြော၏။

"အကာယ်၍ ခင်ဗျား ဆုံးဖြတ်ချက်ပြောင်းလဲသွားရင်တော့ နောက်ထပ် အနည်းဆုံး သုံးနှစ်လောက်တော့ လူ့ပြည်မှာ နေနိုင်ဦးမှာပေါ့ဗျာ"

ရဲယိဖိန်သည် ငြိမ်သက်စွာ စဥ်းစားနေလေ၏။

ထိုစဥ် ရဲယိဖိန်၏တပည့် ဆန်ကွမ်းချီသည် ဓားကိုခမြှောက်လျက် လျှပ်တစ်ပြက် ခုန်ဝင်လာလေ၏။

အုန်းထန်းယိက တောင်ဝှေးကို ကြမ်းပြင်သို့ဆောင့်ချပြီး....

"ရပ်လိုက်စမ်း၊ မင်းရဲ့ မဖြစ်စလောက်ပညာလေးနဲ့ ငါ့ကို လာစမ်းလို့ရမယ်ထင်သလား၊ မသေချင်ရင် နောက်ဆုတ်လိုက်"

ရဲယိဖိန့်သည် ဆန်ကွမ်းချီ၏ရှေ့သို့ ရှုတ်တရက်ဝင်ရပ်ပြီး သတိပေးလိုက်လေ၏။

"ဆန်ကွမ်းချီ....ထပ်မမှားနဲ့၊ နောက်ဆုတ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် သူ့ဆရာစကားကိုတော့ မပယ်ရှားပါ။ ချက်ချင်းပင် နောက်ဆုတ်သွားသည်။

အုန်းထန်းယိသည် အောင်နိုင်သူ၏ရယ်သံဖြင့် ရယ်မောလေ၏။

ထို့နောက် ကျယ်လောင်စွာပြောသည်။

"ယောဒိမှာရှိနေတဲ့ လူအားလုံး နောက်ထပ်နေရရင် ဆယ့်နှစ်နာရီပဲ၊ မနက်ဖြန် မွန်းတည့်ချိန်အထိပဲ အသက်ရှင်နေခွင့်ရမယ်၊ အားလုံး ကြားကြရဲ့လား"

လူအားလုံး တိတ်ဆိတ်နေသည်။ ရဲယိဖိန်ကိုယ်တိုင်ပင်လျှင် ငြိမ်သက်နေသည်။

"ငါ့ရဲ့အဆိပ်ဟာ သိပ်ပြင်းတယ်၊ ငါကိုယ်တိုင် ဖော်စပ်ထားတဲ့ အဆိပ်ဖြေဆေးကသာ ယောဒိက လူအားလုံးရဲ့ အသက်ကို ကယ်တင်နိုင်တယ်၊ ငါ့ဆေးကို သုံးရက်ခြား တစ်လုံးကျ သောက်ရမယ်၊ ဒါဆိုရင် အဆိပ်ပြေမယ်"

လူငယ်ဆယ်ယောက်တို့သည် အုန်းထန်းယိအမည်ရှိသော အဘိုးအို၏စကားကို ယုံရကောင်းနိုး၊ မယုံဘဲနေရကောင်းနိုးနိုး စဉ်းစားနေကြ၏။

ထိုစဉ် လူငယ်တစ်ဦးက....

"ဆရာကြီးခင်ဗျား၊ ဆရာကြီးသာ တကယ်စွမ်းတယ်ဆိုရင် ယောဒိက ကျွန်တော်တို့ရဲ့ ဆရာကြီးလေးပါးရဲ့ အသက်ကို ကယ်တင်ပေးပါ"



အုန်းထန်းယိ ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

"မလိုဘူးကွ၊ သူတို့ လေးယောက်စလုံး ငါ့အဆိပ်မိထားတယ်၊ မသေနိုင်ဘူး၊ သုံးရက်ကြာရင် ပြန်သတိရလာမယ်၊ တစ်သက်လုံးစိတ်ချရဖို့ကတော့ ငါ့အဆိပ်ဖြေဆေး လိုမှာပေါ့ကွာ"

သူသည် အားလုံးကို သိမ်းကျုံးကြည့်ပြီးနောက်....

"ကဲ....မင်းတို့ကကော သေချင်သလား၊ ရှင်ချင်သလား"

အုန်းထန်းယိသည် ထိုစကားကို ငါးကြိမ်တိုင်တိုင် ပြောလေ၏။

လူငယ်များသည် တစ်ယောက်ကိုတစ်ယောက် ကြောင်စီစီကြည့်နေကြ၏။

ဤအဘိုးကြီးသည် အမှန်တကယ် ပြောနေခြင်းလော၊ သို့တည်းမဟုတ် ခြိမ်းခြောက်ခြင်းလော စသည့်အချက်များကို သူတို့ တိတိကျကျ မသိကြချေ။

အုန်းထန်းယိကို တကယ်တမ်းသိရှိသူမှာ ရဲယိဖိန် တစ်ယောက်သာ ရှိသည်။ ထိုအဘိုးကြီး တကယ်ပြော မပြောကို ရဲယိဖိန်သာ သိရှိပေလိမ့်မည်။

"ဟင်း....ဟင်း....ဟင်း"

အေးစက်စက် ရယ်လိုက်သည့် အုန်းထန်းယိ၏လေသံက ရပ်ထဲရှိ လူအားလုံးကို ခြောက်ခြားသွားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ တစ်သက်လုံး ဘယ်သူ့ကိုမှ မညာခဲ့ဖူးဘူး မယုံကြည်ရင်တော့ ကိုယ့်လက်ဝဲဘက်က အင်္ကျီတွေကို လိပ် တင်ပြီး လက်မောင်းကို ကြည့်ကြ"

သူဟာ သူ့တစ်သက်လုံး ဘယ်သူ့ကိုမှ မညာခဲ့ဖူးဘူးတဲ့ ဒီစကားကို ယုံရမှာလား၊ အဆိပ်သုံးသော အောက်လမ်း သိုင်းသမားတစ်ယောက်က သူတစ်ပါးကို မလိမ်ညာပါဘူး ဟု ပြောတိုင်း သူတို့ ယုံရပါမည်လား။

သို့သော်...

လူငယ်အားလုံးသည် လက်ဝဲ အင်္ကျီ လက်စရှည်များကို လိပ်တင်လိုက်၏။ လူတိုင်း၏ တံတောင်ဆစ်နားတွင် သေး ငယ်သော အမည်းစက်လေးများကို မြင်တွေ့နေရသည်။

"ဟာ..."

ကျယ်လောင်သော အာမေဋိတ်သံများသည် ဇရပ်ကြီး အတွင်း ဟိန်း၍ ထွက်လာ၏။ သူတို့၏ တံတောင်ဆစ်များ အဆိပ်မိနေသည်ကို သူတို့အားလုံး မသိကြပါ။ မည်သည့် အချိန်က အဆိပ်အပ်နှင့် ပစ်သိုက်ပါသနည်း။

သို့သော် နာကျင်ကိုက်ခဲမှုတော့ မခံစားရသေးချေ။

အုန်းထန်းယိသည် နဝေတိမ်ဒေါင်ဖြစ်နေကြသည့် လူ ငယ်များကို ကြည့်ပြီး အေးစက်စက် ရယ်မောလေ၏။



"ဟား...ဟား...ဟား...မင်းတို့ဘစ်တွေဟာ အခုထိ တည်းမှာပဲ အဖြစ်ဆန်းကလေးတွေ အတော်ကြုံခဲ့ကြရပြီ မဟုတ်လား၊ ဒါဟာ သိုင်းလောကထဲမှာ ပထမအဆင့် အတွေ့အကြုံပဲ ရှိသေးတယ်ကွ၊ မင်းတို့ သေသေချာချာ မှတ်ထားကြ၊ သိုင်းလောကဆိုတာဟာ အဖြူတမ်း အထက် လမ်း သိုင်းသမားနဲ့ အောက်လမ်း သိုင်းသမားဆိုပြီး ကွဲကွဲ ပြားပြားနဲ့ အမြဲတမ်း တိုက်ခိုက်နေကြတယ်၊ အခု ဖောက်နေ သလို နောင်လဲ တိုက်မှာပဲ၊ အဲဒီလို တိုက်တဲ့အခါမှာ အမြဲ တမ်း ညာက်နီညာက်နက် ထုတ်သုံးကြတယ်"

လူငယ်တစ်ယောက်က...

"ဒီတိုက်ပွဲထဲမှာ ကျွန်ုပ်တို့ ဆရာကြီးလေးပါးကော ပါနေလို့လား ခင်ဗျာ"

အုန်းထန်းယိသည် လူငယ်၏ အမေးစကားကို မဖြေပါ။ သူ့ခန္ဓာကိုယ်ကို တစ်ဖက်သို့ လှည့်လိုက်ပြီး အေးစက်စက် လှမ်းပြောသည်။

"ရဲယိဖိန်၊ ခင်ဗျား အရမ်းမလုပ်နဲ့နော်၊ နောက်တော့မှ ကျုပ်အဆိုးလို့မဆိုနဲ့"

လူငယ်အားလုံး အထိတ်တလန့် ဖြစ်သွားပြီး ရဲယိဖိန်ရှိရာသို့ တစ်ပြိုင်တည်း လှည့်ကြည့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲယိဖိန်သည် ဇရပ်ကြီး၏ ကြမ်းပြင်ပေါ်၌ ထိုင်ကာ အတွင်းအား လေ့ကျင့်နေသည်။ သို့မဟုတ် အတွင်းအား လေ့ကျင့်နေပုံရသည်။

"ရဲယိဖိန်၊ ခင်ဗျားရဲ့အတွင်းအားနဲ့ ကျင်းချီသွေးကြောကို ကုမယ်ဆိုရင်တော့ ခင်ဗျားမျက်ချင်း အဆိပ်တက်လာမယ်"

ရဲယိဖိန်က အံကြိတ်၍ ပြောလေ၏။

"ကျုပ်သာ အဆိပ်မမိဘူးဆိုရင် ခင်ဗျားဟာ ဟောဒီဇရပ်ပေါ်မှာ ခေါင်းတခြား ကိုယ်တခြား ဖြစ်နေလောက်ပြီဗျ"

လူငယ် ဆယ်ယောက်စလုံး မျက်လုံးများ ဝိုင်းသွားကြလေ၏။

သွားပြီ။

အလွန်တရာ အတွင်းအားကောင်းလှသော အဘိုးကြီးပင်လျှင် အဆိပ်မိခဲ့ပြီဆိုလျှင် သူတို့အဖို့ တွေးစရာ မရှိတော့ချေပ။

ဧည့်သည်အဘိုးကြီးသည် အဆိပ်ပြေပျောက်စေရန် သူ့အတွင်းအားဖြင့် ကြိုးစားကုသနေပုံ ရပေသည်။

လူငယ်အားလုံး နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်မိသွားကြလေ၏။



အုန်းထန်းယိ ဆိုသော အောက်လမ်းဂိုဏ်းသား သိုင်းဆရာကြီးကိုလည်း ယခုမှ တကယ်ကြောက်ရမှန်း သိသွားကြသည်။

"ဟား....ဟား....ဟား.... အုန်းထန်းယိဆိုတာ အဆိပ်လက်နက် အမြဲသုံးတယ်ဆိုတာ ထပ်ကြေညာစရာ မလိုပါဘူးဗျာ၊ တရုတ်ပြည် သိုင်းလောက တစ်ခုလုံးက ကျုပ်ကို အဆိပ်သိုင်းဆရာကြီးဆိုတာ သိနေတာပဲဗျ"

အုန်းထန်းယိ၏ ရယ်သံသည် ပွက်-ပွက် ညံ သွား လေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း တတွတ်တွတ် ပြောနေ၏။

"ဟော့ကောင်လေး၊ ကြမ္မာမငင်ချင်နဲ့ကွ၊ မင်းဆရာဟာ ချက်ချင်း သေဦးမှာလဲ မဟုတ်ဘူး၊ မင်းအနေနဲ့လဲ ငါ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ငါ့ပြောစကား နားမထောင်ရင် မင်းက မင်းဆရာထက် အရင် ငရဲပြည် ရောက်သွားလိမ့်မယ်"

ဆန်ကွမ်းချီ ဂရုမစိုက်ချေ။

သေချင်သေပါစေ၊ တိုက်ခိုက်မည် ဟူသော အမူအရာမျိုး ရှိနေသည်။

ထိုစဉ်....

"လူကလေး ဆန်ကွမ်းချီ၊ သူပြောတာ ဟုတ်တယ်၊ လူကလေးရဲ့ပညာနဲ့ သူ့ကို မနိုင်နိုင်ပါဘူး၊ ရပ်တန်းက ရပ်လိုက်ပါ"

ဆန်ကွမ်းချီ အမည်ရှိသော လူငယ်သည် ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် သူ့ဓားကို ချက်ချင်း ရုပ်သိမ်းကာ နောက်သို့ ခုန်ဆုတ်သွားသည်။

အုန်းထန်းယိသည် ဆန်ကွမ်းချီ ခုန်ဆုတ်သွားသည်ကို ကြည့်၍ ကျေနပ်စွာ ရယ်မောနေ၏။

## အခန်း (၃)

### လက်ထစ်ထောင်သာဆိပ်သတိုးအို

ရဲယိဖိန်၏ဘပည့်ဖြစ်သော ဆန်ကွမ်းချီသည် ဓားကို ဆွဲထုတ်လျက် သူ့ဆရာကြီးရှေ့သို့ ခုန်ဝင်လာပြန်လေ၏။

"ရှမ်း...."

သူ့ဓားသည် အုန်းထန်ယိ၏ရင်ဝသို့ ဟန်းဝင်သွား၏။

"ထန်း...."

ဓားနှင့် တောင်ဝှေး ရိုက်ခတ်သံ ထွက်ပေါ်လာသည်၊

အုန်းထန်းယိက ဆန်ကွမ်းချီ၏ ဓားကို တောင်ဝှေးဖြင့် လွယ်ကူစွာ ရိုက်ထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရဲယိဖိန်နှင့်တကွ လူအားလုံးကို ခြုံငုံ၍ စကား ပြောသည်။

"ကျုပ်က အင်မတန်ပွင့်လင်းတဲ့လူပါ၊ ခင်ဗျားတို့ အား လုံး ကျုပ်ရဲ့ကုသမှုကို ခံယူမလား၊ ဒါမှမဟုတ် အသေခံ မလား၊ ဖြေပါ၊ ကျုပ်ကိုလဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံမှ ကျုပ်က ကြိုက်တယ်ဗျ"

သူသည် တဟဲဟဲရယ်ရင်း ဆက်ပြောသည်။

"ကျုပ်ရဲ့ အဆိပ်အပ်ကလေးတွေက အင်မတန် သေး ငယ်တဲ့အပြင် အင်မတန်ပြင်းထန်တဲ့ အဆိပ်ရည်တွေထဲမှာ သုံးနှစ်သုံးမိုး စိမ်ထားသေးသဗျ၊ ဒီအပ်ကလေးတွေဟာ သွေးကြောထဲမှာ သွေးနဲ့အတူ လှည့်ပတ်စီးဆင်းနိုင်တယ်၊ ဒါ နောက်ဆုံးမှာ နှလုံးသားထဲအထိ ရောက်သွားနိုင်တယ်၊ ဒါ ကို ကျုပ် ညာပြောနေတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ အလွန်ဆုံး နေနိုင်ရင် မနက်ဖြန် မွန်းတည့်အထိပါပဲ"

သူသည် စကားဆုံးသည်နှင့် ခေါင်ငှေးကို တဒေါက် ဒေါက် ထောက်ကာ ဇရပ်အပြင်သို့ လှမ်းထွက်စပြုလေ တော့သည်။

ထိုအခါ အဘိုးအို ရဲယိဖိန်က အရေးတကြီး ပြန်ခေါ်ရ တော့သည်။



"အုန်းထန်းယိ ပြန်လာခဲ့ပါဦးဗျာ၊ ကျုပ်တို့ ဆွေးနွေး ညှိနှိုင်းကြတာပေါ့ဗျာ၊ ခင်ဗျားမှာလဲ လောလောဆယ် အရေးတကြီးကိစ္စ သောင်ရွက်စရာရှိပုံမရပါဘူး"

အုန်းထန်းယိက ကျေနပ်စွာ ပြုံးလိုက်လေ၏။

ထို့နောက် ခပ်အေးအေးပင် ပြန်လှည့်လာသည်။

သူ့အဖို့တော့ အေးနိုင်ပေသည်။

နိုင်နေသူ ဖြစ်နေသကိုး။

သူက....

"ကျုပ်ကလဲ ဒီလိုဖိတ်ခေါ်ချက်မျိုးကိုပဲကြားချင်သဗျာ၊ ခုအချိန်က တိုက်ရေး ခိုက်ရေးနဲ့ ဖြေရှင်းရမယ့် အချိန်မျိုး မဟုတ်ဘူးဗျ၊ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းရမယ့် အချိန်မျိုး ဖြစ်နေပါတယ်၊ နောင်ကြီးရဲယိဖိန်ကသာ အဆင်ပြေပြေ ဆုံးဖြတ်ပါဗျာ၊ ကျုပ်အဖို့ ဘာမဆို လိုက်လျောဖို့ အသင့် ပါပဲ"

ထိုစကားကိုကြားရသောအခါ ရဲယိဖိန်သည် စိတ်ထဲမှ ကျိတ်ဆဲမိလေ၏။

စကားက သကာပျားထက် ချိုလှသည်။ ထိုသကာပျား အောက်မှ သင်တုန်းဓားကလည်း လူ့အသက်တစ်ချောင်းကို ခြွေပစ်ရန် မြဲထက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အုန်းထန်းယိက ဆက်ပြောနေ၏။

"နောင်ကြီးရဲ့ယိဖိန်တင် မကပါဘူး၊ ဟောဒီက နောင်ကြီးရဲ့ညီတော်လေးယောက်အတွက်လဲ ကျုပ်စိုးရိမ်ပါတယ်၊ ကျုပ်ကို အသနားအကြင်နာ မရှိတဲ့ လူလို့ ခေါ်မှာကို မခံချင်ဘူးဗျာ"

ရဲယိဖိန်က....

"သူတို့ လေးယောက်ဟာ သွေးသောက် ညီအစ်ကိုတွေဆိုပေမယ့် သူတို့နဲ့ ကျုပ် ကင်းကွာနေတာ အနှစ် သုံးဆယ်ကျော် ရှိနေပြီဗျ၊ ဒါကြောင့် သူတို့လေးယောက်နဲ့ ပတ်သက်တာတွေကိုတော့ ကျုပ်လဲ ဘာမှ အဆုံးအဖြတ် မပေးနိုင်ဘူး၊ လောလောဆယ်မှာတော့ ဟောဒီလူငယ် ဆယ့်နှစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေတဲ့ အဆိပ်တွေကို ပြန်နုတ်ယူသွားပါဗျာ၊ ဒီလူငယ်ဆယ့်နှစ်ယောက်အနေနဲ့ ခင်ဗျားကို ဘာမှ အန္တရာယ်မပြုစေရအောင် ကျုပ် တာဝန်ယူပါတယ်ဗျာ"

အုန်းထန်းယိက ဟက်ဟက်ပက်ပက် ရယ်သည်။

"အင်း...ခင်ဗျား လွယ်လွယ်ကူကူ သဘောပေါက်တဲ့အတွက် ကျုပ်အများကြီး ကျေနပ်ပါတယ်၊ ကျန်တဲ့လူတွေဟာ ခင်ဗျားလို သဘောမှ ပေါက်ရဲ့လား မသိဘူးဗျ"

www.burmeseclassic.com



ရဲယိဖိန်၏ တပည့်၊ အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် ဆန်ကွမ်းချိဆိုသော လူငယ်သည် ရှေ့သို့ ခြေလှမ်းကြီးဖြင့် ဝင်ရောက်လာလေသည်။

"ကျုပ် ပထမဦးဆုံး စမ်းသပ်ဦးမယ်ဗျာ၊ ခင်ဗျား ပြောတာ ဟုတ်သလား မဟုတ်သလားလို့"

"ဟား...ဟား ဟား...ဟား၊ ပထမဆုံး စမ်းသပ်ချင်တဲ့ လူကတော့ အသက်ချမ်းသာရာ ရတာပေါ့ကွာ၊ ကဲ...ကဲ အင်္ကျီချွတ်လိုက်"

"ကျုပ်ရဲ့ ခန္ဓာကိုယ်ထဲမှာ အဆိပ်အပ် ဝင်နေတယ်လို့ ပြောတယ်၊ ဘယ်နေရာမှာလဲ"

"အခု လောလောဆယ်မှာတော့ လက်ဝဲဘက် လက်မောင်းမှာ အဆိပ် ဝင်နေတယ်"

"ဒါဆို အင်္ကျီလက်ကို လိပ်တင်ပေးမယ်ဗျာ၊ ခင်ဗျားဘာလို့ ဖြစ်မှာလား"

အုန်းထန်းယိသည် အပိုစကား မပြောတော့ပေ။

သူ့ရင်ခွင်ထဲရှိအိတ်ကြီးတစ်ခုအတွင်းမှ မြင်းခွာပုံသံလိုက်ဘုံးကြီးကို ထုတ်ယူလိုက်သည်။

သူ့လက်ထဲမှတောင်ဝှေးကြီးကိုလည်း အောက်သို့ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

ဆန်ကွမ်းချိ၏ လက်မောင်းတစ်လျှောက်ကို သံလိုက်တုံးဖြင့် ဖိချပေးပြီး လက်ဝဲလက်ကသည်း သွေးကြောများကို နှိပ်နယ်ပေးသည်။

မကြာမီ တံတောင်ဆစ် အထက်နား၌ ညိုညစ်သော သွေးများထွက်လာတော့သည်။

အခြားလူငယ်များသည် အုန်းထန်းယိ အဆိပ်အပ် ထုတ်နေပုံကို ဝိုင်းကြည့်နေကြ၏။

အုန်းထန်းယိသည် အဆိပ်အပ်ကို အောင်မြင်စွာ ထုတ်ယူပြီးသွားဟန်ဖြင့် မြင်းခွာပုံ သံလိုက်တုံးကြီးကို သူ့ အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။

"အဆိပ်အပ်ကိုတော့ ငါပြန်သိမ်းလိုက်ပြီ၊ ဒါပေမယ့် သွေးထဲမှာတော့ အဆိပ် ကျန်နေသေးတယ်၊ ငါ ပေးတဲ့ အဆိပ်ဖြေဆေးကို မစားရင် သေနိုင်သေးတာပဲ၊ လုံးဝ စိတ်ချရပြီလို့တော့ မမှတ်နဲ့ဦး"

အုန်းထန်းယိသည် သူသိမ်းယူလိုက်သည်ဆိုသော အဆိပ်အပ်ကလေးကို လက်ဝါးပေါ် တင်ပြ၏။

တစ်လက်မ၏ ဆယ်ပုံတစ်ပုံခန့်ရှိပြီး ဆံချည်မျှင်ခန့် သေးငယ်သော အဆိပ်အပ်ကလေးကို အံ့ဩစဖွယ် တွေ့ရှိကြရပေသည်။



ဤမျှသေးငယ်သောအဆိပ်အပ်ကလေးကို လိုရာပစ်မှတ်သို့ မှန်အောင်ပစ်နိုင်သည့် ဖွမ်းအားမှာ နည်းနည်းနောနော ခွမ်းအား မဟုတ်ပါချေ။

လူငယ် ဆယ်ယောက်တို့သည် ကိုယ်စီကိုယ်စီရှေ့သို့တိုးလာကြသည်။

အုန်းထန်းယိလည်း အားလုံးကို အဆိပ်အပ်များ နုတ်ပေး၏။

လဲကျနေသည့်လူငယ်နှစ်ယောက်၏လက်မောင်းမှ အဆိပ်အပ်ကိုပင် နုတ်ပေးလိုက်သေးသည်။

ရဲယိဖိန်က သက်ပြင်းချပြီးနောက်....

"နောင်ကြီး အုန်းထန်းယိ၊ အချိန်က မနည်းတော့ဘူးဗျာ၊ ဟောဒီက ကျုပ်ရဲ့ ညီတော်လေးပါးကို သတိရအောင် လုပ်ပေးပါဦး"

အုန်းထန်းယိက တဟားဟား ရယ်လေတော့၏။

"အင်း.... သတိရအောင်တော့ လုပ်ပေးမယ်၊ ဒါပေမယ့် အဆိပ်တော့ ထပ်ကျွေးထားရဦးမယ်ဗျ"

"ဗျာ"

ရဲယိဖိန့်မှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့...."

"ဘာဖြစ်လို့ရမလဲဗျာ၊ 'ကျုံယွမ်ငါးဖော်'ဆိုတဲ့နာမည်ဟာ သိုင်းလောကမှာ အင်မတန်ကျော်ကြားခဲ့တဲ့ နာမည်ပဲဗျ၊ ခင်ဗျားတို့ဟာ အတွင်းအားလဲ သိပ်ကောင်းကြတယ်၊ ဒီလေးယောက် သတိရပြီး ခင်ဗျားနဲ့ပေါင်း၊ ကျုပ်ကိုတိုက်ရင် ကျုပ် ဘယ်လိုခုခံနိုင်မလဲဗျာ၊ ကျုပ်အတွက် စိတ်အေးရအောင်တော့ ကြိုတင်စီမံထားရမယ်ဗျ"

ရဲယိဖိန်သည် စိတ်ထဲ၌ အတော်ကလေး မခံချိမခံသာဖြစ်သွားသည်။

သို့သော် သူလည်း ဘာမျှမတတ်နိုင်။

"အင်းလေ၊ ခင်ဗျားရဲ့လက်ခုပ်ထဲကရေဆိုတော့ ကျုပ်လဲ ဘာမှ မတတ်နိုင်ဘူးပေါ့၊ ခင်ဗျား တိုက်ချင်တဲ့ အဆိပ်သာ တိုက်ပေတော့ဗျာ"

အုန်းထန်းယိက ရယ်ရင်း....

"ကျုပ်ကို 'လက်တစ်ထောင် အဆိပ်အဘိုးအို'လို့ သိုင်းလောကက သမုတ်ကြတယ် မဟုတ်လား၊ ဒီတော့ ကျုပ်ကို အဆိပ်သုံးတဲ့အတွက် ဘယ်သူကမှ အပြစ်တင်နိုင်မယ်မဟုတ်ဘူးဗျ"



ရဲယိဖိန်က ခေါင်းညိတ်ပြီး....

"ကဲပါဗျာ....ဆောင်ရွက်စရာ ရှိတာကိုသာ ဆောင်ရွက်ပါတော့"

"ဟား....ဟား....ဟား၊ ဒီလိုတော့ ဘယ်ဖြစ်ဦးမလဲဗျာ၊ ခင်ဗျားနဲ့ ပထမဦးဆုံး အပေးအယူ လုပ်ရဦးမှာပေါ့ဗျ၊ ဒါမှ ကျုပ်အနေနဲ့ ခင်ဗျားရဲ့ ညီတော်ကို သတိရအောင် လုပ်ပေးနိုင်မယ်"

"ကဲ....ခင်ဗျားက ဘာအပေးအယူ လုပ်ချင်သလဲ"

"ကျုပ်က လောဘ မကြီးပါဘူးဗျာ၊ ခင်ဗျားတို့ ဘတ်ခွမ်းထားတဲ့ သိုင်းပညာထဲက ထူးထူးဆန်းဆန်း သိုင်းပညာ တစ်မျိုးကို လက်ဝေခံ ပြန်လိုချင်တာပါပဲ၊ အဲဒီ သိုင်းပညာကို ဖြန့်ဝေပေးမယ်ဆိုရင် ခင်ဗျားရဲ့ညီတော်တွေ အားလုံး သတိရစေရမယ်"

ရဲယိဖိန်သည် ခေတ္တမျှ စဉ်းစားနေလိုက်၏။

"ကောင်းပြီ၊ ခင်ဗျားကို ကျုပ်သင်ပေးမယ်၊ ခင်ဗျားကလဲ ကျုပ်ရဲ့ ညီတော်တွေ အသက်ချမ်းသာရာ ရနိုင်မယ့် အဆိပ်ဖြေဆေးကို ကျုပ်လက်ထဲအပ်ခဲ့ရမယ်၊ ဘယ့်နှယ်လဲ၊ သဘောတူရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



အုန်းထန်းယိက ခေါင်းညိတ်၏။

"ခင်ဗျားသာ ရိုးသားဖြောင့်မတ်စွာ ပြောဆိုတယ် ဆိုရင် ကျုပ်အနေနဲ့ ဒီအဆိပ်ဖြေဆေးကို ပေးအပ်ခဲ့ဖို့ ဝန်မလေးပါဘူး"

သူသည် ရင်ခွင်အတွင်းသို့ လက်နှိုက်လိုက်၏။

ယခုတစ်ကြိမ်တွင် အစိမ်းရောင်ပုလင်းကလေးနှင့် အဖြူရောင် ပုလင်းကလေး နှစ်လုံးပါလာသည်။

"သူသည် လက်ထဲမှ ပုလင်းစိမ်းလေးကို သီးခြား မြှောက်ပြသည်။

"ဟောဒီ ပုလင်းစိမ်းကလေးထဲက အဆိပ်ဆေးတွေကို စားခဲ့မိရင် အဲဒီလူဟာ ခြေလှမ်းတစ်ရာပဲ လမ်းလျှောက်နိုင်မယ်၊ ခြေလှမ်းတစ်ရာအတွင်းမှာ အသည်းနှလုံးတွေ ပျက်ပြုန်းပြီး မုချသေရမယ်၊ ဒွါရကိုးပေါက်က သွေးတွေ ယိုစီးကျလာမယ်"

သူသည် ပုလင်းဖြူကလေးကို ကိုင်မြှောက်ပြပြန်၏။

"ဟောဒီ ပုလင်းဖြူထဲက ဆေးလုံးကလေးတွေကတော့ ခြေလှမ်းတစ်ရာ အဆိပ်ကို ဖြေနိုင်တဲ့ အဆိပ်ဖြေဆေးတွေပါပဲ၊ နောင်ကြီး ရဲယိဖိန်ကသာ ကျုပ်လိုချင်တဲ့ သိုင်း



စညာကို ဖြန့်ဝေပေးရင် ဒီအဆိပ်ဖြေဆေးပုလင်းကို နောင်ကြီးလက်ထဲ ပေးအပ်ခဲ့ပါ့မယ်ဗျာ"

ရဲယိဖိန်မှာ စိတ်ထဲ၌မယုံကြည်မသာ ဖြစ်သွားသည်။

အုန်းထန်းယိပြောနေသည့်စကားအရ အုန်းထန်းယိသည် သူ့ညီတော်လေးယောက် သတိမရသေးမီ ခြေလှမ်းတစ်ရာ အဆိပ် ကျွေးထားမည်။

ထို့နောက် သတိရအောင် လုပ်ပေးမည်။

ပြီးလျှင် သူ့အား ထူးဆန်းသော သိုင်းကွက်များ သင်ပေးရမည်။

သိုင်းကွက်များ သင်ပေးပြီးလျှင် အဆိပ်ဖြေ ဆေးပုလင်းသူ့လက်ထဲအပ်မည် ဟူသည့် သဘောပင် ဖြစ်တော့သည်။

ရဲယိဖိန်က သက်ပြင်းချပြီး....

"ကျုပ်ညီတော် လေးယောက်က သတိမေ့နေတာပဲဗျ၊ ခင်ဗျား ဘယ်လိုလုပ်ပြီးအဆိပ်ကျွေးမှာလဲ၊ နောက်ပြီး ခင်ဗျားရဲ့အဆိပ်က ချက်ချင်း ဒုက္ခမပေးနိုင်ဘူးလို့ ခင်ဗျား အာမ ခံနိုင်လို့လား"

ထိုစကားကို ကြားသောအခါ အုန်းထန်းယိက တဟားဟား ရယ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ရဲယိဖိန်.... ကျုပ်ကို စိတ်ချထားစမ်းပါဗျာ၊ ကျုပ်ရဲ့ ခြေလှမ်းဘစ်ရာ အဆိပ်က ချက်ချင်း ဒုက္ခမပေးပါဘူးဗျ၊ သူ့ကို အပေါ်ယံမှာ တခြားဆေးတစ်မျိုး အုပ်ထားပါသေးတယ်၊ တစ်နာရီလောက် ကြာတဲ့အထိ အပေါ်ယံဆေးက အရည်မပျော်ပါဘူး၊ အဲ....တစ်ခုတော့ ရှိသေးဗျာ၊ သူတို့က ကျုပ်ကို တိုက်ချင်ခိုက်ချင်ဖြစ်ပြီး အတွင်းအားတွေ ထုတ်ကြရင်တော့ သူတို့ကိုယ်သူတို့ သေကြောင်းကြံစည်သလို ဖြစ်သွားမှာပဲ၊ အဲဒီအခါကျရင်တော့ ကျုပ် တာဝန် မဟုတ်တော့ဘူးပေါ့ဗျာ၊ ဒါက လိုအပ်လို့ ကြိုတင်ပြောထားတာပါ"

ရဲယိဖိန်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပေ။

သူ့အဖို့ ရွေးချယ်စရာ တစ်လမ်းတည်းသာရှိတော့သည်။

"ကောင်းပြီ နောင်ကြီး အုန်းထန်းယိ၊ ခင်ဗျားရဲ့ လုပ်ငန်းကို စပေတော့ဗျာ"

အုန်းထန်းယိသည် ကျေနပ်စွာ ရယ် မော ပြီး နောက်ထောင့်တစ်ထောင့်မှ အဘိုးအိုဘစ်ယောက်ဆီသွားပြီး ပါးနှစ်ဖက်ကို ညှစ်လိုက်သည်။

ပါးစပ်ဟသွားသောအခါ ခြေလှမ်းတစ်ရာ အဆိပ်ခြေဆေးလုံးတစ်လုံး ပစ်ထည့်လိုက်၏။



လည်ချောင်းတွင်းမှတစ်ဆင့် ဝမ်းတွင်းသို့ ရောက်ရှိသွားအောင် အကြောများကို ပြုပြင်ပေး၏။

ထို့နောက် သတိရစေမည့် အကြောများကို နှိပ်နယ်ပေးသည်။

ဤနည်းဖြင့် အဘိုးအို လေးယောက်စလုံးကို ပြုစုသည်။

ထမင်းအိုးတစ်လုံးကျက်ခန့် ကြာမြင့်သောအခါ လောင်လေးထောင့်၌ သတိလစ် မေ့မြောနေသူ အဘိုးအို လေးယောက်စလုံး အနည်းငယ် လှုပ်ရှားလာကြ၏။

ထို့နောက် ပါးစပ်များ ပွင့်ဟလာပြီး လေပူများ မှုတ်ထုတ်လာသည်။

သို့သော် မတ်တတ်ရပ်နိုင်ခြင်းတော့ မရှိသေးပေ။

အုန်းထန်းယိသည် ရဲယိဖိန် ရှေ့သို့ လျှောက် သွားပြီး အစိမ်းရောင်ဆေးပုလင်းလေးကို မြှောက်ပြ၏။

"နောင်ကြီး ရဲယိဖိန်ကော ဒီဆေးလေးတစ်လုံးလောက် သောက်လိုက်ပါဦးလားဗျာ"

ရဲယိဖိန်က မချိပြုံးပြုံးရင်း....

"ကျုပ်က အဆိပ်အပ်ဒဏ် ခံထားရတဲ့လူပဲဗျ၊ ခင်ဗျားဆေးသောက်ပြီး ထပ်အုအခွေလိုက် ပြတ်ကျခံရဦးမှာလားဗျာ၊ ဒီလောက်ဆိုရင် တော်လောက်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



အုန်းထန်းယိက တဟားဟားရယ်ပြီးနောက် သူ၏အဆိပ်ဆေးပုလင်းကို သိမ်းဆည်းလိုက်၏။

ထိုနောက် အဝါရောင်ပုလင်းကလေးတစ်လုံးကို ထုတ်ယူပြ၏။

ထိုဆေးပုလင်းထဲမှ အဝါရောင် ဆေးလုံးကလေးတစ်လုံးကို ထုတ်ယူပြီး ရဲယိဖိန်ကို ပြ၏။

"ဒါလဲ အဆိပ်ဆေးပဲဗျ၊ ခင်ဗျားက ကျုပ်ကို သိုင်းပညာ သင်ပေးရမယ့်လူဆိုတော့ အဆိပ်အပ်က အဆိပ်တွေ ရပ်တန့်သွားအောင် ကျုပ်လုပ်ပေးရဦးမယ်၊ မလုပ်ခင် ကျုပ်အတွက် အကာအကွယ်ဖြစ်သွားအောင် ဒီအဆိပ်တွေ ကျွေးထားရဦးမယ်၊ ဒါတော့ သဘောတူပါဗျာ၊ ဒီအဆိပ်ကလဲ ရုတ်တရက်တော့ ဒုက္ခမပေးပါဘူး"

အုန်းထန်းယိသည် ပြောပြောဆိုဆိုဖြင့် ရဲယိဖိန်အနီးသို့ တိုးကပ်လာကာ ရဲယိဖိန်၏ ပါးစပ်ထဲသို့ ဆေးလုံး ပစ်သွင်းလိုက်၏။

"ကဲ... ခင်ဗျားဘာသာ မျိုချမှာလား၊ ဆေးလုံး ဝမ်းထဲ ဝင်သွားအောင် ကျုပ်ကပဲ ပြုပြင်ပေးရမှာလား"

ရဲယိဖိန်သည် အဆိပ်ဆေးလုံးကို လျှာပေါ်တင်ရုံ တင်ထား၏။ မျိုမချသေးပေ။



မျိုချပြီးလျှင် အုန်းထန်းယိသည် သူ့ကို စိတ်ကြိုက် ကြိုးကိုင်တော့မည်ကို သိ၏။

အဆိပ်အပ်၏ အဆိပ်ဒဏ်လောက်ကိုမူ သူ့အတွင်းအားဖြင့် တားထားနိုင်၏။

အဝါရောင် အဆိပ်ဆေးလုံးကိုတော့ သူ့ အတွင်းအားဖြင့် တားဆီးနိုင်မည်မဟုတ်ကြောင်း သိသဖြင့် နဖူးမှ ချွေးသီး ချွေးပေါက်များ ကျလာသည်အထိ စိတ်သောကရောက်နေရလေသည်။

ထိုစဉ်....

* * *

"ဖြန်း...."

ကျယ်လောင်သော အသံတင်သံ ဇရပ်ထဲ၌ ပေါ်လာသည်။

"ခင်ဗျား ဘာဖြစ်လို့ အကြောင်းမဲ့ လာရိုက်တာလဲဗျ"

"ခင်ဗျားကတော့ ကြောင်တောင်ကန်း ဖြစ်နေသလား၊ ဒီလောက် အရေးကြီးတဲ့အချိန်မှာတောင် ခြေဆန့်လက်ဆန့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသလားဗျ၊ ကျုပ်ကို ကန်မိတော့မလို့ နည်းနည်းပဲ လိုတော့တယ်"

အုန်းထန်းယိသည် အလိုလို နောက်သို့လှည့်ကြည့်မိ၏။

ရဲယိဖိန်သည် သူ့ပါးစပ်ထဲမှ အဆိပ်ဆေးလုံးကို သူ့ရင်ခွင်အတွင်းသို့ ထွေးထုတ်လိုက်၏။

အဝါရောင် ဆေးလုံးကလေးသည် အဟွင်းအိတ်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားလေ၏။

အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်အား ပါးရိုက်လိုက်သူမှာ သူ့တပည့် ဆန်ကွမ်းချီဖြစ်ကြောင်း ရဲယိဖိန် သိလိုက်သည်။

ဤလူငယ်ကလေးသည် ဆရာဖြစ်သူ အကျဉ်းအကျပ်ကျနေခိုက်၊ အုန်းထန်းယိ၏ အာရုံကို တမင်ပြောင်းပေးလိုက်ခြင်း ဖြစ်ကြောင်း ရဲယိဖိန် ကောင်းစွာ သဘောပေါက်လိုက်မိသည်။

"အင်း....ဒီကလေးဟာ သိပ်ပြီးပါးနပ်တာပဲကိုး၊ ဒီတစ်ကြိမ် သေဘေးက လွတ်ပြီးရင်တော့ ငါတတ်ထားသမျှ ပညာတွေ အားလုံးကို ဆရာစားမချန် သင်ပေးရမယ်"

ရဲယိဖိန် တွေးနေစဉ်မှာပင် အုန်းထန်းယိ ပြန်လှည့်လာသည်။



"နောင်ကြီးရဲယိဖိန်၊ဘယ့်နှယ်လဲ၊ အဆိပ်မျိုပြီးပြီလား"

ရဲယိဖိန်က ရှုံ့မဲ့၍ ပြောသည်။

ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ မဟုတ်ပါလား။

"ကျုပ်အဖို့ အဆိပ် မျိုချဖို့ကလွဲလို့ တခြား ဘာလုပ်နိုင်ဦးမှာလဲ၊ ခင်ဗျားလက်ခုပ်ထဲက ရေပဲဗျာ၊ ကျုပ်အဖို့ တခြားလမ်းရွေးစရာမရှိပါဘူး"

အုန်းထန်းယိသည် ရဲယိဖိန် အဆိပ် ထွေးထုတ်ပစ်သည်ကို လုံးဝ မရိပ်မိပေ။

ထိုအချိန်တွင် ထောင့်လေးထောင့်၌ ထိုင်နေကြသော အဘိုးအို လေးယောက်စလုံး ပြန်လည်သတိရလာကြလေပြီ။ သူတို့သည် မျက်လုံးများ ဖွင့်ကြည့်ကြသော်လည်း ပစ္စုပ္ပန် အခြေအနေနှင့် ဆက်စပ်၍ မရသေးဘဲ ဖြစ်နေကြသည်။

"ညီလေးတို့ သတိရလာကြပြီလား"

ရဲယိဖိန်က ခပ်အေးအေး လှမ်းမေးသည်။ အဘိုးအိုလေးယောက်တို့သည် ရဲယိဖိန် တွေ့လိုက်ရသောအခါ အလွန်တရာ အံ့ဩသွားသည်။

"ညီလေးတို့နဲ့ ငါဟာ သံသယပွားပြီး အနေဝေးကွာသွားခဲ့ကြတယ်၊ နှစ်ပေါင်း သုံးဆယ်လောက် သူစိမ်းဆန်

www.burmeseclassic.com

www.burmeseclassic.com



ဆန် နေခဲ့ကြဘယ်၊ မင်းတို့ လေးယောက်ကို ငါ လိုက်လံ ရှာဖွေခဲ့ပေမယ့် မင်းတို့ အပုန်းကောင်းလို့ ငါ လုံးဝ ရှာမတွေ့ခဲ့ပါဘူး၊ အခုတော့ ငါတို့ တွေ့ကြရပြီ”

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုက သက်ပြင်းချရင်း....

“အစ်ကိုကြီး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က အဖြစ်အပျက်ကတော့ ရင်နာစရာပါပဲဗျာ၊ ကျွန်တော်တို့ လေးယောက် စလုံး တစ်ယောက် တကွဲစီ ဖြစ်နေကြတာပါ၊ တစ်နှစ်လောက်အကြာမှာ ကျွန်တော်တို့ လေးယောက်ဟာ အစ်ကိုကြီးနဲ့အတူ သွေးသောက် သစ္စာပြုခဲ့တဲ့ နေရာကို သွားခဲ့ကြပါသေးတယ်၊ ဒါပေမယ့် တစ်ယောက်တကွဲစီ သွားခဲ့ကြတာပါ၊ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ လေးယောက်စလုံး သိုင်းပညာ ထူးချွန်အောင် ကြိုးစားခဲ့ကြပါတယ်၊ ကြိုးစားသလောက်လဲ အောင်မြင်မှု ရှိခဲ့ကြပါတယ်”

ခရမ်းရောင် ဝတ်ဆင်ထားသည့် အဘိုးအိုကလည်း ဝင်ပြော၏။

“ဟုတ်ပါတယ်၊ ကျွန်တော်တို့အားလုံး အစ်ကိုကြီးကို သတိရခဲ့ကြပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးကတော့ မြောက်ဝင်ရိုးစွန်းကို ပျံသန်းသွားတဲ့ ရေခဲငှက်လို ကျွန်တော်တို့



လုံးဝ ရှာမတွေ့ကြတော့ပါဘူး၊ ကျွန်တော်တို့ သိမ်ပြီး ရင်နာခဲ့ကြပါကယ်”

အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုကလည်း ဝင်ပြောလာပြန်သည်။

“အစ်ကိုကြီးနဲ့ ကျွန်တော်တို့ ခွဲခွာစတုန်းက ကျွန်တော်တို့အားလုံး ခပ်ငယ်ငယ်ပဲ ရှိကြပါသေးတယ်၊ အခုဆိုရင် အားလုံးလိုလို ဆံပင်တွေ ဖြူကုန်ကြပြီ၊ နောက် လေးငါးနှစ်ကြာရင် ကျွန်တော်တို့အားလုံး အသက်ခြောက်ဆယ် ပြည့်ကြတော့မယ်”

ထိုသို့ စကားပြောကြသူ အားလုံး ရဲယိဖိန်အား လက်အုပ်ချီ၍ စကားပြောကြခြင်း ဖြစ်သည်။ သူတို့သည် ရဲယိဖိန်ကို အလွန်ဘရ လေးစားကြပေ၏။

အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုကမူ အခြား ထူးထူးထွေထွေ မပြောပေ။

“အစ်ကိုကြီး....ကျန်းမာပါရဲ့လား”

ရဲယိဖိန်က ခေါင်းညိတ်ပြ၏။

“ညီလေးတို့၊ အခုတော့ ငါတို့အားလုံး လိပ်ပြာလည် သွားကြပြီပေါ့ကွာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ် အတွင်း

www.burmeseclassic.com



မှာတော့ ငါဟာ တစ်ရက်မှ ရတက်မအေးခဲ့ပါဘူး၊ ငါတို့ဟာ သူတစ်ပါးဆီက သိုင်းပညာသင်ယူပြီး ကိုယ့်ညီအစ်ကို အချင်းချင်း လှို့ဝှက်နေခဲ့မိကြတယ်၊ အဲဒီအတွက် တစ်ဦးနဲ့ တစ်ဦး အထင်လွဲကုန်ကြတာပဲ"

ထိုစဉ် အုန်းထန်းယိက ကြားဖြတ်၍ ဝင်ပြောလာလေ၏။

"အဆိပ်ရဲ့ အပေါ်ယံ အကာတွေ အရည်ပျော်ကုန်ရင်တော့ ကျုပ်တာဝန် မဟုတ်ဘူးနော်၊ ခင်ဗျားတို့ စကားပြောနေတာ အတော်ကြာနေပြီဗျ"

ရဲယိဖိန် မျက်နှာပျက်သွားသည်။

"ကျုပ်တို့ ညီအစ်ကိုချင်း မတွေ့ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ ဒီလောက်တော့ စကားပြောခွင့် ပေးဦးမှပေါ့ဗျာ"

အုန်းထန်းယိက ခေါင်းဟဆတ်ဆတ် ညိတ်လိုက်ပြီး....

"ကောင်းပါပြီ...ကောင်းပါပြီ၊ ခင်ဗျားက ခင်ဗျားရဲ့ သိုင်းပညာတွေ ကျုပ်ကို သင်ပေးဖို့ မမေ့သေးဘူးဆိုရင် ကျုပ်ကလဲ ခင်ဗျားညီတွေဆီမှာ မိထားတဲ့ အဆိပ်တွေအတွက် အဆိပ်ဖြေဆေး ပေးဖို့ မမေ့သေးပါဘူး"



အရောင်လေးမျိုး ဝတ်ဆင်ထားသော အဘိုးအို လေးယောက်သည် ထိုအခါကျမှ အုန်းထန်းယိကို သတိထားမိကြတော့သည်။

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုက မျက်မှောင် ကြုတ်ရင်း ပြောသည်။

"ကျုပ်က ဘယ်သူများလဲလို့ စဉ်းစား နေလိုက်ရတာဗျာ၊ လက်စသတ်တော့ လက်တစ်ထောင် အဆိပ်အဘိုးအို အုန်းထန်းယိ ဖြစ်နေတာကိုးဗျ"

အုန်းထန်းယိက ဟက်ဟက်ပက်ပက် ရယ်ရင်း....

"ကျုပ်ကလဲ နာမည်ကျော် 'ကျုံယွမ်ငါးဖော်နဲ့' တွေ့ဆုံခွင့်ရလို့ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူးဗျာ၊ နောင်ကြီးယိဖိန်ကလဲ ခင်ဗျားရဲ့ ညီတော်တွေကို ကျုပ်နဲ့ ခင်ဗျားတို့ ကတိစကားအကြောင်းလဲ တစ်ဆင့် ပြောပြပေးပေါ့ဗျာ၊ ကြိုတင်သိထားတော့ မဖြစ်သင့်တာတွေ မဖြစ်ဘူးပေါ့ဗျာ"

အုန်းထန်းယိက လေးလေးနက်နက် ဆက်ပြောလေ၏။

"နောင်ကြီး ရဲယိဖိန်အနေနဲ့ ပိုပြီးအလေးအနက်ထားပြီး ပြောသင့်တာကတော့ ကျုပ်ရဲ့ ခြေလှမ်းတစ်ရာ အဆိပ်တွေဟာ သူတို့ဝမ်းထဲ ရောက်ကုန်ပြီဆိုတဲ့ အကြောင်းပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



တိုစကားကို ကြားလိုက်ရသောအခါမှ အဘိုးအို လေးယောက်သည် သူတို့အား အုန်းထန်းယိက မည်သို့ ကြိုးကိုင်နေကြောင်း ရိပ်မိလာတော့သည်။ သူတို့အစ်ကိုကြီး ရဲယိဖိန်၏ အခက်အခဲကိုလည်း နားလည်သဘောပေါက်လာလေတော့၏။

အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုသည် ဒေါသတကြီး ဖြစ်လာတော့၏။

"ဒီမှာ အုန်းထန်းယိ၊ ခင်ဗျားရဲ့ ခြေလှမ်းတစ်ရာအဆိပ် မကလို့ ခြေတစ်လှမ်းအဆိပ်ပဲဖြစ်ဖြစ် ကျုပ်တို့က ဂရုမစိုက်ဘူးဗျ၊ ကျုံယွမ်ငါးဖော်ဆိုတာ မရဏာသေမင်းရဲ့ ဖွားဘက်တော်တွေပဲဗျ"

သူ မတ်တတ်ထရပ်သောအခါ သူ၏ ညီအစ်ကိုတော် အခြားသုံးယောက်လည်း ရုတ်တရက် ထ၍ မတ်တတ်ရပ်ကြလေ၏။

ကျုံယွမ်ငါးဖော်အနက်လေးဖော်၏ဒေါသသည် ပေါက်ကွဲတော့မည့် မီးတောင်ကဲ့သို့ အော်မြည် ဟိန်းဟောက်လာကြလေပြီ။

အုန်းထန်းယိသည် ကျုံယွမ် ညီအစ်ကိုများကို ကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့လာ၏။



ထိုသူများ တကယ်တမ်း တိုက်ခိုက်လျှင် သူ့အနေဖြင့် ခုခံကာကွယ်ရန် မလွယ်ကူပေ။

သူ၏အတွင်းအားကိုလည်း အအင်သင့် ထုတ်နေရ၏။

အကျဉ်းအကျပ်ရောက်သောအခါ ဖားပြုပ်သည်ပင်လျှင် ခုန်လွှန်ကိုက်လိမ့်မည်ဟူသော စကားပင် ရှိထား၏။

သေတွင်း၏ နှုတ်ခမ်းဝသို့ ရောက်နေသော ကျုံယွမ် ညီအစ်ကိုများအနေဖြင့် သူ့အား သဲကြီးမဲကြီး တိုက်ခိုက်မည်ကို သူ ကောင်းစွာရိပ်မိလေ၏။

သူသည် အရေးတကြီး ခပ်အုပ်အုပ် သတိပေးလိုက်ရသည်။

"နောင်ကြီးရဲယိဖိန်၊ အကယ်၍သာ သူတို့တွေ ကျုပ်ကို ဝိုင်းတိုက်လာရင်တော့ ကျုပ် အပြစ်မဆိုနဲ့ဗျာ၊ ကျုပ်က တော့ မျက်နှာလွှဲခဲပစ် လုပ်ခဲ့မှာပဲ"

ရဲယိဖိန်သည် သွေးသောက် သစ္စာဆို ညီအစ်ကိုတော် လေးယောက်အား ခပ်မြန်မြန် သတိပေးလိုက်ရလေ၏။

* * *

www.burmeseclassic.com



"ညီတော်တို့ ဒေါသမကြီးနဲ့၊ အတွင်းအား သိုင်းကျင့်စဉ် ကျင့်ကြပါ၊ အသက်ကို မှန်မှန်ရှူပါ၊ သွေးကိုမှန်မှန် လည်ပတ်အောင် လုပ်ပါ၊ သွေးကြောလှည့်ပတ်မှု မမြန်ပါစေနဲ့"

ခရမ်းရောင်ဝတ်ဆင်ထားသည့်အဘိုးအိုက ရဲယိဖိန်အား တိုင်တန်းသလိုကြည့်ပြီး အုန်းထန်းယိဘက်သို့ လှည့်လိုက်၏။

"အုန်းထန်းယိ ခင်ဗျား ကြပ်ကြပ်သတိထားပါ၊ ကျုပ်တို့သာ တစ်ခုခုဖြစ်ရင်တော့ ခင်ဗျားလဲ အသက်နဲ့ကိုယ် အိုးစားကွဲပြီသာ မှတ်ပေတော့"

ကျန်အဘိုးအိုသုံးယောက်ကလည်း မီးဝင်းစင်းတောက်နေသော မျက်လုံးဖြင့် ဝိုင်းကြည့်ရင်း ခေါင်းညိတ်ပြနေလေတော့၏။

ထိုစဉ် ရဲယိဖိန်သည် ဖြည်းညင်းစွာ မတ်တတ် ထလာလေ၏။

သူ၏ ညာဘက်လက်ကို မြှောက်ပြီး....

"ဒီမှာနောင်ကြီး အုန်းထန်းယိ၊ ခင်ဗျား တတ်ချင်သိချင်တဲ့ 'ငရဲဆိုးတိုက်ကွက် ဆယ့်သုံးကွက်'ကို ဒီမှာကြည့်၊ အခု ကျုပ်ပြမယ့်သိုင်းကွက်က 'ဝိညာဉ်လိပ်ပြာ'သိုင်းကွက်ပဲ



အုန်းထန်းယိသည် ကျုံးယွမ်လေးဖော်ကို မကြည့်တော့ပေ။ ရဲယိဖိန်ကိုသာ ကြည့်တော့သည်။

ဤငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်မှာ ကျုံးယွမ်ငါးဖော်၏ ဆရာ့ဆရာများက သင်ကြားပေးခဲ့သည့် သိုင်းကွက်မဟုတ်ပေ။

ဤ သိုင်းကွက်များကို မတတ်မြောက်မီကတည်းကပင် ကျုံးယွမ်ငါးဖော်သည် သိုင်းလောက၌ နံပါတ်တစ် အဆင့်ရောက်ရှိနေသူများ ဖြစ်ကြသည်။

ကျုံးယွမ်ငါးဖော်ရှိသည့် စခန်းသို့ အမည်မသိ အဘိုးအိုတစ်ယောက် ရောက်ရှိလာပြီး သူတို့ငါးယောက်အနက်မှ တစ်ယောက်စီတစ်ယောက်စီ သီးခြားခေါ်ယူပြီး သိုင်းပညာများ သင်ကြားပေး၏။

ထိုသိုင်းကွက်များမှာ ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်ပင် ဖြစ်တော့သည်။

သို့သော် လူတိုင်းအား ဆယ့်သုံးကွက်စလုံး သင်ကြားပေးခြင်း မပြုပေ။

သုံးကွက်စီသာ သင်ကြားပေးသည်။

ဤဖြစ်ရပ်များသည် လွန်ခဲ့သည့် အနှစ်သုံးဆယ်က ဖြစ်ရပ်များ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်ကြောင့်ပင် ကျုံးယွမ်ငါးဖော် စိတ်ဝမ်းကွဲခဲ့ရခြင်း ဖြစ်ပါလေ၏။

ရဲယိဖိန်သည် အုန်းထန်းယိအား ဒုတိယ သိုင်းကွက်နှင့် တတိယသိုင်းကွက်ကို သင်ကြားပေးသည်။

အုန်းထန်းယိကလည်း အသေအချာ မှတ်သားသည်။

အုန်းထန်းယိသည် ထိုသိုင်းကွက်သုံးကွက်ကို သင်ယူပြီးနောက် ရဲယိဖိန်လက်ထဲ ပုလင်းဖြူကလေး ထည့်ပေးလိုက်သည်။

“နောင်ကြီးရဲယိဖိန်၊ ခင်ဗျား သင်ပြတဲ့အတွက် ကျုပ်အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါကြောင့်မို့ အဆိပ်ဖြေဆေးပုလင်းကို ခင်ဗျားလက်ထဲ ပေးအပ်လိုက်ပါတယ်”

ရဲယိဖိန်မှာ အလွန်တရာ အံ့ဩသွား၏။

အုန်းထန်းယိတစ်ယောက် ယခုကဲ့သို့ အဆိပ်ဖြေဆေးကို အလွယ်တကူ ပေးအပ်လိမ့်မည်ဟု လုံးဝမယုံကြည်ခဲ့ပေ။

ယခု အလွယ်တကူရရှိလိုက်သဖြင့် အလွန်တရာ ဝမ်းသာသွားသည်။

ဆေးပုလင်း အဖုံးကိုဖွင့်ပြီး ဆေးလုံးကလေးများကို သွန်ထုတ်လိုက်သည်။

ဆေးလုံးတစ်လုံးစီကို ညီတစ်ယောက်စီ ခွဲဝေပေးပြီး

“ညီလေးတို့၊ အုန်းထန်းယိဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေသူဖြစ်တယ်၊ ဒီဆေးဟာ အဆိပ်ဖြေဆေးလို့ ပြောခဲ့တယ်၊ သူ့ သိက္ခာအရ သူ ဘယ်နည်းနဲ့မှ ညာမှာ မဟုတ်ဘူး၊ ဆေးကို သောက်လိုက်ကြပါ၊ ဒါမှ အဆိပ်မြန်မြန်ပြေမယ်”

အဘိုးအို လေးယောက်သည် ရဲယိဖိန်၏ လက်ထဲမှ ဆေးလုံးများကို ယူကာ ချက်ချင်း မျိုချပစ်လိုက်ကြသည်။

ရဲယိ ဖိန်သည် ဆေးပုလင်း၏ အဖုံးကို ပြန်ပိတ်လိုက်ပြီး အုန်းထန်းယိအား စိတ်မချစွာ ပြန်မေးနေသည်။

“နောင်ကြီး အုန်းထန်းယိ၊ ခင်ဗျားရဲ့အဆိပ်ဖြေဆေးက စိတ်ချရပါတယ်နော်”

အုန်းထန်းယိက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်ရလေ၏။

“ကျုပ်က သိုင်းလောကထဲမှာ နာမည်တစ်လုံးနဲ့ နေထဲ့သူပါဗျ၊ ကျုပ်ကို ဒီလောက်တောင် စိတ်မချရင် ကျုပ်လဲ မတတ်နိုင်တော့ဘူးဗျာ”

ရဲယိဖိန်သည် အုန်းထန်းယိ၏ အဆိပ်ဖြေဆေး အပေါ် များစွာသံသယရှိနေ၏။ သူ့ညီတော်များ ဒုက္ခရောက်မည်ကို အတော်လေး ကြောင့်ကြနေခဲ့သည်။

သူသည် အုန်းထန်းယိ၏ စကားကို ကြားသောအခါ စိတ်ပြင်းချပြီး သူ့ညီတော် လေးယောက်ကိုသာ အကဲခတ်နေတော့သည်။

ညီတော် လေးယောက်၏ မျက်နှာများ အတော်လေး ကြည်လန်းလာသည်ကို တွေ့ရသောအခါမှ အုန်းထန်းယိ၏ အဆိပ်ဖြေဆေးအပေါ် စိတ်ချလက်ချ ဖြစ်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အုန်းထန်းယိက....

"နောင်ကြီးရဲယိဖိန်၊ခင်ဗျား ကျုပ်ကို သင်ပေးမယ်ဆိုင ငရဲဆိုး သိုင်းကွက်ဆယ့်သုံးကွက်ကို အကုန်အစင်သင်ပေးပြီ ပြီလားဗျ...."

အုန်းထန်းယိက မေးပေမည်။

အဘယ်ကြောင့် ဆိုသော် သူ သင်ခဲ့ရသည့် သိုင်းကွက်မှာ သုံးကွက်မျှသာ ရှိသေးသောကြောင့်တည်း။

★

## အခန်း (၄)

### သွေးကွဲနေခတ်ကြောင်း

ရဲယိဖိန်က တည်ကြည်စွာ ပြောသည်။

"ဒီမှာနောင်ကြီး အုန်းထန်းယိ၊ကျုံယွမ် ငါးဖော်ဆိုတာ ခင်ဗျားလိုပဲ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေတဲ့လူတွေဗျ၊ လက်ဘစ်ထောင် အဆိပ်အဘိုးအိုဆိုတာက အောက်လမ်း သိုင်းသမား၊ ကျုံယွမ်ငါးဖော် ဆိုတာက အထက်လမ်း သိုင်းသမားဗျ၊ ခင်ဗျား ကတိတည်တာယက် ကျုပ်တို့ ကျုံယွမ်ငါးဖော်က ဆယ်ခါပြန်ပိုပြီး ကတိတည်တယ်ဗျ၊ ခင်ဗျားသာ ခဏစောင့်ပါ၊ ကျုပ်ရဲ့ညီအောင်တွေ အဆိပ်ပြေသွားကာနဲ့ ကျန်တဲ့ ဆယ်ကွက်ကို သူတို့သင်ပေးပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အုန်းထန်းယိမှာ ရဲယိဖိန်၏ စကားကြောင့် ချက်ချင်း မျက်နှာပျက်သွားသည်။

"နောင်ကြီး ရဲယိဖိန်၊ ခင်ဗျား ဘာပြောတာလဲ"

"ကျုပ် ဘာပြောရမလဲ၊ ကျုပ်ညီတွေ အဆိပ်ပြေသွားရင် ခင်ဗျားကို ကျန်တဲ့ သိုင်းကွက်တွေ သင်ပေးမယ်လို့ ပြောတာပေါ့ဗျ"

ထိုစဉ် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးအိုက စိုးရိမ်ကြောင့်ကြသော မျက်လုံးများဖြင့် ရဲယိဖိန်အား ကြည့်ကာ အထိတ်တလန့် ပြောကြားလေ၏။

"အစ်ကိုကြီး၊ လက်ဘစ်ထောင်ရဲ့ အဆိပ်ဖြေဆေးက သိပ်မဟုတ်တော့ဘူးနဲ့ တူတယ်ဗျ"

ရဲယိဖိန်က နှစ်သိမ့်လိုက်၏။

"ညီလေး မစိုးရိမ်ပါနဲ့၊ သူမဟုတ်တာ မလုပ်ရဲပါဘူး"

အဖြူရောင်ဝတ်စုံဝတ်ဆင်သည့် အဘိုးအိုသည် သူ့အစ်ကိုကြီးအား ထပ်မံ၍ ငြင်းခုံခြင်းမပြုတော့ဘဲ မျက်လုံးများ မှိတ်လိုက်လေ၏။

ထိုအချိန်မှာပင် ကျန်သော အဘိုးအိုသုံးယောက်၏ မျက်လုံးများ ပွင့်လာသည်။



"အစ်ကိုကြီး၊ အုန်းထန်းယိရဲ့ အဆိပ်ဖြေဆေးက ဟုတ်မှဟုတ်ရဲ့လားဗျာ၊ ကျွန်တော်တို့ရင်ထဲမှာ ပူနေတယ်"

ရဲယိဖိန်က....

"ညီလေးတို့ စိတ်အေးအေးထားကြပါ၊ အဆိပ်ဖြေဆေးဟာ တစ်ခါတစ်ရံ ပူလောင်တတ်တာပဲ"

ထိုစဉ် အုန်းထန်းယိက ရဲယိဖိန်အား ကြိမ်းမောင်း ခြိမ်းခြောက်လာလေ၏။

"ရဲယိဖိန်၊ ခင်ဗျား သင်ပေးမယ်ဆိုတဲ့ ဂရဲဆိုး သိုင်းကွက် ဆယ့်သုံးကွက်ကို သင်ပေးလေဗျာ၊ ခင်ဗျား ဘာ အူကြောင်ကြောင်လုပ်နေတာလဲ"

မျက်လုံးများမှိတ်နေသည့် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားကြသော အဘိုးအိုက မျက်လုံးများ ဖွင့်ကြည့်လာသည်။

"ခင်ဗျားက ကျုပ်တို့အစ်ကိုကြီးကို ရဲယိဖိန်လို့ခေါ်ရဲသလား၊ ရိုသေသမှုပြုတဲ့ စကားလေးတောင် ရှေ့က ထည့်သွင်းမခေါ်နိုင်ဘူးလား"

အုန်းထန်းယိက အေးစက်စက်ပြန်ပြောသည်။

"ခင်ဗျား အသာနေစမ်းပါ၊ ဒီကိစ္စက ခင်ဗျားနဲ့မဆိုင်ဘူး၊ ခင်ဗျားအစ်ကိုကြီးနဲ့ ကျုပ်နဲ့ ကတိပြုထားတဲ့ကိစ္စဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအစ်ကိုကြီးက ကျုပ်ကို ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်သင်ပေးရင် ကျုပ်က ခင်ဗျားတို့အတွက် အဆိပ်ဖြေဆေးပေးမယ်လို့ ကတိပြုထားတာဗျ၊ အခုဆိုရင် သူ့တာဝန်တောင် မကုန်ဆုံးသေးဘူး၊ ကျုပ်က ကျုပ်ရဲ့အဆိပ်ဖြေဆေးတွေကို ပေးပြီးနေပြီ၊ ဒါတောင် ခင်ဗျားက ကျုပ်ကို မောက်မောက်မာမာ ဆက်ဆံနေရသလားဗျ"

အဖြူရောင်ဝတ်စုံဝတ်ဆင်သည့် အဘိုးအိုက ထိတ်လန့်သွားဟန်ဖြင့်....

"အစ်ကိုကြီး၊ သူပြောနေတာတွေ အမှန်ပဲလား"

ရဲယိဖိန်က ခေါင်းညိတ်၏။

"သူက ညီလေးတို့ကို အဆိပ်သင့်အောင်လုပ်ထားသော့ အဲဒီအဆိပ်ဖြေဆေးရဖို့အတွက် ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်သင်ပေးမယ်လို့ သူ့ကို ကတိပေးခဲ့ရတယ်၊ အဲဒါ အမှန်ပါပဲ"

အဖြူရောင်ဝတ်ဆင်သည့်အဘိုးအိုက သက်ပြင်းချလိုက်ပြီး ညည်းညည်းညူညူပြောလေ၏။

"အင်း....ဒီလိုကတိပေးပြီးရင်တော့ ဘယ်ကတိပျက်ခံလို့ဖြစ်ပါ့မလဲလေ"



အုန်းထန်းယိက....

"ကဲ....ခင်ဗျားတို့ ကတိမဖျက်ချင်ဘူးဆိုရင် ငရဲဆိုးသိုင်းကွက်ဆယ့်သုံးကွက်ကို သင်ပေးကြလေဗျာ၊ ရဲယိဖိန် ခင်ဗျားဘာတွေ အကြောင်ကြောင်လုပ်နေတာလဲဗျ"

ရဲယိဖိန်က သက်ပြင်းချပြီး ရှင်းပြ၏။

"နောင်ကြီး အုန်းထန်းယိ၊ ခင်ဗျားက အတင်းအကျပ်ပဲ သင်ခိုင်းနေတာကိုးဗျ၊ ဒီသိုင်းကွက်ဆယ့်သုံးကွက်သုံးကို ကျုပ်အနေနဲ့ သင်မပေးနိုင်ဘူး"

"ရဲယိဖိန် ခင်ဗျားစကားက ဘာလဲ၊ ကတိဖျက်ချင်လို့လား"

"အုန်းထန်းယိ စိတ်ရှည်ရှည်ထားစမ်းပါဗျာ၊ ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ်ရှင်းပြတာနားထောင်ပြီးရင် ခင်ဗျားစိတ်ကျေနပ်သွားမှာပါ"

"ဒါဖြင့်လဲ မြန်မြန်ပြောဗျာ"

"ဟိုး....လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်က အဘိုးအိုတစ်ဦးဟာ ကျုပ်တို့ညီအစ်ကိုငါးယောက်ဆီ ရောက်လာခဲ့တယ်၊ လောကမှာ သိပ်ရှားပါးတဲ့သိုင်းပညာရပ်အစုံကို သင်ကြားပေးချင်သတဲ့၊ ကျုပ်တို့သိုင်းသမားတွေရဲ့ စိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ထားကို နောင်ကြီးအုန်းထန်းယိလဲ သိသားပဲဗျာ၊ စူးဆန်းတဲ့ သိုင်းပညာတစ်ရပ်ကို သင်ကြားခွင့်ရမယ်ဆိုရင် အသက်တောင် စွန့်လွှတ်ရဲတဲ့လူမျိုးတွေပဲဗျ၊ အဲဒါကြောင့် ကျုပ်တို့ညီအစ်ကိုငါးယောက်စလုံးက သဘောတူလိုက်ကြတယ်''

''အဲဒီတုန်းက ခင်ဗျားတို့ ငယ်ငယ်ပဲရှိကြဦးမှာပေါ့''

''ဟုတ်ပါတယ်၊ နှစ်ဆယ့်သုံးနှစ်၊ နှစ်ဆယ့်ငါးနှစ်၊ နှစ်ဆယ့်ခုနစ်နှစ် စသဖြင့် ရှိကြပြီပေါ့''

''ဆက်ပြောဗျာ''

''အဘိုးအိုဟာ ကျုပ်တို့ကို ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက် သင်ပေးတယ်ဗျ၊ ဒါပေမယ့် သူသင်ပေးတာက တစ်မျိုး၊ တစ်ယောက်ကို ဆယ့်သုံးကွက်စလုံး သင်မပေးဘူး၊ တစ်ယောက်ကို ပထမတစ်ယောက်၊ ဒုတိယတစ်ယောက်နဲ့ တတိယတစ်ယောက်စီကို သုံးကွက်စီပဲ သင်ပေးတယ်၊ စတုတ္ထတစ်ယောက်နဲ့ ပဉ္စမတစ်ယောက်ကို နှစ်ကွက်စီသင်ပေးတယ်၊ စုစုပေါင်း ဆယ့်သုံးကွက်ပေါ့၊ ဒါပေမယ့် အဲဒီအဘိုးကြီးဟာ ကျုပ်တို့ချင်း သံသယဝင်အောင် တစ်ယောက်ယောက်ကို ဆယ့်သုံးကွက်စလုံး သင်ပေးထားသယောင် ပြောပြထားတယ်၊ နောက်ပြီး သူသင်ပေးထားတဲ့သိုင်းကွက်တွေကို ကျုပ်တို့ညီအစ်ကိုချင်း ပြန်သင်မပေးရဘူးလို့လဲ ကြိုတင်သစ္စာဆို



ခိုင်းထားသေးတယ်ဗျ၊ တော်တော်ရက်စက်တဲ့ အဘိုးကြီးပါပဲဗျာ''

အုန်းထန်းယိသည် အလွန်တရာစိတ်ဝင်စားစွာနားထောင်နေသည်။

''ဆက်ပြောပါဦးဗျာ''

ရဲယိဖိန်က ဆက်ပြော၏။

''အဲဒီလိုသစ္စာဆိုခဲ့မိလို့ ကျုပ်တို့ညီအစ်ကိုချင်း စိတ်ဝမ်းကွဲခဲ့ရတာပေါ့ဗျာ၊ ခုမှ ကံဆိုးလို့ ပြန်ကြုံကြရတာ''

အဘိုးကြီးလေးယောက်သည် မြူးကျွယ်ဝိုင်းစက်သော မျက်လုံးများဖြင့်ကြည့်၍ ဝန်ခံစကား ပြောကြားကြလေ၏။

''အစ်ကိုကြီး၊ ကျွန်တော်တို့လဲ ဒီလိုပဲ ကတိသစ္စာပြုခဲ့ရတယ်၊ ဒါတွေကို အစ်ကိုကြီး ဘယ်လိုလုပ်သိသလဲဟင်''

ရဲယိဖိန်က....

''စဉ်းစားကြည့်ရတာပေါ့ ညီလေးကိုရာ''

သူသည် အုန်းထန်းယိဘက်သို့ လှည့်ရင်း....

''ကဲ....ခင်ဗျားကို ကျုပ် ဘယ်မှာညာလို့လဲ၊ ကျုပ်တို့ညီအစ်ကိုငါးယောက်ပေါင်းမှ ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်စလုံးကို တတ်တာဗျ၊ သူတို့ ကောင်းကောင်းဆိပ်ပြေ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဆယ့်သုံးကွက်စလုံး တစ်ကွက်မကျန် သင်ပေးပါလိမ့်မယ်”

ထိုစဉ် အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်အဘိုးအိုက ရုတ်တရက် အော်ဟစ်လိုက်သည်။

“နောင်ကြီး အုန်းထန်းယိ”

သူ့စကားမဆုံးမီမှာပင် သွေးများ ပွက်ခနဲ အန်ကျလာလေ၏။

ရဲယိဖိန်သည် သူ့သွေးသောက်ညီ၏ ဖြစ်အင်ကို ထိတ်လန့်စွာ လှမ်းကြည့်မိသည်။

ထို့နောက် အုန်းထန်းယိအား အရေးဘာကြီး ပြောလိုက်သည်။

“နောင်ကြီး အုန်းထန်းယိ၊ ခင်ဗျား ပေးတဲ့ဆေး မှားယွင်းနေပြီနဲ့တူတယ်”

အုန်းထန်းယိက ခေါင်းကိုသွက်သွက်ခါယမ်းပြီးနောက်–

“ကျုပ်ရဲ့အဆိပ်ဖြေဆေးက သိပ်အစွမ်းထက်တယ်ဗျ”

သူ့စကားမဆုံးသေးမီမှာပင် ကျန်အဘိုးအို သုံးယောက်ပါ နီတွေးသော သွေးများကို ထိုးအန်လာတော့သည်။

ရဲယိဖိန်က ကြေကွဲစွာ ပြောလေတော့၏။

“သွားပြီ၊ မှားပြီ၊ ငါတို့ လူနဲ့ လူအဘွေ ဖြစ်ကုန်ပြီ။ သူတစ်ပါးရဲ့ အလိမ်အညာကို ခံလိုက်ရပြီ”



ရဲယိဖိန်၏ နှလုံးသားများသည် အလွန်တရာ နာကျင်သွားသည်။

သူသည် သူ့ညီတော်များအတွက် စိတ်နှလုံး ထိခိုက်သွားသည်။

ထို့ကြောင့် စကားဆုံးသည်နှင့် အုန်းထန်းယိ ရှိရာသို့ ခုန်ဝင်သွား၏။

လူငယ်ဆယ်ယောက်တို့ကလည်း အုန်းထန်းယိကို ဝိုင်းထိုက်ကြသည်။

ဘယ်ပြေးမလဲ အုန်းထန်းယိ ဟု ပြောနေသယောင် အင်နှင့် အားနှင့် ပိတ်ဆို့ထားသည်။

“ဝှီး....ဝှီး....ဝှီး”

“ဝှစ်....ဝှစ်....ဝှစ်”

အုန်းထန်းယိ၏တောင်ဝှေးသည် အရိပ်ပေါင်း ရာထောင်ပြာကျလာ၏။

အလွန်တရာ အရှိန်ပြင်းထန်လှသော တောင်ဝှေး၏ အချက်ကြောင့် လူငယ်လေးယောက်သည် အလန့်ဘကြား နှန်ဆုပ်လိုက်လေ၏။

သုံနေရာသည် အုန်းထန်းယိ အတွက် ပြေးလမ်း ဖြစ်သွား၏။

သူသည် လေးညှို့မှ မြားတစ်စင်းကဲ့ လွှတ်တင်လိုက်သလို လှစ်ခနဲ ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အာဂ အဆိပ် အဘိုးအိုပေတကား။

အဆိပ်ပညာ၌ကျော်ကြားသလို ကိုယ်ဖော့ပညာကလည်း ကောင်းလှချေတကား။

ထိုစဉ် ဝိုင်းရံပိတ်ဆို့ထားသည့် လူငယ်အားလုံး လဲကျသွားသည်။

ရဲယိဖိန်၏တပည့် ဆန်ကွမ်းချီလည်း လဲကျရာ၌ ပါဝင်၏။

ခရမ်းရောင်၊ အပြာရောင်၊ အဝါရောင်နှင့် အဖြူရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် အဘိုးအိုများသည် တုန်တုန်ယင်ယင်ဖြင့် ရှေ့သို့ လျှောက်လှမ်းလာကြသည်။

ထိုထဲမှ တချို့က တစ်ဆို့စွာ စကားပြောသည်။

"အ....အ....အစ်ကိုကြီး"

ရဲယိဖိန်သည် သူ့ညီတော်များ၏ အခြေအနေဆိုးကို မြင်ရသောအခါ နှလုံးကြေကွဲမတတ် ခံစားလိုက်ရပြီး မျက်ရည်များ ဖြိုင်ဖြိုင်ကျလာသည်။

"ညီလေးတို့၊ ငါ....ငါမှားပြီ၊ ငါ့ကြောင့် ညီလေးတို့ခံရတာ"

ထိုအချိန်မှာပင်....

ရောင်စုံအဘိုးအို လေးယောက်တို့၏ မျက်လုံးများသည် တစ်စထက်တစ်စပြူးကျယ်လာပြီး ရှေ့သို့ ဝုန်းခနဲပစ်လဲကျသွားတော့၏။



သူတို့၏ ပါးစပ်၊ နှာခေါင်းနှင့် နားထဲမှ သွေးများ ယိုစီးကျလာသည်။

ရဲယိဖိန်သည် ညီတော်များ၏ သံယောဇဉ်ကြောင့် အုန်းအုန်းယိ နောက်သို့ မလိုက်နိုင်ပါ။

ယခု သူ့ညီတော်များ ငြိမ်သက်နေပြီ။

သေခြင်းတရားသည် သူ့ညီတော် လေးယောက်တို့၏ ဦးကုပ်ပေါ်သို့ ခွစီးလျက်ရှိနေပြီ မဟုတ်ပါလား။

★

www.burmeseclassic.com

www.burmeseclassic.com



သူ စကားပြောနေခြင်း ဖြစ်ပါသည်။ စကားသံက ပဲ့နေသည်။ မည်သူမျှ ကြားနိုင်တော့မည် မဟုတ်သော်လည်း ပြောသူကိုယ်တိုင်က ကြားနေသည်သာ။

"ညီလေးတို့၊ မင်းတို့အားလုံး တမလွန်ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ရောက်ရှိကြပါစေ၊ ရောက်အောင် သွားနိုင်ကြပါစေ၊ အုန်းထန်းယိဆိုတဲ့ ရေမိစ္ဆာကောင်ကို ငါ့လက်နဲ့ အမှန်ခြ သတ်ပစ်ပါ့မယ်၊ သူ့ကိုသတ်ပြီးရင်၊ လက်စားချေပြီးရင် ငါကိုယ်တိုင် ငါ့လည်ပင်း ဓားနဲ့ လှီးပြီး ညီလေးတို့နောက် လိုက်လာခဲ့ပါ့မယ်"

အဘိုးအို ရဲယိဖိန့်သည် အတွင်းအားကို ထုတ်လိုက်၏။

ထို့နောက် ဇရပ်ထဲမှ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

ဇရပ်၏ ကြမ်းပြင်၌ကား လူငယ် ဆယ့်နှစ်ယောက်၏ အလောင်း၊ ရဲယိဖိန်၏တပည့် ဆန်ကွမ်းချီ၏ အလောင်း၊ အဘိုးအိုလေးယောက်တို့၏ အလောင်းများဖြင့် ပြန့်ကျဲနေသတော့၏။

အမင်္ဂလာ ဇရပ်ပေတကား။

* * *

## အခန်း (၅)

### ကောက်ကျစ်သောညှို့ငှတ်ချက်

ရဲယိဖိန်ဆိုသော အဘိုးအိုသည် အသက် ခြောက်ဆယ် ပြည့်ခဲ့ပြီဖြစ်သော သိုင်းသမားကြီးတစ်ဦး ဖြစ်ပါသည်။

သူ့၌ သိုင်းလောက အတွေ့အကြုံ အလွန်စုံသည်။

အလွန်ပြည့်ဝသည်။

ယခု သူသည် အတုံးအရုံးလဲကျနေသည့်လူများအလယ်၌ တစ်ယောက်တည်း မတ်တတ်ရပ်နေ၏။

မျက်ရည်များကမူ စီးကျမြဲ စီးကျနေသည်။

သူ့ပါးစပ်သည် တလှုပ်လှုပ်တရွရွ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်....

ဆန်ကွမ်းချိုကား မသေသေးပါ။

သူသည် ဖြုတ်ထိုးညာကျော်ကောင်းသူ ဖြစ်ပါသည်။

လဲကျသေဆုံးဟန် ဆောင်လိုက်ခြင်းဖြင့် ထူးခြားသော အခြေအနေ တစ်ခုခုကို တွေ့မြင်ရလိမ့်မည် ဟူသော ယူဆချက်ဖြင့် ဤသို့ လှဲချလိုက်ခြင်း ဖြစ်ပါသည်။

"ဟို အဆိပ်အဘိုးကြီးရဲ့ အပြောကတော့ အဆိပ်အငွေ့တွေ နုတ်ပြီးပေမယ့် အဆိပ်တွေ သွေးကြောထဲမှာ ကျန်နေသေးသတဲ့၊ ဒါပေမယ့် ငါ့အဖို့ ဘာအဆိပ်ဒဏ်မှ မခံရဘူး၊ ရင်လဲမပူဘူး၊ ချွေးစေးလဲ မထွက်ဘူး၊ ဟိုလူငယ် ဆယ့်နှစ်ယောက်လဲ အဆိပ်အပ်တွေနုတ်ပြီးသားပဲ၊ ဘာဖြစ်လို့ သူတို့ လဲကျသေဆုံးသွားရတာလဲ၊ ဧကန္တ ငါ့လို တမင်လှဲချလိုက်တာများလား၊ ငါနဲ့အကြံတူတွေများဖြစ်နေမလားမသိဘူး"

ဆန်ကွမ်းချိုသည် လဲကျနေရာမှ တွေးတောနေ၏။

သူ့မျက်လုံးများကမှုခပ်မှေးမှေးလုပ်ရင်း ကျန်အလောင်းကောင်များကို အကဲခတ်နေ၏။

ထိုစဉ် အလောင်းကောင်များမှ လှုပ်ရှားမှုတစ်ခုကို ရုတ်ခနဲ တွေ့လာရသည်။



"ဟင်း....ငါတွေးတာ မှန်နေပြီ၊ ဒီလူတွေထဲမှာ မသေတဲ့ လူတွေ ရှိနေပြီ"

ဆန်ကွမ်းချိုသည် လုံးဝ မလှုပ်ရှားဝံ့တော့ဘဲ အသေကောင်ကြီးပမာ ဆန့်ဆန့်ကြီး လဲလျောင်းလျက် ကျန်အလောင်းကောင်များကိုသာ အကဲခတ်နေတော့သည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ....

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ် တစ်ယောက်သည် ဝေါက်ခနဲ ထထိုင်လာလေ၏။

"အင်း....လာပြီ....လာပြီ၊ အယောင်ဆောင်တွေရဲ့ ဘာဇနိုက်ကို သိရတော့မယ်"

ထိုလူငယ်ကို ကောင်းစွာသိလေ၏။

အဘယ်ကြောင့်ဆိုသော်....

ထိုလူငယ်ကို ဇရင်အပြင်၌ ဖမ်းပြီး ဇရပ်တွင်းသို့ သူကိုယ်တိုင် ပြန်လည်ခေါ်ဆောင်ခဲ့ရသောကြောင့်တည်း။

"ဖြောင်း....ဖြောင်း....ဖြောင်း"

ထိုလူငယ်သည် အလောင်းကောင်များကို သေချာစွာ အကဲခတ်ပြီး လက်ခုပ် သုံးချက် တီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံ ကြားသည်နှင့် အဝါရောင်၊ ခရမ်းရောင်၊ အပြာရောင် ဝတ်စုံဝတ်ထားသည့် လူငယ်တစ်ဦးစီ ထထိုင်ကြသည်။

စင်စစ် ထိုလူငယ် လေးဦး နှင့် ဆန်ကွမ်းချီတို့သည် အတွင်းအား ကောင်းသူများ ဖြစ်၏။

အဆိပ်အုပ် ထုတ်ပြီးနောက် ကျန်ရှိသည့် အနည်းငယ်မျှသော အဆိပ်များကို သူတို့၏ အတွင်းအားဖြင့် ပယ်ဖျက်နိုင်ကြသည်။

ကျန်သော လူငယ် ရှစ်ယောက်တို့မှာမူ သူတို့လောက် အတွင်းအား မကောင်းသဖြင့် ထိုအဆိပ်များ၏ ဒဏ်ဖြင့် သေဆုံးသွားခဲ့ကြရခြင်းဖြစ်ပေသည်။

ဆန်ကွမ်းချီသည် ရုတ်တရက် အတွေးပေါက်သွား၏။

ယခု အသက်ရှင်လျက် ထလာသော လူငယ်လေးယောက်တို့သည် ဆရာကြီး လေးပါးထံ၌ လျှို့ဝင်နေသော သူလျှိုများပေလော။

အဖြူရောင်လူငယ်က ခပ်အုပ်အုပ် ရေရွတ်လိုက်၏။

"လေးနှစ်အကြာ ပြန်တွေ့မှာ"



ထိုစကားကို ကြားရသောအခါ ခရမ်းရောင် လူငယ်ကလည်း ရေရွတ်ပြန်သည်။

"ဝေးဝေးသွားလျှင် နိမ့်နိမ့်ပျံ"

အဝါရောင်လူငယ်ကလည်း အားကျမခံ အော်လိုက်ပြန်၏။

"သနားစရာ ကျန်းချင်ငှက်ငယ်"

အပြာရောင်လူငယ်ကလည်း အော်ပြန်သည်။

"မြောက်ဘက်စူးစူး ခရီးထူး"

ဆန်ကွမ်းချီသည် ထိုစကားများ၏ အဓိပ္ပာယ်ကို နားမလည်ချေ။

သို့သော်....

ဤစကားသည် တစ်ဦးနှင့်တစ်ဦး အချိန်းအချက်ပြုသည့် စကားလုံးများ၊ စကားဝှက်များဖြစ်နိုင်သည်ဟုမူ တွေးတောမိသည်။

သူ့အတွေး မှန်ကြောင်းလည်း မကြာမီသိရှိရလေ၏။

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်လူငယ်က ဦးဆွဲဘ်ေါရဝပြုရင်း မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးတို့သုံးယောက်လုံးဟာ ကုရှားရဲတိုက်က လာခဲ့ကြတဲ့ လူတွေပဲပေါ့"

ကျန်သုံးယောက်ကလည်း ပြန်လည် ဂါရဝပြုလေ၏။

"ဟုတ်ပါတယ်ဗျာ...နောင်ကြီးရဲ့ မျိုးရိုးအမည်ကတော့ 'ချင်'ဟုတ်ပါသလား"

အဖြူရောင်လူငယ်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ချင်ယိကြည်ဖြစ်ပါတယ်၊ နောင်တော်တို့သုံးယောက်ကော ရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်ကို သင်ယူရရှိလိုက်ပါသလား"

ကျန်သုံးယောက်က ပြိုင်တူဖြေ၏။

"ကျုပ်တို့လဲ သုံးနှစ်သုံးမိုး သူတို့ဆီမှာ တပည့်ခံခဲ့တာပဲဗျ၊ ဒါပေမယ့် သိုင်းကွက်သုံးကွက်ပဲတတ်ခဲ့ပါတယ်ဗျာ"

"ဟုတ်လား၊ နောင်ကြီးတို့တတ်ခဲ့တဲ့ သိုင်းကွက်တွေအကြောင်း ပြောပြပါဦးဗျာ၊ သိုင်းကွက်နာမည်တွေက ဘာတွေတဲ့လဲ"

ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်သည့် လူငယ်က မြော်ကြားသည်။



"ဝိညာဉ်လိပ်ပြာသိုင်းကွက်၊ နောက်တစ်ခုက ဖိုမစုံတွဲသိုင်းကွက်၊ နောက်တစ်ခုက ကောင်းကင်နဲ့ကူးနတ်မြင်းမြူးသိုင်းကွက်၊ ဒီသုံးကွက်ပါပဲဗျာ"

ဆပြာရောင်နှင့် အဝါရောင်ဝတ်စုံ ဝတ်ဆင်သည့် လူငယ်နှစ်ဦးကလည်း ဤသိုင်းကွက်သုံးကွက်ကိုသာ တတ်မြောက်ခဲ့ကြောင်း ရှင်းပြကြ၏။

ချင်ယိကြည်က ရယ်မောပြီး....

"တဆိတ်လောက် နောင်ကြီးတို့ရှင်းမပြနိုင်ဘူးလားဗျာ၊ ဝတ္တုသိုင်းကွက်ကို နောင်ကြီးတို့ထဲက ဘယ်သူမှ မသိကြဘူးလား"

ဤသုံးယောက်လုံး ပြိုင်တူခေါင်းခါကြသည်။

"မသိပါဘူးဗျာ....လုံးဝကို မသိပါဘူး၊ ကျုပ်တို့ဆရာတွေလဲ လေ့ကျင့်တာ မတွေ့ဖူးပါဘူး"

ချင်ယိကြည်သည် တဟားဟား ရယ်မောလေတော့၏။

"နောင်ကြီး ချင်ယိကြည် ဘာရယ်တာလဲဗျ"

ချင်ယိကြည်က....

"ရယ်ရတာပေါ့ဗျာ၊ ခင်ဗျားတို့ကျုပ်တို့ အချိန်ဆုံးရှုံးသူပန်းဖြစ်တာကို တွေးမိလို့ပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အခြားလူငယ်သုံးယောက်က အံ့ဩစွာမေး၏။

"ပြောပါဦးဗျာ၊ ကျုပ်တို့ခဲတော့ သိပ်သဘောမပေါက်သေးဘူး"

ချင်ယိကြည်က....

"ဒီလိုဗျ၊ ကျုပ်တို့ရဲ့ဆရာကြီးအလုပ်လုပ်ပုံဟာ သိပ်သိမ်မွေ့ပါတယ်၊ ကျုပ်တို့လေးဦးကို ကျုံးယွမ်ငါးဖော်ထဲက လေးဖော်ဆီမှာ တပည့်ခံခိုင်းခဲ့တယ်၊ ကျုပ်တို့ကို ငရဲဆိုးသိုင်းကွက်ဆယ့်သုံးကွက်ရအောင် ခိုးသင်ခိုင်းတယ်၊ ခင်ဗျားတို့သုံးယောက် သူတို့ဆီမှာ တပည့်ခံနေသလား မနေဘူးလားဆိုတာ ကျုပ် အရင်ကမသိဘူး၊ အခုမှ စိတ်ထဲမှာ သံသယဖြစ်လာလို့ လျှို့ဝှက်စကားကိုထုတ်ပြောပြီး ဖော်ထုတ်လိုက်ရတာပဲ၊ အရင်တုန်းက ခင်ဗျားတို့ရော ကျုပ်ရော အချင်းချင်းဆိုတာ လုံးဝမှ မသိကြဘာပဲဗျာ၊ အခုမှ သိကြရတော့တယ်၊ ကျုပ်တို့ဆရာကြီးရဲ့အကြံဉာဏ်ကို ခင်ဗျားတို့ ကျုပ်တို့မှ မချီးကျူးရင် ဘယ်သူကချီးကျူးတော့မှာလဲဗျာ"

ကျန်သုံးယောက်သည် သဘောပေါက်သွားကြပြီးတဟားဟား အော်ရယ်တော့၏။

"ဟုတ်တယ်...ဟုတ်တယ်၊ ကျုပ်တို့ဆရာကြီးရဲ့ အကြံဉာဏ်ဟာ အမြော်အမြင်ထက်မြက်နိုင်တာပဲ၊ ဆရာကြီးဟာ ကျုပ်



တို့နဲ့ မိုင်ပေါင်းများစွာကွာဝေးတဲ့အရပ်မှာ ရောက်နေပေမယ့် ကျုပ်တို့ရဲ့အပြုအမူ လှုပ်ရှားမှုမှန်သမျှကို ဘိုးလျှို့ပေါက် မြင်နေတာပဲဗျာ၊ ဒါပေမယ့် ငရဲဆိုးသိုင်းကွက်ဆယ့်သုံးကွက်ထဲက ' သုံးကွက်ပဲတတ်ထားတယ်ဆိုတာတော့ ကျုပ်တို့ဆရာကြီး သိဟန်မတူဘူးဗျ"

အဖြူရောင်ဝတ်စုံဝတ်ဆင်သည့် လူငယ်သည် သူတို့ထဲ၌ အထက်မြက်ဆုံးနှင့် သူတို့ဆရာကြီး၏ အားထားယုံကြည်ရသောတပည့် ဖြစ်ဟန်ရှိသည်။

သူက အားလုံးကို ရှင်းပြသည်။

"ဆရာကြီးကို အဲဒီလိုမပြစ်မှားကြနဲ့ နောင်ကြီးတို့၊ ဆရာကြီးဟာ ကိစ္စတော်တော်များများကို ကြိုတင်သိရှိထက်ပါတယ်၊ ငရဲဆိုးသိုင်းကွက် ဆယ့်သုံးကွက်အကြောင်းကိုလဲ သူကောင်းကောင်းသိပါတယ်၊ အခု ကျုံးယွမ်လေးဖော်ဆီမှာ ငရဲဆိုးသိုင်းကွက် သုံးကွက်ပဲ ရှိတယ်ဆိုတာလဲ ဆရာကြီး ကြိုတင်သိထားပါတယ်"

"ဗျာ"

ကျန်လူငယ်သုံးယောက်တို့ အံ့မောဒိတ်သံ ပြုလိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကတော့ ဘာမှမသိပါဘူးဗျာ၊ ဒါဖြင့် ဆရာကြီးဟာ ဒီသုံးကွက်ကိုတတ်ဖို့ပဲ ကျုပ်တို့ကို ကျုံယွမ်လေးဖော်ဆီ သုံးနှစ်ကြာအောင် တပည့်ခံခိုင်းခဲ့တာပေါ့"

အဖြူရောင်ဝတ်စုံနှင့် လူငယ်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ စောစောကပဲ ကျုပ်တို့ရဲ့ဆရာကြီးကို ဟိုအဘိုးကြီးရဲယိဖိန် ပညာသင်ပေးခဲ့တာ ကျုပ် မြင်ခဲ့ပြီးပါပြီ"

ခရမ်းရောင်လူငယ်က....

"ဟုတ်ကဲ့၊ ကျုပ်တို့လဲ မြင်လိုက်ရပါတယ်၊ ဆရာကြီးက ဒီလူတွေ ငရဲဆိုးသိုင်းကွက်သုံးကွက်ပဲ တတ်တယ်ဆိုတာ သိလျက်နဲ့ ဘာဖြစ်လို့ ရဲယိဖိန်ကိုအကျပ်ကိုင်ပြီး ဆယ့်သုံးကွက်လုံး ဖော်ထုတ်ခိုင်းရတာလဲ"

အဖြူရောင်လူငယ်က ရယ်ပြီး....

"ဒါက သေချာအောင်လုပ်တာပါ၊ သူတို့ကို ဆရာကြီးက အဆိပ်ကျွေးပြီးပြီဗျ၊ သေဖို့ပဲရှိတော့တယ်၊ မသေခင် ညှစ်ယူလိုက်တဲ့ သဘောမျိုးလဲ ဖြစ်ပါတယ်"

အဝါရောင်လူငယ်က နားမလည်ဟန်ဖြင့် မေးလေ၏။



"နေစမ်းပါဦးဗျာ၊ ကျုပ် မသိလို့ မေးစမ်းပါရစေ၊ နောင်ကြီးကတော့ ကျုပ်တို့ထက် ဗဟုသုတများတော့ ဒီအကြောင်းကို သိထားလိမ့်မယ်လို့ ယုံကြည်ပါတယ်"

ချင်ယိကြည်က ခေါင်းညိတ်ရင်း....

"ဟုတ်ကဲ့ မေးပါ၊ ကျုပ်သိတာဆိုရင် ပြောဖို့အသင့်ပါပဲ"

"ဒီလိုပါဗျာ၊ ကျုံယွမ်ငါးဖော်ကို ငရဲဆိုးသိုင်းကွက်သင်ပေးတဲ့ ဆရာကြီးက ဘာဖြစ်လို့ အကုန်သင်မပေးဘဲ အကွက်တူသုံးကွက်ပဲ ငါးယောက်စလုံးကို သင်ပေးရတာလဲဗျာ"

"ကျုပ်စိတ်ထင်တော့ အဲဒီ အဘိုးကြီးက ကျုံယွမ်ငါးဖော်ကို စိတ်ဝမ်းကွဲအောင် တမင်လုပ်ပေးလိုက်တာလို့ ထင်တာပဲ၊ တမင်ရန်တိုက်ပေးလိုက်တာပဲ၊ ကျုပ်အထင်ဟာ မှန်နိုင်ပါတယ်၊ ကျုံယွမ်ငါးဖော်ဟာ တကယ်လဲ စိတ်ဝမ်းကွဲသွားတယ်"

"အခု ဆရာကြီး ပြေးထွက်သွားတယ်၊ ဟိုအဘိုးကြီး ရဲယိဖိန်လဲ ပြေးလိုက်သွားတယ်၊ အခြေအနေ ဘယ်လိုဖြစ်နေလဲ မသိဘူး"

အဖြူရောင် လူငယ်က ပိုင်နိုင်စွာ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှမဖြစ်ဘူး၊ ရဲယိဖိန်ဆိုတဲ့ အဘိုးကြီးက အဆိပ်မိနေတာပဲ၊ မကြာခင် သူ သေလိမ့်မယ်၊ ဆရာကြီးကို ဘယ်သူမှ မယှဉ်နိုင်ပါဘူး"

ဆန်ကွမ်းချီသည် နားထောင်ရင်း ခေါင်းနားပန်းကြီးနေမိတော့သည်။

"ဖြစ်မှ ဖြစ်ရလေ၊ ဆရာကြီးတွေဟာ မြွေပွေး ခါးပိုက်ပိုက်မိကြတာပဲ၊ ဒါကြောင့်မို့ လူဆိုးလူမိုက်ဆိုတာ ချိုပေါက်နေတာ မဟုတ်ဘူးလို့ ဆိုကြတာပဲ၊လက်စသတ်တော့ သူတို့လေးယောက်ဟာ လက်တစ်ထောင်အဆိပ် အုန်းထန်းယိရဲ့ တပည့်တွေပဲကိုး၊ ငါ့ဆရာကြီးကလဲ ဒါတွေကို စုံစမ်းသိရှိထားပုံရတယ်"

ထိုစဉ် အဝါရောင် လူငယ်က....

"နောင်ကြီး၊ ဟောဒီဇရပ်ထဲမှာ အလောင်း ဆယ့်သုံးလောင်း ရှိနေတယ်၊ ဒါတွေကို ဘယ်လိုရှင်းမလဲ"

ခရမ်းရောင်လူငယ်က သူ့စိတ်ကူးကို ပြောပြသည်။

"ဒါ ဘာခက်တာမှတ်လို့၊ သစ်ကိုင်းခြောက်တွေ၊ ထင်းတုံးတွေစု၊ အလောင်းတွေပေါ်ပုံ မီးတင်ရှို့လိုက်ရင် ကိစ္စပြတ်သွားတာပဲ"



ချင်ယိကြည်က ဦးခေါင်းကို ခါယမ်းလိုက်၏။

"ဆရာကြီး ကျုံးယွမ်ငါးဖော်သေတာကို သိုင်းလောက ... သတင်းပျံ့နှံ့သွားစေချင်တယ်၊ မီးရှို့ပစ်လိုက်ရင် သူ ...စေချင်သလို ဘယ်ဖြစ်တော့မလဲ၊ အလောင်းတွေ ဒီ ...သိုင်းပဲ ရှိနေပါစေ"

အဝါရောင်လူငယ်က နားမလည်သဖြင့် ဝင်မေးသည်။

"အဲဒါက ဘာသဘောဖြစ်မလဲ"

ချင်ယိကြည်က ရယ်ရင်း....

"သိုင်းလောက ချောက်ချားသွားအောင်ပေါ့၊ ကျုံးယွမ် ...ဖော်ဆိုတာ သိုင်းလောကထဲမှာ အတော်ကလေး ကျော် ...းတဲ့ အုပ်စုပဲ၊ ဒါတောင် ငါးဖော်မပြည့်သေးဘူး၊ လေး ...ပဲ ရှိသေးတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ လေးယောက် ...သွားတယ်ဆိုတာ ဝါးအစည်းပြေသလို ဖြစ်သွားတာ ..."

အဝါရောင် လူငယ်သည် မြေပေါ်၌ ပိုးလိုးပက်လက် ...သေဆုံးနေသည့် အလောင်းကောင်များကို ကြည့်ပြီး ...ကြည်အား အကြံပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး၊ ဒီအလောင်းကောင်တွေထဲမှာ မသေ
ကျန်တဲ့လူ ကျန်ရင် ကုန်နေလိမ့်မယ်၊ ကျုပ်တို့ စစ်ဆေးကြ
ရင် ကောင်းမယ်နဲ့တူတယ်"

အလောင်းကောင်ဟု ယူဆထားသည့် လူ ဆယ်
ယောက်အနက် ဆန်ကွမ်းချီမှလွဲလျှင် ကျန်လူမျာ းသည် သ
ဖွဲ့ဖက် သူလျှိုလေးယောက်တို့နှင့် ထိတွေ့ရင်းနှီးဖူးသူ
သာ ဖြစ်သည်။

အဝါရောင်လူငယ်၏ စကားကို ကြားလိုက်ရသော
ဆန်ကွမ်းချီသည် အသက်ကိုအောင့်ထားပြီး သူ့ခန္ဓာ
ကို တောင့်နိုင်သမျှ တောင့်ထားလိုက်၏။

သူ့ခန္ဓာကိုယ်ထဲမှ ပိတ်နိုင်သမျှသွေးကြောကို အ
အား သုံး၍ ပိတ်လိုက်သည်။

အဝါရောင်လူငယ်သည် ချင်ယိကြည်၏ သဘော
ချက် မရမီပင် အလောင်းများအား လိုက်လံစစ်ဆေး
တော့၏။

သူသည် ဆန်ကွမ်းချီ၏ ပါးရိုက်ခြင်းကို ခံထား
ဖြစ်၏။



ဆရာဖြစ်သူ ရဲယိဖိန် ပါးစပ်ထဲမှ အဆိပ်တွေ ထွေးထုတ်
ရန် အခက်အခဲတွေ့နေစဉ် ဆန်ကွမ်းချီက အုန်ထန်းယိ
အာရုံပြောင်းသွားစေရန် အဝါရောင်ငယ်လူအား ပါးရိုက်
ခဲ့၏။

ထိုအတွက် အဝါရောင် လူငယ်သည် ဆန်ကွမ်းချီအပေါ်
အခဲမကျေ ဖြစ်နေသည်။

မိည်မျှ အခဲမကျေ ဖြစ်နေသနည်းဆိုသော်....

"နောင်ကြီး ချင်ယိကြည်၊ ဟောဒီကောင်ဟာ ရဲယိဖိန်
ရဲ့ တပည့်ရင်းပဲဗျ"

အဝါရောင် လူငယ်သည် ဆန်ကွမ်းချီအပေါ် ခွရပ်ရင်း
ချင်ယိကြည်အား လှမ်းပြောလေ၏။

ချင်ယိကြည်က ခေါင်းညိတ်၏။

"သိပ်သေချာတာပေါ့၊ ဒီကောင်ဟာ ဆရာကြီး ရဲယိဖိန်
ရဲ့ တပည့်ရင်းပဲ၊ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့လေ ခုတော့ သူ သေနေ
ပါပြီ"

ချင်ယိကြည်၏ စကားမဆုံးမီ တဖြည်းဖြည်း အသံထွက်
ပေါ်လာ၏။ အဝါရောင် လူငယ်က ဆန်ကွမ်းချီ၏ပါးကို
ဘယ်ပြန်ညာပြန်ရိုက်၍ ကလဲ့စားချေနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိအဖို့မူ တကယ် သေသွားလျှင် အကြောင်းမဟုတ်သော်လည်း ယခုမူ တကယ်မသေသေးဘဲ ဟန်ဆောင်နေရခြင်းဖြစ်၍ အကြီးအကျယ် ထိန်းသိမ်းနေရတော့သည်။

အကယ်၍ သူသာ အမူအရာပျက်ခဲ့လျှင် ဤလူငယ် လေးယောက်နှင့် အကြိတ်အနယ် တိုက်ခိုက်ရပေတော့မည်။

ချင်ယိကြည်သည် အဝါရောင်လူငယ်၏ လက်စားချေမှုကို ကြည့်ပြီး ရယ်ချင်စိတ် ပေါက်လာသဖြင့် တဟားဟားအော်ရယ်တော့သည်။

အဝါရောင်လူငယ်သည် ချင်ယိကြည်၏ ရယ်သံကြောင့် အရှက်ရသွားပြီး အရိုက်ရပ်သွားသည်။

ခရမ်းရောင်လူငယ်က ပြုံး၍ ဝင်ပြောသည်။

"သူသေနေပါပြီကွာ၊ ရိုက်နေလို့လဲအပိုပဲ၊ တို့လဲ တို့ဆရာကြီးနောက် လိုက်ကြပါစို့"

ချင်ယိကြည်က သဘောကျ၏။

"ဟုတ်တယ်၊ သွားကြစို့"

အရောင်လေးမျိုး ဝတ်ဆင် ထားသည့် သစ္စာဖောက်သူလျှို လေးဦးတို့သည် ဇရပ်အတွင်းမှ ပြေးထွက်သွားကြလေတော့၏။



ဆန်ကွမ်းချိသည် ပြေးထွက်သွားသူများကို ရဲရဲတင်းတင်းပင် မျက်လုံးဖွင့် ကြည့်လေသည်။

အမှောင်ကုန်ဆုံးပြီး အလင်းရောင် တက်စပြုလာပြီဖြစ်၍ သူလျှို လေးယောက်၏ ကျောပြင်ကို အတန် ဝေးဝေးအထိ ဆန်ကွမ်းချိ မြင်နိုင်ခဲ့လေ၏။

သူသည် စိတ်ချရပြီဟု ယူဆရသောအခါ သူ့အကြောများကို ဖြည်းဖြည်းချင်း ပြန်ဖွင့်၏။ ဖြည်းဖြည်းချင်း မတ်တတ်ထ၏။ သူ့ပတ်သည်တွင် အလောင်းများသာ ရှိတော့သည်။

အရှက်တကဲစအချိန်၌ ကျွန္ဒာရုံသာ မြင်သင့်ပါလျက် အနိဋ္ဌာရုံများအကြားသို့ ရောက်ရှိ နေရသဖြင့် ဆန်ကွမ်းချိ စိတ်မကြည်သင်လှပါ။

အထူးသဖြင့် စိတ်မကြည်လင်ရသည့် အချက်မှာ ဆရာဖြစ်သူ သွေးရူးသွေးတန်း ထွက်ပြေးသွားသည့် အချက်ပင်ဖြစ်သည်။

သူသည် [illegible]များအကြားမှ ဖြာကျလာသည့် နေရောင်ခြည် အလင်းတန်းများကို ငေးမျှော်ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သက်ပြင်းချမိသည်။

"အင်း.... ငါ တွေးနေဝေးနေလို့ မဖြစ်ဘူး၊ ဒီအလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ် ပေးရမယ်၊ ဒါမှ သူတို့လဲ ကောင်းရာမွန်ရာ တမလွန်ဘဝကို ရောက်ကြလိမ့်မယ်"

ထိုစဉ် ထူးဆန်းသော ပလွေသံကို ကြားလိုက်ရပြန်လေ၏။

အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ပေးလိုသည့် ဆန္ဒများကို ဆန်ကွမ်းချိ သတိမရတော့ပေ။ သူ့ခြေလှမ်းများသည် အလိုအလျောက် ဇရပ်အပြင်သို့ ထွက်လာမိတော့သည်။

ပလွေသံသည် သူ့အား မနားတမ်း လမ်းညွှန်ပေးရန် တိုက်တွန်းလှုံ့ဆော်နေ၏။ ပလွေသံကြောင့် သူ့ခြေလှမ်းများ သွက်သည်ထက် သွက်လာသည်။

ပလွေသံ လုံးဝရပ်ဆိုင်းသွားသောအခါ ဆန်ကွမ်းချိသည် ဇရပ်နှင့် ဆယ်မိုင်ခန့်ဝေးနေသော နေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။

ထိုတဒင်္ဂအတွင်း သူ အလွန်တရာ ပင်ပန်းနေပြီ ဖြစ်ကြောင်းလည်း သတိပြုမိလိုက်သည်။



"ငါ တစ်ရေးတစ်မော အိပ်မယ်"

ဆန်ကွမ်းချိသည် ဆုံးဖြတ်ချက် ချလိုက်ပြီး အလွန်တရာ ကြီးမားသည့် သစ်ပင်ကြီး တစ်ပင်ပေါ် ခုန်တက်သည်။ သစ်ပင်ကြီး၏ ခွကြား၌ ထိုင်မိသည်နှင့် သူ့မျက်လုံးများ ...င်းလာသည်။

မကြာမီပင် အိပ်ပျော်သွားလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### ပလွေသံ ခေါ်ဆောင်ရာသို့

သူ မည်မျှကြာကြာ အိပ်ပျော်သွားမိသည် မသိပေ ပလွေသံ ကြားသောအခါ သူ လန့်နိုးလာခဲ့၏။

သည်တစ်ကြိမ် ပလွေသံသည် အလွန် ပျော်ရွှင်မြူးထူး ဖွယ် ကောင်းလှသည်။

အိပ်ရာမှ နိုးလာသော သန်ကွမ်းချီသည် ကချင်ခုနိုင် စိတ်ပင် ပေါက်လာ၏။

ပလွေသံသည် သူ့အား ညို့မြူ၍ ခေါ်ယူလျက်ရှိသည်။

သူသစ်ပင်ပေါ်မှ ခုန်ချလိုက်၏။ ပလွေသံကြားရာအ သို့ ခပ်သွက်သွက် ပြေးလိုက်သည်။



ပလွေသံရှင်ကို တွေ့ရမည်။ လမ်းဆုံးလျှင် ရွာတွေ့သကဲ့သို့ ပလွေသံကြားရာနောက်သို့ အဆက်မပြတ် လိုက်လျှင် ပလွေသံရှင်ကို မုချတွေ့ရမည်။

ထူးဆန်းသော ပလွေသံ အဘယ်ကဲ့သို့ ထွက်ပေါ်လာသည်ကို မုချသိရမည်။

သန်ကွမ်းချီသည် ပလွေသံနောက်သို့ လိုက်ရာတွင် မြန်သည်ထက် မြန်လာ၏။

ထို့ကြောင့် သစ်တောကြီး၏ အစပ်သို့ ရောက်ရှိလာသည်။ လျှိုမြောင်တောင်ကြားများ အလယ်သို့ ရောက်ရှိလာသည်။

သူသည် တောင်ပေါ် တောင်အောက်မကျန် လိုက်လံရှာဖွေ၏။ ပလွေသံသည် မည်သည့်အရပ်က ထွက်ပေါ်လာသည်ကို သူ မခန့်မှန်း တတ်တော့ပေ။

အဘယ်ကြောင့်ဆိုသော်...

ပလွေသံသည် တောင်နံရံများကို ရိုက်ခတ်ပြီး လေထဲသို့ ပျံ့လွင့်လာသည်ဟု ထင်မိသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"အင်း....ဒီအတိုင်းရပ်နေရင် ဒီဗလွေသံ ဘယ်ကထွက်လာတယ်ဆိုတာ ဘယ်သိတော့မလဲ၊ တောင်ပေါ်ကို တက်ရှာမယ်"

ဆန်ကွမ်းချီ တွေးသည်။ ဆုံးဖြတ်သည် ဆုံးဖြတ်ချက်အတိုင်း တောင်ပေါ်သို့ ချက်ချင်းတက်တော့၏။

ဆန်ကွမ်းချီ ဤသို့ဆုံးဖြတ်ခြင်းအတွက် သူ့အား အပြစ်တင်၍ မဖြစ်ပါ။ ဇရပ်ကြီးအတွင်းရှိနေစဉ်က ထူးဆန်းသော ပလွေသံကို သူ ကြားပြီးခဲ့ချေပြီ။

ထိုမှ နောက်ပိုင်းတွင်လည်း ပလွေသံသည် သူ့အား ဖြားယောင်းခဲ့သည်။ ဤတောင်ထိပ်သို့ ရောက်ခဲ့ရခြင်းပင်လျှင် ပလွေသံ၏ ညို့မြူချက်ကြောင့်ပင် မဟုတ်ပါကလား။

"ဟော"

ပလွေသံသည် သူ့အား တောင်ခြေသို့ ဆင်းလာရန် ခေါ်ယူနေပြန်လေ၏။ သူသည် တောင်ကြား၏ တစ်ဖက်သို့ လျှောက်သွားပြီး တောင်ပေါ်မှ ဆင်းလာခဲ့၏။

ယခုအခါ ဆန်ကွမ်းချီသည် အလောင်းများ ကျန်ရှိခဲ့သည့် ဇရပ်နှင့် သစ်တောတစ်တော၊ တောင်တစ်လုံးတို့ ခြားနားခဲ့လေပြီ။



သည်မှာဘက် မြင်ကွင်းသည် သူထွက်လာခဲ့သည့် မြင်ကွင်းနှင့် အတော်ကလေး ခြားနား၏။

သည်မှာဘက်တွင် သစ်ပင်များ ထူထပ်ပိတ်ဆို့ခြင်း မရှိချေ။ သစ်ပင်သစ်တောမရှိသဖြင့် အိမ်ခြေရာခြေ ရှိမည်လားဟူ၍လည်း မှတ်ထင်ယူဆ၍ မဖြစ်ပေ။

မြင်ကွင်းတစ်ခုလုံး ရှင်းလင်းနေသည်။

သို့သော်....

အဝေးတစ်နေရာ၌မူ စိမ်းညို့ညို့ နက်မှောင်မှောင် အရာတစ်ခုကို တွေ့နေရ၏။ အဆောက်အအုံတစ်ခု၊ အထူးသဖြင့် ဘုရားကျောင်းပျက်တစ်ခုနှင့် သဏ္ဌာန်တူသော အရာတစ်ခုကို တွေ့နေရပေသည်။

ဆန်ကွမ်းချီ အသေအချာ သိလေပြီ။

ပလွေသံသည် ထိုစိမ်းညို့မှုန်မှိုင်းသောနေရာမှ ဖလူးလူး တလိမ့်လိမ့် ထွက်လာခြင်းသာတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခပ်သွက်သွက် လျှောက်လာ၏။ ခြေလှမ်းမြန်လာသည်နှင့်အမျှ စိမ်းညို့နက်မှောင်သော အရောကို တဖြည်းဖြည်းပီပြင်စွာ တွေ့မြင်လာရသည်။

အမှန်ကာကယ်ပင် ဘုရားအိုကျောင်းပျက်ကြီးသာ ဖြစ်ပေတော့သည်။

သို့သော်....

ဤကျောင်းပျက်မှာ အဆောက်အအုံတစ်ခုတည်း မဟုတ်ပေ။ အဆောက်အအုံ သုံးခုရှိနေသည်။

ဝါးတစ်ရိုက်ခန့်မြင့်သော တောင်ကုန်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၍ ဆန်ကွမ်းချီအနေဖြင့် ဤသို့ အဝေးမှ လှမ်းမြင်နိုင်ခြင်း ဖြစ်သည်။

ဘုရားကျောင်းပျက်၏တံခါးဝအထိ ရောက်ရှိရန် အတော်မြင့်မားသည့် ကျောက်လှေကားများ ထွင်းထုထားပေသည်။

ကျောက်လှေကားခြေရင်း ရောက်သည့်အချိန်အထိ ပလွေသံ ကြားနေရဆဲဖြစ်သည်။ ထို့ကြောင့် တစ်ထစ်ချင်း တစ်လှမ်းချင်း လှမ်း၍ တက်လာခဲ့မိသည်။

ထိုသို့ဖြင့် လှေကားထစ်များ ဆုံးပြီး ကျောင်းပျက်၏ တံခါးဝနားသို့ ရောက်ရှိလာခဲ့ရသည်။



"ပိဋကတ်တိုက်"

ဆန်ကွမ်းချီ မော့ကြည့်လိုက်သောအခါ ထိုစာတန်းကို တွေ့ရ၏။

"ပိဋကတ်တိုက် ဆိုပါလား၊ ဒါဆိုရင် ဒီအဆောင်ဟာ ရှေးတုန်းက ဘာသာရေးကျမ်းတွေ ထားခဲ့ပုံရတယ်၊ အခုဆိုရင်တော့ ဘာမှရှိတော့မှာ မဟုတ်ပါဘူးလေ"

ဆန်ကွမ်းချီ ဤသို့တွေးနေစဉ်မှာပင် ပလွေသံသည် တိတ်ဆိတ်သွားလေသည်။

သူသည် ပိတ်ဆို့ထားသော တံခါးမကြီးကို ကြည့်လိုက်သည်။

"ဒီတံခါးမကြီးကတော့ အခိုင်ခံ့ အရှိသေးတယ်၊ ဒါပေမယ့်မဖွင့်ဘဲထားတာ ဘယ်လောက် နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီလဲ မသိဘူး၊ ဖွင့်လို့မှ ရပါတော့မလား မသိဘူး"

သူသည် သုံးထစ်ခန့်ရှိသော လှေကားထစ်များပေါ်သို့ တက်ပြီးနောက် တံခါးကြီးကို တွန်းလိုက်မိသည်။

တံခါးကြီးသည် တကျွီကျွီ အသံမြည်ပြီး ပွင့်သွား၏။

နေမင်း၏ အလင်းရောင်သည် တံခါးမကြီးကို ဖြတ်၍ အဆောင်တွင်းသို့ ဝင်လာသည်။ ဖုန်မှုန့်များ ပျံ့လွင့်လာသည်။ ပင့်ကူအိမ်များလည်း အခန်းထောင့်များ၌ ရက်ကန်း ဖွဲ့နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဲဘက်နံရံတွင်မူ ရှိနေလေ၏။ လှေကားတစ်ခု ရှိနေ
လေ၏။

ထိုလှေကားက အပေါ်ထပ်သို့တက်ရန်လှေကားဖြစ်ဟန်
ရှိသည်။

ဆန်ကွမ်းချီသည် အခန်းထဲသို့ မျက်ကန်းတစ္ဆေမကြောက်
ဆိုသလို ရဲရဲတင်းတင်းပင် ဝင်လာ၏။ လှေကားထက်သို့ ရဲရဲ
တင်းတင်း တက်သည်။ စုစုပေါင်း လှေကားထစ် ဆယ့်ငါး
ထစ် ရှိသည်။

အပေါ်ထပ်သို့ ရောက်သောအခါ အခန်းဖွဲ့ထားခြင်း
မရှိ၊ ထရံကာထားခြင်းမရှိကြောင်း တွေ့ရှိရ၏။ ခန်းမ
ကျယ်ကြီးသဘောမျိုး ရှိနေသည်။

လူဟူ၍ တစ်စုံတစ်ယောက်မျှ မတွေ့ရသဖြင့် ပလွေသံ
သည် ဤအဆောင်မှ ထွက်ပေါ်လာခြင်း ဟုတ် မဟုတ်
ဆိုသည်ကို ဆန်ကွမ်းချီပင် သံသယရှိလာသည်။

သူ အပေါ်ထပ်ခန်းမသို့ ရောက်ရှိချိန်သည် မွန်းလွဲပိုင်း
အချိန် ဖြစ်နေပေပြီ။ ဤခန်းမထဲ၌ တစ်စုံတစ်ယောက်
တွေ့မြင်ရမည်ဟု သူ မျှော်လင့်ထားခဲ့သည်။ ယခုသော် လူ
မပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မတွေ့ချေ။

"အလကားပဲ၊ ငါလာတာ သက်သက် အချိန်ဖြုန်းသလို
ဖြစ်နေတာပေါ့၊ ဒီပလွေသံဟာ တော်တော်ဆိုးရွားတာပဲ



ငါ သစ်ပင်ပေါ် အိပ်နေတာကို လာနှိုးတယ်၊ ဒီလဲရောက်ရော
ပလွေသံပျောက်ရော၊ ငါ့အဖို့ အိပ်ရေးပျက်တာပဲ ရှိတယ်"

ဆန်ကွမ်းချီသည် ဆိုသို့တွေးပြီး သူ့ပတ်ပတ်လည်ရှိ ဖုန်
မှုန့်များကို ခါထုတ်လိုက်သည်။

ထို့နောက် ပက်လက်လှန် အိပ်လေတော့၏။

ထို့နောက် တဖြည်းဖြည်း နေဝင်သွားရာ နောက်ဆုံး
ပိဋကတ်တိုက် အဆောင်တစ်ခုလုံးကို အမှောင်ထုက ဝါးမျို
သွားတော့သည်။ ဆန်ကွမ်းချီလည်း အိပ်ရာမှ နိုးလာသည်။

သူသည် သူ့လက်များကို ထောင်ကြည့်သည်။ လက်
ချောင်းများကိုပင် မမြင်ရတော့ချေ။ သူသည် ဖုတ်ဖက်ခါ
လျက် လူးလဲထလိုက်သည်။ ပြတင်းတံခါးကို တွန်းဖွင့်လိုက်
သည်။

ကောင်းကင်၌ တဖျပ်ဖျပ် လင်းလက်နေသည့် ကြယ်ပွင့်
ကလေးများကို တွေ့လိုက်ရသောအခါ သူ အားတက်သွား
သည်။

"ငါမသေသေးဘူး၊ လူ့လောကမှာ ရှိနေတဲ့ အရာတွေ
ကို သိမြင် ခံစားနိုင်သေးတယ်"

သူ တွေးတောနေခိုက်မှာပင် ခေါင်မိုးထက်မှ ခြေသံများ
ကြားလာရ၏။ ထိုခြေသံကြောင့် ဆန်ကွမ်းချီသည် ခန်းမ
အလယ်၌ ပြန်ရပ်မိ၏။ မကြာမီခြေသံသည် ပြတင်းတံခါး

www.burmeseclassic.com



ရှိရာဘက်သို့ လျှောဆင်းလာသံ ကြားရပြီး ပြတင်းပေါက်အထက် အုတ်ကျွတ်အစွန်းကို တွဲလွဲခိုကာ လူတစ်ယောက်သည် ပြတင်းပေါက်အတွင်းသို့ ကျွမ်းသိုး ဝင်လာလေတော့သည်။

ဆန်ကွမ်းချို ရုတ်တရက် လန့်သွား၏။ သူ့ရှေ့ဘက်မှောင်ထဲတွင် မုတ်ဆိတ်ဖြူဖြူနှင့် လူ့ဦးခေါင်း တစ်ခုကို တွေ့လိုက်ရသောကြောင့်တည်း။

★

## အခန်း (၇)

### အတွင်းစိတ်ကို သိနေသူ

လူ့ဦးခေါင်းတစ်ခုတည်း လေလဲ၌ တွဲလွဲဖြစ်နေသည်ဟု မြင်လိုက်ရခြင်းမှာ ခေါင်မိုးပေါ်မှ ဝင်ရောက်လာသည့် လူသည် ဦးခေါင်းမှအပ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားသောကြောင့်တည်း။

ထိုအချက်ကို ဆန်ကွမ်းချို သဘောပေါက်သွားသောအခါမှ ထိတ်လန့်မှု ရပ်ဆိုင်းသွား၏။

"ဒီလောက်ခေါင်တဲ့နေရာမှာ လျှို့ဝှက်နေပုံတောက်နိုင်သူဟာ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီ စိတ်ထဲက တွေးလိုက်သည်။

သူ့အတွေးမဆုံးမီမှာပင် အေးစက်သောစကားသံ ထွက်ပေါ်လာ၏။

"ဟင်း....လူကလေးကဖြင့် လက်မလောက်ရှိသေးတယ် တွေ့တွေ့ချင်း စိတ်ထဲက ဆဲရသလား"

ဆန်ကွမ်းချီ ထိတ်လန့်သွား၏။

"ဗျာ....ကျွန်တော် မဆဲပါဘူးဗျာ၊ ကျွန်တော် ဆဲတယ်လို့ ဘာဖြစ်လို့ ထင်ရတာလဲ"

မှောင်ထဲမှလူက....

"မင်းမလိမ်နဲ့၊ ငါ့ကို လူဆိုးသူခိုးလို့ ထင်လိုက်တယ် မဟုတ်လား၊ ဒါလဲ ဆဲတာတစ်မျိုးပဲ"

ဆန်ကွမ်းချီက ထိတ်ထိတ်လန့်လန့်ဖြင့်ပြော၏။

"ဒါ...ဒါ....ဒါကတော့ဗျာ"

"ဘာဒါကတော့လဲ၊ ငါက မင်းမျက်နှာမြင်တာနဲ့ မင်းစိတ်ထဲမှာ ဘာရှိသလဲဆိုတာကို သိတယ်ကွ၊ ငါသာ အသက်



ငယ်ငယ်အရွယ်နဲ့ဆိုရင် မင်းဟာ တစ်ခါမဟုတ်ဘူး၊ သယ်ခါပြန်လောက်သေနေပြီ၊ ငါလက်ဝါးတစ်ချက်တည်းနဲ့ မင်းရဲ့အသက် ဆယ်ခါလောက် ထွက်သွားနိုင်တယ်"

အသံကြားရုံမျှဖြင့် ယခုတွေ့နေရသူသည် လူရွယ်တစ်ယောက်မဟုတ်ကြောင်း ဆန်ကွမ်းချီ သိလိုက်မိသည်။

"ဒီလူကြီးဟာ ဒီလောက်မှောင်မည်းနေတဲ့ အထဲမှာတောင် အတော်ကလေး မျက်စိအမြင်သန်တာပဲ၊ နောက်ပြီး ငါ့စိတ်သဘောကိုလဲ ထွင်းဖောက်မြင်နိုင်တယ်၊ သာမန်လူတစ်ယောက်ဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

ဆန်ကွမ်းချီသည် အခြေအနေမှန်ကို လျင်မြန်စွာ သုံးသပ်နိုင်ခဲ့၏။

ထို့ကြောင့်....

"ဆရာကြီးဟာ ဟူးဆန်းတဲ့ပလွေသံကို လွှင့်ထုတ်လိုက်တဲ့သူပါလားခင်ဗျာ"

ဆန်ကွမ်းချီ၏လေသံ၌ လေးစားမှု၊ ရိုသေမှု အပြည့်အဝပါဝင်၏။

နတ်ချို့ သျှိုတစ်ပါးဟု ဆိုကြသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှလူသည် ဆန်ကွမ်းချိ၏အပြောအဆို တတ်ကျွမ်းမှုကို ကျေနပ်သွားသည်။

"ဟုတ်ပါ့ကွာ၊ ဟုတ်ပါ့၊ ငါ့ပလွေသံ နားထောင်လို့ ကောင်းရဲ့လားကွ"

ဆန်ကွမ်းချိ စဉ်းစားနေသည်။

ပလွေသံ စတင်မှုတ်သည့်နေရာနှင့် ပလွေသံကြားရသည့် နေရာသည် အတော်ကလေးကွာဝေး၏။

တော်ရုံတန်ရုံ အတွင်းအားပညာရှင်သည် ဤပလွေသံမျိုးကို လွယ်လွယ်ကူကူ မှုတ်နိုင်လိမ့်မည်မဟုတ်ပါ။

ယခု...

မှောင်ထဲမှလူ ထုတ်လွှင့်သည့် ပလွေသံသည် အတော်ကလေးထူးခြားသည်။

ပလွေမှထွက်ပေါ်လာသော လေလှိုင်းများသည် ရွှေ့... အတားအဆီးဖြစ်သည့် သစ်ပင် သို့မဟုတ် ကျောက်တောင်နံရံများနှင့် ထိတွေ့ရိုက်ခတ်သောအခါမှ ထူးခြားသော သံစဉ်များ ဖြစ်ပေါ်လာသည် မဟုတ်ပါလား။



ဆန်ကွမ်းချိ တွေးတောနေခိုက်မှာပင် မှောင်ထဲမှလူက မေးလာလေ၏။

"ဘယ်လိုလဲကွယ့်၊ ငါ့ပလွေသံကို နားထောင်ကောင်းရဲ့လား"

ဆန်ကွမ်းချိ လူမိုက်မဟုတ်ပါ။

သူသည် ကာလဒေသ အချိန်ကို သိသူဖြစ်ပါသည်။

"ဆရာကြီးမှုတ်တဲ့ပလွေသံဟာ သိပ်ကောင်းတာပဲ၊ ဘယ်သူမှ ဒီလိုပလွေမျိုး မှုတ်နိုင်မယ် မထင်ပါဘူးခင်ဗျာ"

"ဟုတ်မှ ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်စကား အခွန်းတိုင်း အမှန်အားလုံးချည်းဖြစ်ပါတယ်၊ တကယ်လို့ ဆရာကြီးရဲ့ပလွေသံသာ သာယာငြိမ့်ညောင်းမှု မရှိဘူးဆိုရင် ဆရာကြီးနဲ့ ကျွန်တော် ခုလို ဘယ်မှာလာပြီး ရေစက်ဆုံနိုင်မှာလဲခင်ဗျာ"

မှောင်ထဲမှလူသည် ကျေနပ်နှစ်သိမ့်စွာ ရယ်မောလေသော၏။

"အေး...ဒီစကားအရတော့ မင်းဟာ ငါ့ကို မုန်းတီးနေပုံမရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် ဘယ်သူ့ကိုမှ မမုန်းတီးပါဘူးခင်ဗျာ၊ အခု ပြောနေတာတွေလဲ အမှန်အကန်စကားတွေချည်းပါပဲ၊ ကျွန်တော်ဟာ ပလွေမှုတ်မကျွမ်းကျင်ပေမယ့် ပလွေသံ ကောင်း မကောင်းတော့ ကောင်းကောင်းကြီး ခံစားတတ်ပါတယ် ခင်ဗျာ”

“ဟား.... ဟား.... ဟား.... ဟုတ်လိုက်လေကွာ၊ ဒီနေ့မှပဲ အနုပညာကို တကယ်ခံစားတတ်သူနဲ့ တွေ့တော့တာပဲ”

မှောင်ထဲမှလူသည် ခုန်ဆွခုန်ဆွနှင့် လျှောက်သွားပြီး နောက် ပြတင်းပေါက်၌ ရပ်လိုက်သည်။

ဆန်ကွမ်းချိုသည် ထိုလူ အဘယ်ကြောင့် ခုန်ဆွခုန်ဆွ လျှောက်သည်ကို ရုတ်တရက် သဘောမပေါက်ဘဲ ဖြစ်နေသည်။

မှောင်ထဲမှလူသည် ပြတင်းပေါက်ဝ၌ရပ်ပြီး ဆန်ကွမ်းချို အား လှမ်းခေါ်လေ၏။

“လူကလေး လာစမ်းပါဦးကွ၊ မင်းနဲ့ငါ ကောင်း ကောင်းစကားပြောကြရအောင်”



ဆန်ကွမ်းချို ပြတင်းပေါက်ဝသို့ လျှောက်လာပြီး ထိုလူနှင့် ယှဉ်ရပ်လိုက်၏။

ကြယ်ပွင့်ကလေးများ၏အလင်းရောင်ဖြင့် မှောင်ထဲမှလူ၏ မျက်နှာပြင်ကို မြင်လိုက်ရသည်။

ဖြူဖွေးသောမုတ်ဆိတ်များ ဆင်ယင်ထားသည့် ရင့်ရော်သောမျက်နှာကို မြင်လိုက်ရတော့သည်။

“မင်း ပလွေသံနောက်လိုက်ရင်း ဒီကိုရောက်လာတာ အမှန်ပဲလားကွ”

“ဟုတ်ပါတယ်ခင်ဗျာ၊ ပလွေသံ နားထောင်ကောင်း ကောင်းလို့ လိုက်ရှာရင်း ဒီကိုရောက်လာတာပါ”

အဘိုးအိုသည် စိတ်ခေတ်တက်ကြွဟန်ဖြင့်....

“ငါ ပလွေထပ်မှုတ်ဦးမယ်၊ မင်းမှာ နားထောင်ချင်စိတ် ပါ ရှိရဲ့လားကွ”

“အဆင်သင့်ပါပဲခင်ဗျာ၊ ဒီပလွေသံ ထူးခြားလွန်းလို့ ကျွန်တော် ထပ်မံပြီး နားထောင်ချင်မိပါတယ်”

အဘိုးအိုသည် သူ့ခါးကြား၌ ထိုးသွင်းထားသည့် ပလွေ ချောင်းကို ထုတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပလွေသည် တစ်ပေခွဲခန့် ရှည်ပြီး မည်းနက်သောအဆင်း ရှိသည်။

ဤပလွေသည် တူရိယာပစ္စည်းအဖြစ်သာမက လက်နက် တစ်ခုအဖြစ်လည်း အသုံးဝင်ကြောင်း ဆန်ကွမ်းချီ ရိပ်မိ လိုက်လေ၏။

အဘိုးအိုသည် ပလွေကို ကန့်လန့်ဖြတ်ကိုင်လျက် စတင် သီမှုတ်တော့၏။

ဆန်ကွမ်းချီ ရိပ်မိထားသည့်အတိုင်းပင် အဘိုးအို စတင် သီမှုတ်သော်လည်း ပလွေသံကို ချက်ချင်း မကြားရဘဲ ရှိနေ သည်။

အတန်ကြာသောအခါမှ ပလွေသံကို အဝေးမှ ကြားရ သည်။

အတွင်းအား သံစဉ်များသည် ကြီးမားသော အတား အဆီးနှင့် ထိပ်တိုက် ရင်ဆိုင် တွေ့လိုက်သည်နှင့် သာယာ သော ပလွေသံများ ထွက်ပေါ်လာတော့သည်။

ဆန်ကွမ်းချီသည် ပလွေကို စိတ်ပါဝင်စားစွာ သီမှုတ်နေ သည့် အဘိုးအိုအား ငေးကြည့်နေမိလေ၏။



အဘိုးအိုသည် ပလွေမှုတ်ခြင်းကို ရုတ်တရက် ရပ်ဆိုင်း လိုက်ပြီး ဆန်ကွမ်းချီအား လှည့်မေးလေ၏။

“မင်း ငါ့ကို ဘာတွေအကဲခတ်နေတာလဲကွ”

ဆန်ကွမ်းချီက ကပျာကယာ ရှင်းပြရသည်။

“အကဲခတ်နေတာမဟုတ်ပါဘူးခင်ဗျာ၊ ဆရာကြီး ပလွေ မှုတ်နေတာကိုကြည့်ပြီး ပလွေသံထဲမှာ နစ်မျောနေမိတာပါ ခင်ဗျာ”

ဆန်ကွမ်းချီ အလျှောက်ကောင်းသွားသည်။

ဤသို့ အဆင်ပြေပြေ မပြောနိုင်ပါက အဘိုးအိုသည် ဆန်ကွမ်းချီအပေါ် ဒေါသထွက်ပေလိမ့်ဦးမည်။

အဘိုးအို စိတ်ကျေနပ်သွား၏။

“ငါပလွေမှုတ်နေတာ ဘာထူးခြားသလဲ”

ဆန်ကွမ်းချီ တုံ့ဆိုင်းသွားသည်။

အမှန်အတိုင်း ပြောသင့် မပြောသင့် ချိန်ဆစဉ်းစားနေ သည်။

သူစဉ်းစားနေချိန် ကြာမြင့်သဖြင့် အဘိုးအိုစိတ်မရှည်ဘဲ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေစဉ်းစားနေတာလဲ၊ မြန်မြန်ပြောစမ်းပါကွ၊ ဘာထူးခြားသလဲ"

ဆန်ကွမ်းချီက အရဲစွန့်၍ ပြောလိုက်၏။

"ကျွန်တော့်စိတ်ထင်တော့ ဆရာကြီးဟာအတွင်းအားနဲ့ ပလွေမှုတ်နေတယ်လို့ပဲ ထင်မိပါတယ်၊ ကျွန်တော်ပြောတာ မှားယွင်းရင်တော့ ခွင့်လွှတ်ပါ"

"ဟား....ဟား....ဟား.... မင်းက အသက် ငယ်ပေမယ့် အတော်ကလေးသိထားတာပဲကိုး၊ ငါဒီရောက်နေတာ နှစ်တော်တော်ကြာပြီကွ၊ ဘယ်သူမှ ငါ့ပလွေသံနောက် နောက်ယောင်ခံ မလိုက်နိုင်ဘူးကွ၊ မင်းတစ်ယောက်ပဲ ငါ့ပလွေသံကို နောက်ယောင်ခံ လိုက်လာနိုင်ခဲ့တယ်"

ဆန်ကွမ်းချီသည် အဘိုးအို စကားစပြတ်သွားမည် စိုးရိမ်သဖြင့် မည်သည့်စကားမျှ ဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

အဘိုးအိုက ဆက်ပြောနေ၏။

"ငါအမှန်အတိုင်း ပြောမယ်၊ ငါ ပလွေမှုတ်တာဟာ ဘယ်သူနဲ့မှ မတူဘူးကွ၊ မတူအောင်ကို မှုတ်တာပဲကိုး၊ မင်း



ပြောသလို အတွင်းအားပညာကို စုစည်းပြီး ပလွေသံတွေအဖြစ် လွှင့်ထုတ်လိုက်တာပဲကွ၊ ငါအတွင်းအားပညာထုတ်ရင် ထုတ်သလောက် ငါ့ပလွေသံက လူတွေတိရစ္ဆာန်တွေကို ဒုက္ခရောက်စေနိုင်တယ်၊ အတိုးဆုံးပြောရရင်တော့ ငါ့ပလွေသံနဲ့ လူတွေကို ပျော်အောင်ရွှင်အောင် စိတ်ဆင်းရဲအောင် ဒဏ်ရာအနာတရရအောင် လုပ်နိုင်တယ်ကွ"

ဆန်ကွမ်းချီသည် အဘိုးအို၏ စကားကို ကောင်းစွာ ယုံကြည်သည်။

"ဟုတ်ကဲ့၊ ဆရာကြီးရဲ့ပလွေသံကိုကြားလိုက်ကတည်းက ဆရာကြီးရဲ့ သိုင်းပညာစွမ်းရည် ဘယ်လောက် မြင့်မားတယ်ဆိုတာ ရိပ်မိခဲ့ပါတယ်ခင်ဗျာ"

အဘိုးအို ကျေနပ်သွားပြန်၏။

"မှန်တာပြောရရင် ဒီမျက်မှောက်ခေတ် သိုင်းလောကထဲမှာ ငါ့ပညာကို ယှဉ်နိုင်တဲ့လူ သိပ်မရှိဘူးကွ၊ ဒါပေမယ့် ငါ့ပညာအမွေကို ဆက်ခံမယ့်တပည့်လဲ မရှိပြန်ဘူး၊ငါ့ပညာတွေဟာ အချည်းနှီး တိမ်ကောရမယ့် အခြေအနေမျိုး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့၏ ပြတင်းတံခါးဝ၌ တစ်စုံတစ်ခု ရိုပ်ခနဲ ဖြတ်သန်းသွားရာ အဘိုးအိုက လျှပ်တစ်ပြက် ဖမ်းဆွဲလိုက်လေ၏။

သူ့လက်ထဲ၌ အလွန်တရာ ကြီးမားသော လင်းဆွဲကြီး တစ်ကောင် ပါလာ၏။

အဘိုးအိုသည် ရယ်မောရင်း လင်းဆွဲကြီးကို လေထဲ မြှောက်တင်ပေးလိုက်လေ၏။

ဆန်ကွမ်းချီက တအံ့တသြ ချီးကျူးလိုက်လေ၏။

"ဆရာကြီးပညာကတော့ အံ့မခန်းပါပဲဗျာ၊ လင်းဆွဲတွေဟာ သိပ်မြန်တယ်၊ သူ့ကိုတောင် ဆရာကြီး မိအောင် ဖမ်းနိုင်တယ်နော်"

အဘိုးအိုက ရယ်ရင်း....

"ဒါတွေက အသေးအဖွဲ့တွေပါကွာ၊ မင်းကို ငါ့ပညာတွေ သင်ပေးမယ်ကွ၊ ဒီဇှက်ဖမ်းတာလောက်တော့ မျက်စိမှိတ်ပြီး လုပ်နိုင်ပါတယ်"

ဆန်ကွမ်းချီက ခါးခါးသီးသီး ငြင်းလေ၏။



"ဆရာကြီးရဲ့ ပညာကိုတော့ ကျွန်တော် လေးစားပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်ကတော့ ဒီပညာတွေကို မသင်ချင်ပါဘူး"

အဘိုးအို၏အော်သံသည် မိုးခြိမ်းသကဲ့သို့ထွက်ပေါ်လာလေ၏။

"မင်း ဘာစကားပြောတာလဲ၊ မင်းက ငါ့ပညာကို အထင်သေးနေသလားကွ"

သူသည် ဆန်ကွမ်းချီကို မကျေမချမ်း ကြည့်လိုက်ပြီး ဆက်ပြော၏။

"ငါ့ဆီမှာ တပည့်ခံချင်တဲ့လူတွေ အများကြီးပဲရှိတယ်၊ အဲဒီလူတွေကို ငါက တပည့်အဖြစ် လက်မခံချင်ဘူး၊ မင်းက ငါ့ဆီမှာ တပည့်မခံချင်ဘူးလား"

ဆန်ကွမ်းချီသည် အဘိုးအို၏ ဒေါသကို မည်သို့ချေဖျက်ရမည်မှန်း မသိဘဲ ဖြစ်နေ၏။ သူသည် အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းရန် ထွက်လမ်းရှာလိုက်၏။

အဘိုးအိုသည် ဆန်ကွမ်းချီ၏ လက်ကောက်ဝတ်ကို လျှပ်တပြက် ဖမ်းကိုင်လိုက်ရာ ဆန်ကွမ်းချီမှာ ထိုကျဉ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှန်းကန်ကြည့်၏။ ရှန်းကန်လေ ပြုတ်တူဖြင့် ညှပ်သကဲ့သို့ နာလေဖြစ်သဖြင့် နောက်ဆုံး လုံးဝမရှန်းရဲတော့ပေ။

"ငါနေတဲ့နေရာကို အင်မတန် လူသူ အရောက်အပေါက်နည်းတယ်၊ လာချင်သလို လာပြီး ပြန်ချင်သလို ပြန်လို့ရမယ် ထင်ရင် မင်းမှားပြီ"

အဘိုးအို၏ ခြိမ်းခြောက်စကားကို ကြားလိုက်ရသောအခါ ဆန်ကွမ်းချီ မခံချင်စိတ် ပေါ်လာ၏။

"ကျွန်တော်က ဆရာကြီးဆီ ကျွန်တော့်သဘောနဲ့ ကျွန်တော် လာတာမှမဟုတ်ဘဲ၊ ဆရာကြီးခေါ်လို့ လာခဲ့တာပဲဗျ"

အဘိုးကြီးက တဟားဟား ရယ်နေ၏။

"ငါဟာ ဒီကျောင်းပျက်ထဲမှာ နှစ်ပေါင်းများစွာ သိုင်းပညာ လေ့ကျင့်ခဲ့တယ်ကွ၊ ငါ အင်မတန် ကြိုးစားခဲ့တယ်၊ ဒါကြောင့် မင်းသာ ငါ့ဆီမှာ တပည့်ခံပြီး ပညာသင်မယ်



ဆိုရင် ဆယ်နှစ်အတွင်း သိုင်းလောကမှာ အကျော်ကြားဆုံး သိုင်းသမားတစ်ယောက် ဖြစ်သွားစေရမယ်"

ဆန်ကွမ်းချီသည် နဖူးမှ ချွေးသီးချွေးပေါက်များ စီးကျလာ၏။ အဘယ်ကြောင့်ဆိုသော်....

အဘိုးအို၏ ဖိညှစ်အားကြောင့် သူ့တစ်ကိုယ်လုံး ထုံကျဉ်လာသောကြောင့်တည်း။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

တဝည့်

ထို့ကြောင့် အဘိုးအို၏ စကားများကို နားထဲ၌ ကြား တစ်ချက် မကြားတစ်ချက် ဖြစ်နေရတော့သည်။

အဘိုးအိုက ရယ်ရင်းမေးသည်။

"ဟော့....မင်း ဘယ့်နှယ် တုံ့ကျိဘာဝေ ငြိမ်နေရတာလဲ။ ငါ ပြောတာ မကြားလို့လား"

ဆန်ကွမ်းချီ မည်သို့မျှ မပြောနိုင်ပေ။

အဘိုးအိုသည် ဆန်ကွမ်းချီ၏ ထမ်းလိမ် သွေးကြောနှင့် ရှမ်ကျိုး သွေးကြောကို တို့ပိတ်လိုက်၏။ ဆန်ကွမ်းချီ လဲကျ သွားတော့၏။



သို့သော်....

ဆန်ကွမ်းချီအနေဖြင့် စကားပြောနိုင်သေးသည်။ သူသည် လဲကျနေရာမှ မခံချိမခံသာ လှမ်းအော်လိုက်၏။

"ဆရာကြီး၊ ခင်ဗျားရဲ့ သိုင်းပညာ ဘယ်လောက်ပဲ ကောင်းကောင်းဗျာ၊ ခုလို အနိုင်ကျင့် သင်ခိုင်းတာတော့ ဘယ်တော့မှ မသင်ဘူးဗျ"

အဘိုးအိုသည် ထိုစကားကြောင့် လောင်မီးကျသကဲ့သို့ ဒေါသထွက်လာလေ၏။

"ကောင်လေး....မင်း ဘာစကားပြောတာလဲ၊ ခုချက်ချင်း သေသွားမယ် သိရဲ့လား"

"သေသေဗျာ၊ ဆရာကြီး မကျေနပ်ရင် သတ်လိုက်၊ သေရဲ ယ်ဗျ"

သူသည် အဘိုးအိုကို လိုက်ကြည့်နေခဲ့သည်။

အဘိုးအိုသည် သူ့အနီးမှ ခုန်ဆွခုန်ဆွ ထွက်သွားပြီး မကြွေး ထောင့်တစ်နေရာ၌ သွားတိုင်နေသည်။

ရှိနေခဲ့ မိုးခြစ်သံ ကြားရပြီးနောက် အခန်းထဲ၌ ဖယောင်း မီး လင်းပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဤ၊ ဖယောင်းတိုင်မီးသည် အဘိုးအိုအနေဖြင့် ပထမဆုံး တွန်းညှိသောမီးပင် ဖြစ်သည်။ သူ့တစ်ယောက် တည်းအနေဖြင့် အမှောင်ထဲ နေထိုင်သည့်အကျင့် ရှိ ဖြစ်နေသည်။

သူ၏ရင်ခွင်ထဲ၌ တစ်ပေပတ်လည်ခန့် ရှိသော သေတ္တာ နက်ကလေးတစ်လုံး ရှိနေသည်။ သူသည် ထိုသေတ္တာန ကလေးကို ယုယစွာ ပွေ့ပိုက်ထား၏။

သို့သော်....

အဘိုးအို၏ မျက်ဝန်းအိမ်မှ မျက်ရည်များ ယိုစီးကျ ခြင်းက ဆန်ကွမ်းချိအား အကြီးအကျယ် အံ့သြသွားစေ သည်။

"ဟင်....ဘယ်လိုဖြစ်သွားရတာလဲ၊ စောစောကတော့ သူ့ဆီကသိုင်းပညာ မသင်ရကောင်းလားဆိုပြီး ငါ့ကို အကြီး အကျယ် ဒေါသထွက်နေတယ်၊ အခုကျတော့လဲ ငိုနေပြ ပြီ၊ ဒီလိုမြင်ရတော့လဲ သနားစရာပါပဲလား"

ဆန်ကွမ်းချိသည် အဘိုးအိုက သူ့အား အကြောင်း ထားခြင်းအတွက် ဒေါသ မထွက်နိုင်တော့ပါ။



"ဆရာကြီး....ဘာတွေများ ဝမ်းနည်းနေတာလဲ ဆရာ ကြီးရယ်"

ဆန်ကွမ်းချိက ကြင်နာစွာ မေးမြန်းမိသည်။

အဘိုးအိုသည် ခန်းမထဲ၌ သူ့တစ်ယောက်တည်း ရှိနေ သည့်အလား ငိုယိုနေရာမှ ဆန်ကွမ်းချိ၏အသံ ကြားလိုက်ရ သောအခါ အထိတ်တလန့် လှမ်းကြည့်သည်။

သူ့ပုံစံမှာ ဤခန်းမထဲ၌ ဆန်ကွမ်းချိတစ်ယောက် ရှိနေ ခြင်းကို မေ့လျော့ပြီး ငိုနေသည့်ပုံစံမျိုး ဖြစ်နေ၏။

အဘိုးအိုက....

"ဟဲ့....မင်းနဲ့ဘာဆိုင်လို့ ငါ့ကို ဒီမေးခွန်း မေးရတာ လဲ၊ မင်းအနေနဲ့ ဘာမှစွက်ဖက်စရာ မလိုဘူးကွ"

ဆန်ကွမ်းချိသည် မလှုပ်ရှားနိုင်သည့် တိုင် အဘိုးအို အတွက် သူ့ရဲကောင်းကြီးသဖွယ် အာမခံနှာ ခံနေ၏။

"ဆရာကြီး၊ ကျွန်တော်လုပ်ပေးနိုင်တဲ့ကိစ္စဆိုရင် ဖွင့်သာ ပြောပါ၊ ကျွန်တော် အသက်စွန့်ပြီး ဆောင်ရွက်ပေးပါမယ် ဗျာ"

အဘိုးအိုသည် အဝေးသို့ငေးမျှော်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူးကွာ၊ ငါ့ဘဝမှာ သူတစ်ပါးရဲ့ ကူညီမစမှုကို တစ်ကြိမ်တစ်ခါမျှ မခံခဲ့ဖူးဘူးကွ"

စင်စစ် အဘိုးအိုနှင့်ဆန်ကွမ်းချိတို့ စကားပြောနေသည့်ပုံစံမှာ လွန်စွာ ရယ်ဖွယ်ကောင်းသည်။

တစ်ယောက်က အုံ့မခန်းသိုင်းပညာရှင်။

တစ်ယောက်က ထိုသိုင်းပညာရှင်၏အကြောပိတ်ခြင်းကို ခံထားရသူ။

အကြောပိတ်ခံထားရသူက အုံ့မခန်း သိုင်းပညာရှင်ကို ကူညီရန် ပြောနေပေသေးသည်။

အဘိုးအိုသည် ခေါင်းကို ခါယမ်းပစ်လိုက်ပြီး မျက်ရည်များ လွင့်စဉ်သွားစေလိုက်သည်။

ထို့နောက် နူးညံ့သိမ်မွေ့သောလေသံဖြင့် ဆန်ကွမ်းချိအား လှမ်းပြောလေ၏၊

"လူကလေး၊ မင်း တကယ်ကူညီချင်တယ် ဆိုရင်တော့ ငါ့ဘဝစည်းကမ်းကိုဖျက်ပြီး မင်းဆီက အကူအညီ တောင်းယူရတော့မှာပဲကွာ"

"ဟုတ်ကဲ့၊ ဆရာကြီး... အခွင့်ရှိပါ၊ ကျွန်တော် အသက်စွန့်ပြီး ကူညီပါ့မယ်"



အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီလိုကွာ"

အဘိုးအိုသည် ပြောရခက်ဟန်ဖြင့် တုံ့ဆိုင်းသွားလေ၏။

ဆန်ကွမ်းချိသည် မလှုပ်နိုင်ရသည့်အထဲမှ အဘိုးအိုအား ပြန်လှန် အားပေးနေ၏။

"ပြောမှာသာ ပြောပါခင်ဗျာ၊ ကျွန်တော်ဟာ ကတိတစ်လုံးကို အမြဲတမ်း တန်းဖိုးထားတဲ့လူပါ၊ ကူညီမယ်လို့ ကတိပေးပြီးရင် တကယ်တမ်း ကူညီမှာပါခင်ဗျာ"

အဘိုးအိုက စေ့စေ့ကြည့်ပြီး....

"ကောင်းပြီ၊ ငါ့ဆီမှာ တပည့်ခံပြီး ငါ့ပညာတွေ သင်ယူစမ်းပါလို့ ငါ တောင်းပန်ပါတယ်၊ ငါလိုချင်တဲ့အကူအညီ အတော့ ဒါပါပဲ"

ဆန်ကွမ်းချိ ဦးနှောက်ခြောက်သွားသည်။

ဤလိုအကူအညီမျိုး ဖြစ်လိမ့်မည်ဟု လုံးဝ မထင်မှတ်မိပေ။

"ဖြစ်မှဖြစ်ရလေ ဆရာကြီးရာ၊ ဆရာကြီးက ဆရာကြီးရဲ့ ပညာတွေ အတင်းသင်ခိုင်းပြီး ကျွန်တော့်ကို လူသတ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ဆရာကြီးဆီကသိုင်းပညာကို ကျွန်တော် မသင်ပါရစေနဲ့ခင်ဗျာ"

အဘိုးအိုက ခေါင်းညိတ်ရင်း....

"ဒါတော့ဒါပေါ့ကွာ၊ လူလေးယောက်လောက် သတ်ပေးရင် ငါ ကျေနပ်ပါပြီ၊ သိပ်များများသတ်ဖို့ မလိုပါဘူး"

ဆန်ကွမ်းချိုက တွင်တွင် ခေါင်းခါလေ၏။

"မဖြစ်နိုင်ပါဘူးဗျာ၊ ကျွန်တော် လူတစ်ယောက်မှ မသတ်ဖူးသေးဘူးဗျ၊ နောက်လဲ မသတ်ချင်ဘူး"

"ဒါဖြင့် ထက်ဝက်ကွာ၊ နှစ်ယောက်ပဲ သတ်ပေးပါ၊ ဒါဆိုရင် ငါ့သိုင်းပညာ သင်ယူလို့ဖြစ်ပါပြီ"

"ဟင့်အင်း....ကျွန်တော် မသတ်နိုင်ဘူး"

"ဒါဖြင့်ရင် ထက်ဝက် လျှော့မယ်ကွာ၊ မင်း သတ်ပေးမယ် မဟုတ်လား"

"ဟာ....မဖြစ်နိုင်ဘူး၊ ကျွန်တော်နဲ့ ဘာရန်ငြိုးမှမရှိဘဲနဲ့ ဦးစွာ၊ ဘာဖြစ်လို့သတ်ရမှာလဲ"



အဘိုးအိုက တိုးလျှိုးတောင်းပန်နေ၏။

"တစ်ယောက်တည်းသတ်ခိုင်းတာတောင် မင်း ငြင်းရက်သလားကွာ"

ဆန်ကွမ်းချိုက တွင်တွင်ကြီး ခေါင်းကိုခါယမ်းသည်။

"မဖြစ်နိုင်ဘူးဗျာ၊ ကျွန်တော်က သိုင်းလောကသားဖြစ်ဖို့ မှန်ပေမယ့် လူသတ်တဲ့သိုင်းသမား မဟုတ်ဘူးဗျ၊ လူ့အသက်တစ်ချောင်းဆိုတာ ရခဲပါတယ်ခင်ဗျာ"

အဘိုးအိုသည် သူ့ သေတ္တာနက်ကလေးကို ကြမ်းပြင်ပေါ်သို့ ပြန်ချပြီးနောက် ဆန်ကွမ်းချိုအနီးသို့ လျှောက်လာခဲ့ ခုန်ဝင်လာလေ၏။

"ကောင်လေး....ငါက ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်၊ မင်းက ငါ့ကို ကောင်းကောင်းမွန်မွန် မဆက်ဆံဘူး၊ မင်း အတော်သေချင်နေပြီလား"

ဆန်ကွမ်းချိုသည် အဘိုးအို ဒေါသထွက်လာသည်ကို သိရှိလိုက်သဖြင့် အနောက်ကလေး ကြောက်လန့်မိသည်။

သို့သော် မရဲသော်လည်း ပြေးခဲ့စေဆိုသည့် သဘောမျိုးဖြင့် ခပ်တည်တည် ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဆရာကြီးကို ကောင်းကောင်းမွန်း... ဆက်ဆံနေတာပဲ၊ ကျွန်တော့်စကားထဲမှာ ရိုင်းပျတဲ့စကား... တစ်ခွန်း ပါသလား"

"ဟော့ကောင်"

အဘိုးအိုသည် ဒေါသကြောင့် အသံများပင် တုန်... သည်။

"ငါ့ဆီမှာ ပညာသင်ချင်တဲ့လူ ဒုနဲ့ဒေးကွ၊ တစ်သက်... ကျွန်ခံပြီး ပညာသင်ချင်တဲ့ လူတွေတောင် ရှိသေးတ... ပညာရှာ ပမာသူဖုန်းစားဆိုတဲ့စကားကို မင်း မကြားဖူး... လား....

"ငါက စေတနာနဲ့ ငါတတ်ထားတဲ့ပညာတွေ သင်ပေး... ပါ့မယ်ဆိုတာတောင် မင်းက မာနကြီးတစ်ခွဲသားနဲ့ ငြ... ပယ်နေရသေးသလားကွ"

ဆန်ကွမ်းချိုက ကြန့်ကြာမပျက် ပြန်ပြောသည်။

"အခု ဆရာကြီး ကျွန်တော့်အပေါ် ပြုမူနေပုံက ... ကားခြင်း တစ်မျိုးပဲဗျ၊ အနိုင်ကျင့်ပြီး သိုင်းပညာသင်ခိုင်း... တာပဲ၊ မသင်ဘူးဗျာ၊ မသင်ဘူး"

အဘိုးအိုသည် မျက်လုံးပြူးသွားလေ၏။



"အာဂကောင်လေး....သူ့ကို သတ်ပစ်နိုင်တဲ့လူကိုတောင် သူကများ ခပ်မာမာပြန်ပြောနေရတယ်ရှိသေးတယ်၊ ဟင်း.... ဒီလိုကောင်လေးမျိုးက တစ်သောင်းမှာ တစ်ယောက်မရှိဘူး၊ ငါ့ပညာတွေကို တကယ်တမ်း လက်ကုန်လွှဲယူနိုင်မယ့်ကောင် မျိုးက သူလိုလူမျိုးပဲဖြစ်မယ်"

အဘိုးအိုသည် အတွေးစကို ဖြတ်လိုက်ပြီးနောက်....

"ဟော့ကောင်ကလေး....မင်း ငါ့ကိုစိတ်ဆိုးအောင် တမင် လုပ်နေတာလား၊ ငါ စိတ်ဆိုးလာရင် မင်းသေမယ်နော်"

ဆန်ကွမ်းချိုသည် နှုတ်ပိတ်ပြီး စောင့်ကြည့်နေ၏။

အဘိုးအိုက တဟားဟားရယ်ပြီး....

"ကောင်ကလေး၊ ငါလုပ်ချင်ရင် ဘာမဆို လုပ်တာပဲကွ၊ ငါ့ကို ဘယ်သူမှ တားလို့မရဘူး၊ ငါက မင်းကို ပညာသင် ပေးမယ်ဆိုရင် မဖြစ်မနေ သင်ပေးမှာပဲ၊ ငါ့စကားကို မင်း နားမထောင်ရင် မလွယ်ဘူးမှတ်ပါ၊ ကောင်းကောင်းကြီး အနှိပ်စက်ခံရမယ်ကွ၊ သိရဲ့လား"

ဆန်ကွမ်းချိုက ခပ်မာမာပင် ပြောလေ၏။

"မသင်ဘူးဗျာ....မသင်ဘူး၊ ဒါပဲပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒီလိုစိန်ခေါ်ရင် ငါကလဲ ပြန်ပြီး စိန်ခေါ်ရမှာပေါ့၊ မင်းရဲ့ ထိုက်ယန်၊ ထိုက်ယင်၊ ရှောင်ယန်၊ ရှောင်ယင် အကြောလေးနေ့ရာကို ပိတ်ပေးလိုက်မယ်၊ အကြောမကြီးသုံးခုကိုလဲ ပိတ်ပေးမယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ၊ မင်းရဲ့ တုတော့မှုက်သွေးကြောကြီးကိုလဲ ပိတ်လိုက်ဦးမယ်၊ ကဲ...မင်းမှ ဒုက္ခိတဘဝမရောက်ရင် ဘယ်သူ ဒုက္ခိတဘဝရောက်မှာလဲကွာ"

ဆန်ကွမ်းချီသည် ကြောက်လန့်သွားမိသော်လည်း သူ၏ အစော်ကားမခံနိုင်သော ဗီဇစိတ်ကြောင့် ခပ်တင်းတင်းမင် ပြန်ပြောလေ၏။

"ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား၊ ဒီလို ခြိမ်းခြောက်လို့ ဘယ်တော့မှ မကြောက်ဘူးဗျ၊ ခင်ဗျား လုပ်ရဲရင် ခုပဲလုပ်လိုက်ပါ၊ လူဆိုတာ တစ်ကြက်မှာ တစ်ခါသေရမှာပဲဗျ၊ နှစ်ခါသေရိုးထုံးစံမရှိဘူး"

ဆန်ကွမ်းချီ၏မျက်လုံးများက သူ၏ရဲရင့်မှုကို ပြန်လည်ထုတ်ဖော်ပြသလာ၏။

အဘိုးအိုက တဟားဟား အော်ရယ်တော့၏။



"မင်းက တကယ်မာနကြီးတဲ့ကောင်ပဲကိုးကွ၊ မင်းစိတ်က ဘယ်လောက်ပဲမာမာ မင်းရဲ့ခန္ဓာကိုယ်ကတော့ သံမဏိလို မမာနိုင်ပါဘူး"

အဘိုးအိုသည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် စောစောကပိတ်မည်ဟု ခြိမ်းခြောက်ထားသည့် အကြောများကို တစ်ခုပြီးတစ်ခု ပိတ်ပစ်တော့၏။

"ဟား...ဟား....ဟား....လောကမှာအဆိုးဆုံးက သေလို့လဲမရ၊ နေလို့လဲမရတဲ့ ဒုက္ခကွ၊ မင်းခန္ဓာကိုယ်ထဲက သွေးတွေ ပြောင်းပြန်စီးအောင် ငါလုပ်ပေးမှာမယ်ကွာ၊ အဲဒီအခါကျမှ ငါ့ကို ဆန့်ကျင်မိတာ မှားလေခြင်းလို့ မင်းနောင်တရသွားစေရမယ်"

အဘိုးအိုသည် ဆန်ကွမ်းချီ၏သွေးများကို ပြောင်းပြန်စီးအောင်ပြုလုပ်တော့သည်။

ဆန်ကွမ်းချီမှာ အကြောများ အပိတ်ခံထားရသျှက်မှ ချွေးများ တဖြိုက်ဖြိုက် ကျလာတော့သည်။

ဆန်ကွမ်းချီမှာ အဘိုးအိုပြောသကဲ့သို့ ကျွန်တော် ဘုံ သတ်ပါတော့ဟု ပြောချင်လောက်အောင် စိတ်ဓာတ်ကျဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် အံကိုတင်းတင်းကြိတ်လျက် မျက်စိမှိတ်လိုက်တော့သည်။

အဘိုးအိုသည် ဆန်ကွမ် ချီ၏ကြိတ်မှိတ်ခံနေမှုကို အလွန်တရာ အံ့သြနေ၏။

"လူကလေး...မင်း ဘယ်လောက်တင်းခံနိုင်မှာလဲ၊ ငါသာ မင်းအကြောတွေကို ပြန်ဖွင့်မပေးရင် တီကောင်ငယ်တွေ ထောင်ပေါင်းများစွာ မင်းခန္ဓာကိုယ်ထဲ ပျံ့နှံ့လျှောက်သွားသလို ခံစားရမယ်"

အဘိုးကြီးသည် ကရုဏာသံပါပါနှင့်စကားပြောလာ၏။ သက်ပြင်းတစ်ချက်ချကာ ဆန်ကွမ်းချီ၏ကျောကို လက်ဝါးဖြင့် လေးငါးချက်ပုတ်လိုက်၏။

ဆန်ကွမ်းချီထံမှ ဟင်းခနဲ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

ဆန်ကွမ်းချီသည် သူ့ သေခရေးရှင်ရေး ကိစ္စကို စကားမပြောဘဲ အဘိုးအို၏ အတိတ်ဘဝကို ပြန်လှန် မေးခွန်းထုတ်တော့သည်။

"ဆရာကြီး၊ ကျွန်တော် သိချင်တာ တစ်ခုရှိတယ်ဗျာ၊ အဲဒါ မေးပါရစေလား"



"မေးကွာ မေး၊ မင်းမသေသေးခင်တော့ မင်းအလိုလိုက်ရမှာပေါ့"

"ဆရာကြီးရဲ့သိုင်းပညာက ပြိုင်ဘက်တော်တော် ကင်းတာပဲ၊ ဘာကြောင့် ဒီကျောင်းအို ကျောင်းပျက်ကြီးထဲမှာ လာပြီး ဘဝ မြှုပ်နေတာလဲဗျာ"

အဘိုး အိုက သက်ပြင်းချလိုက်သည်။

"သိုင်းလောကဆိုတာ အင်မတန် ကျယ်ဝန်းပါတယ်၊ အင်မတန်လဲ အန္တရာယ်များပါတယ်၊ အင်မတန်လဲ ပူလောင်လှပါတယ်၊ ငါခိုလှုံနေတဲ့ ဒီ ကျောင်းအို ကျောင်းပျက်ကတော့ မသားနားပါဘူး၊ ဒါပေမယ့် အေးချမ်းမှုတော့ရှိပါတယ်"

ဆန်ကွမ်းချီက ငြင်းချက်ထုတ်သည်။

"ဟာ...ဆရာကြီးလိုပညာမျိုးနဲ့ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုပါဘူးဗျာ၊ ဆရာကြီးကို နည်းနည်း အန္တရာယ် ပေးမယ့်လူဟာ သူကိုယ်တိုင် အန္တရာယ် တစ်ပွေ့တစ်ပိုက်ကြီးကို ပြန်ယူ ရွားရမှာ သေချာပါတယ်"

အဘိုးအိုသည် ဆန်ကွမ်းချီကို ပြန်မပြောဘဲ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက ဆက်ပြောနေသည်။

"ဆရာကြီးနဲ့ နည်းနည်းပါးပါး စကားပြောပြီးကတည်းက ဆရာကြီးဆီမှာ လူသတ်ချင်စိတ် ရှိနေတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ဆရာကြီးအနေနဲ့ ဘယ်သူတွေကို သတ်ချင်နေတာလဲ၊ ဘယ်နှစ်ယောက်လောက် သတ်ချင်နေတာလဲ"

အဘိုးအိုက ခပ်ဖြည်းဖြည်း ပြော၏။

"နှစ်ဆယ့်ရှစ်ယောက်လောက်ပါပဲကွာ"

"ခင်ဗျာ..."

ဆန်ကွမ်းချိုမှာ ယောင်ယမ်း အော်ဟစ်မိလေတော့၏။

အဘိုးအိုကမူ အဝေးသို့ ငေးမျှော်ကြည့်ပြီးနောက် ခပ်အေးအေးပင် ပြောလေ၏။

"ဘာဖြစ်လို့လဲဆိုတော့အဲဒီလူနှစ်ဆယ့်ရှစ်ယောက်စလုံး ငါ့ရန်သူတွေ ဖြစ်ခဲ့လို့ပါပဲကွာ"

ဆန်ကွမ်းချို လန့်သွားသည်။

နှစ်ဆယ့်ရှစ်ယောက်နှင့် ရန်ငြိုးရှိသည်ဆိုသည့် ကိစ္စမှာ ပေါ့ပေါ့တန်တန် မဟုတ်ပေ။



သို့ဖြင့်....

ဤ အုံမခန်း ထိပ်သီး ဆိုင်းပညာရှင်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံခဲ့သော ထိုရန်သူ နှစ်ဆယ့်ရှစ်ယောက်ကိုလည်း ပေါ့ပေါ့တန်တန် သဘောထား၍ ရမည် မဟုတ်ပါ။

အဘိုးအိုကမူ ဆက်ပြောနေ၏။

"အဲဒီလူတွေနဲ့ ငါဟာ ရန်ငြိုးရန်စ ရှိခဲ့တယ်ကွ၊ သွေးကြွေးက ဘယ်လောက်များသလဲဆိုရင် ပင်လယ်ကြီးလောက်ကိုပဲ များနေခဲ့လို့ပဲကွ၊ သူတို့ကို တစ်ချိန်ချိန်မှာတော့ သတ်ရမယ်၊ မသတ်ရရင် ငါ့ရင်ထဲမှာ ဘယ်လိုမှ ကောင်းနိုင်မယ် မထင်ပါဘူးကွာ၊ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ ဒီနှစ်ဆယ့်ရှစ်ယောက်ကို အကုန် မသတ်နိုင်တောင် တစ်ယောက်ကိုတော့ သတ်ဖြစ်အောင် သတ်ရမယ်ကွ"

ဆန်ကွမ်းချိုသည် သူ့အား ပလွေသံဖြင့် ညှို့မြူ ခေါ်ယူခြင်းအတွက်အနည်းငယ် သဘောပေါက်သလိုဖြစ်လာ၏။

"ဒါ...ဒါဖြင့် ဆရာကြီးက ကျွန်တော့်ကို ပလွေသံနဲ့ ခေါ်ယူခြင်းဟာ ကျွန်တော့်ကို ဆိုင်းပညာ သင်ပေးပြီး ဆရာကြီးရဲ့ ရန်သူတွေကို သတ်ခိုင်းမလို့လားခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

အဘိုးအို၏လက်သည် ရုတ်တရက် မြောက်တက်သွား၏။

ဆန်ကွမ်းချိမှာ သူသေပြီဟု တွက်လိုက်သည်။

သို့သော်....

အဘိုးအို၏လက်သည် လေထဲ မြောက်လျက် တန်းလန်းကြီးသာ ဖြစ်နေသည်။

သူ့ခန္ဓာကိုယ်ပေါ်သို့ ကျမလာပါချေ။

ထိုစဉ် နံနက်ခင်း၏ အလင်းရောင်လည်း ပြတင်းပေါက်မှ ဝင်ရောက်လာခဲ့လေပြီ။

အဘိုးအိုသည် ပြတင်းတံခါးဝသို့ ခုန်ဆွခုန်ဆွဖြင့် ထွက်သွားပြီး ပြတင်းပေါက် ပေါင်ကိုကိုင်၍ အပြင်သို့ ငေးကြည့်နေလေပြီ။

"ဟာ...."

ဆန်ကွမ်းချိ အံ့ဩသွား၏။

အဘယ်ကြောင့်ဆိုသော် အဘိုးအိုသည် ခြေထောက်တစ်ဖက် ပြတ်နေသောကြောင့်တည်း။



မှောင်ထဲ၌ရှိနေစဉ်အခါက အဘိုးအိုက အဘယ်ကြောင့် ခုန်ဆွခုန်ဆွဖြစ်နေခြင်းကို သူ လုံးဝ သဘောမပေါက်ခဲ့ပေ။ ယခု သဘောပေါက်ခဲ့လေပြီ။

"ဪ....လက်စသတ်တော့ သူလဲ ဒုက္ခိတတစ်ယောက်ကိုး၊ ဒီဒဏ်ရာဟာလဲ သူ့ရန်သူတွေကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ဒဏ်ရာ ဖြစ်ပုံရတယ်၊ ဒါကြောင့် သွေးကြွေးဟာ ခင်လယ်ကြီးလောက် ကြီးမားကျယ်ပြန့်တယ်လို့ ပြောတာပဲ ဖြစ်ရမယ်"

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### သိုင်းပညာသင်ရန် သဘောတူကြခြင်း

ထိုသို့ ဆန်ကွမ်းချီ တွေးတောနေစဉ်မှာပင် ဆန်ကွမ်း ၏ အနီးသို့ ပြန်လည် ရောက်ရှိလာပြီး အရေးကြီးသော အကြောတစ်ခုကို ပိတ်လိုက်ခြင်းအားဖြင့် တစ်ကိုယ်လုံး ပုရွက်ဆိတ် အကောင် တစ်သောင်း တရွရွ တက်သကဲ့ သော ဝေဒနာမျိုး ခံစားစေပြန်လေ၏။

အဘိုးအိုက ခပ်အေးအေးပြောသည်။

"မင်း...ဒီဝေဒနာကို ခံနိုင်အောင် ကြိုးစားစမ်းပါကွ မင်းက မင်းကိုယ်မင်း သိပ်အထင်ကြီးနေတာကိုးကွ"



ဆန်ကွမ်းချီသည် အကြောပိတ်ခံထားရသဖြင့် မလှုပ်ရှား င်ရသည့်အထဲ ဆိုးရွားလှသော ဝေဒနာကို ခံစားလိုက်ရ သောအခါ ချွေးသီးချွေးပေါက်များ ကျလာလေ၏။

သူသည် အဘိုးအိုအား မခံချိမခံသာ လှမ်းပြောလေ၏။

"ခင်ဗျား လူယုတ်မာပဲ၊ ကျွန်တော် ခင်ဗျားကို ဘာများ ကွပေးလို့ ကျွန်တော့်ကို ခုလို ညှဉ်းဆဲရတာလဲ"

ထိုစကားကို ကြားရသောအခါ အဘိုးအိုသည် တဟား ား အော်ဟစ် ရယ်မောလေတော့၏။

"ဟုတ်ပြီ...ဟုတ်ပြီ၊ ဒါမှ လူသားဆန်တဲ့ စကားကွ၊ ာစောက မင်းဟာ သူရဲကောင်းဆန်နေတယ်၊ ဘာပဲဖြစ် ေါ့ အနေနဲ့ မင်းကို လူသားပဲဆန်စေချင်တယ်ဟေ့"

ဆန်ကွမ်းချီမှာ စကား ဆက်မပြောနိုင်တော့ဘဲ အဘိုးအို းထားသည့်ဝေဒနာကို ဆက်၍ ခံစားနေရတော့သည်။

အဘိုးအိုသည် ဆန်ကွမ်းချီအား အသေအချာ ငုံ့ကြည့် ၏၊

ဆန်ကွမ်းချီ၏ ဦးခေါင်းပေါ်မှ ချွေးများ ယိုစီးကျနေ ည်ကို ကျေနပ်စွာ စောင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



“လူကလေး၊ မင်း ဝေဒနာ ကောင်းကောင်းကြီး ခံစား နေရပြီကိုး၊ ကောင်းပြီ၊ ငါပြောတဲ့အတိုင်းလုပ်စမ်းပါကွာ၊ မျက်စိကို စုံမှိတ်၊ ထွက်သက်ဝင်သက်အပေါ် စိတ်ကိုစူးစိုက် ထား၊ ဝေဒနာထဲ စိတ်မရောက်စေနဲ့၊ ဝေဒနာကို ဇွတ်အား တင်းပြီး ခုခံမယ်လဲ မကြံနဲ့၊ မင်းထက်တော်တဲ့လူတွေတောင် ဒီဝေဒနာမျိုးကို မခုခံနိုင်ဘူးလူကလေးရ”

ဆန်ကွမ်းချိုသည် မချိမဆံ့ ခံစားနေရသဖြင့် အဘိုးအို ပြောသည့်အတိုင်း လိုက်လုပ်မိသည်။

မှန်သည်။

ဝေဒနာခံစားနေရသည် မှန်သော်လည်း အနည်းငယ် တော့ သက်သာရာရပေသေးသည်။

အဘိုးအိုသည် ဆန်ကွမ်းချို၏မျက်နှာကိုကြည့်၍ ကျေနပ် စွာပြောပြန်၏။

“အေး...ဒီလိုမှပေါ့ကွ၊ ဝေဒနာနဲ့ ပြောတဲ့စကား နားထောင်ရတယ်ကွ၊ ဒါမှလဲ ပြောတဲ့လူ စိတ်ချမ်းသာတော့ မှာပေါ့”

သို့သော်...



အဘိုးအို ဆက်ပြောသည့်စကားကမူ ဆန်ကွမ်းချိုအတွက် ရင်အေးစရာစကား မဟုတ်ခဲ့ပါချေ။

“ဒီစကားပြောလို့ ငါ့ကို ကျေးဇူးတင်မနေနဲ့ဦးကွ၊ ဒီနေ့ ကစပြီး အဲဒီဝေဒနာမျိုး တစ်နေ့လေးကြိမ် ခံစားစေရမယ်၊ ဒီဝေဒနာဟာ ငါက မင်းကို တမင်ပေးတဲ့ ဝေဒနာမဟုတ် ဘူး၊ မင်းဘာသာမင်း ဖိတ်ခေါ်ယူတဲ့ ဝေဒနာပဲ၊ ငါပြောတဲ့ အတိုင်း ငါသင်ပေးမယ့်သိုင်းပညာကို သင်ယူရင် ဒီဝေဒနာ ကို မင်း မခံစားရပါဘူးကွ”

ဆန်ကွမ်းချိုသည် အံကြိတ်ရင်း လှမ်းပြောလေ၏။

“ဒီကိစ္စကို ဆက်မပြောပါနဲ့တော့ဗျာ၊ ကျွန်တော် ခုလို နှိပ်စက်ခံရလေ ဆရာကြီးကို ခွင့်မလွှတ်နိုင်လေဘဲ၊ ကျွန်တော် ကတော့ သေလဲ ဂရုမစိုက်ဘူးဗျ”

ဆန်ကွမ်းချိုက ဆက်ပြော၏။

“ကျွန်တော် တစ်ခုနားမလည်ဘူးဗျ၊ ဆရာကြီးရဲ့ပလွေ သံနဲ့ ကျွန်တော့်အပြင် တခြားတစ်ယောက်ယောက်ကိုလဲ ခေါ်ယူနိုင်တာပဲဗျ၊ ဆရာကြီးလိုလူမျိုးဆီက ပညာကို လိုချင် တဲ့သူတွေ ဒုနဲ့ဒေးပဲဗျာ၊ သူတို့ကိုသင်ပေးပြီး ဆရာကြီးရဲ့ အငြိုးရန်စတွေကို ရှင်းခိုင်းပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ဆန်ကွမ်းချိအား သေချာစွာကြည့်ပြီး ပြ
ပြောသည်။

"ဟ....ငါ့ပညာကို လူတိုင်းကို သင်ပေးလို့မှ မဖြစ်နိုင်တာ
ဘဲကွ၊ သင်ပေးသူကလဲ ထက်မြက်ရမယ်၊ သင်ယူသူကလ
ထက်မြက်ရမယ်၊ မင်းပြောတာက ငှက်ပျောသီး အခွံခွာစာ
ရတာထက် လွယ်နေသေးတယ်၊ ငါ့ပညာ သင်ယူဖို့ကိစ္စ
အဲဒါလောက် မလွယ်ဘူးကွ၊ ဒါဆိုရင် ဘာဖြစ်လို့ မင်းက
အတင်းအကျပ် တပည့်ခံခိုင်းနေရတယ်ဆိုတာ သဘော
ပေါက်လောက်ရောပေါ့ကွာ"

ဆန်ကွမ်းချိသည် ထိုအခါကျမှ အဘိုးအိုက အဘာ
ကြောင့် သူ့အား အတင်းအကျပ် တပည့်ခံခိုင်းနေရခြင်း
သဘောပေါက်လာမိလေ၏။

"ဆရာကြီး၊ ကျွန်တော်ကလဲ ဆရာကြီးရဲ့ပညာကို မသ
ယူချင်လို့ မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်မှာ မူလကို
သင်ဆရာရှိခဲ့ပြီးလို့ပါ၊ ဒါဆိုရင် ဆရာကြီးလဲ သဘော
ပေါက်မယ်လို့ ထင်ပါတယ်"

"ဟ....ဒါ ဆန်းသလားကွ၊ လူတစ်ယောက်ရဲ့ တစ်သ
မှာ ဆရာတစ်ယောက်ပဲရှိရမယ်လို့ မင်းကို ဘယ်သူ
အမိန့် ချထားလို့လဲ"



"လူတစ်ယောက်မှာ ဆရာ နှစ်ယောက် သုံးယောက်
ရှိတာဟာ မဆန်းပါဘူး၊ ဒါပေမယ့် ကိုယ့်ရဲ့ ပထမဆုံး
ဆရာရဲ့ ခွင့်ပြုချက်တော့ ယူသင့်သေးတာပေါ့ ဆရာကြီး"

ဤသို့စကား ပြောမည့်သာပြောနေရသည်။

စင်စစ် ဆန်ကွမ်းချိအဖို့ ဝေဒနာ ခံစားနေရသည်မှာ
မယက်သာလှပါ။

ဦးခေါင်းမှ ချွေးတပြိုက်ပြိုက်ကျနေခြင်းက သူ့ဝေဒနာ
သည်မှုပြင်းထန်ကြောင်း ဖော်ပြနေသည်။

အဘိုးအိုသည် ဆန်ကွမ်းချိကိုကြည့်ပြီး တတွတ်တွတ်
ပြောနေပြန်၏။

"တော်တော်ခေါင်းမာတဲ့ ကောင်လေးပဲ"

အဘိုးအိုသည် ဆန်ကွမ်းချိ၏ရင်ဘတ်ကို လက်ဖြင့် ပုတ်
လိုက်၏။

ဆန်ကွမ်းချိ၏ဝေဒနာမှာ ရုတ်ခြည်း ယက်သာသွားပြီး
ချက်ချင်း အိပ်ချင်လာသည်။

နောက်ဆုံး အိပ်ပျော်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီ အိပ်ရာမှနိုးလာသောအခါ နေ အတော်မြင့်နေလေပြီ။

လူထူးလူဆန်း အဘိုးအိုအား လှမ်းကြည့်သောအခါ နံရံ၌ မှီကပ်ထိုင်ပြီး သေတ္တာနက်ကလေးကို ပွေ့ပိုက် ေ ကြည့်နေကြောင်း တွေ့ရလေ၏။

၎င်းအဘိုးအိုသည် အဘယ့်ကြောင့် ဤ လူသူ အရော အပေါက်နည်းလှသော ကျောင်းအိုပျက်ကြီး၌ လာရော ဘဝ ဇာတ်မြှုပ်နေရသနည်း။

ရန်သူများသည် အဘိုးအိုအား အဆက်မပြတ် ခြေရာ နေကြသလော။

အဘိုးအိုသည် ဆန်ကွမ်းချီအား လှမ်းကြည့်လိုက်ပြီး....

"ဩော်....မင်းတောင် အိပ်ရာက နိုးလာပြီကိုး"

အဘိုးအိုသည် သေတ္တာနက်ကလေးကို အောက်သို့ ချလိုက်ပြီး ဆန်ကွမ်းချီရှိရာသို့ လျှပ်တစ်ပြက် ခုန်ဝင်လာပြ သည်။

ဆန်ကွမ်းချီ၏ သတိမေ့စေသောအကြောကို ထပ်မံ ပိတ် လိုက်ရာ ဆန်ကွမ်းချီ ထပ်မံ၍ သတိလစ်သွားလေတော့၏



နောက်တစ်ကြိမ် သတိပြန်ရလာသောအခါ အဘိုးအို သည် သူ့ဘေး၌ လေးနက်စွာ တွေးတောစဉ်းစားနေသည် ကို တွေ့ရပြန်သည်။

အဘိုးအိုက ဆန်ကွမ်းချီကိုကြည့်ပြီး....

"လူကလေး၊ ငါ့ဆီကသိုင်းပညာကို သင်ယူပါကွာ၊ နောက်ပြီး လူတစ်ယောက်ကိုလဲ သတ်ပေးပါ၊ ဒါဆိုရင် မင်း လက်ခံနိုင်လောက်ပါတယ်"

အဘိုးအိုက တကယ်ပင် ချော့ချော့မော့မော့ ပြော လေ၏။ လေသံကလည်း တကယ်ပင် နူးညံ့ပျော့ပျောင်း သည်။

ဆန်ကွမ်းချီ စဉ်းစားရတော့သည်။

"လောကမှာ သိုင်းပညာ သင်ချင်သူတွေ တစ်ပုံကြီး ရှိတယ်၊ အထူးသဖြင့် အခု ဆရာကြီးလို အံ့မခန်းပညာရှင် တွေရဲ့ပညာကို သင်ယူချင်တဲ့လူ ပိုများတယ်၊ ဘာ့ဆီက ပညာသင်ချင်တဲ့သူ ရှိပေမယ့် သူ့ပညာကို ဆက်ခံယူနိုင် လောက်တဲ့အရည်အချင်းရှိသူက ဒီလောက်တောင် ရှားသလား၊ ငါကပဲ သူပြောသလို တကယ်တမ်း အရည်အသွေး ရှိတဲ့လူလား"

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ထိုသို့ တွေးတောပြီးနောက် အဘိုးအိုအား မေးမြန်းခဲ့သည်။

"ဆရာကြီး၊ ကျွန်တော်ကလွဲရင် ဟခြား ဘယ်သူမှ ဆရာကြီးရဲ့ ပညာကို မသင်ယူနိုင်ဘူးလား"

အဘိုးအိုက သက်ပြင်းချလိုက်သည်။

"ငါ့ပလွေသံနောက်ကို လိုက်လာကတည်းကိုက မင်းရဲ့အရည်အချင်းကို ပြနေတယ်၊ မင်းဟာ မာနရှိတယ်၊ သတ္တိရှိတယ်၊ ခံနိုင်ရည်ရှိတယ်၊ မင်းလိုလူမျိုး မရှိဘူးလို့ မဆိုလိုပါဘူး၊ ရှိနိုင်ပါတယ်၊ ဒါပေမယ့် ငါနဲ့တော့ မတွေ့သေးဘူး"

သူက ခေတ္တရပ်နားပြီးမှ ဆက်ပြော၏။

"သိုင်းပညာ သင်တဲ့လူဟာ သံမဏိသစ္စာကို ရင်မှာ ထိန်းသိမ်းထားနိုင်ရမယ်၊ အရည်အသွေး သိပ်ကောင်းတဲ့လူ၊ သိပ်ပါးနပ်တဲ့လူမှာသာ သစ္စာတရားမရှိရင် သိုင်းလောကကြီး တစ်ခုလုံး ဒုက္ခရောက်ချေရပြီပေါ့ကွာ....

"ကောက်ကျစ်သူ သိုင်းပညာ သိပ်ကောင်းရင် လူကောင်းတွေ အများကြီး ဒုက္ခရောက်ရတယ်၊ ဒီလိုလူစားမျိုး



ငါတွေ့ခဲ့ရသပေါ့ကွာ၊ ငါကိုယ်တိုင် ကောင်းကောင်းကြီး အနှိပ်စက်ခံရတာပေါ့"

အဘိုးအိုသည် ပြောရင်း မျက်ရည်များ တသွင်သွင်စီးကျလာလေ၏။

ဆန်ကွမ်းချို၏ ရင်ထဲ၌ နာကျင်သွားသည်။

အဘိုးအို၏စိတ်ရင်းသဘောမှန်ကိုလည်း ယခုမှ သဘောပေါက်သွားသည်။

"ဩော်....ငါက ဒီဆရာကြီးကို အောက်လမ်း သိုင်းသမားကြီးလို့ ထင်ခဲ့တယ်၊ အခုမှ အင်မတန် စိတ်ထားကောင်းမွန် ဖြူစင်တဲ့ အထက်လမ်းဂိုဏ်းသား သိုင်းဆရာကြီးမှန်း သိရတော့တယ်"

သူသည် အတွေးကိုဖြတ်လိုက်ပြီး အဘိုးအိုအား ရင်းနှီးခင်မင်မှုရှိသော လေသံဖြင့် မေးမြန်းလိုက်လေ၏။

"ဆရာကြီးကို နှိပ်စက်ခဲ့တဲ့လူကို ကျွန်တော် သတ်ပေးရမလား"

အဘိုးအိုသည် ဆန်ကွမ်းချို၏မေးခွန်းကြောင့် အံ့သြသော မျက်နှာဖြင့် လှမ်းကြည့်သည်။ ကောင်လေး.... သဘောထားပြောင်းသွားပါပကောဟူသော အကြည့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီက ဆက်ပြောသည်။

"ဆရာကြီး....ဆရာကြီးရဲ့ အငြိုးမပြေတဲ့ရန်သူဟာ ဘယ်သူလဲ ဆိုတာသာ ပြောပါ၊ ကျွန်တော် သတ်ပေးပါ့မယ်"

အဘိုးအိုက လေးနက်စွာ စဉ်းစားနေသည်။

ဆန်ကွမ်းချီက....

"ဆရာကြီး၊ ကျွန်တော်ဟာ ကတိတစ်ခုပေးမိရင် ဘယ်တော့မှ ပျက်ကွက်တဲ့လူ မဟုတ်ပါဘူး၊ ကျွန်တော် လိုက်သတ်ပေးပါ့မယ်၊ အဲဒီလူ မုချသေစေရပါမယ်"

အဘိုးအိုက ခေါင်းခါယမ်းပြီး....

"လူကလေး၊ မင်းရဲ့ မဖြစ်စလောက် သိုင်းပညာလေးနဲ့ ဒီရန်သူကြီးကို ဘယ်လို သတ်နိုင်မှာလဲ၊ ငါက လူမိုက်ကို လွယ်လွယ်ကလေးတွေးပြီး မင်းကို သတ်ခိုင်းရမှာလား"

ဆန်ကွမ်းချီသည် အဘိုးအို၏ ပညာစွမ်းနှင့် နှိုင်းယှဉ်ပြီးနောက် အဘိုးအို၏ ရန်သူကို ခန့်မှန်းမိလာ၏။

မိမိက ကတိပေးပြီးနောက် ထိုရန်သူကြီးကို မသတ်နိုင်လျှင် မိမိကပင် ကတိပျက်ရပေတော့မည်။



ထိုစဉ် အဘိုးအိုက စကားပြောလာလေ၏။

"ကောင်းပြီ၊ ငါ့ဆုံးဖြတ်ချက်ကိုပြင်လိုက်ပြီ၊ အခု မင်းကို ပိတ်ထားတဲ့ အကြောတွေကို ဖွင့်ပေးမယ်၊ ငါ့ဆီက သိုင်းပညာသင်ဖို့အတွက် လူတစ်ယောက်ကို သတ်ပေးရမယ်ဆိုတဲ့ စည်းကမ်းချက်လဲ မထားတော့ဘူး၊ ဒါဆိုရင်တော့ မင်းအနေနဲ့ ငါ့ဆီက ပညာကို သင်ယူနိုင်ကောင်းပါတယ်ကွာ"

ဆန်ကွမ်းချီသည် အဘိုးအို၏အတိတ်ဘဝ တစ်စွန်းတစ်စကို ရိပ်မိပြီး၍တစ်ကြောင်း၊ အဘိုးအိုသည် သစ္စာ ဘက်တော်သား အထက်ဂိုဏ်းသမားကြီးဖြစ်သည်ကို သိလိုက်ရ၍ တစ်ကြောင်း၊ အဘိုးအိုထံမှ ပညာကိုကြိုးစားသင်ယူရန် လွယ်ကူစွာပင် ဆုံးဖြတ်နိုင်ခဲ့ပေသည်။

ဆန်ကွမ်းချီက ခေါင်းညိတ်ပြီး....

"ဟုတ်ကဲ့၊ ဆရာကြီးဆီက ပညာကို ကျွန်တော် ကြိုးစားသင်ယူပါ့မယ် ခင်ဗျာ"

အဘိုးအိုသည် ဆန်ကွမ်းချီ၏ ရင်ဘတ်ရှိ အကြောများကို ပုတ်ပေးလိုက်ရာ မကြာမီပင် ဆန်ကွမ်းချီ ထသိုင်နိုင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကလေး၊ သွေးသွားသွေးလာ ကောင်းသွားအောင် အတွင်းအားကျင့်စဉ် ကျင့်လိုက်ပါလား၊ ဒါမှမဟုတ် သိုင်းသုံးလေးကွက်လောက် ကစားလိုက်ပါလား"

ဆန်ကွမ်းချိသည် အဘိုးအို ပြောသည့်အတိုင်း အတွင်းအားကျင့်စဉ် ကျင့်လိုက်၏။

သူ့ခန္ဓာကိုယ်အတွင်းရှိ သွေးသွားသွေးလာ ကောင်းသွားသောအခါမှ ကျင့်စဉ်ကို ရပ်ဆိုင်းလိုက်သည်။

အဘိုးအိုက....

"လူကလေး၊ ငါ့မှာ ရှိရှိသမျှ ပညာအားလုံး မင်းကို သင်ပေးမယ်လို့ ငါ ဆုံးဖြတ်ပြီးပြီ၊ ဒီကနေ့ကစပြီး မင်း အပြင်ထွက်နိုင်ပြီ၊ တစ်ကြိမ်ထွက်ရင် သုံးနာရီထက် မကြာချင်တော့ အကောင်းဆုံးပဲ၊ သစ်တောထဲမှာ အစာရှာပါ၊ ပြန်လာတဲ့အခါလဲ သယ်ဆောင်ခဲ့ပါ"

ဆန်ကွမ်းချိသည် အဘိုးအိုကိုဦးညွှတ်ဂါရဝပြုပြီးနောက် ပြတင်းပေါက်မှ လွှားခနဲ ခုန်ဆင်းသွားခဲ့တော့သည်။

အေးနွေးတ်ဆတ်သော လေကို ရှူရှိုက် လိုက်ရသဖြင့် ဆန်ကွမ်းချိသည် ပို၍လန်းဆန်းသွားလေ၏။



သူသည် မြင့်မားသော လှေကားထစ်များပေါ်မှ ပြေးမဆင်းမီ လှည့်ခုန်ထွက်လာခဲ့သည့် ပြတင်းပေါက်သို့ လှည့်ကြည့်မိသည်။

ပြတင်းပေါက်၌ ရပ်၍ အဝေးသို့ ငေးမျှော်နေသည့် အဘိုးအိုကို သူတွေ့လိုက်ရသည်။

အဘိုးအို၏ လက်ထဲ၌ အနက်ရောင် သေတ္တာကလေးကို တွေ့မြင်ရဆဲရှိသည်။

ထိုသေတ္တာပေါ်၌ ပလွေတံကို တင်ထား၏။

ဆန်ကွမ်းချိသည် သူ့အား အဘိုးအို ကြည့်မနေကြောင်း သိလိုက်ရသည်။

အဘိုးအိုအနေဖြင့် မည်သည့် အကြောင်းအရာများကို တွေးနေ ဆွေးနေကြောင်း သူလည်း မတွေးနိုင်ဘဲ ရှိသည်။

သူသည် ကျောက်လှေကားထစ်များပေါ်မှ ဖြည်းညင်းစွာ ဆင်းလာမိသည်။

ထိုသို့ဆင်းသက်နေချိန်၌ သူ့ မျက်စိထဲဝယ် ဂိုဏ်းတူ ဦးလေး လေးယောက် သေဆုံးရပုံ၊ တပည့်ရှစ်ယောက် သေ

www.burmeseclassic.com



ဆုံးရပုံ၊ သူလျှိုဂိုဏ်းသားလေးယောက် ပြေးထွက်သွားပုံဟို့ကို ပြန်လည် မြင်ယောင်နေမိသည်။

သူ့အနေနှင့် ထိုဇရပ်သို့ပြန်သွားပြီး အလောင်းများကို ပြန်လည် စစ်ဆေးကြည့်ချင်သေးသည်။

သို့သော်....

ထိုသို့ တစ်ကြိမ် သွားရောက်စစ်ဆေးခြင်းဖြင့် မည်သို့မျှ အကြောင်းမထူးနိုင်ကြောင်း စဉ်းစားမိသဖြင့် ထိုအကြံကို ပယ်ဖျက်လိုက်ရသည်။

သစ်တောကြီးအတွင်းဝယ် စားကောင်းမည့် အသီးအနှံများကို ရှာဖွေရသည့်လုပ်ငန်းမှာ မခက်ခဲလှပါ။

ဆန်ကွမ်းချီသည် သူ၏ဆရာသခင်နှင့် တောတောင်အနှံ့ လျှောက်သွားခဲ့သူဖြစ်၍ စားကောင်းသည့်အသီးနှင့် မစားကောင်းသည့်အသီးကို ကောင်းစွာ ခွဲခြားတတ်ခဲ့ပြီးလေပြီ။

သူသည် သူစားနိုင်သမျှ စားသောက်ပြီး အချို့သော အသီးအနှံများကို လူထူးလူဆန်း အဘိုးအို စားသောက်နိုင်ရန် ကျောင်းအိုပျက်ကြီးဆီသို့ သယ်ဆောင်လာခဲ့လေ၏။



သူသည် သုံးနာရီခန့်ထက် ပိုမကြာစေရန် ဂရုစိုက်သည်။ အချိန်မလေးစားခြင်းအတွက် အဘိုးအို စိတ်ဆိုးမည်ကို ကြောက်ရွံ့မိသည်။

တောကြီး၏ ရှစ်မိုင်ပတ်လည်ခန့်အတွင်း သစ်သီးဝလံ ရှာဖွေရာတွင် လူသွားလမ်းဟူ၍လည်း လုံးဝ မတွေ့ရသည့်အပြင် ထင်းခုတ်သမား ဟူ၍လည်း တစ်ယောက်မျှ မတွေ့ခဲ့ရချေ။

သို့သော်....

အဘိုးအို၏ ဘုရားကျောင်းပျက်ဆီသို့မူ လွယ်လွယ်ကူကူ လျှောက်လှမ်းလာနိုင်ခဲ့ပေသည်။

ကျောက်လှေကားကြီးပေါ်သို့ မတက်မီ ကျောင်းအိုပျက်ကြီး၏ ပြတင်းပေါက်ဆီသို့ မော့ကြည့်လိုက်ရာ အဘိုးအို မေးမော့နေသည်ကို တွေ့နေရသည်။

သူသည် အောက်ထပ်လှေကားမှ အထက်သို့ တက်သည်။

“လူကလေး....မင်းပြန်လာပြီလား”

“ဟုတ်ကဲ့၊ ပြန်လာခဲ့ပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် အခန်းထောင့် တစ်နေရာ၌ သစ်သီးဝလံများကို ချထားလိုက်၏။

"လူကလေး၊ ဒီနေ့ ဘာနေ့ဘာရက်လဲ"

"ရှစ်လပိုင်း ဆယ့်တစ်ရက်ပါ ဆရာကြီး"

အဘိုးအိုသည် နှုတ်ဆိတ်သွား၏။

ဆန်ကွမ်းချိုကို ဆက်၍ စကားမပြောတော့ပေ။

ဆန်ကွမ်းချိုသည် သူ ချထားသည့် သစ်သီးဝလံပုံကြီး၏ ဘေး၌ ထိုင်ချပြီး အဘိုးအိုကို စောင့်ကြည့်နေသည်။

အတန်ကြာသည်အထိ အဘိုးအိုက စကားမပြောပေ။

ဆန်ကွမ်းချို မစောင့်နိုင်တော့ပေ။

"ဆရာကြီး....ကျွန်တော် ဘယ်တော့လောက် စပြီး ပညာသင်ရမှာလဲ"

"ဟင်"

သူ့စကားကို အဘိုးအိုမကြားသဖြင့် ဆန်ကွမ်းချို စိတ်ပျက်သွားသည်။



အဘိုးအို ဘာတွေ တွေးနေပါလိမ့်။

"ကျွန်တော် ဆိုင်းပညာတက်ဖို့ကိစ္စကို ပြောနေတာပါ"

"တက်တာပေါ့ကွာ၊ ဘာဖြစ်လို့ ဒီလောက် လောနေရတာလဲ"

"မလောပါဘူး ဆရာကြီး၊ သိချင်လို့ မေးကြည့်တာပါ"

"ဒီမှာလူကလေး...ဘယ်ပညာကိုမှ လွယ်လွယ်ကူကူ မရဘူးကွယ့်၊ တကယ်လေးနက်တဲ့ပညာကို ရယူချင်ရင် တန်ဖိုးက ပိုကြီးတယ်၊ အခု လူကလေးကို ငါ ပညာသင်ပေးဖို့ ဆုံးဖြတ်လိုက်တာက မင်းရဲ့မာနနဲ့စိတ်ဓာတ်ကို ကြိုက်လို့ပဲ၊ အခု မင်းကို ပညာသင်မပေးခင် ဒီတောထဲတောင်ထဲ လွတ်လပ်စွာ အနားယူခွင့်ပေးဖို့ ငါ ဆုံးဖြတ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဆီမှာ ဆိုင်းပညာတက်ပြီဆိုရင် မင်းအဖို့ အနားချိန်ရှိမှာ မဟုတ်တော့လို့ပဲ"

အဘိုးအိုသည် ပြတင်းပေါက်မှ အပြင်သို့ ငေးမော ကြည့်ရှုရင်း ဆက်ပြောနေ၏။

"မင်းကို ငါ့ရဲ့ဆိုင်းပညာတွေ သင်ကြားပေးပြီးပြီ ဆိုပါတော့၊ အဲဒီဆိုင်းပညာတွေကို ပြန်လှန်လေ့ကျင့်ချိန်တွေ ရှိရမယ်၊ ကဲ....မင်းမှာနားဖို့ ဘယ်အချိန်ရှိတော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



[မကြေညက်သော အစာသည် စားသူအတွ
အဆိပ်ဖြစ်၏။ အလေ့အကျင့်မလုပ်သူအတွက် တ
မြောက်ထားသည့်ပညာသည် အဆိပ်ဖြစ်၏။]

ထိုသဘောတရားကိုနားလည်ရန် အတိုးအိုသည် ကွမ်းချီအား ဆုံးမရှင်းပြနေခြင်း ဖြစ်ပေသည်။

တို့ပြင် သူ၏သိုင်းပညာကို သင်ကြားပေးခြင်းမပြုမီ ဆ ကွမ်းချီအား အနားယူစေလိုသည့် စေတနာရှိခြင်းကြော လည်း ဤမျှ ရှည်ရှည်ဝေးဝေး ပြောပြနေခြင်း ဖြစ်ပေသည်။

“လူကလေး....မင်းကို ဆယ့်သုံးရက်နေ့မှာ သိုင်းပညာ သင်ပေးမယ်၊ အခုအချိန်မှာတော့ မင်းအနေနဲ့ ကြိုက်သ လွတ်လွတ်လပ်လပ်နေပေါ့၊ တောလဲတောင်ထဲ လျှောက်သွ ပါ”

ဆန်ကွမ်းချီသည် အတိုးအိုအား မည်သည့်စကား မပြောတော့ဘဲဦးညွှတ်ဂါရဝပြုလျက် အပေါ်ထပ်မှအော ထပ်သို့ ဆင်းသက်လာတော့သည်။

သူသည် ကျောက်လှေကားထစ်၏အထက်နား၌ထိုင်ရင် ကျောင်းပျက်ကြီးကို ပြန်လည်လေ့လာမိသည်။



“ဒီလောက် တောခေါင်ခေါင်နေရာကြီးထဲမှာ ဘယ်လို ပြီး ဒီကျောင်းဆောင်သုံးဆောင်ကို လာဆောက်ထား လဲမသိဘူး၊ တရားကျင့်တဲ့ဘုန်းကြီးတွေ ဆောက်လုပ်ထား ကပေါ့ ဟုတ်ပါပြီ၊ သူတို့ချန်ထားပစ်ခဲ့တဲ့ တရားကျမ်း တွေ သိုင်းကျမ်းတွေ ဘယ်ရောက်ကုန်သလဲ၊ နှစ်ပရိစ္ဆေဒ ာမြင့်လို့များ ပျက်စီးသွားကုန်ပြီလားမသိဘူး”

ဘုရားကျောင်းပျက်ကြီးမှာ အတော်ကလေး ယိုယွင်းနေ ဖြစ်၍ အထဲ၌ရှိသောကျမ်းအမျိုးမျိုးလည်း အမှန်တကယ် င် ပျက်စီးသွားလောက်ပါချေပြီ။

ကျောင်းပျက်၏နံရံ၌ နွယ်ပင်များရစ်ခွေတက်ရောက်ရှိနေ

သစ်ပင်ဝါးပင်၊ ချုံနွယ်ပင်များ လုံးဝဝါးမျိုသွားခြင်း ခြင်းက ဤကျောင်းပျက်အိုကြီးအတွက် ကံကောင်းခြင်း ပ်ရပ်ဟု ဆိုနိုင်ပေသေး၏။

ဤကျောင်းပျက်ကြီး၏ကံကောင်းခြင်းသည်သူကံကောင်း င်းနှင့် ဆက်စပ်နေသလားဟုပင် ဆန်ကွမ်းချီ တွေးသော ၏။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်းမဖြစ်လျှင် ကံဆိုးခြင်းပင် ဖြစ်ရမည်ဟု ယူဆ၍တွေး၏။

"ကဲ....တွေးနေရင် စိတ်မောစရာတွေ တွေ့လာမယ်။ အနားယူချိန်ရတုန်း တောထဲလျှောက်လည်တာ ကောင်းတယ်"

ဆန်ကွမ်းချီသည် ကျောက်လှေကားကြီးအထက်မှ ကျွမ်းနှစ်ပတ်ပစ်လိုက်ရုံဖြင့် မြေပြင်သို့ ရောက်ရှိသွားသည်။

သူသည် တောထဲတောင်ထဲသို့ အောင်ဟစ်မြူးထူး ပြေးဝင်သွားလေတော့၏။

ဤတောကြီးမှာ အလွန်နက်သဖြင့် လျှို မြောင်စိမ့်များ၊ ချောက်ကမ်းပါးများ အလွန်ပေါ၏။

မြေအောက်ဂူများ၊ တောင်နံရံ၌ သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂူကြီးများလည်းရှိသည်။

သူသည် ပေါ့ပေါ့လန်းလန်းသောစိတ်ဖြင့် လှည့်လည်ကြည့်ရှုရင်း လူတစ်ယောက် ချောင်ချောင်ချိချိဝင်နိုင်သော ဂူပေါက်ကြီးတစ်ပေါက်ကို ရုတ်တရက် တွေ့လိုက်ရသည်။



"အင်း....ဒီဂူပေါက်က ကြီးတယ်၊ အထဲဝင်ကြည့်ရင်ကောင်းမယ်"

သူ အထဲဝင်ရန် ဟန်ပြင်စဉ်မှာပင် တခွီးခွီးမြည်သံကြားသဖြင့် နောက်သို့ပြန်ဆုတ်ပြီး သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အခြေတွင်ကပ်၍ ပုန်းနေလိုက်သည်။

မကြာမီ အလွန်တရာကြီးမားသော မျောက်ဝံနှစ်ကောင် ထွက်လာသည်။

"ဟာ....ဒါ မျောက်ဝံတွေနေတဲ့ဂူပဲ"

ဆန်ကွမ်းချီသည် မျောက်ဝံကြီးများ ဂူအနီးမှ ထွက်ခွာသွားသည်ကို စိတ်ရှည်လက်ရှည် စောင့်ကြည့်နေသည်။

ပြီးမှ ဂူထဲသို့ ဝင်လေ၏။

ထိုဂူထဲ၌ ကျွမ်းတစ်ယာညက်ခန့် ဖြတ်သန်းမိသောအခါ တစ်ဖက်မှ အလင်းရောင် ဖြတ်သန်း ဝင်ရောက်လာကြောင်း တွေ့ရ၏။

ထိုဂူကြီးသည်တောင်ကြီး၏အောက်ခြေ၌ တိုးလျှိုပေါက်ပွင့်နေသည့် ဥမင်လမ်းကြီးဖြစ်နေကြောင်း တွေ့ရှိရ၏။

ဂူဝမှထွက်လိုက်သောအခါ အလွန်တရာ မွှေးကြိုင်သောအနံ့များ ရရှိလိုက်၏။ ထိုရနံ့များ မည်သည့်နေရာက ထွက်လာသည်ကိုလည်း ချက်ချင်းပင် တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မွှေးကြိုင်သောရနံ့များ ထွက်နေသည့် အလင်းများမှာ တရုတ် နှင်းသီးပင်များတည်း။

အောက်ခြေ၌ မှည့်ကြွေကျနေသော အသီးများမှာ မွှေးကြိုင်သောရနံ့များ ထွက်နေခြင်းဖြစ်၏။

"ဟာ…ဒီတောထဲ ငါလျှောက်သွားတာ အချိန်အတော်ကြာပြီ၊ ဘယ်နေရာမှာမှ တရုတ်နှင်းသီးပင်ကို မတွေ့ခဲ့ဘူး၊ ဒီနေရာကျမှ ထူးထူးခြားခြား လာပေါက်နေတာပဲ"

သူသည် သစ်ပင်ပေါ်ခုန်တက်ပြီး ရွှန်းစို ဝင်းမှည့်နေသော အသီးနှစ်လုံးကို ဆွတ်ခူး စားသုံးလိုက်၏။

ချိုမြသောအရသာသည် လည်ချောင်းမှ အူတစ်လျှောက်လုံး စီးဆင်းသွား၏။

"အင်း….ဆရာကြီးဟာ သူ့သောကနဲ့သူဆိုတော့ ဒီလိုသစ်သီးတွေလဲ ရှာဖွေစားနေမှာမဟုတ်ဘူး၊ သူ့အတွက် တော်တော်များများ ခူးသွားရမယ်"

* * *



ဆန်ကွမ်းချိသည် သူခူးနိုင်သမျှ တရုတ်နှင်းသီးများကို ခူးယူပြီးနောက် ဂူထဲမှ ပြန်ထွက်လာ၏။

မျောက်ဝံများနှင့် ရင်ဆိုင်မတွေ့မိစေရန်အတွက် ခပ်သုတ်သုတ် ထွက်လာရသည်။

ဆန်ကွမ်းချိသည် လှေကားပေါ် ပြေးတက်လာရင်း အော်ဟစ် ပြောဆိုလေ၏။

"ဆရာကြီး၊ တရုတ်နှင်းသီးတွေ…. တရုတ်နှင်းသီးတွေ ကျွန်တော် ခူးလာခဲ့တယ်"

ဆန်ကွမ်းချိ၏စိတ်ထဲ၌ အဘိုးအိုသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလိမ့်မည်ဟု ထင်ခဲ့သည်။

သို့သော်….

လက်တွေ့တွင် သူထင်သလို ဖြစ်မလာခဲ့ပါ။

အဘိုးအိုသည် သူ့လက်ထဲမှ မှည့်ရွှမ်းသော တရုတ်နှင်းသီးများကို ကျောက်ခဲများသဖွယ် တစ်ချက်မျှသာ လှမ်းကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တောထဲတောင်ထဲမှာ ကိုယ်စိတ်နှစ်ပါး လန်းဆန်းအောင် တမင်လွှတ်လိုက်တာ၊ ဘာမဟုတ်တဲ့ ရှင်းသီးတွေ ယူလာပြီး ဘာလို့ အချိန်ဖြုန်းရတာလဲ"

ဆန်ကွမ်းချိုမှာ ဘာမျှ ပြန်မပြောတတ်တော့ပေ။

တရုတ်နှင်းသီးများကို ပထမ ဆွတ်ခူးလာခဲ့သည့် သစ်သီးဝလံများ တောင်းသာ ချထားလိုက်ရတော့သည်။

★

## အခန်း (၁၀)

### ညွှန်သည်တစ်ဦး

အဘိုးအိုသည် ဆန်ကွမ်းချို၏ခန္ဓာကိုယ်တည်ဆောက်ပုံကို အကဲခတ်ပြီးနောက်....

"ကဲ...အခုမှတော့ မထူးတော့ဘူး၊ မင်းကို သိုင်းပညာ စသင်ပေးမယ်"

ဆန်ကွမ်းချိုအနေဖြင့် ငြင်းပယ်ရန် အကြောင်းမရှိပါ။

"ဟုတ်ကဲ့....ဆရာကြီးရဲ့ သဘောအတိုင်းပါပဲ"

"ပထမအဆင့်အနေနဲ့ မင်းကို ဝူစင်းရှန့်တန်း ကျင့်စဉ်ကို စတက်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ ဒီကျောက်စဉ်က အာရုံခါးပါးကို ထိန်းချုပ်ပြီး မိုးပေါ် အမြဲဘမ်း ပေ့ကြည့်ရတဲ့ကျင့်စဉ်မဟုတ်လား"

"ဟုတ်တယ်"

"ဒီကျင့်စဉ်ကို ကျွန်တော် သင်ယူခဲ့ဖူးပါတယ် ခင်ဗျာ"

အဘိုးအိုက ရယ်မောရင်း....

"အတွင်းအားပညာ ကျင့်စဉ်ဆိုတာ ဘယ်တုန်းကများ ကုန်ဆုံးတာ ရှိဖူးလို့လဲ"

အဘိုးအိုက ဆက်ပြော၏။

"ဘယ်ပညာပဲဖြစ်ဖြစ် သင်ယူလို့ မကုန်နိုင်ပါဘူး၊ ငါက မင်းကို သင်ပေးမယ့်ပညာရပ်က အတော်ကလေးဆန်းကြယ်ပါတယ်၊ သိုင်းလောကသားတွေအဖို့ ပါးစပ်အဟောင်းသားကြည့်နေရမယ့် သိုင်းပညာမျိုးပါပဲ"

ဆန်ကွမ်းချီက နားလည်သဘောပေါက်သွားဟန်ဖြင့်....

"ဟုတ်ကဲ့...ဆရာကြီး မိန့်ကြားတဲ့အတိုင်း ကျွန်တော် လိုက်နာပါတော့မယ်"

ထိုစဉ်....



အဘိုးအိုက ပါးစပ်ကို လက်ညှိုးဖြင့် ကန့်လန့်ဖြတ်တင်၍ ခပ်တိုးတိုး အမိန့်ပေးလေ၏။

"ရှူး....တိုးတိုး၊ ပြတင်းပေါက်တံခါးတွေကို ပိတ်ပစ်လိုက်"

ဆန်ကွမ်းချီသည် ပြတင်းတံခါးများကို ဖြည်းညင်းစွာ ဆွဲပိတ်လိုက်၏။

သူသည် အပြင်မှ တစ်ဝုံတစ်ဝယောက်လာနေပြီကို ရိပ်မိသဖြင့် အကြားအာရုံကို မြှင့်တင်လျက် စူးစူးစိုက်စိုက် နားထောင်မိသည်။

သူ မည်မျှအာရုံစိုက်စေမူ အပြင်မှ မည်သည့်ခြေသံကိုမျှ မကြားရဘဲ ရှိနေ၏။

သူသည် ကျိတ်၍ သက်ပြင်းချမိသည်။

"အင်း....ငါ့သိုင်းပညာက နုနယ်လွန်းတော့ သိုင်းပညာကောင်းတဲ့လူတွေရဲ့ခြေသံကို လုံးဝ မကြားရဘဲ ဖြစ်နေတယ်၊ ဆရာကြီးကတော့ အပြင်ကခြေသံတွေကို အဝေးကြီးကတည်းက ကြားထားပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

အပြင်၌ ရောက်နေသူများသည် အလွန်တရာ ကိုယ်ဖော့ပညာ ကောင်းလှ၏။

ထိုသူများမှာ တိဗက်ဘုန်းကြီး နှစ်ပါးသာတည်း။

သူတို့သည် ဆန်ကွမ်းချီတို့ ရှိနေသည့် အဆောင်ရှေ့သို့ ရောက်ရှိလာပြီး အပေါ်သို့ မော့ကြည့်နေကြ၏။

"ကျိုလိကွား"

"ကျိုလိကွား"

လည်ချောင်းထဲမှ ညှစ်ထုတ်လိုက်သံမျိုးဖြင့် ခေါ်သည့် အသံကို ကြားလိုက်ရသည်။

"ကျိုလိကွားဆိုတာ ဆရာကြီးရဲ့ နာမည်များလား မသိဘူး"

ထို့နောက် အပြင်ဘက်မှ ဆူဆူညံညံ ငြင်းခုံသံများကို ကြားလိုက်ရသည်။ သူတို့ စကားသံများကို ဆန်ကွမ်းချီ ကြိုးစား၍ နားထောင်၏။ သို့သော် သူ နားမလည်ချေ။

ဝေလူမျိုးစု စကားတော့ မဖြစ်တန်ရာ။ ဝေလူမျိုးစု စကားကို ဆန်ကွမ်းချီ နားလည်၏။ တိဗက် ဘာသာစကား ဖြစ်နေလျှင်တော့ ဆန်ကွမ်းချီ နားမလည်နိုင်ပေ။



သူသည် အဘိုးအိုကို လှမ်း၍ အကဲခတ်၏။ အဘိုးအိုကမူ ထိုသူနှစ်ဦး၏ ပြောနေသည့် စကားများကို နားလည်သဘောပေါက်ပုံ ရ၏။

အဘယ်ကြောင့်ဆိုသော်....

အဘိုးအိုသည် အလွန်တရာ စိတ်ပါဝင်စားစွာ နားထောင်နေသောကြောင့် ဖြစ်ပေသည်။

အတန်ကြာသော်....

အဆောင် အပြင်ဘက်မှ စကားသံများ တိတ်ဆိတ်သွား၏။

ဆန်ကွမ်းချီက တိုးတိုးမေးလေ၏။

"ဆရာကြီး.... ဘယ်သူတွေလဲ"

"တိဗက်ဘုန်းကြီးတွေပဲ၊ ဒါပေမယ့် သူတို့ ဝေလူမျိုးစုရဲ့ စကားနဲ့ ပြောနေကြတယ်"

"ကျွန်တော် ဝေလူမျိုးစုစကား တတ်ပါတယ်၊ ကျွန်တော် ဘာမှ နားမလည်ပါလား"

"တိဗက်သံ ထွက်လွန်းလို့ပါ၊ နို့မို့ဆိုရင် မင်းနားလည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘာတွေပြောနေတာလဲ ဆရာကြီး"

"ပိဋကတ်တိုက်ရှေ့မှာ ခြေရာတွေ တွေ့တယ်လို့ ပြော နေကြတယ်၊ မင်းရဲ့ခြေရာတွေကို တွေ့တာဖြစ်မှာပေါ့"

"ခြေရာတွေ့တော့..."

"သူတို့စိတ်ထဲမှာ ဒီပိဋကတ်တိုက်ဟောင်းပေါ်ကို လူ စိမ်းတစ်ယောက်ယောက် ရောက်နေပြီလို့ ယူဆတာပေါ့ အပေါ်ထပ်တက်ပြီး မွှေမယ်လို့ ပြောနေကြတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ တိုက်ခိုက်ရဦးမှာပေါ့"

"ဒီလိုလဲ မဖြစ်နိုင်သေးပါဘူး၊ ကျုန်တဲ့ ဘုန်းကြီးတစ်ပါး က သူ့အဖော်ကို ကန့်ကွက်နေတယ်၊ ခုအချိန်မှာတော့ လူ ရှိနေမှာမဟုတ်တော့ဘူးလို့ ပြောနေတယ်၊ သူတို့ ပြန်ထွက် သွားကြပါပြီ"

ဆန်ကွမ်းချီသည် သူနားမလည်သည့်အချက်ကို မေးမြန်း လေ၏။

"ဆရာကြီး၊ တိဗက်ဘုန်းကြီးနှစ်ပါးဟာ အင်မတန်ဝေးလံ တဲ့ တိဗက်ကုန်းမြင့်ကနေ ဒီတောကြီး တောင်ကြီးထဲ ဘာ လာလုပ်ကြတာလဲ"



အဘိုးအိုသည် အတိတ်ကို မြစ်ယောင်နေသည့်အလား ဝေးသို့ မျှော်ကြည့်ပြီး ခပ်ဖြည်းဖြည်း ပြောပြလေ၏။

"ဒီဘုရားကျောင်းပျက်ကြီးမှာ ရှေးရှေးတုန်းက ကြီးမား တဲ့ အစဉ်အလာတွေ ရှိခဲ့တယ်၊ တိုက်ပွဲကြီးတွေ ဖြစ်ခဲ့ဖူး တယ်လို့ ဆိုလိုက်တာပဲ..."

"ဒီ တိဗက်ဘုန်းကြီးတွေ ဒီကိုရောက်လာပုံ ထောက်ရင် ဟောဒီကျောင်းကြီးရဲ့ ပတ်ဝန်းကျင်မှာ တိုက်ပွဲကြီးတစ်ခုခု ဖြစ်တော့မယ်ဆိုတာကို ရည်ညွှန်းနေတယ်"

အဘိုးအိုက ကျောင်းနံရံကို လက်ဖြင့်ခေါက်ပြရင်း...

"လွန်ခဲ့တဲ့ ငါးနှစ်ကဆိုရင် ဟောဒီ ကျောင်းရှေ့မှာပဲ တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားခဲ့သေးတယ်၊ ငါကတော့ ဒီတိုက်ပွဲ ကြီးကို လက်ရှောင်နေခဲ့ပါတယ်၊ ဘာကြောင့်လို့လဲဆိုတော့ ငါက ဇာတ်မြုပ်နေခဲ့တဲ့ လူကိုးကွ"

အဘိုးအိုက ဆက်ပြောပြန်၏။

"သိုင်းပညာနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမှ အထင် သေးလို့ မရဘူး၊ အထူးသဖြင့် နယ်စပ်မှာရှိတဲ့ လူမျိုးစု တွေဟာလဲ ကိုယ့်ပညာနဲ့ကိုယ် အစွမ်းထက်ကြတယ်...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ထဲမှာ တိဗက်လူမျိုးတွေရဲ့ ပညာနဲ့ ဝေလူမျိုး
တွေရဲ့ ပညာက အစွမ်းအထက်ဆုံးပဲ"

ဆန်ကွမ်းချီက....

"ကျွန်တော်တော့ သူတို့ရဲ့ ပညာစွမ်းကို မမြင်
သေးဘူး"

"မမြင်ဖူးတော့ တစ်ချိန်ချိန်မှာ ကိုယ့်အတွက် နစ်
တတ်တာပေါ့၊ ဘယ်ပညာမဆို လေ့လာထားရမယ်၊
ကွက်ကို ကြည့်ထားရမယ်၊ လေ့လာထားရင် အ
အကြောင်း ကြုံတဲ့အခါ ကိုယ့်အတွက် အကျိုးရှိတယ်"

"ဆရာကြီး ပြောတဲ့အတိုင်းဆိုရင် တိဗက် ဘုန်းကြီး
ရဲ့ ပညာကို မကြာခင် မြင်ရဦးမယ့်သဘောတော့ ရှိ
တာပေါ့"

"အေး....မြင်ရခွင့် ကြုံနိုင်ပါတယ်၊ နားနဲ့မျက်စိကို
ထားပေါ့၊ ဒီကျောင်းကြီးရဲ့ ပတ်ဝန်းကျင်မှာလဲ တိုက်
ဖြစ်လိမ့်မယ်၊ အလွန်ဆုံးကွာရင် ဆယ်မိုင်ပေါ့ကွာ"



"တိဗက်ဘုန်းကြီးတွေက ဘယ်သူတွေနဲ့ ယှဉ်ပြိုင်မှာလဲ"

အဘိုးအိုး၏အသံက လေးနက်သွား၏။

"တိဗက်ဘုန်းကြီးတွေရော၊ ဝေလူမျိုးစု သိုင်းသမား
တွေရော တရုတ်ပြည်အလယ်ပိုင်းက တရုတ်သိုင်းသမားတွေ
ကို သိပ်ကျေနပ်ကြတာ မဟုတ်ဘူး....

"မြေပြန့်သိုင်းသမားတွေကိုဖြိုခွင်းဖို့ အမြဲတမ်း စိတ်ကူး
နေကြတဲ့လူတွေ ဖြစ်တာမို့ အခုလဲ တိဗက်နဲ့ ဝေလူမျိုးစုတွေ
ပူးပေါင်းလာတာ မဟုတ်ဘူးလို့ အတပ်မပြောနိုင်ဘူး"

ဆန်ကွမ်းချီက အံကြိတ်၍ ပြော၏။

"ဆရာကြီး....ဒါဖြင့် ကျွန်တော်တို့ လက်ပိုက်ကြည့်နေလို့
မဖြစ်တော့ဘူးပေါ့"

အဘိုးအိုက ဖြည်းညင်းစွာ ခေါင်းကို ခါယမ်းလိုက်၏။

"ငါကတော့ တရုတ်ပြည်သူတွေရဲ့ အကျိုးအတွက် ဘာမှ
ဆောင်ရွက်နိုင်မယ် မထင်တော့ပါဘူးကွာ"

ဆန်ကွမ်းချီသည် အဘိုးအို၏ စိတ်သဘောထားကို ပို၍
ပို၍ နားလည်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆရာကြီးဟာ မျိုးချစ်စိတ်လဲရှိတာပဲ၊ လူ့လောကကြီးထဲက အပြင်ထွက်ပြီး ဇာတ်မြှုပ်နေတာမှန်ပေမယ့် သူ့လူမျိုးအတွက်တော့ ပူပန်ရမယ်ဆိုတာ နားလည်နေတယ်"

"ဘာဖြစ်လို့ မဆောင်ရွက်နိုင်ရမှာလဲ ဆရာကြီးရယ် ခြေတစ်ဖက် ပြတ်နေတဲ့အတွက်လား၊ ခြေတစ်ဖက်ပြတ်နေပေမယ့် ဆရာကြီးကို တော်ရုံတန်ရုံလူက ယှဉ်နိုင်တာမှ မဟုတ်တာဘဲ၊ တကယ်လို့ ဆရာကြီးသာဝင်တိုက်ရင် ကျွန်တော်ကလဲ ဆရာကြီးလောက် ပညာမစွမ်းပေမယ့် အသေခံပြီး ဝင်တိုက်ပါ့မယ်"

သူရဲကောင်းတစ်ယောက်၏ ဟန်ပန်အမူအရာ အပြည့်ရှိသော ဆန်ကွမ်းချီကိုကြည့်၍ အဘိုးအို ပြုံးလေ၏။

"အချိန်ကျတော့လဲ ဝင်ရှင်းရမှာပေါ့ကွာ၊ တိုင်းပြည်နဲ့ လူမျိုးနဲ့ပတ်သက်လာရင် ဘယ်သူက ဘေးထိုင်ကြည့်နေသင့်မှာလဲ၊ ကိုယ့်အစွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် ဝင်ပြီးဆောင်ရွက်ရမှာပဲ၊ တစ်ခုတော့ရှိတယ်၊ အခြေအနေမှန်ကို ငါပဲ ကြည့်တတ်မြင်တတ်တယ်၊ ဒါကြောင့်မို့ ငါ



မဘိုက်ရင် မင်းလဲ လုံးဝဝင်မတိုက်ပါနဲ့၊ ငါပြောတာ ရဲ့လား"

"ဟုတ်ကဲ့၊ ဆရာကြီးရဲ့ အမိန့်အတိုင်းပါပဲ"

ထိုစဉ်မှာပင် အဘိုးအို ခေါင်းထောင်သွားပြန်၏။

တစ်ပုံတစ်ခုကို နားထောင်နေပုံရ၏။

ဆန်ကွမ်းချီသည် နားစွင့်ကြည့်မိသည်။

သို့သော် မည်သည့်အသံမျှ မကြားရချေ။

အဘိုးအိုက ခပ်တိုးတိုးပြော၏။

"ရှူး....လူတွေလာနေပြန်ပြီ၊ ဒီတစ်ခါတော့ မြေပြင်က မဟုတ်ဘူး"

ဆန်ကွမ်းချီသည် ရုတ်တရက် နားမလည်လိုက်ချေ။

ပြန်လှန်မေးခွန်းထုတ်ရန် ဟန်ပြင်နေစဉ်မှာပင် သူတို့၏ ဦးခေါင်းအထက် ခေါင်မိုးပေါ်မှ ခြေသံများ ကြားလိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအိုက ဆန်ကွမ်းချီအား လက်နှစ်ချောင်းထောင်

ခေါင်မိုးပေါ်၌ လူနှစ်ယောက်ရှိသည်ဟုလို။

ဆန်ကွမ်းချီက ခေါင်းညိတ်ပြလိုက်လေ၏။

အဘိုးကြီးသည် ခြေသံကြားရုံမျှဖြင့် လူဘယ်နှစ်ယောက် ဖြစ်သည်ကို သေချာစွာ ခန့်မှန်းနိုင်စွမ်းရှိသည်။

ခေါင်မိုးပေါ်၌ရောက်နေသူများမှာလည်း အမှန်တကယ် နှစ်ယောက်ပင်ဖြစ်သည်။

ထိုသူများကတော့ နယ်ခြားဒေသမှလူများ မဟုတ်ကြ ပါ။

ဟန်တရုတ်များစစ်စစ်ပင် ဖြစ်ပါသည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားသဖြင့် သာမန်အသေးအမွှားသိုင်းသမားများ မဟုတ်သည်ကတော့ သေချာနေသည်။

ထိုသူနှစ်ယောက်သည် ခေါင်မိုးအစွန်းများမှ တွဲလွဲခိုပြီး ပိဋကတ်တိုက်၏အနောက်ဘက်မှ လျှောချခိုဝင်လာကြ၏။



မပင့်ဖိတ်ဘဲရောက်ရှိလာသည့် ဧည့်သည်များသည် သူတို့ ချောင်းချင်း တိုင်ပင်နေကြရာ ထိုသူများ၏အသံကို ဆန်ကွမ်း ချီတို့ ကောင်းစွာ ကြားနေကြရလေ၏။

"ဟိုဘက်နှစ်ဆောင်မှာ လူလုံးဝမရှိဘူး၊ ဒီတော့ ဒီတစ် ဆောင်ပဲ ကျန်တော့တာပေါ့"

အခြားတစ်ယောက်၏အသံကို ကြားရပြန်သည်။

"ဟုတ်တယ်၊ ဒီအဆောင်ထဲမှာ လာပုန်းမနေဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

ခြေသံများ တဖြည်းဖြည်းနီးကပ်လာသည်။

* * *

ဆန်ကွမ်းချီသည် ရန်သူများကို တိုက်ခိုက်ရန် မာန်သွင်း လိုက်၏။

ထိုအချိန်မှာပင် သူ့ပခုံးတစ်ဖက်၌ ကျဉ်ခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး လှုပ်ရှား၍မရဘဲ ဖြစ်သွားတော့သည်။

ရန်သူက သူ့အား တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ရန်သူနှင့် ရင်ဆိုင်ယှဉ်ပြိုင်နေမည့်စိုး၍ အကြောများကို ထိုးပိတ်လိုက်ခြင်း ဖြစ်ပါသည်။

မကြာမီ သူ့ခန္ဓာကိုယ်သည် လေထဲ လွင့်မြောက်သွား သည်။

အဘိုးအိုက ချီမြှောက်ပြီး ခုန်ထွက်သွားခြင်း ဖြစ်သည်။

ခန်းမကြီး၏ ခေါင်းရင်းဘက်၌ ဦးခေါင်းနှင့် လက် ဖက် ကျိုးပြတ်နေသည့် ရုပ်တုကြီးတစ်ခုရှိရာ အဘိုးအို ထိုရုပ်တုကြီးနောက်သို့ ခုန်ဝင်လိုက်ခြင်း ဖြစ်ပါသည်။

ရုပ်တုကြီးသည် လူလေးဖက်စာမျှမက ကြီးမားသ ဆန်ကွမ်းချိနှင့် အဘိုးအိုတို့နှစ်ယောက်အနေဖြင့် လုံ ပုန်းအောင်းနိုင်ကြ၏။

ထိုစဉ်....

တံခါးဖွင့်သံကြားပြီး မျက်ခုံးထူထူနှင့် အသက်လေး ခန့်ရှိသော လူတစ်ယောက် ဝင်ရောက်လာလေတော့၏။

သူ့နောက်မှ အရုပ်ပုပု ကိုယ်ပြားပြား လူတစ်ယော လိုက်ပါလာ၏။



သူတို့သည် ခန်းမကြီးပတ်လည်ကို စိမ်ပြေနပြေ အကဲ ခတ် ရှာဖွေနေကြသည်။

မကြာမီ သူတို့ မျက်လုံးများသည် ရုပ်တုကြီးပေါ်သို့ ရောက်ရှိလာလေ၏။

ရန်သူတစ်ယောက်က....

"နောင်ကြီးကျန်း၊ ဒီရုပ်တုက ဘာရုပ်တုလဲဗျ၊ ဦးခေါင်း လဲ မရှိတော့ပါလား"

နောင်ကြီးကျန်း ဆိုသူက ပြန်ဖြေ၏။

"ဘုရားရုပ်တုတော့မဖြစ်နိုင်ဘူးကွ၊ ဟောလိန်ကွမ်းအရုပ်နဲ့ တူတယ်"

"နောင်ကြီးကျန်း၊ ရုပ်တုနောက်မှာများလူတစ်ယောက် ယောက် ဝင်ပုန်းနေသလား မသိဘူး"

"ဟာ....ဟား....ဟား....အတွေးခေါင်မနေစမ်းပါနဲ့ကွာ၊ ဒီအကြိုအကြားတော့ ဝင်ပုန်းမယ် မထင်ပါဘူး"

မကြာမီ ထိုလူများသည် ဆန်ကွမ်းချိ ရှုံ့ထားသည့် သစ်သီးဝလံများကို တွေ့မြင်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးကျန်း၊ ဒီအခန်းထဲမှာ လူရှိနေတာတော့ သေချာနေပြီဗျ၊ ဒီမှာ သစ်သီးတွေ တွေ့လား"

နောင်ကြီးကျန်းဆိုသူ၏ မျက်ခုံးထူကြီးများသည် နဖူးအထက်သို့ မြင့်တက်သွားလေ၏။

မှန်သည်။

သစ်သီးများ တွေ့ရှိရခြင်းက စဉ်းစားစရာဖြစ်သွားလေသည်။

နောင်ကြီးကျန်းဆိုသူသည် အတန်ကြာ စဉ်းစားပြီးမှ ရယ်သံနှော၍ ဆိုလေတော့၏။

"ဝူကျောင်း၊ ငါတို့ စောစောက တိဗက်ဘုန်းကြီးတွေ တွေ့ခဲ့တယ်လေကွာ၊ သူတို့ ဒီကထွက်လာတာပဲဖြစ်မှာပေါ့၊ ဒီသစ်သီးတွေက သူတို့စုဆောင်းထားတဲ့ သစ်သီးတွေပဲ ဖြစ်လိမ့်မယ်"

"ဟုတ်ပါ့မလား"

နောင်ကြီးကျန်းဆိုသူက ရယ်၍....



"ဟား...ဟား....ဟား....ဒီမှာ တရုတ်နှင်းသီးတွေ တွေ့လား၊ ဒီအသီးတွေကို ဒီသစ်တောထဲမှာ မင်း တွေ့ဖူးရဲ့လား၊ ဒါတွေက မြောက်ပိုင်း နှင်းဖုံးတဲ့ဒေသတွေမှာသာ ပေါက်တာကွ၊ ဒါတွေကို တိဗက်ဘုန်းကြီးတွေပဲ ယူလာနိုင်တယ်"

ဆန်ကွမ်းချီသည် လျှို့ဝှက်ဂူပေါက်၏ အခြားတစ်ဖက် လျှို့မြောင်အကြားၶွ ထူးထူးဆန်းဆန်း ပေါက်နေသည့် တရုတ်နှင်းသီးပင်များကို ထိုလူများမမြင်တွေ့ခဲ့သည့်အတွက် ကျိတ်၍ ကျေးဇူးတင်နေမိပေသည်။

တရုတ်နှင်းသီးပင်များသာ ဤသစ်တောကြီး အတွင်း၌ ပေါက်ရောက်သည်ဆိုလျှင် ထိုရန်သူများသည် တိဗက်ဘုန်းကြီးများအပေါ်သို့ အထင်အမြင် လွဲမှားတော့မည် မဟုတ်ချေ။

ဝူကျောင်းဆိုသူသည် နောင်ကြီးကျန်း ဆိုသူ၏ စကားကို လက်ခံသွား၏။

"ကဲ....ဒါဖြင့်လဲ ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီးဆီ မြန်မြန်သွားကြစို့၊ တိဗက်က လက်ဦးမှုမရခင် ကျွန်တော်တို့က ကြိုတင်ပြင်ဆင်ထားကြရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နောင်ကြီးကျန်းဆိုသူကလည်း ဝူကျောင်းဆိုသူ၏စကားကို လက်ခံသည်။

"အေး....ဟုတ်တယ်၊ တိဗက်ဘုန်းကြီးတွေကို အထင်သေးလို့မရဘူး၊ သူတို့ဗီကျောင်းပျက်ဆီရောက်လာတာကိုကသူတို့ဘယ်လောက် အကွက်မြင်တယ် ဆိုတာကို သက်သေပြနေတယ်၊ ဒါကြောင့် ငါတို့လဲ လက်နွေးမနေသင့်တော့ဘူး၊ ဂိုဏ်းချုပ်ကြီးဆီ အမြန်သွားပြီး အစီရင်ခံကြစို့"

နောင်ကြီးကျန်း ဆိုသူနှင့် ဝူကျောင်း ဆိုသူတို့သည် ပြတင်းပေါက်များမှ ခုန်ချ ပြေးထွက်သွားကြလေတော့၏။

★

# အခန်း (၁၁)

## အတွင်းအားကျင့်စဉ်

အဘိုးအိုသည် ရန်သူများ၏ ခြေသံများကို လုံးဝမကြားရတော့သောအခါမှ ဆန်ကွမ်းချီ၏ ပိတ်နေသောအကြောများကို ဖြေပေးလိုက်သည်။

ဆန်ကွမ်းချီက ခပ်တိုးတိုး မေး၏။

"ဆရာကြီး၊ ဘာဖြစ်လို့ သူတို့ကို ရင်မဆိုင်တာလဲ ဟင်"

အဘိုးအိုကလည်း ခပ်တိုးတိုးပင် ဖြေသည်။

"အကြောင်းရှိလို့ပေါ့ လူကလေးရေ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပညာက သိပ်ကောင်းနေလို့လား"

"ငါ့ပညာကလဲ မဆိုးပါဘူး၊ သူတို့ကိုတော့ အသာကလေး အနိုင်ယူနိုင်ပါတယ်"

ဆန်ကွမ်းချို ယုံသည်။

အတိုးအိုသည် ထိုရန်သူများနှင့် ရင်ဆိုင်မတွေ့လိုသဖြင့် တမင် ရှောင်ပုန်းခြင်းသာ ဖြစ်ရပေလိမ့်မည်။

သူသာ တကယ်တမ်း သတ်ဖြတ်လိုလျှင် ထိုရန်သူ နှစ်ယောက်စလုံး မည်သည့် အချိန်က အသက်ထွက်သွားမည် မှန်းပင် သိလိမ့်မည် မဟုတ်ချေ။

အတိုးအိုသည် ရှေ့ဦးစွာ ခုန်ထွက်သွား၏။

သူသည် တစ်ခါတစ်ရံ သူ့ပလွေကို လိုသလိုထောက်၍ ထောက်၍ အသုံးချသည်။

ဆန်ကွမ်းချိုလည်း သူ့နောက်မှလိုက်၍ ခုန်ထွက်သည်။

အတိုးအိုသည် ပြတင်းတံခါးဝတွင် ရပ်ပြီး ရန်သူများ၏ အခြေအနေကို အကဲခတ်နေ၏။



"ဆရာကြီး၊ ရန်သူတွေရဲ့ အရိပ်အယောင်တွေကို တွေ့မြင်လို့များလား"

"မတွေ့ပါဘူး၊ တွေ့လိုတွေ့ငြား ကြည့်တာပါ"

ဆန်ကွမ်းချိုသည်လည်း ပြတင်းပေါက်မှ အဝေးသို့မျှော်ကြည့်၏။မည်သည့်ရန်သူ၏ အရိပ်အယောင်ကိုမျှမတွေ့ရပါ။

"ကဲ.... ငါတို့ လုပ်ငန်းစမယ်"

ရုတ်တရက်ပြောလိုက်သည့် အတိုးအို၏ စကားကြောင့် ဆန်ကွမ်းချို လန့်သွားသည်။

သိုင်းပညာ စသင်ရန် ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း နားလည်လာသောအခါမှ ထိတ်လန့်မှု ပြေသွားရ၏။

"ဟုတ်ကဲ့.... ဆရာကြီး အမိန့်ရှိပါ၊ ကျွန်တော်လိုက်နာဖို့ အသင့်ပါပဲ"

"ကောင်းပြီ၊ စောစောကပြောထားတဲ့ စူခင်းမျှန့်ထန်း ကျင့်စဉ်ကို စကျင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... အသင့်ပါပဲ၊ ကျွန်တော် ဘယ်လို အနေအထားမျိုး နေရမလဲ"

"လက်ဝါးနှစ်ဖက် ခြေဖဝါးနှစ်ဖက်နဲ့ ငယ်ထိပ် တည့်တည့် စုစုပေါင်း ငါးခုနေရာမှာ အာရုံစူးစိုက်ထားရမယ်"

ဆန်ကွမ်းချီ အံ့ဩသွားသည်။

"ဆရာကြီး ကျွန်တော် ပြောပါရစေ"

အဘိုးအိုက ခေါင်းညိတ်ပြ၏။

"ဆရာကြီး၊ ထွက်သက်ဝင်သက် တစ်ခုတည်းအပေါ်မှာ အာရုံစိုက်တာတောင် ကိုယ့်စိတ်ကို ကိုယ်မနိုင်ပါဘူး၊ အခု ဆရာကြီး အာရုံစိုက်ခိုင်းတာက ငါးနေရာကြီးများတောင် ဆိုတော့..."

အဘိုးအိုက ခေါင်းညိတ်ရင်း...

"ဟုတ်တယ်၊ ငါးနေရာကြီးများတောင် မင်းရဲ့အာရုံတွေကို အလှည့်ကျစုစည်းစူးစိုက်ရမယ်၊ ဒါတင်မကသေးဘူး၊ မင်းရဲ့ မျက်နှာကိုလဲ ကောင်းကင်ပေါ် မော့ထားရမယ်၊ ဒီကျင့်



...ဉ်ဟာ မလွယ်ဘူး၊ မလွယ်လို့လဲ ငါ့သိုင်းပညာဟာ သူတစ်...ါးက ခေါင်းတစ်လုံး မြင့်နေတာပဲပေါ့"

ဆန်ကွမ်းချီ ငြင်းချက်ထုတ်မနေတော့ပေ။

ကြမ်းပြင်၌ တင်ပျဉ်ခွေ၍ ထိုင်လိုက်၏။

"မင်းရဲ့မျက်စိတွေကို မှိတ်ထားလိုက်၊ အာရုံငါးပါး ...ဉ်စဉ်ဆိုတာ လွယ်လွယ်ကလေးနဲ့ ကျင့်လို့ရတာမျိုးမဟုတ် ...ဘူး"

ဆန်ကွမ်းချီသည် အဘိုးအို ညွှန်ကြားသည့်အတိုင်း မျက်စိ ...်လိုက်၏။

ထိုစဉ်မှာပင် သူ၏ ကျင်းချိသွေးကြောကို အဘိုးအိုက ...်လိုက်ကြောင်း ရုတ်ဘရက် သိရှိလိုက်၏။ သွေးလည်ပတ် ...နည်းငယ် တုံ့ဆိုင်းသွားသကဲ့သို့ ခံစားလိုက်ရသည်။

သို့သော်...

သူသည် မျက်စိဖွင့်မကြည့်ပေ။

သူ့အာရုံများကို ခြေဖဝါးနှစ်ဖက်ဆီမှ လည်းကောင်း၊ ...ဖဝါးနှစ်ဖက်ဆီမှလည်းကောင်း၊ ဦးခေါင်းငယ်ထိပ်မှ

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း စက်ဝိုင်းပမာ အာရုံစူးစိုက် လေ့ကျင့် ...
လေ၏။

အဘိုးအိုက ကောင်းကင်သို့ မော့မကြည့်ခိုင်းသေး...
သဖြင့် လုံးဝ မော့မကြည့်သေးပေ။

သူသည် ကွမ်းတစ်ယာညက်လောက်သည့်အချိန် မတ်...
မှာပင် ချွေးများဖြင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေတော့၏။

သူသည် ခေါင်းမာသူဖြစ်၏။

အခက်အခဲ ရှိလေလေ အံကြိတ်၍ ကြိုးစားလေသေ...
အဆက်မပြတ် အားထုတ်လေ့ကျင့်သည်။

တိုနောက်ပိုင်း အချိန် မည်ရွေ့မည်မျှ ကြာသွားသည်...
သူမသိတော့ပါ။

စောစောက ပိတ်ဆို့ခံလိုက်ရသည့် ကျင်းချိုသွေးကြော...
ပင်လျှင် သူ့အလိုအလျောက် အလုပ် ပြန်လုပ်လာသည်...
ခံစား သိရှိလာရသည်။

အနေအထိုင် သက်သာလာသော်လည်း ဆန်ကွမ်းချိ...
စိတ်ထဲ၌ အိပ်ချင်စိတ်ကိုတားဆီး၍မရလောက်အောင် ခံစား...
လာရသည်။



...သူသည် အိပ်ချင်စိတ်ကို ကြံ့ကြံ့ခံ၍ ကြိုးစားဖျောက်...
...်း။

...သို့သော်....

...နောက်ဆုံး၌ သူ့အား အနိုင်ယူသွားလေတော့၏။

...သူ အိပ်ရာမှ နိုးလာသောအခါ ညနေဆည်းဆာသို့...
...ောက်ရှိနေပေပြီ။

...အဘိုးအိုသည်လည်း တင်ပျဉ်ခွေထိုင်လျက် မျက်စိများ...
...တ်လျက်ရှိ၏။

...အတွင်းအားကျင့်စဉ် ကျင့်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

...ဆန်ကွမ်းချိသည် စကားတစ်ခွန်းမျှမပြောဘဲ အဘိုးအိုကို...
...ကြည့်နေသည်။

...ကြာကြာမစောင့်လိုက်ရပါ။

...အဘိုးအို၏မျက်လုံးများ ပွင့်လာသည်။

"လူကလေး၊ မင်း အိပ်ရာက နိုးလာပြီလား"

"ဟုတ်ကဲ့ ဆရာကြီး၊ နိုးလာပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းခူးလာတဲ့ သစ်သီးတွေနဲ့ပဲ ဝမ်းဖြည့်လိုက်ပါဦး"

ဆန်ကွမ်းချိုက ထိုင်လိုက်သောအခါ သူ့ခန္ဓာကိုယ်သည် အလွန်တရာ လန်းဆန်း ပေါ့ပါးနေသည်ကို တွေ့လိုက်ရသည်။ သူ့အားကျင့်ခိုင်းသည့် အာရုံငါးပါး ကျင့်စဉ်သည် သူ့အတွက် အတော်ကလေး အကျိုးရှိကြောင်း ဆန်ကွမ်းချို နားလည်သဘောပေါက်မိသည်။

အခန်းနံရံတေး၌ စုပုံထားသည့် တရုတ်နှင်းသီးများကို ဆန်ကွမ်းချို စားသောက်တော့သည်။

အဘိုးအိုက ဆန်ကွမ်းချိုအား ခပ်ပြုံးပြုံးကြည့်ပြီး....

"ဟောဒီ တောထဲတောင်ထဲမှာ သစ်သီးဝလံကလွဲရင် တခြားစားစရာဆိုရင်လဲ ကျေးငှက်နဲ့ တောကောင်တွေ ရှိတယ်....

"ငါက သူတစ်ပါးအသက်ကို မစားတဲ့အတွက် မင်းလဲ သစ်သီးသစ်ဖုပဲ စားသောက်ရတော့မှာပေါ့"

ဆန်ကွမ်းချိုသည် တရုတ်နှင်းသီးများကို နှစ်ခြိုက်စွာ ကိုက်စားရင်း....



"ဒီအတွက်တော့ ဘာမှမပူပါနဲ့ ဆရာကြီး၊ ကျွန်တော်က ကျွန်တော့် ဆရာကြီးနဲ့ လိုက်ပါခဲ့တဲ့ ခရီးတစ်လျှောက်လုံး သစ်သီးသစ်ဥ သစ်ဖုတွေနဲ့ပဲ ပြီးခဲ့ရတာပါပဲ၊ ဒီအတွက်ကတော့ ကျွန်တော့်မှာ အကျင့်ကောင်းကောင်း ရနေပါပြီ"

အဘိုးအိုက ခေါင်းညိတ်၏။

"ဒါဆိုသိပ်ကောင်းတယ်၊ အစားအသောက်အတွက် ငါ စိတ်မပူရတော့ဘူးပေါ့"

သူသည် စကားဆုံးသည်နှင့် ပလွေကောက်ကိုင်ကာ သီ လေတော့၏။

ယခုတစ်ကြိမ်တွင်မူ ပလွေမှုတ်သည်နှင့် ချက်ချင်းလိုလို သာယာငြိမ့်ညောင်းသည့် ပလွေသံကို ကြားလိုက်ရတော့သည်။

ဆန်ကွမ်းချိုသည် အာရုံစိုက် နားထောင်နေခိုက်မှာပင် မင်းအိုး၏ ပလွေသံသည် ရုတ်တရက် ရပ်ဆိုင်းလေ၏။

ဆန်ကွမ်းချိုက အံ့ဩသောမျက်နှာဖြင့် အဘိုးအိုကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက....

"လူတွေနဲ့ ပေါင်းရတာ သိပ်ပြီး စိတ်ညစ်စရာကော တယ်၊ လူတွေက ကောက်ကျစ်တယ်၊ တိရစ္ဆာန်တွေ မကောက်ကျစ်ဘူး၊ စိတ်ချရတယ်"

ဆန်ကွမ်းချိုက မေးလိုက်မိသည်။

"ဆရာကြီးက ပလွေသံနဲ့ တိရစ္ဆာန်တွေကို ခေါ်ယူ တာလား"

အဘိုးအိုက ပြုံး၍ ပြော၏။

"အေး၊ ပထမတော့ ခေါ်တော့မလို့ပဲကွယ့်၊ ဒါပေ မင်းက တိရစ္ဆာန်တွေနဲ့ သိပ်ပြီးရင်းနှီးမှုမရှိတော့ အတွက် စိတ်အနှောင့်အယှက် မဖြစ်စေချင်တာနဲ့ မ တော့ပါဘူး"

ဆန်ကွမ်းချိုသည် အဘိုးအို၏စကားကို မယုံမရှိ သည်သာ ဖြစ်၏။

ဤ လူထူးလူဆန်း အဘိုးအို၌ ထူးဆန်းသော ပ နှင့် ထူးဆန်းသော စွမ်းရည်များရှိသည်ကို သူကိုယ် သိရှိထားသည် မဟုတ်ပါလား။



"ဆရာကြီးအနေနဲ့ ဖစာစောက ခေါ်လိုက်တဲ့ တိရစ္ဆာန် တွေက ဘာကောင်တွေလဲ"

"ငှက်နဲ့ ကျားကြီးတစ်ကောင်ပါကွာ၊ အဲဒီနှစ်ကောင်က ငါနဲ့ အင်မတန် ရင်းနှီးတယ်ကွ"

"သူတို့လာတော့ ဆရာကြီးအနေနဲ့ ဘယ်လို လူစကား ပြောမှာလဲ၊ ဆရာကြီးက မာဂဓဘာသာစကား တတ်လို့ လား"

အဘိုးအိုက ရယ်ရင်း....

"သူတို့နဲ့ ဆက်ဆံရင် စကားပြောဖို့ မလိုဘူးကွ၊ သူတို့ က တိရစ္ဆာန်တွေဖြစ်လို့ ရုပ်ရည်တွေက ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ရာ ကောင်းပေမယ့် စိတ်ထား ကတော့ အင်မတန်ဖြူစင်ကြတယ်ကွ....

"သူတို့ ဒေါသမဖြစ်ရင် ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် နေတယ်၊ ဒေါသဖြစ်ရင် အစွယ်တွေ လက်သည်းတွေ ထုတ် ပြီး မာန်ဖီတယ်၊ သူတို့ကိုကြည့်မြင်ရုံနဲ့ သူတို့ရဲ့စိတ်ထား ကြည်လင်မှု ရှိ မရှိကို တဒင်္ဂအတွင်း ဆုံးဖြတ်နိုင်ပါတယ်....

www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ယံ အဝတ်အစား လှလှပပကလေးတွေ ဝတ်ပြီး တစ်ဦးကိုတစ်ဦး အပေါ်ယံအပြုံးကလေးတွေပြုံးပြပြီး နောက်ပြီး အဆိပ်ခတ်တတ်တဲ့ လူသားတွေရဲ့ စိတ်ဓာတ်တွေနဲ့ တိရစ္ဆာန်တွေရဲ့ စိတ်ဓာတ်ဟာ တကယ်ပဲ ခြားနားပါတယ်"

ဆန်ကွမ်းချိသည် လူသားများအပေါ် နာကြည်းနေသည့် အဘိုးအို၏ စိတ်ဓာတ်များကို အဘိုးအို၏ ပြောစကားများအရ တဖြည်းဖြည်း တစ်စတစ်စ သိရှိလာတော့သည်။

"အင်း.... ဆရာကြီးဟာ လူသားတွေရဲ့ မတော်မတရားပြုမှုတာကို ခံခဲ့ရပုံရတယ်၊ ဒါ့ကို ဘယ်သူကမျှား ရက်ရက်စက်စက် ယုတ်မာခဲ့ပါလိမ့်"

ဆန်ကွမ်းချိ တွေးတောနေခိုက် အဘိုးအို၏ အမူအရာမှာ ဆတ်ခနဲ ဖြစ်သွားသည်။ တစ်စုံတစ်ရာ ထူးခြားနေပြီဖြစ်ကြောင်း ဆန်ကွမ်းချိ နားလည် သဘောပေါက်လိုက်၏။

* * *



"လူလာနေပြီ"

အဘိုးအို၏ ခပ်တိုးတိုး သတိပေးသံကြောင့် ဆန်ကွမ်းချိ၏ အကြောများ ရုတ်တရက် တောင့်တင်းသွားသည်။

ဤမျှ တောခေါင်ခေါင်အရပ်သို့ အဘယ့်ကြောင့် လူစိမ်း သူစိမ်းများ အဆက်မပြတ် ရောက်ရှိနေရသနည်း။

ဆန်ကွမ်းချိမှာ အတော်ကလေး ဦးနှောက်ခြောက်ခဲ့သည်။ အဘိုးအိုက လူလာပြီဆိုသော်လည်း သူ့အဖို့ ယခုတိုင် ခြေသံမကြားရသဲ ရှိနေသေးသည်။

ဤကျောင်းပျက်ဆီသို့ လာသမျှ လူစိမ်းအားလုံး မိမိထက် သိုင်းပညာကောင်းနေကြောင်း ဆန်ကွမ်းချိ အလိုလို နားလည်နေရသည်။

ထိုတခဏ်အတွင်းမှာပင် ပြတင်းပေါက်ဝ၌ အနီရောင်တစ်ခု ရိပ်ခနဲ ကျရောက်လာသည်။

အသေအချာ ကြည့်လိုက်သောအခါ အဘက်စေ့ေက် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမပျိုလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ကျောင်းပျက်၏ ခေါင်မိုး တံစက်မြိတ်ကို တွဲလွဲခိုနေကြောင်း တွေ့လိုက်ကြရသည်။

ဆန်ကွမ်းချိမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိုမိန်းကလေးကို ထိုသို့ မျက်မြင်ကိုယ်တွေ့မဖြစ်မီ အခိုက်အထိ ထိုမိန်းကလေး၏ခြေသံကို လုံးဝမကြားရသောကြောင့် ဖြစ်သည်။ကိုယ်ဖော့ပညာ အလွန်ကောင်းသော မိန်းကလေး ပေတကား။

ထိုမိန်းကလေး၏ ဝတ်စားဆင်ယင်ပုံမှာ ထူးခြားသည်။ ဆံပင်ကို ပဝါနီဖြင့် စည်းနှောင်ထားပြီး ကျစ်ဆံမြီး ဆံပင်ရှည်က နောက်ဘက်၌ တွဲရရွဲ ကျနေသည်။

အင်္ကျီလက်ရှည် မဟုတ်ဘဲ တံတောင်ဆစ် အထိသာ ရောက်သည်။ သူမဖိနပ်မှာ ပုံစံမလှပသော်လည်း သမင်ရေဖြင့် ချုပ်လုပ်ထားကြောင်း တွေ့ရှိရ၏။

သူမ၏ အဆင်အပြင်သည် တရုတ်ပြည်မရှိ မည်သည့်တရုတ်အမျိုးသမီးနှင့်မျှ မတူဘဲရှိသည်။ ဖြူနုသောမျက်နှာမှာ အတော်ကလေး ချောမောနေသဖြင့် ဟန်တရုတ်အမျိုးသမီး မဟုတ်သော်လည်း အခြားလူမျိုးစုများ၌လည်း



ဟန်တရုတ်အမျိုးသမီးများကဲ့သို့ ချောမောသူများ ရှိနေပါသေးကလားဟူသော အတွေးမျိုးသည် ဆန်ကွမ်းချိ၏ ရင်ထဲ၌ ပေါ်ပေါက်လာလေ၏။

အဘိုးအိုကမူ ခြေသံကြားပြီးကတည်းက မိန်းကလေး ဖြစ်လိမ့်မည်ဟု သိရှိထားပုံရသည်။

ဆန်ကွမ်းချိကဲ့သို့ အံ့ဩမနေပေ။ မိန်းကလေးကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။

အနီရောင် ဝတ်စုံ ဝတ်ဆင်သည့် မိန်းကလေးသည် အတွင်း၌ ထိုင်နေကြသည့် အဘိုးအိုနှင့် ဆန်ကွမ်းချိတို့ကို ချက်ချင်းလိုလိုပင် တွေ့မြင်သွားသည်။

"ကျွန်းမ ကြွရဲ့လားရှင်"

သူမ၏ ပင်္ဂိသန္ဓာရစကားက သိုင်းလောက၌ ပြုလေ့ပြောလေ့ရှိသော ပင်္ဂိသန္ဓာရစကား မဟုတ်ပေ။

သူမသည် ခန္ဓာကိုယ်ကို တစ်ချက်မျှ လှဲလိုက်ပြီး ပြတင်းပေါက်ထဲသို့ ပစ်ဝင်လိုက်၏။

"အင်း....ဒီမိန်းကလေးဟာ သိုင်းပညာတော်ရုံမဟုတ်ဘူး၊ သတ္တိလဲရှိပုံရတယ်၊ ဒီအပေါ်ထပ် အဆောင်ထဲမှာ လူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရှိနေတာကို သေသေချာချာ တွေ့လိုက်သားနဲ့ ရဲရဲတင်းတင်း ဝင်လာတယ်၊ သူ့ကိုယ်သူ စိတ်ချလို့လဲ ဖြစ်မှာပေါ့လေ"

ဆန်ကွမ်းချီသည် မိန်းကလေးက ရုတ်တရက် တိုက်ခိုက်လာပါက ခုခံကာကွယ်ရန် သူ၏အတွင်းအားကို သုတ်ထား၏။

မိန်းကလေးကမူ မည်သူ့ကိုမျှ ဂရုစိုက်ဟန်မရှိဘဲ အပေါ်ထပ် ခန်းမကြီးတစ်ခုလုံး ဥဒဟိုလျှောက်လျက် အကဲခတ်နေသည်။

သူမသည် ဦးခေါင်းနှင့် လက်တစ်ဖက် ပြတ်နေသည့် ရုပ်တုကြီးကိုလည်း အသေအချာ သွားကြည့်သည်။

သေချာစေ့စပ်စွာ လေ့လာပြီးနောက် ထိုမိန်းကလေးသည် သူမဝင်လာသည့် ပြတင်းပေါက်တံခါးဝ၌ ကျောပေးမတ်တတ်ရပ်လိုက်သည်။

"ဒီအဆောင်ကြီးထဲမှာ ရှင်တို့ နှစ်ယောက်ပဲ နေကြသလား"



သူမ၏ ဟန် တရုတ်စကားမှာ ပီပြင်သော်လည်း အနည်းငယ် ဝဲနေ၏။

ထိုသို့ ဝဲနေခြင်းကပင် ပို၍နားထောင်ကောင်းသယောင် ရှိနေလေ၏။

ဆန်ကွမ်းချီက....

"ခင်ဗျား ဟန် တရုတ်စကား ကောင်းကောင်း တတ်ကျွမ်းတယ်ပေါ့"

မိန်းကလေးက တခစ်ခစ်ရယ်ရင်း....

"ရှင်က တကယ့်လူပဲ၊ အခု ကျွန်မပြောတဲ့စကားကို ရှင် နားမလည်ဘူးလား၊ နားလည်ရင် ကျွန်မ ဟန် တရုတ်စကား တတ်လို့ပေါ့ရှင်"

ဆန်ကွမ်းချီက....

"နားလည်ပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ စကားသံက ဝဲနေတယ်၊ ခင်ဗျားကို ဟန် တရုတ်အမျိုးသမီး မဟုတ်ဘူးလို့ ထင်နေတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ်.... ဘာဖြစ်သလဲ၊ ဟန် တရုတ်ပဲဖြစ်ဖြစ်၊ တခြားလူမျိုးစုပဲဖြစ်ဖြစ် ဘာဖြစ်သလဲ၊ တစ်ယောက်ပြောတာကို တစ်ယောက်နားလည်ရင် ပြီးတာပဲရှင်"

ထိုစဉ် အဘိုးအိုက ဆန်ကွမ်းချီအား လက်မြှောက်၍ အချက်ပြလိုက်၏။ ထပ်မံ၍ စကားမပြောနှင့်တော့ ဟူသည့် သဘောပေတည်း။

★

## အခန်း (၁၂)

### တစ်ပွဲထိုးကျွင့်စဉ်

အဘိုးအိုက အေးစက်စက် မေးခွန်းထုတ်လိုက်၏။

"မိန်းကလေး ဘယ်ကရောက်လာတာလဲ၊ မိန်းကလေးကို ဧည့်ဝတ်ပြုစရာတော့ ဘာမှ မရှိဘူးကွယ့်၊ သစ်သီးဝလံ စားနိုင်တယ်ဆိုရင်တော့ ဧည့်ခံနိုင်တယ်"

မိန်းကလေးသည် အဘိုးအိုကို စူးရှစွာ ကြည့်လိုက်၏။

ဤအခန်းထဲရှိ လူနှစ်ယောက်အနက် ဤအဘိုးအို၏ အိုင်းညာစွမ်းရည်သည် အလွန်တရာ ကြောက်မက်ဖွယ် ကောင်းလိမ့်မည်ဟု သူမ ခန့်မှန်းနိုင်စွမ်း ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဘိုးအိုကို ဂါရဝမပြုပေ။

"ကျွန်မက နယ်စပ်က ရောက်လာတာပါ၊ တရုတ်ပြည် မြေပြန့်သိုင်းလောကသား မဟုတ်ပါဘူး"

အဘိုးအိုက အေးစက်စက်ပင် ပြောသည်။

အေးစက်သည်နှင့်အမျှ ခြိမ်းခြောက်သံကလည်း အပြည့် အဝ ပါသည်။

"မြေပြန့်ကပဲဖြစ်ဖြစ်၊ နယ်စပ်ကပဲဖြစ်ဖြစ်၊ ဒီနေရာထိ အောင် ရောက်လာတာကိုက မကြာခင် ဖြစ်ပေါ်လာမယ့် တိုက်ပွဲနဲ့ ပတ်သက်တယ်ဆိုတာ သက်သေပြနေတယ်၊ ဒါ ကြောင့်မို့ ဒီအဆောင်ပေါ်က လွယ်လွယ်ကူကူနဲ့ ပြန် ဆင်းနိုင်မယ်လို့ မထင်နဲ့"

မိန်းကလေးက ဟက်ဟက်ပက်ပက် ရယ်သည်။

"ကျွန်မရဲ့ အစ်ကိုကြီးတောင်မှ ကျွန်မကို ဒီလိုမပြောဘူး ရှင့်၊ ဆရာကြီးက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ ကျွန်မကို ဆရာကြီး တားနိုင်မယ်ထင်လို့လား"



ဆန်ကွမ်းချီသည် အဘိုးအိုနှင့် မိန်းကလေးတို့ အချီအချ ပြောနေသည်ကို စိတ်ပါဝင်စားစွာ နားထောင်နေလေ၏။ သူ တစ်ခုသိသည်မှာ မိန်းကလေးသည် ဤနေရာမှ လွယ်ကူ စွာ ပြန်ထွက်နိုင်မည်မဟုတ်သည့်အချက်ပင် ဖြစ်သည်။

အဘိုးအိုသည် ဤနေရာသို့ ရောက်လာသူ မှန်သမျှနှင့် ရင်ဆိုင်လေ့မရှိပေ။ တိဗက်ဘုန်းကြီးများနှင့်လည်း မျက်နှာ ချင်း မဆိုင်ခဲ့ပေ။

နောင်ကြီးကျုန်းဆိုသူနှင့် ဗူကျောင်းဆိုသူတို့နှင့်လည်း မျက်နှာချင်းမဆိုင်ခဲ့ပေ။ ပုန်းနေခဲ့သည်။

ယခု ဤမိန်းကလေးနှင့်မူ မျက်နှာချင်းဆိုင်ခဲ့သည်။ သူတို့ နှစ်ယောက်၏ မျက်နှာကို မိန်းကလေးသည် ကောင်းစွာ မှတ်မိ သိရှိသွားခဲ့ပြီ။

ထိုသို့ သိရှိသွားခြင်းကပင် မိန်းကလေးအနေဖြင့် ဤ အဆောင်မှ လွယ်ကူစွာ မထွက်နိုင်စေမည့် အကြောင်းရင်း တစ်ချက် ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက....

"ငါ့အနေနဲ့ မိန်းကလေးကို ခုလို မထိန်းချုပ်ချင်ပါဘူး၊ ဒါပေမယ့် မိန်းကလေးက ငါတို့ရဲ့ မျက်နှာတွေကို မြင်သွား ပြီ၊ ဒီ ဘုရားကျောင်းပျက်ကြီးရဲ့ လျှို့ဝှက်ချက်ကို သိသွားပြ ဒါကြောင့်မို့ မိန်းကလေးကို လွယ်လွယ်ကူကူ ပြန်မလွှတ်နိုင် တာဘဲ"

မိန်းကလေးသည် အဘိုးအို၏စကားကို ဂရုမစိုက်ဘေ သူ့အား ဂရုစိုက်ကြည့်နေသည့် ဆန်ကွမ်းချီဘက်သို့ ရှယ် တရက်လှည့်၍ ပြောလေ၏။

"ရှင်တို့ ဟန် တရုတ်လူမျိုးတွေရဲ့ ဓလေ့ထုံးစံထဲမှာ မိန်း မပျိုကလေး တစ်ယောက်ကို ခုလို စူးစူးရှားရှား ကြည့်ရမယ် လို့ ထုံးစံရှိသလား၊ ရှင်ကြည့်တာ လွန်နေပြီ"

ဆန်ကွမ်းချီမှာ အသက် နှစ်ဆယ်ခန့်မျှသာရှိသော က ငယ်တစ်ဦး ဖြစ်ရာ အသက် ဆယ့်ရှစ်နှစ်ခန့်ရှိသော မိန်း ကလေး၏ အပြောင်အပြက်စကားကြောင့် မျက်နှာတစ်ပြင် လုံး နီရဲသွားလေတော့၏။



ဆန်ကွမ်းချီမှာ နောက်ဘက်သို့ ခြေနှစ်လှမ်းမျှဆုတ်သွား သည်။

"ခင်ဗျား ဘာပြောတာလဲ၊ ကျုပ်က ခင်ဗျားကို ဂရုစိုက် နေတာက ကျုပ်တို့ကို ရန်မူမှာစိုးလို့ ကြည့်နေတာ၊ ခင်ဗျား ရဲ့ အလှကိုကြည့်ပြီး ယစ်မူးနေတာ မဟုတ်ဘူးဗျ"

မိန်းကလေးက ပါးစပ်ကို မဲ့လိုက်၏။

"ဟ....ကျွန်မတို့ရဲ့ ဓေဓုအောဒ် လူမျိုးစုထဲက တစ် ယောက်ယောက်ကသာ ရှင်ပြောပုံမျိုးနဲ့ ကျွန်မကိုပြောရင် က်ချင်း သေဒဏ်ပေးမိမှာပဲ"

သို့သော် သူမ၏လေသံက ပြောင်းလဲသွား၏။

"ဒါပေမယ့်....လသာတဲ့ညတွေမှာ ကျင်းပတဲ့ ဘာသာ ရေး ပွဲတော်တွေမှာ ပြောမိရင်တော့ ခွင့်လွှတ်ရမှာပဲ၊ ဘာ ကြောင့်လဲဆိုတော့ အဲဒီပွဲတော်တွေမှာ ကျွန်မတို့ လူမျိုးစု ငယ်တိုင်းက အထူးအခွင့်အရေး ရကြတာကိုး"

ထိုစဉ် အဘိုးအိုက အေးစက်စက်ဖြင့် ဝင်ရောက်စွက်ဖက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ မိန်းကလေး၊ အပိုစကားတွေ ပြောမနေနဲ့၊ မိန်းကလေးပြောနေတဲ့ စကားတွေဟာ ဘာမှ အနှစ်သာရ မရှိဘူး၊ ငါဟာ လူမသတ်ခဲ့တာ ကြာပြီ၊ ဒါပေမယ့် ဒီနေ့တော့ လူသတ်ရမှာပဲ၊ ငါသတ်ရမယ့်လူက မိန်းမပျိုကလေး ဖြစ်နေတဲ့အတွက် စိတ်မကောင်းဘူး"

အနီရောင်ဝတ်စုံဝတ်မိန်းကလေးသည် မကြောက်ရွံ့သည့်အပြင် ပြုံးပြုံးရွှင်ရွှင်ပင် ပြန်မေးလေ၏။

"ဆရာကြီးက ကျွန်မကို တကယ်သတ်ဝံ့လို့လား"

"ငါက ဘာဖြစ်လို့ မသတ်ဝံ့ရမှာလဲ"

အဘိုးအိုသည်သူ့လက်တစ်ဖက်ကို ဖြည်းညင်းစွာမြှောက်လိုက်၏။

"ဒီမိန်းကလေးဟာ လျှို့ဝှက်ထူးဆန်းတယ်၊ ငယ်လဲ အင်မတန်ငယ်တယ်၊ သတ်ရမှာတော့ စိတ်မကောင်းစရာပဲ"

အဘိုးအိုသည် လက်ဝါးကို လေထဲ၌ တန်းလန်း မြှောက်ရင်း တွေးတောစဉ်းစားနေ၏။

မိန်းကလေးက ခပ်အေးအေး ပြန်မေးသည်။



"ကျွန်မကို ဆရာကြီးက တကယ်သတ်တော့မလို့လား"

အဘိုးအိုက တွေဝေသွားသည်။

"ဘာမှခုတော့ရှိဘယ်၊ ငါတို့ကို ဗိကျောင်းပျက်ပေါ်မှာ တွေ့ခဲ့တယ် ဆိုတာကို လုံးဝ မေ့ဖျောက်ပစ်နိုင်ရင်တော့ မိန်းကလေးကို မသတ်ဘဲ လွှတ်ပေးလိုက်မယ်၊ ဘယ်လို သဘောရသလဲ"

ဆန်ကွမ်းချိမှာ ဟိုအခါကျမှ သက်ပြင်းချမိတော့သည်။

သူသည် မည်သူ့ကိုမျှ မသတ်ဖြတ်လိုပါ။

အထူးသဖြင့် မိန်းကလေးများကို ပို၍ မသတ်ချင်ပါ။

မိန်းကလေးသည် အဘိုးအို၏စကားကြောင့် အံ့ဩသွားသည်။

အဘိုးအို အမှန်တကယ် ပြော မပြော စေ့စပ်စွာ လေ့လာနေသည်။

ဤအဘိုးအိုသည် အဘယ်ကြောင့် သူ့သတင်းကိုလျှို့ဝှက်ထားလိုသနည်း။

သူမ ဆက်မတွေးနိုင်မှန်း သိလျက်နှင့် တွေးတောစဉ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ တွေးတောစဉ်းစားပြီးမှ ထိုမိန်းကလေး
စကားပြောသည်။

"ကျွန်မရဲ့အစ်ကိုကြီးနဲ့ လက်ရည်တူနေပြီလို့ စဉ်းစား
တာနဲ့ ကျွန်မကို ခွင့်လွှတ်လိုက်တာလား"

အဘိုးအိုက အေးစက်စက်ရယ်လိုက်၏။

"ဟား....ဟား....ဟား...,ငါနဲ့ လက်ရည်တူတဲ့လူနဲ့
သက်တယ်ဆိုရင် ငါက ဒီလို လွယ်လွယ်ကူကူ လွှတ်ပေး
တဲ့လား၊ ဒါတွေ ထားလိုက်ပါကွယ်၊ ငါ့မှာ လူသတ်ချင်
စိတ် သိပ်မရှိပါဘူး၊ မိန်းကလေးကသာ ငါပြောတာလက်
ရင် အားလုံး အေးအေးချမ်းချမ်းနဲ့ ပြီးသွားနိုင်ပါတယ်
ဒါပေမယ့် ငါတို့အကြောင်း သူများ သိသွားလို့ကတော
ကမ္ဘာ့အဆုံးပြေးတာတောင် မိန်းကလေးဟာ ငါ့လက်
မလွတ်နိုင်ဘူး၊ အဲဒါကိုတော့ မြဲမြဲမှတ်သွား"

သူမသည် ခေတ္တမျှ စဉ်းစားလိုက်၏။

ထို့နောက် ခေါင်းညိတ်၏။



"ကောင်းပါပြီ၊ ကျွန်မသဘောတူတယ်၊ အခုပြောတဲ့
အတိုင်း ဖြစ်ပါစေ၊ ကျွန်မဘက်ကတော့စိတ်မပူပါနဲ့၊ ရှင်တို့
ဟန်တရုတ်တွေသာ ကတိပျက်တတ်တာပဲ"

ဆန်ကွမ်းချီသည် ဒေါသထွက်သွားတော့၏။

"ခင်ဗျား ဘာစကားပြောတာလဲ၊ ကျုပ်တို့ပြည်မသား
တွေဟာ ကတိတစ်လုံးအတွက် ရွှေစင် လျှံတစ်ထောင် ပေး
တာတောင် ဂရုမစိုက်ဘူး"

မိန်းကလေးသည် ဆန်ကွမ်းချီအား ပြုံးစစဖြင့် ကြည့်
လေ၏။

"ရှင် ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ ကျွန်မနဲ့ စကားပြောဖို့
ကြိုးစားနေရတာလဲ၊ ရှင် မရှက်ဘူးလား"

ဆန်ကွမ်းချီမှာ အခြောက်တိုက် စော်ကားခံလိုက်ရသဖြင့်
ဒုတိယအကြိမ် အကြီးအကျယ် ရှက်သွားရပြန်သည်။

ရုတ်တရက် မည်သည့်စကားကို ပြန်ပြောရမှန်းပင် မသိ
တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင် ဝတ်စုံဝတ်ထားသည့်မိန်းကလေးသည် အဘိုးအိုကို ပြုံးကြည့်လိုက်ပြီး....

"ကောင်းပါပြီ၊ ကျွန်မကလဲ ဆရာကြီးတို့နဲ့ မတိုက်ခိုက်ချင်ပါဘူး၊ ဒီဘုရားကျောင်းပျက်ကြီးထဲမှာ ဘယ်သူတွေ နေဘယ်ထိုင်တယ်ဆိုတာလဲ ကျွန်မအလုပ် မဟုတ်ပါဘူး ဆရာကြီးတို့ ရှိနေတဲ့အကြောင်း လုံးဝ ထုတ်ဖော်မပြောဘူးလို့ ကတိပေးပါတယ်"

သူမ၏စကားကို ခေတ္တခဏမျှ ရပ်ဆိုင်းလိုက်ပြီး လေးနက်စွာ ဆက်ပြောသည်။

"ဒါပေမယ့် ဘာတစ်ပါးကြောင့် ရှင်တို့ရဲ့ လျှို့ဝှက်ချက်တွေ ထုတ်ဖော်ခံရမယ်ဆိုရင်တော့ ကျွန်မရဲ့တာဝန် မဟုတ်ဘူးနော်၊ ဒါတော့ ကြိုတင်ပြောထားပါတယ်"

အဘိုးအိုက သဘောတူကြောင်း ခေါင်းညိတ်ပြလေ၏။

ထိုအခါ မိန်းကလေးသည် ပြတင်းပေါက်မှ အောက်ထပ် မြေပြင်သို့ ပေါ့ပါးစွာခုန်ချ ထွက်သွားတော့သည်။



အဘိုးအိုသည် ထိုမိန်းကလေး သဲကောာ အတွင်း ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေ၏။

ထိုနောက် ဟင်းခနဲသက်ပြင်းချလေ၏။

"ဒီမိန်းကလေးဟာ မြေပြန့် တရုတ်ပြည်ကလဲ မဟုတ်ဘူးကွယ့်၊ မြေပြန့် သိုင်းလောကသား မဟုတ်တဲ့အတွက် ငါ့ကိုလဲ သိပ်သိမှာမဟုတ်ဘူး၊ ဒါကြောင့်မို့ သူ့ကို ခွင့်လွှတ်လိုက်တာပဲ"

ဆန်ကွမ်းချီမှာ ထိုမိန်းကလေး၏လှောင်ပြောင်ပြက်ရယ်မှု စကားအရ မျက်နှာမှာ နီရဲနေဆဲ ရှိသေး၏။

အဘိုးအိုသည် ဆန်ကွမ်းချီ၏အဖြစ်ကို ကောင်းစွာရိပ်မိသည်။

"လူကလေး၊ ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့၊ နယ်စပ်က လူမျိုးစုမိန်းကလေးတွေဟာ စကားပြောရင် ဒီလိုပဲ ပြောင်ပြောင်တင်းတင်း ပြောတတ်ကြတယ်"

ဆန်ကွမ်းချီ ငြိမ်နေ၏။

အဘိုးအိုက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က ယောကျ်ားရင့်မကြီးတွေပဲကွ၊ သူတို့ ဘာပြောပြော မှုစရာမလိုပါဘူး၊ ဒါနဲ့ ငါမေးစမ်းပါရစေဦး၊ ဒီမိန်းကလေး အသက်ဘယ်လောက်ရှိမယ်ထင်သလဲကွ"

"ကျွန်တော့်စိတ်ထင်တော့ ဒီမိန်းကလေးဟာ အသက်ဆယ့်ရှစ်နှစ်လောက် ရှိနေပါပြီ"

အဘိုးအို၏ နှုတ်ဖျားမှ ရေရွတ်လိုက်သည့် စကားသံကြောင့် ဆန်ကွမ်းချီ အလွန်အံ့အားသင့်မိတော့သည်။

"သြော်....'တိုက်အော်'ရဲ့ အသက်လဲ ခုဆို ဆယ့်ခုနစ်နှစ် ပြည့်ပြီပေါ့ကွာ"

"ဆရာကြီး၊ တိုက်အော်ဆိုတာ ဘယ်သူပါလဲခင်ဗျာ"

အဘိုးအိုသည် ဆန်ကွမ်းချီအား အဘယ်ကြောင့် စပ်စပ်စုစု လုပ်ရပါသနည်းဟူသော အပြစ်တင်သည့် အကြည့်မျိုးဖြင့် ကြည့်လျက် ခပ်ပြတ်ပြတ်ပြော၏။

"တိုက်အော်ဆိုတာ တိုက်အော်ပဲပေါ့ကွ၊ ဘယ်သူပဲဖြစ်ဖြစ် မင်းနဲ့ ဘာဆိုင်သလဲ"

ဆန်ကွမ်းချီမှာ ရင်ထဲ၌ အောင့်သွားသည်။



ဤကိစ္စကို စတင်ပြောကြားသူမှာ မိမိမဟုတ်၊ သူက စတင်ပြောကြားသူဖြစ်လျက် မိမိအား မောင်းမဲရပါမည်လားဟူ၍ စိတ်ထဲ၌ မခံချိမခံသာဖြစ်သွားသည်။

အဘိုးအိုသည် ဆန်ကွမ်းချီ၏မျက်နှာပြင်ပေါ်မှအပြောင်းအလဲများကို တွေ့ရှိလိုက်သဖြင့် ပခုံးကို လှမ်းပုတ်လျက် ရင်းနှီးစွာ လှမ်းပြောသည်။

"ကောင်လေး၊ မင်းက တောင်တွေးမြောက်တွေး တယ်လုပ်ချင်တာကိုး၊ ငါတို့နှစ်ယောက် သိုင်းပညာသင်တဲ့အလုပ်ကို ပြန်စကြမယ်"

"ဟုတ်ကဲ့၊ ပြန်စကြပါမယ်၊ ကျွန်တော် ဘာကျင့်စဉ် ကျင့်ရမလဲ"

အဘိုးအိုသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးမျှော်ကြည့်ပြီးနောက်....

"သင်တော့သင်ရမှာပဲ၊ ဒါပေမယ့် ဒီသုံးရက်အတွင်းမှာ တော်တော်ကလေး ဖြစ်မြောက်အောင် သင်ရဖို့ကိစ္စအတွက် ဘယ်လိုသင်ရမလဲဆိုတာ စဉ်းစားနေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ...ဒီသုံးရက်အတွင်း ဟုတ်လား၊ သုံးရက်ဆိုတာ ဖင်လှည့် ခေါင်းလှည့်နဲ့ ကုန်သွားနိုင်တာပဲဗျာ၊ ဘာကြံ တာမှတ်လို့"

အဘိုးအိုသည် ဆန်ကွမ်းချီ၏စကားကို အလေးအနက် နားထောင်၏။

"ငါလဲ သဘောပေါက်ပါတယ်၊ ပထမတုန်းကတော့ မင်းကိုအခြေခံ အတွင်းအားပညာကအစ သင်ပေးမလို့ဘဲ၊ ဒါပေမယ့်အခုတော့ အခြေအနေအရ မီးစဉ်ကြည့်ကရမယ်"

"ဘာဖြစ်လို့လဲခင်ဗျာ"

"ဒီသုံးရက် နောက်ပိုင်းလောက်မှာ တိုက်ပွဲကြီး တစ်ခုခု ကို မင်း မုချတွေ့ရလိမ့်မယ်၊ သူတို့ဟာငါ့အဆောင်ကိုရောက် မလာဘူးလို့ မဆိုနိုင်ဘူး၊ သူတို့ အတင်းအဓမ္မ ဝင်ရောက် လာရင် အနည်းဆုံး မင်းဟာတော့ ကောင်းကောင်း ခုခံ ထားရမယ်၊ ဒီတော့ မင်းအဖို့ ဒီသုံးရက်အတွင်းမှာ သုံး နိုင်လောက်တဲ့ သိုင်းပညာတော့ တတ်မြောက်ထားရမှာ ပေါ့ကွာ၊ အခြေခံသိုင်းပညာက စသင်ရင် အချိန် အများ ကြီး ယူနေရမယ်ကွ၊ ခုဟာကတော့ ဖာစ်ပွဲတိုးပေါ့ကွာ"



ဆန်ကွမ်းချီက....

"ဆရာကြီးအတွက် အခက်အခဲရှိမယ်ဆိုရင်လဲ ကျွန်တော် တို့ ဒီကနေ ပြောင်းရွှေ့သွားကြတာပေါ့၊ အဲဒီ အကြံညာက် မကောင်းဘူးလားဗျာ"

ဆန်ကွမ်းချီ၏စကားကြောင့် အဘိုးအို အကြီးအကျယ် မျက်နှာပျက်သွားသည်။

ထို့နောက် ဒေါသထွက်လာ၏။

"ငါ ဒီကျောင်းပျက်မှာနေနေတာ မင်းတစ်သက်, မတ တော့ဘူးကွ၊ ဒီခွေးလေးကြမ်းပိုးတွေလာတာနဲ့ ငါက ဒီ ကျောင်းပျက်က ပြောင်းရွှေ့ပေးရမတဲ့လား"

ဆန်ကွမ်းချီက ကမန်းကတန်း တောင်းပန်လိုက်ရ၏။

"စိတ်မဆိုးပါနဲ့ ဆရာကြီး၊ ကျွန်တော် မသိလို့ ပြောမိ တာပါ"

အဘိုးအို ချက်ချင်း ဒေါသပြေသွား၏။

"ဒီသုံးရက်အတွင်းမှာ မင်းအတွက် အကောင်းဆုံး ဖြစ် နိုင်မယ့် သိုင်းပညာတွေ သင်ပေးရုံသာမကဘူး၊ မင်းကို သင်

www.burmeseclassic.com

www.burmeseclassic.com



ကြားပေးမယ်ဆိုတဲ့ ငါတတ်မြောက်ထားတဲ့ သိုင်းပညာတွေရဲ့ သော့ချက် လျှို့ဝှက် လက်ာတွေကိုလဲ အာဂုံဆောင်နိုင်အောင် သင်ပေးရဦးမကွ”

အဘိုးအိုက ဆန်ကွမ်းချီကို စေ့စေ့ကြည့်ပြီး....

“အဲဒီအခါကျမှ မင်းဘယ်လောက် မှတ်ဉာဏ် ကောင်းတယ်ဆိုတာ လက်တွေ့သိရတော့မှာပဲ”

ထို့နောက်ပိုင်းတွင် အဘိုးအိုသည် အရေးကြီးသောသိုင်းပညာရပ်များကို အပြင်းအထန် သင်ကြားပေးလေတော့၏။

အပင်ပန်းခံ လေ့ကျင့်သင်ယူနိုင်ခြင်းအတွက် အဘိုးအိုသည် အလွန်တရာ အံ့သြမိသည်။

သို့သော် သူ့နှုတ်မှ တစ်ခွန်းတစ်ပါဒမျှ ချီးကျူးခြင်း မပြုခဲ့ပေ။

နံနက် အရုဏ်တက်အချိန်တွင်မူ ဆန်ကွမ်းချီ သိုင်းပညာ မသင်ရပေ။

အဘိုးအို ရှေ့က ရွတ်ပေးသွားသည့် လက်ာများကို လိုက်ဆိုရ၏။



သိုင်းပညာ လေ့ကျင့် သင်ယူသည့်အခါ ချီးကျူးခြင်း မပြုခဲ့သော်လည်း အဘိုးအိုသည် သူ့လက်ာများ သင်ပေးရသည့်အခါတွင်မူ မချီးကျူးဘဲ မနေနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော်....

ရှေ့မှ သူတစ်ခေါက်တည်း ရွတ်ဆိုသွားသည့် ခဲရာခဲဆစ် လက်ာများကို ဆန်ကွမ်းချီသည် တစ်ကြိမ်တည်း လိုက်ဆိုရုံမျှဖြင့် အာဂုံဆောင်နိုင်သောကြောင့်တည်း။

အဘိုးအိုက ခပ်တိုးတိုး မှတ်ချက်ချသည်။

“အင်း....မင်းရဲ့မှတ်ဉာဏ်တော့ တကယ့်ကို လက်ဖျားခါလောက်ပါပေရဲ့ကွာ”

ဆန်ကွမ်းချီအဖို့ သုံးရက် အချိန်ကာလကို သုံးနာရီလောက်သာ ထင်မှတ်ခဲ့ရလေ၏။

အဘယ်ကြောင့်ဆိုသော်....

ထို သုံးရက်အတွင်း၌ အိပ်ချိန်ပင် မရလောက်အောင် လေ့ကျင့် သင်ကြားခဲ့ရသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက်နေ့ ကုန်ဆုံးသွားချိန်တွင်မူ ဆန်ကွမ်းချိတစ်ယောက် အင်အားကုန်ခန်းလျက် လုံးဝ အိပ်မောကျသွားရှာလေတော့၏။

သူမည်မျှအိပ်ပျော်ခဲ့သည်မသိ၊ အဘိုးအို၏လက်တစ်ဖက်က မိမိ၏ ကျောရိုးကိုဖိကိုင်ပြီး အတွင်းအားလှိုင်းများဖိသွင်းပေးသောအခါမှ အိပ်ရာက နိုးထလာခဲ့ရသည်။

အဘိုးအိုက ခပ်အေးအေးမေးသည်။

"ဘယ့်နှယ်လဲ၊ မင်းရဲ့ ပင်ပန်းနွမ်းနယ်မှုတွေ လျော့ကျပျောက်ကွယ်သွားပြီလား"

ဆန်ကွမ်းချိသည် လူးလဲထပြီးနောက် အဘိုးအိုကိုဦးဆိုက်ကန်တော့သည်။

"ဆရာကြီးရဲ့ ကျေးဇူးတွေဟာ အနန္တ ကြီးမားလှပါတယ် ခင်ဗျာ"

"ငါ့ကို ရှိခိုးဖို့ မလိုပါဘူး၊ ငါသင်သမျှ အမီလိုက်ယူနိုင်တဲ့ မင်းလိုတပည့်မျိုးကို ရလိုက်တဲ့အတွက် ငါအများကြီးဝမ်းသာပါတယ်၊ မင်းအိပ်နေတာ ခြောက်နာရီ ရှိနေပြီ၊ ထိပ်တန်းသိုင်းပညာရှင်တွေရဲ့ တိုက်ပွဲလဲ စတော့မယ်ကွ၊ ဒီလိုတိုက်ပွဲမျိုးဟာ အင်မတန်ကြုံကြိုက်ခဲတယ်၊ မင်း မမြင်လိုက်ရတဲ့ဖြစ်နေမှာစိုးလို့ တမင် နှိုးလိုက်ရတာပဲ"



"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် အအိပ်လွန် သွားမိပါတယ်င်ဗျာ"

"လွန်တယ်တော့ မဟုတ်ဘူးပေါ့လေ၊ တော်ရုံတန်ရုံလူ ရင်လဲ မင်းလို ဘယ်သူမှ လိုက်လေ့ကျင့်နိုင်မှာ မဟုတ်ါဘူး၊ တိုက်ပွဲ အတွေ့အကြုံဆိုတာ သိပ်အရေးကြီးတယ်၊ ယ်တိုင်တိုက်ရမှ၊ ကိုယ်တိုင်ကြုံရမှ တန်ဖိုးရှိတာ မဟုတ်း၊ သူများတိုက်တာခိုက်တာကို ကြည့်ပြီးလဲ သင်ခန်းစာလို့ရတယ်၊ ဆောင်ရန် ရှောင်ရန်တွေကို မှတ်သားနိုင်တဲ့တာ ကိုယ်တိုင် ကြုံတွေ့ရသလို တန်ဖိုး ရှိတာပဲ"

"ဟုတ်ကဲ့၊ ဆရာကြီးရဲ့ အမှာစကားတွေကို ရင်ထဲကသားထားပါ့မယ်ခင်ဗျာ"

ဆိုစဉ်....

အဘိုးအို၏အမူအရာက ဆတ်ခနဲဖြစ်သွားလေ၏။

"ဟော....လာနေပြီ"

ဆန်ကွမ်းချိသည် ကြိုးစား၍ နားစွင့်၏။

ည်သည့်ခြေသံမျှ မကြားရပါချေ။

ို့ကြောင့် ပြတင်းပေါက်ဆီသို့ ခပ်သွက်သွက်လျှောက်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏ပြောစကား မှန်၏။

လူရှစ်ယောက်သည် သစ်တောထဲမှ ထွက်လာပြီး ဘုရားကျောင်းပျက်၏ ကျောက်လှေကားထစ် ရှေ့ရှိ ကွက်လပ်သို့ စီတန်း၍ လာနေကြ၏။

ရှေ့ဆုံးမှ လူသည် ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားပြီး အတော်အတန် ရှည်နေသည့် နှုတ်ခမ်းမွေးလည်း ပါရှိ၏။

ဦးခေါင်း၌ ပဝါတစ်ပိုင်း စည်းထားသည်။

နောက်ကျော၌ ဓားတစ်ချောင်း ချိတ်ဆွဲထားသည်။

သူ့နောက်မှ လူခုနစ်ဦးသည်လည်း ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားပြီး ဓားကိုယ်စီ သိုင်းလွယ်ထားကြသည်။

ထိုသူများ၏ရုပ်ရည်မှာ နိမ့်ကျလှသည်။

ဆန်ကွမ်းချိသည် ထိုသူများ၏ရုပ်ရည်ကိုကြည့်ပြီး အထင်သေးသွား၏။

"ကြွက်စုတ်မျက်နှာရှိတဲ့ ဒီလူတွေဟာ ဘာသိုင်းပညာ ထူးချွန်မှာလဲ"

သိုင်းပညာထူးချွန်ခြင်းနှင့် ရုပ်ရည်သည် မည်သို့မျှမသက်ဆိုင်ကြောင်း ဆန်ကွမ်းချိ မသိမဟုတ်ပါ။ သိပါသည်။



သို့သော်....

သူသည် မြေပြန့်တရုတ်သိုင်းသမား တစ်ယောက်သာဖြစ်သော သူ့၌ မျိုးချစ်စိတ် အလိုအလျောက် ခိုဝင်နေ၏။

ဟန်တရုတ်မဟုတ်သည့် သိုင်းသမားများအပေါ် သူသည် လေးစားအထင်ကြီးခြင်း မရှိပါချေ။

* * *

သူ ငေးကြည့်နေစဉ်မှာပင် အခြားသစ်တောတစ်ဖက်မှ တိဗက်ဘုန်းကြီးများ တန်းစီ၍ထွက်လာကြသည်။

ဘုရားကျောင်းပျက်၏ ကျောက်လှေကားရှေ့ရှိ ကွက်လပ်သို့ တိဗက်ဘုန်းကြီးများ အလျှင်ဦးစွာ ရောက်ရှိလာလေသည်။

တိဗက်ဘုန်းကြီးတစ်ပါးသည် အခြားဘုန်းကြီးများထက် ခြေငါးလှမ်းခန့်ကြိုထွက်ပြီး တန်းစီ၍လာနေသည့် လူရှစ်ယောက်ကို စောင့်နေလိုက်သည်။

မကြာမီ...

www.burmeseclassic.com

www.burmeseclassic.com



လူရှစ်ယောက်အုပ်စုနှင့် တိဗက်ဘုန်းကြီးအုပ်စုတို့ ရင်ဆိုင်မိကြတော့သည်။

လူရှစ်ယောက်အုပ်စုထဲမှ ရှေ့ဆုံးမှလူသည် ရှေ့သို့ထွက်လာပြီး စောင့်ကြိုနေသည့်ဘုန်းကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

တိဗက်ဘုန်းကြီးက လက်အုပ်ချီနှုတ်ဆက်ပြီး....

"ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံ မဟုတ်ပါလား"

ကြွက်စုတ်မျက်နှာနှင့်လူက ခေါင်းခါပြီး....

"ကျုပ်က ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံ မဟုတ်ပါဘူးဗျာ ဘုန်းတော်ကြီးတို့ စောင့်နေရတာ ကြာပြီထင်ပါတယ်"

"ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံ ပါမလာဘူးဆိုပါတော့"

"အခုတော့ ပါမလာသေးပါဘူး၊ ဒါပေမယ့် နောက်က လိုက်လာနေပါတယ်"

တိဗက်ဘုန်းကြီးက ထိုသူအား သေချာစွာကြည့်ပြီး....

"ဩြော်....ဒါဖြင့် ဒကာကြီးက ရှုံးကြံဖေးဆိုတဲ့ ပုဂ္ဂိုလ်များလား"

ကြွက်စုတ်မျက်နှာနှင့်လူက ခေါင်းခါပြန်၏။



"ရှုံးကြံဖေးဆိုတာက ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီး ဖြစ်ပါတယ်၊ ကျုပ်ကတော့ ဆိုင်းပညာလေ့ကျင့်ရေးမှူး ချန်ခွန်ဖြစ်ပါတယ်"

တိဗက်ဘုန်းကြီးက လက်အုပ်ချီပြီး စကားပြော၏။

"ဩြော်....လေ့ကျင့်ရေးမှူးကြီး ချန်ခွန်ကိုး၊ ဒကာကြီးရဲ့နာမည်ကို ကျုပ်တို့ ကောင်းကောင်းကြားဖူးပါတယ်"

ချန်ခွန်ကလည်း ဦးညွှတ်ဂါရဝ ပြုလေ၏။

"ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံဟာ ဘုန်းကြီးတို့ရဲ့ တိဗက်ဂိုဏ်းချုပ်ကြီးနဲ့ လူချင်းတွေ့ဆုံဖို့ ချိန်းဆိုထားပါတယ်၊ ဘုန်းကြီးတို့ရဲ့ တိဗက်ဂိုဏ်းဟာ အရှေ့မြေမြန့်ဆိုင်းလောကနဲ့မတူဘဲ တစ်မူထူးခြားတယ်လို့ ကြားသိရတဲ့အတွက် ကျုပ်တို့ဂိုဏ်းချုပ်ကြီးဟာ တိဗက်ဂိုဏ်းကို အထွဲးပဲ စိတ်ဝင်စားနေပါတယ်"

တိဗက်ဘုန်းကြီးကလည်း လေသံမာမာနှင့်ပင် ပြန်ပြောသည်။

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို တွေ့ဆုံချင်သူဟာလဲ ဂိုဏ်းချုပ်ကြီးအဆင့်ပဲ ဖြစ်ရပါမယ်၊ ဒါပေမယ့် ဂိုဏ်းစောင့်

www.burmeseclassic.com



ရှောက်ရေးမှူးဆယ့်နှစ်ယောက်ကို နိုင်အောင်တိုက်နိုင်[...] ပုဂ္ဂိုလ်ဖြစ်ရင်လဲ ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးဆီ ခေါ်ဆော[...] သွားပေးနိုင်ပါတယ်”

ချန်ခွန်သည် နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်ရင်း....

“ကျုပ်တို့ဂိုဏ်းချုပ်ကြီးက ဘုန်းကြီးတို့ တိဗက်ဂိုဏ်း[...] စိတ်ဝင်စားပေမယ့် ချက်ချင်းတွေ့ဆုံဖို့တော့ မရည်ရွယ်သေး[...]ဘူးဗျ”

တိဗက်ဘုန်းကြီးသည် နောက်သို့ပြန်လှည့်လာပြီး လက်[...] တစ်ဖက်မြှောက်၍ အချက်ပြလိုက်၏။

ထိုအခါ တိဗက်ဘုန်းကြီးအုပ်စုထဲမှ အပြာရောင်ဝတ်[...] ရှည်များ ဝတ်ဆင်ထားသည့် ဘုန်းကြီးလေးပါး အရှေ့သို့ ထွက်လာတော့၏။

တိဗက်ဘုန်းကြီးလေးပါးသည် ချန်ခွန်၏ရှေ့၌ တင်ပျဉ်[...] ချိတ်၍ ထိုင်လိုက်ကြ၏။

ချန်ခွန်လည်း ငါးလှမ်းခန့် နောက်ဆုတ်သွား၏။

ချန်ခွန်၏နောက်လိုက် ခုနစ်ဦးတို့သည် ချန်ခွန်၏နောက်ကျော၌ ဝန်းရံလိုက်ကြ၏။



ဆန်ကွမ်းချီနှင့် အဘိုးအိုတို့ကမူ ပြတင်းတံခါးပေါက်မှ ပုန်းကွယ်၍ ကြည့်နေကြ၏။

ကွက်လပ်ကွင်းပြင်၌ ရင်ဆိုင်တွေ့နေသည့်အဖွဲ့နှစ်ဖွဲ့သည် ကိုယ့်အရေးနှင့်ကိုယ် ခေါင်းရှုပ်နေကြသဖြင့် ကျောင်းပျက်၏ အပေါ်ထပ်မှ ချောင်းကြည့်နေသူနှစ်ဦးကို လုံးဝသတိမပြုမိကြပေ။

အဘိုးအိုက ဆန်ကွမ်းချီအား ခပ်တိုးတိုးပြောလေ၏။

“လူကလေး...သူတို့ ဒီဘုရားကျောင်းရှေ့ လာတိုက်ကြတော့ မင်းအတွက် ကံထူးတာပေါ့၊ ဒီတိုက်ပွဲကို မင်းအနေနဲ့ လိုက်ရှာဖို့ မလိုတော့ဘူးပေါ့”

ဆန်ကွမ်းချီသည် လက်သီးနှစ်ဖက်ဆုပ်လျက် အဘိုးအိုအား ဂါရဝပြုလိုက်၏။

“ကျွန်တော်သာ ဆက်ပြီးအိပ်နေရင် ဒီတိုက်ပွဲကို မြင်ရမှာ မဟုတ်တော့ပါဘူး၊ ဆရာကြီး နှိုးလိုက်တဲ့အတွက်သာ ဒီတိုက်ပွဲကို မြင်ခွင့်ရလိုက်တာပါ၊ ကျေးဇူးတော် အနန္တပါပဲ ဆရာကြီး”

ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှ အော်ဟစ်သံများ ကြားလိုက်ရသည်။

ချန်ခွန်အပါအဝင် ရှစ်ယောက်အုပ်စုသည် ထိုအသံများကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

သူတို့သည် လေးယောက်တစ်တန်းစီ တစ်တန်းစီဖြင့် နှစ်တန်းပြုလိုက်ကြပြီး စောင့်ကြိုကြသည်။

ချန်ခွန်သည် တိဗက်ဘုန်းကြီးအား လှမ်းပြောလိုက်လေသည်။

"ကိုယ်တော်....ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီး ကြွရောက်လာပါပြီ၊ ကိုယ်တော်ရဲ့စကားအရ ကိုယ်တော်ရဲ့ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် လာရောက်ကြိုဆိုသင့်ပါပြီ"

တိဗက်ဘုန်းကြီးက....

"ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးကလဲ အမြင့်မြတ်ဆုံး လူသားတစ်ဦးပဲ ဒကာကြီးရဲ့၊ ဒကာကြီးတို့ရဲ့ဂိုဏ်းချုပ်နဲ့ တွေ့ဆုံမယ်လို့ပဲ ဆိုခဲ့ပါတယ်၊ ကြိုဆိုမယ်လို့ မဆိုခဲ့ပါဘူး၊ ဒီစကားနှစ်လုံးရဲ့ အဓိပ္ပာယ်က အများကြီးကွဲလွဲပါတယ် ဒကာကြီး"

ချန်ခွန်၏မျက်နှာ၌ ဒေါသအရိပ်အယောင်များ ထွက်လာ၏။



တိဗက်ဘုန်းကြီးကမူ မည်သူ့ကိုမှ အရေးမထားဟန်ဖြင့် ဆက်ပြောလေ၏။

"ဒီကွက်လပ် ရောက်လာတဲ့အခါမှာတော့ ဒကာတို့ရဲ့ ဂိုဏ်းချုပ်နဲ့ ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီး တွေ့ဆုံခိတ်ဆက်ကြတာပေါ့လေ"

ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့် လူခုနစ်ယောက်တို့သည် တိဗက်ဘုန်းကြီးကို တင်းမာခက်ထန်သော မျက်နှာထားဖြင့် လှည့်ကြည့်ကြသည်။

ထိုဘုန်းကြီးကတော့ လုံးဝဂရုမစိုက်ပေ။

အဝေးမှ အော်ဟစ်သံများလည်း ပို၍နီးကပ်လာလေသည်။

ဆန်ကွမ်းချီသည် ပြာင်းတံခါးမှ အော်သံကြားသည့် နေရာသို့ ချောင်းကြည့်လိုက်မိသည်။

"ဟာ"

'လူလေးဆယ်ခန့် တစ်စုတစ်အုပ်ကြီး လာနေကြသည်။

ဆယ်ယောက်ခန့်သည် ဝေါယာဉ်ကြီးတစ်ခုကို ထမ်းလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ်၌ အစိမ်းရောင်လိုက်ကာများပတ်ရံထားသဖြင့် အတွင်းမှပုဂ္ဂိုလ်ကို လုံးဝမမြင်တွေ့ရချေ။

ဝေါယာဉ်ရှေ့တွင် လက်နက်ကိုင်လေးဦး လိုက်ပါစောင့်ရှောက်လာ၏။

ကိုယ်ရံတော်များ ဖြစ်ပေလိမ့်မည်။

ဆန်ကွမ်းချိသည် စိတ်ထဲ၌ ကျိတ်၍ပြုံးလိုက်မိ၏။

"ဒီလောက်ဝါကြွားတဲ့လူမျိုး ငါ့တစ်သက်မှာတော့ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ရှင်ဘုရင်ဆိုလဲ ထားပါတော့၊အိမ်ရှေ့မင်းသားဆိုလဲ ထားပါတော့၊ နောက်ဆုံး ဘုရင့်တပ်မှူးကြီးဆိုရင်တောင် ခွင့်လွှတ်ရဦးမယ်၊ သိုင်းလောကထဲက ဂိုဏ်းချုပ်တစ်ယောက် အနေနဲ့ကတော့ ကြွားဝါလွန်းလှပါတယ်"

တဖြည်းဖြည်း နီးလာသောအခါ ဝေါယာဉ်ကြီးနောက်မှ ဝေါယာဉ်ငယ်တစ်ခုကို မြင်ရပြန်သည်။

ထိုဝေါယာဉ်ငယ်ကိုမူ အနီရောင်ပိတ်စများဖြင့် ကာရံထားကာ လူလေးယောက်သာ ထမ်းလာသည်။



ဝေါယာဉ်အစိမ်းနှင့် ဝေါယာဉ်အနီတို့သည် တစ်ဆောင်နှင့်တစ်ဆောင် ရှစ်ပေခန့်ခြား၍ ထမ်းလာသည်။

"ဟ....ဟ....နောက်ဆုံးမှာ ဝေါယာဉ်တစ်ခု ပါနေလေးပါကလား၊ ဒီဝေါယာဉ်ကတော့ အဝါရောင်ပိတ်စနဲ့ ကာထားတယ်၊ ဒီထဲကပုဂ္ဂိုလ်ကလဲ ဘယ်လောက်များ ကြီးကျယ်လို့လဲ"

ဆန်ကွမ်းချိ ဦးနှောက်ခြောက်သွား၏။

"အမှန်အတိုင်းဆိုရင် အစိမ်းရောင် အဝါရောင်ဝေါယာဉ်ထဲမှာ ဂိုဏ်းချုပ်ကြီး ပါသင့်တယ်၊ ဒါပေမယ့် ဘယ်ဝေါယာဉ်ထဲမှာ ပါမလဲဆိုတာတော့ ဘုရားမှသိမှာပဲ"

ဘေးမှခြံရံလာသူများမှာ လူလေးဆယ်ခန့်ရှိသဖြင့် ထိုလူများထံမှ အုတ်အုတ်ကျွက်ကျွက်အသံများ ကြားနေရခြင်းဖြစ်ပေသည်။

မကြာမီ....

ဝေါယာဉ်အားလုံး ကျောက်လှေကားရှေ့ရှိ ကွင်းလပ်ထဲသို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



လူလေးဆယ်ခန့်သည် အသီးသီးလူစုခွဲလိုက်ပြီး ဝေါယာဥ်သုံးစီး၏ပတ်လည်၌ ခြံရံ၍ရပ်လိုက်ကြ၏။

တိဗက်ဘုန်းကြီးသည် အရှေ့သို့တိုးထွက်လာပြီး မေးမြန်းလေ၏။

"ဘယ်သူက ဂိုဏ်းချုပ်ကြီးယွင်ကြို လို့ ဖြစ်ပါသလဲ၊ ဂိုဏ်းချုပ်ကြီးယွင်ကြိုလို့ပါလာရင် ကျုပ်တို့ရဲ့ ကြီးမြတ်လှတဲ့ ဂိုဏ်းချုပ်ကြီးကလဲ ထွက်လာပြီး တွေ့ဆုံပါလိမ့်မယ်"

လူလေးဆယ်ခန့်ရှိသော အုပ်စုထဲမှ ထောင်ထောင်မောင်းမောင်းအဘိုးကြီးတစ်ဦး ထွက်လာ၏။

"ကျုပ်တို့ဂိုဏ်းချုပ်က တိဗက်ဂိုဏ်းနဲ့တွေ့ဆုံဖို့ ချိန်းဆိုထားတယ်၊ ခင်ဗျားတို့က တိဗက်ဂိုဏ်းကလား"

တိဗက်ဘုန်းကြီးက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျုပ်တို့ ချိန်းဆိုထားတဲ့အချိန်ထက် နာရီဝက်တောင် နောက်ကျနေတယ်၊ ဒကာတို့မြေပြန့်သားတွေဟာ ဒီလိုပဲ ပေါ့ပေါ့ဆဆ လုပ်တတ်ကြသလား"

ပြတင်းပေါက်မှ ချောင်းကြည့်နေသည့် ဆန်ကွမ်းချီသည် ထိုလူများပြောနေသည့်စကားကို မကြားရချေ။



သို့သော်....

အဘိုးအိုကမူ ပါးစပ်လှုပ်သည်ကိုကြည့်၍ ထိုသူများပြောနေသည်ကို သိနေ၏။

ထို့ကြောင့် ဆန်ကွမ်းချီအား တိုးတိုးရှင်းပြသည်။

ဆန်ကွမ်းချီ ဘုရားဟသွား၏။

"ကျွန်တော်က အဲဒီရှစ်ယောက်အုပ်စုကို နယ်ခြားဒေသကလာတဲ့ လူမျိုးစုတွေလို့ ထင်မှတ်ခဲ့မိပါတယ်၊ သူတို့က ဟန်တရုတ်တွေဖြစ်လျက်နဲ့ ရုပ်ရည်တွေက ဆိုးရွားလှချည်လား"

အဘိုးအိုက ခပ်အုပ်အုပ်ရယ်လေ၏။

"လက်ချောင်းကလေးတွေတောင် အတိုအရှည် မတူညီကြတာပဲ၊ ဟန်တရုတ်တိုင်း အားလုံး တူညီနေရမလား"

ဆန်ကွမ်းချီမှာ ဘာမျှ ပြန်မပြောနိုင်တော့ပေ။

တိတ်တဆိတ်သာ ချောင်းကြည့်နေရတော့သည်။

ဝေါယာဥ်နှင့် လာသူများထက်မှထွက်လာသည့် ထောင်ထောင်မောင်းမောင်းနှင့် အဘိုးကြီး၏ မျက်နှာသည် ရုတ်ခြည်း တင်းမာခက်ထန်သွားသည်။

www.burmeseclassic.com



"ခင်ဗျားတို့ဟာ မိုင်ပေါင်း ထောင်ချီဝေးတဲ့အရပ်က လာကြတဲ့ ဧည့်သည်တွေဖြစ်တာမို့ ကျုပ်တို့ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်မယ်၊ ရိုးရိုး သာမန်လူဆိုရင် ခုလိုပြောတဲ့ စကားကြောင့် လျှာဖြတ်ခံရမယ်၊ ကျုပ်တို့ နောက်ကျမယ်ဆိုတာ သိလို့ ကျုပ်တို့ရဲ့ သိုင်းပညာလေ့ကျင့်ရေးမှူးကြီး ချန်ခွန်ကို ကြိုတင် စေလွှတ်ထားခဲ့တာပဲ၊ အဲဒီလူတွေဟာ ခင်ဗျားတို့ ရှေ့မှာ ရပ်နေတာပဲ၊ ခင်ဗျားတို့ မတွေ့ကြဘူးလား"

တိဗက်ဘုန်းကြီးသည် အေးစက်စက် ရယ်မောလိုက်လေသည်။

"ဒကာတို့ ကြိုတင်စေလွှတ်ထားတဲ့ လေ့ကျင့်ရေးမှူးကြီးနဲ့ တွေ့တာတော့ မှန်တယ်၊ ဒါပေမယ့် ဒကာတို့ရဲ့ လေ့ကျင့်ရေးမှူးကြီးက စကားကို ရှင်းလင်းအောင် ပြောတတ်ပုံ မရဘူး၊ နောင် သံတမန်သဘောမျိုး စေလွှတ်ရင် စကားကို လိပ်ပတ်လည်အောင်ပြောတတ်တဲ့လူကို ရွေးချယ်စေလွှတ်ပါ"

တိဗက် ဘုန်းကြီးသည် ထောင်ထောင်မောင်းမောင်းနှင့် အဘိုးကြီးကို စူးစိုက်စွာကြည့်ပြီး ဆက်ပြောလေ၏။

"ဒကာကို ကျုပ် တစ်ခုသတိပေးမယ်၊ ကျုပ်တို့ဟာ အနောက်ခြမြောက်ဘက်ဒေသမှာ ကြီးပြင်းလာသူတွေဖြစ်ပေ



မယ့် ဒကာတို့နဲ့ ယှဉ်ရင် ဘာဆိုဘာ မှာ မနိမ့်ကျဘူး၊ နောင် စကားပြောရင် လျှာဖြတ်မယ်ဆိုတဲ့စကားမျိုး လုံးဝ မပြောပါနဲ့၊ နောက်တစ်ခါပြောရင် ဒကာတို့ပဲခေါင်းဖြတ်ခံရ [illegible] လိမ့်မယ်"

တိဗက်ဘုန်းကြီးသည် တင်းတင်းမာမာ ပြောပြီးနောက် ဘုန်းကြီးအုပ်စုရှိရာသို့ ပြန်လျှောက်လာ၏။

သူ၏ဘုန်းကြီးအုပ်စုရှိရာသို့မရောက်မီမှာပင် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် သမင်လည်ပြန်လှည့်ရင်း ထောင်ထောင် မောင်းမောင်း အဘိုးကြီးအား မေးခွန်းထုတ်လိုက်လေ၏။

"ခုမှ ကျုပ်လဲ သတိရတယ်၊ ဒကာကြီးရဲ့ လေသံကြားမှ ဒကာကြီးဟာ ပဋ္ဌလက်ရှုံးကြံဖေး ဖြစ်လိမ့်မယ်လို့ ရိပ်မိလိုက်တယ်၊ ကျုပ်ထင်တာ မှန်ရဲ့လား ဒကာကြီး"

ထိုအဘိုးအိုက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျုပ်အမည်က ရှုံးကြံဖေးပဲဖြစ်ပါတယ်၊ ဂိုဏ်းစောင့်ရှောက်ရေးမှူးတာဝန်ကို ယူထားရတယ်၊ ခင်ဗျားရဲ့ ဘွဲ့အမည်ကိုတော့ မသိရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သိရပါတယ်၊ ကျုပ်ရဲ့ဘွဲ့အမည်က 'ဟော့ခက်'ပဲ"

"သြော်....ဟော့ခက်ကိုး၊ ဘုန်းကြီးရဲ့ ဘွဲ့ကို ကျုပ်ကြားဖူးထားပါတယ်"

ဟော့ခက်သည် ရှေ့သို့ တိုးလာ၏။

သူ ရှေ့သို့ နည်းနည်းတိုးလာရုံမျှဖြင့် ပတ်ဝန်းကျင်လေထုသည် အနည်းငယ် လှုပ်ရှားလာ၏။

အတွင်းအားပညာအရာ၌ ဟော့ခက်ကို အထင်သေး၍ မရကြောင်း ရှုံးကြုံဖေး သိရှိသွားရသည်။

ရှုံးကြုံဖေးသည် ခြေကိုမြဲမြဲရပ်လျက် လက်ဝဲလက်ဝါးကို ရင်ဝ၌ထားကာ ဟော့ခက်အား ဂါရဝပြုလေ၏။

ညာလက်ဝါးကမူ ဟော့ခက်အား တွန်းထုတ်၏။

ရှုံးကြုံဖေးက ရယ်ရင်း....

"ကျုပ်နာမည်က သိပ်ထင်ရှားတာ မဟုတ်ပါဘူး၊ သိုင်းလောကထဲမှာ ထမင်းချက် ရေခပ်အဆင့်ပဲ ရှိပါတယ်ဗျာ"

ပညာရှင်နှစ်ယောက်သည် ရယ်မောရင်း အတွင်းအားပညာချင်း ယှဉ်ပြိုင်နေကြ၏။



အတွင်းအားကြောင့် ဖြစ်ပေါ်လာသည့် လေလှိုင်းများ ဉ်ပြိုက်ရင်ဆိုင်သောအခါ လေပွေလှိုင်းများ ဖြစ်ပေါ်လာ တော့သည်။

လေထုချင်း ထိခိုက်ပြီးနောက် ရှုံးကြုံဖေး မျက်မှောင် ကြုတ်သွားသည်။

ခိုင်မြဲစွာရပ်ထားသည့် ခြေထောက်များလည်း ယိမ်းခါ ွားသည်။

ခြေထောက်လှုပ်သဖြင့် ခန္ဓာကိုယ်ပါ အနည်းငယ် ယိမ်း သွားသည်။

တိဗက်ဘုန်းကြီး ဟော့ခက်မှ သင်္ကန်းများ တလွင့်လွင့် င့်ခါသွားပြီး ခန္ဓာကိုယ် နောက်တက်သို့ အနည်းငယ် ိုင်သွားသည်။

သူတို့နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ဖြုံ ွားကြသည်။

ထို့ကြောင့်....

ပြိုင်တူလိုလိုပင် ဦးညွှတ်ဂါရဝ ပြုမိကြလေ၏။

ဟော့ခက်က စတင်၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စလက်ရှုံးကြုံဖေးဆိုတဲ့အမည်နဲ့ လိုက်လဲ ပေါ်ကစက်ဝ ဗျာ၊ ဒကာကြီးဆီက မညာယူရဦးမှာပဲ"

ဟော့ခက်သည် စကားဆုံးသည်နှင့် လှည့်ထွက်သွားေ တော့၏။

* * *

ထိုစဉ်....

အစိမ်းရောင်ဝေါယာဉ်ထဲမှ ရယ်၍ပြောသံ ထွက်ပေ လာသည်။

"ဘုန်းတော်ကြီး ဟော့ခက်၊ ကျေးဇူးပြုပြီး ဘုန်းေ ကြီးရဲ့ဂိုဏ်းချုပ်ကြီးကို ပန်ကြားပေးပါလား၊ ယွင်ကြိုလ် အတူ မောင်စန်းယိကျွင်းနဲ့ ချင်းစိန်နှစ်ဖော်ဆိုတဲ့ ပညာ နှစ်ဦးလဲ ပါပါတယ်လို့၊ မြေကွက်လပ်ကနေ ဘုန်းတော်ကြ ရဲ့ ဂိုဏ်းချုပ်ကြီး စောင့်နေရင် အင်မတန် အဆင်ပြေ လိမ့်မယ်"

အသံသည် ကြည်လင်သော်လည်း အလွန်တရာ အေးေ လှ၏။



ကြားရသူတိုင်းအား ရေခဲမြစ်အတွင်းသို့တစ်ကိုယ်လုံးနစ် မြုပ်အောင် မြုပ်သွင်းလိုက်သလို ခံစားသွားစေသည်။

ထို့ကြောင့်....

ထိုအသံကို ကြားရသူတိုင်း၏ အသည်းနှလုံးများသည် အေးစိမ့်သွားကြရလေ၏။

ဟော့ခက်သည် ထူးခြားသောအသံကို ကြားရသော် လည်း ဂရုမစိုက်ဘဲ ဆက်လျှောက်သွား၏။

လျှောက်သွားရင်းမှ ပြန်လည်ပြောကြားသွားသည်။

"ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံပြောတဲ့အတိုင်း ဖြစ်မြောက် စေရမယ်လို့ ကျုပ် မဆုံးဖြတ်ဝံ့ပါဘူး၊ ကျုပ်က တင်ပြပေး မယ်၊ ဂိုဏ်းချုပ်ကြီးက အဆုံးအဖြတ်ပေးလိမ့်မယ်"

တိဗက်ဘုန်းကြီးဟော့ခက်သည် သူ့ဘုန်းကြီးအုပ်စုရှိရာသို့ ဆက်၍ လျှောက်သွားခြ လျှောက်သွားလေ၏။

ထိုအချိန်မှာပင်....

အပြာရောင်ဝေါယာဉ်လေးပတ်လည်မှ ဝိတ်စများ လှပ် ရှားသွားပြီး အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိ လူငယ်တစ် ယောက် ခုန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စာပေသမားတစ်ယောက်နှင့် သဏ္ဌာန်တူလေသည်။

ဘေးပတ်ဝန်းကျင်ရှိ လူပေါင်းများစွာသည် ပျာပျာသလဲ ဦးညွှတ်ဂါရဝပြုကြလေ၏။

ထိုသူကား အဘယ်သူနည်း။

ထိုသူကား ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံပေတည်း။

ပြတင်းပေါက်မှ ချောင်းကြည့်နေသည့် ဆန်ကွမ်းချီသည် အလွန်တရာငယ်ရွယ်လှသော ဂိုဏ်းချုပ်ကြီးကို တွေ့လိုက်ရသဖြင့် အကြီးအကျယ် အံ့သြသွားလေ၏။

"ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံတဲ့၊ ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဂိုဏ်းချုပ်ဖြစ်နေပုံ ထောက်ရင်တော့ သူ့သိုင်းပညာဟာ တကယ်ပဲထက်မြက်လို့ ဖြစ်လိမ့်မယ်"

ဆန်ကွမ်းချီ တွေးတောနေခိုက်တွင် အစိမ်းရောင်ဝေါယာဥ်နှင့် အနီရောင်ဝေါယာဥ်တို့ဆီသို့ ဦးညွှတ်ဂါရဝပြုပြီး ဖိတ်ခေါ်လေ၏။

"ဆရာကြီး မောင်စန်းယိကျင်းနဲ့ ဆရာကြီး ဝမ်ကြည်တို့ အောက်ကို ဆင်းသက်လာဖို့ ဖိတ်ခေါ်ပါတယ်ဗျာ၊ ဆင်းခဲ့ကြပါ"



အစိမ်းရောင်ဝေါယာဥ်၏ ပိတ်စများ လှပ်ရှားသွားပြီး အဘိုးကြီးတစ်ယောက် ခုန်ဆင်းလာသည်။

သူသည် ငှက်မွေးအင်္ကျီဝတ်ဆင်ထားသဖြင့် သိုင်းသမားများအလယ်၌ စာသူငယ်ကြား လင်းတနားသကဲ့သို့ အလွန်တရာ ထင်ရှားနေလေ၏။

အဝါရောင်ဝေါယာဥ်ထဲမှ ဆင်းသက်လာသူမှာ ထိပ်ပြောင်အဘိုးအိုတစ်ဦး ဖြစ်၏။

သူသည် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

ယွင်ကြိုလုံသည် သူ့အား ရှိသေသမှုပြုသည့်လူအုပ်ထဲသို့ လှည့်ကြည့်ကာ ဦးညွှတ်ဂါရဝပြုရင်း ဖိတ်ခေါ်ပြန်လေ၏။

"နောင်ကြီး ဝှမ်ချန်းကော ကျုပ်တို့ဆီဝင်လာဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"

လူအုပ်ထဲမှ အဘိုးအိုတစ်ယောက် ထွက်လာပြန်၏။

သူလည်း တောင်ဝှေးတစ်ချောင်းကိုင်ထားသည်။

စင်စစ် အဝါရောင်ဝေါယာဥ်ထဲမှ ဆင်းသက်လာသည့် အဘိုးအိုဝမ်ကြည်နှင့် ယခု လူအုပ်ထဲမှထွက်လာသည့် အဘိုး

www.burmeseclassic.com

www.burmeseclassic.com



အိုဝှမ်ချန်းတို့ကို သိုင်းလောကသားများက 'ချင်းစိန်နှစ်ဖော်' ဟု မှည့်ခေါ်ကြ၏။

ထိုသူနှစ်ဦးသည် သွားအတူ လာအတူ စားအတူ သောက်အတူ မည်သည့်အခါမျှ မခွဲကြသူများ ဖြစ်၏။

သစ္စာရေ သောက်သည့် သွေးသောက် ညီအစ်ကိုများ ဖြစ်ကြသည်။

ငှက်မွေးအင်္ကျီဝတ်ဆင်ထားသည့် အဘိုးအို မောင်စန်းယိကျင်းက ခပ်အေးအေး မေးမြန်း၏။

"ညီလေး ယွင်ကြိုးလုံ၊ ဒီကွက်လပ်မှာပဲ တိုဗက် ဘုန်းတော်ကြီးတွေနဲ့ ယှဉ်ပြိုင်ရမှာလား"

ယွင်ကြိုးလုံက ခေါင်းညိတ်၏။

"ဟုတ်ပါတယ် ဆရာကြီး မောင်စန်းယိကျင်း၊ ဒီပိဋကတ်တိုက်ဟာ တိုက်ပွဲတွေအတွက် သမိုင်းဝင် အဆောက်အအုံပဲ၊ ဒီမှာယှဉ်ပြိုင်တဲ့အတွက် အလိုအလျောက် သမိုင်းဝင်တိုက်ပွဲ ဖြစ်သွားတာပါပဲ"

ဝါးတောင်ဝှေးများ ကိုင်ထားကြသည့် ချင်းစိန် နှစ်ဖော်ဟု အမည်တွင်သော အဘိုးအို နှစ်ဦးက မည်သည့်စကားမျှ မပြောဘဲ သုန်သုန်မှုန်မှုန်နှင့် ရပ်ကြည့်နေကြလေသည်။



စာပေသမား ဒပုံပေါက်နေသည့် ငိုက်ချုပ်ကြီး ယွင်ကြိုးလုံသည် တဟင်းဟင်း ရယ်မောရင်း ချင်းစိန်နှစ်ဖော်ဘက်သို့ လှည့်၍ ပဋိသန္ဓာရစကား ပြောကြားလေ၏။

*　*　*

"နောင်ကြီးဝမ်ကြည်နဲ့ နောင်ကြီး ဝှမ်ချန်းတို့ကို ဒီလို ခေါ်ရတဲ့အတွက် ကျုပ်စိတ်မကောင်းပါဘူးဗျာ၊ ဒီတိုက်ပွဲမှာဖြစ်ပေါ်မယ့် အရှုံးအနိုင်ရဲ့ အကျိုးဆက်က အင်မတန်ကြီးမားလွန်းလို့သာ မတတ်သာဘဲ ဖိတ်ခေါ်ခဲ့ရတာပါ၊ ဒီအတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ဝဲဘက်၌ရပ်နေသည့် အဘိုးအိုဝမ်ကြည်က ထီမထင်သည့် အသံဖြင့် အေးစက်စက် ရယ်လိုက်၏။

"လက်ရှိ တရုတ်ပြည် မြေပြန့်သိုင်းလောကမှာ မောင်စန်းယိကျင်းနဲ့ ကျုပ်တို့ညီအစ်ကိုကို စစ်ကူအဖြစ် ဝင်တိုက်ဖို့ ဖိတ်ခေါ်နိုင်သူဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတာပဲဗျာ၊ နောက်ပြီး ကျုပ်တို့က ကတိတစ်ခုပေးပြီးရင် ဒီကတိအတွက် ပြန်ပြီး နောင်တရတတ်တဲ့လူမျိုး မဟုတ်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားဆုံးသွားပြီးမှ ရုတ်တရက် ဆက်၍ပြော လိုက်၏။

"ဒီလိုပေးပြီးတဲ့ကတိအတွက် ကျေးဇူးတင်ခံရမယ်ဆိုတဲ့ ကိစ္စမျိုးလဲ ကျုပ်တို့က အလိုမရှိဘူးဗျ"

သူ့လေသံက နားကလောစရာ ကောင်းလှသည်။

ယွင်ကြိုလုံကမူ အတိုးအို ဝမ်ကြည်၏လေသံကို ရင်းနှီး ကျွမ်းဝင်မှု ရှိပြီး၍လား မဆိုနိုင်၊ စိတ်ဆိုး စိတ်ကောက်သည့် အမူအရာ လုံးဝမရှိပေ။

သူသည် ကောင်းကင်သို့ မော့ကြည့်ပြီးနောက် ခပ်တိုးတိုး ပြောသည်။

သို့သော်....

သူ့အသံကို လူအားလုံး ကြားကြရ၏။

"ဘာကြောင့်များ မလာသေးတာလဲ မသိဘူး"

ငှက်မွေးအင်္ကျီဝတ်ထားသည့် မောင်စန်းယိကျင်းအမည်ရှိ အတိုးအိုက သူ၏မုတ်ဆိတ်ကို လက်ဖြင့် ပွတ်သပ်ပြီး မေးခွန်းထုတ်လိုက်သည်။



"ညီလေး ယွင်ကြိုလုံ၊ ငါတို့သုံးယောက်အပြင် နောက်ထပ် စစ်ကူခေါ်ခဲ့တာ ရှိသေးလို့လား"

ယွင်ကြိုလုံက ခေါင်းညိတ်၏။

"ရှိပါသေးတယ်၊ ဒီတိုက်ပွဲက အင်မတန် အရေးကြီးပါတယ်၊ ဘယ်လောက်အရေးကြီးသလဲဆိုတာ မကြာခင်မှာပဲ ဆရာကြီး မောင်စန်းယိကျင်း သိလာပါလိမ့်မယ်၊ ဒါကြောင့် အထူး ဖိတ်ခေါ်ခဲ့ရတာပါ"

အတိုးအို မောင်စန်းယိကျင်းက....

"ဒီတိုက်ပွဲရဲ့ ရေသောက်မြစ်က ဘယ်က စလာတာလဲ ညီလေးယွင်ကြိုလုံရဲ့"

"အမှတ်မထင် စိန်ခေါ်မှုက စခဲ့တာပါပဲ၊ ကျုပ်လဲ တယ်မထင်ပါဘူး၊ ဒါပေမယ့် ဒီတိုက်ဘုန်းကြီးတွေက စာတစ်တန် ပေတစ်တန်နဲ့ ချိန်းဆိုလာခဲ့ပါတယ်ဗျာ၊ ဆရာကြီး မောင်စန်းယိကျင်းနဲ့ နောင်ကြီး ဝမ်ကြည်၊ နောင်ကြီး ဝုမ်ချန် တို့သုံးယောက် ကျုပ်ကို လာကူတဲ့အတွက်နဲ့ပဲ ကျုပ် အင်မတန် စိတ်အေးခဲ့ရပါပြီ"

"ဒိုင်း....ဒိုင်း....ဒိုင်း"

"ဒိုင်း....ဒိုင်း....ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ဟင်းမာစွာကျက်ထားသည့် စည်တိုမျက်နှာပြင်များပေါ်သို့ တုတ်တို့နှင့် ရိုက်ခက်လိုက်သည့်အသံသည် တဒိုင်းဒိုင်း မြည်ဟည်းလာလေ၏။

ထို့အတူ....

အလွန်တရာကြီးမားလှသော နှဲကြီးများကို သီမှုတ်သံနှင့် ပြာသံသည် ဘုရားကျောင်းပျက် ပတ်ဝန်းကျင်၌ သိမ့်သိမ့်ညံသွားလေတော့၏။

★

## အခန်း (၁၃)

### တိဗက်ဂိုဏ်းနှင့် တွေ့ဆုံခြင်း

ပြတင်းဝ-တံခါးဝမှ ချောင်းကြည့်နေသည့် ဆန့်ကွမ်းချိုသည် ထိုအသံများ ထွက်ပေါ်လာရာ အရပ်ဆီသို့ အလန့်တကြား မျှော်ကြည့်လိုက်မိ၏။

သစ်တောအစပ်တစ်နေရာမှ အဝါရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားသည့် တိဗက်ဘုန်းကြီး ဆယ့်လေးပါးသည် တန်းစီ၍ ထွက်လာကြလေ၏။

ရှေ့ဆုံးမှ ဘုန်းကြီးသည် အမွှေးတိုင်အိုးကို ထမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ ဘုန်းကြီးသည် အမွှေးတိုင်အိုး တင်သည့် ခြေသုံးချောင်းထောက် စင်တစ်ခု ထမ်းလာသည်။

ထိုဘုန်းကြီး၏ နောက်မှ တိဗက်ဘုန်းကြီး နှစ်ပါးသည် စည်တိုကို တဒိုင်းဒိုင်း တီးခတ်လာ၏။

ဘုန်းကြီးနှစ်ပါးနောက်မှအခြားနှစ်ပါးကမူ အလွန်တရာ ကြီးမားသော နှဲကြီးကို မှုတ်လာကြသည်။

အလယ်တည့်တည့်မှလာသောဘုန်းကြီးမှူ အရပ်အတော် ရှည်၏။

အဝါရောင်ပိုးဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

မျက်လုံးများလည်း မှိတ်ထားသည်။

မျက်လုံးမှိတ်ထားလျက်မှ လမ်းလျှောက်လာခြင်း ဖြစ်သည်။

ထိုဘုန်းတော်ကြီးကား တိဗက် ဂိုဏ်းချုပ်ကြီးပေတည်း။

တိဗက်ဘုန်းကြီးမဟုတ်သူ နှစ်ယောက်လည်း ဘုန်းကြီးများ၏ ဘေးမှ ရံ၍ လိုက်လာ၏။

တစ်ယောက်မှာ အသက် သုံးဆယ်ခန့်ရှိ လူရွယ်တစ်ယောက် ဖြစ်ပြီး ကျန်တစ်ယောက်မှာ အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေး ဖြစ်၏။



တိဗက်ဘုန်းကြီးများသည်ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံတို့နှင့် ဆယ့်ငါးပေကွာသောနေရာ၌ ရပ်တန့်လိုက်ရာ တဒိုင်းဒိုင်း တီးခတ်လာသော စည်တိုသံနှင့် လွမ်းဆွတ်ဖွယ်ရာ ကောင်းသော နှဲသံကြီးသည် ရုတ်ခြည်း ရပ်တန့်သွားလေ၏။

ယွင်ကြိုလုံသည် ရှေ့သို့ ငါးလှမ်းခန့်တက်လာပြီး လက်သီး နှစ်ဖက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြုလေ၏။

"ကျုပ် ယွင်ကြိုလုံ ဂါရဝပြု ပါတယ်၊ ကျုပ်မှာ အကြောင်းမျိုးစုံကြောင့် နောက်ကျ ကြန့်ကြာခဲ့ရပါတယ်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီး စောင့်ဆိုင်း နေခဲ့ရတဲ့အတွက် ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်"

အဝါရောင်ပိုးဝတ်ရုံရှည်ဝတ်ဆင်ထားသည့် အရပ်ရှည်ရှည် ဂိုဏ်းချုပ် ဘုန်းတော်ကြီးသည် မျက်စိများ ဖွင့်ကြည့်လေ၏။

"ကိစ္စရှိလို့ နောက်ကျတာပဲ၊ ဘာဖြစ်လို့ ကျုပ်ကအပြစ်တင်ရမှာလဲ၊ ဒီအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့"

"ကျုပ် နောက်ကျမယ် ဆိုတဲ့ အကြောင်း လူလွှတ်ပြီး အကြောင်းကြားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ် ဘုန်းတော်ကြီးက အေးချမ်းစွာ ပြုံးလိုက်၏။

"ဒါတွေ ထားလိုက်စမ်းပါ ဒကာကြီး၊ ကျုပ်တို့ လွန်ခဲ့တဲ့ဆယ်နှစ်က ပြောဆိုခဲ့ကြတဲ့ကတိအတွက် အတည် ဖြစ်အောင် လွန်ခဲ့တဲ့သုံးနှစ်က ဒကာကြီးတို့ ဌာနချုပ်ဆီ လူလွှတ်ပြီး အတည်ပြုစေခဲ့တယ်၊ ဒါတွေအားလုံး မှတ်မိပါတယ်နော်"

ယွင်ကြိုလုံက မဲ့ပြုံးပြုံး၍ ပြောလေ၏။

"ဘယ်မေ့ပါ့မလဲဗျာ၊ ယောကျ်ားဆိုတာ ကိုယ့်ကတိကိုယ်မေ့လို့ ဘယ်ဖြစ်ပါ့မလဲ"

တိဗက် ဂိုဏ်းချုပ် ဘုန်းတော်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့်...

"ကောင်းပါလေရဲ့ဗျာ၊ ဒါကြောင့်မို့လဲ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံ ထင်ရှားကျော်ကြားတာ ထင်ပါရဲ့၊ ကဲ....ကဲ.... ရှောင်မရတဲ့တိုက်ပွဲ အတွက် ဘာတွေများ ကြိုကင် ပြင်ဆင်ထားပါသလဲ"

ယွင်ကြိုလုံသည် ရင်ခွင်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်ပြီး မြှောက်ပြ၏။



"ကျုပ်ကတော့ ပြင်ဆင်ခဲ့ပြီးပါပြီ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးကော ဘာတွေများ ပြင်ဆင်ခဲ့ပါသလဲ"

ဂိုဏ်းချုပ်ဘုန်းတော်ကြီးကလည်း သူ၏ ဝတ်ရုံရှည်ကြီးအတွင်း နှိုက်ယူလိုက်၏။

အဝါရောင်ပိတ်စဖြင့် စုစည်းထားသည့် အထုပ်တစ်ထုပ် ထွက်လာလေ၏။

"ဟောဒီမှာ ကျုပ်တို့တိဗက်ဂိုဏ်းရဲ့ သိုင်းပညာကျမ်းနဲ့ တိဗက်ဂိုဏ်းရဲ့ အထိမ်းအမှတ် ရွှေဓား ပါဝင်ပါတယ်၊ အကယ်၍ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသာ ဒီရွှေဓားကို ရရှိသွားခဲ့ရင် ကျုပ်ရဲ့ဂိုဏ်းသားအားလုံးဟာ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံရဲ့အမိန့်ကို ပြားပြားဝပ် နာခံကြပါလိမ့်မယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ယွင်ကြိုလုံက တဟားဟား အော်ဟစ် ရယ်မောလေတော့၏။

* * *

တိဗက်ဂိုဏ်းချုပ်ဘုန်းတော်ကြီးက မျက်မှောင်ကြုတ်၍ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး ဘာရယ်တာလဲ"

ယွင်ကြိုလုံသည် ရယ်ရှိန် မနည်းသတ်ရသည်။

"စိတ်မဆိုးပါနဲ့ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၊ ကျုပ်တို့ နှစ်ယောက်ရဲ့ စိတ်အကြံ တူလွန်းလို့ အံ့ဩပြီး ရယ်မိတာပါ"

"ဒကာကြီးရဲ့စိတ်အကြံကို ရှင်းပြစမ်းပါဦး"

ယွင်ကြိုလုံက အထုပ်ကိုမြှောက်ပြရင်း....

"ဟောဒီ အထုပ်ထဲမှာ ကျုပ်တို့မိသားစုရဲ့ အမှတ်အသားဖြစ်တဲ့ နဂါးပျံတံဆိပ် ပါရှိပါတယ်၊ ပြီးတော့ တရုတ်ပြည် မြေပြန့် သိုင်းလောကရဲ့ သိုင်းသမားတွေရဲ့ အမည်စာရင်းလဲ ပါရှိပါတယ်၊ လျှို့ဝှက်မြေပုံ သုံးပုံလဲ အဆစ် ပါရှိပါသေးတယ်"

တိဗက်ဂိုဏ်းချုပ်ကြီးက အေးစက်စက် မေးလေ၏။

"ဒါတွေက ဘာအသုံးဝင်မှာလဲ"

"ဟား....အသုံးဝင်ပြီလား၊ ဟောဒီ နဂါးပျံတံဆိပ်ဟာ ဂိုဏ်းချုပ်ဘုန်းတော်ကြီးရဲ့ ရွှေဓားလိုပါပဲ၊ ကျန်နန်ဒေသအပါအဝင် ပြည်နယ်ခုနစ်ခုက အထက်ဂိုဏ်း၊ အောက်ဂိုဏ်း



သိုင်းသမားအများစုဟာ နဂါးပျံတံဆိပ် ကိုင်ဆောင်သူရဲ့ အမိန့်ကို နာခံရပါတယ်....

"နာခံမယ့်သိုင်းသမားစာရင်း အပြည့်အစုံ ပါပါတယ်၊ ကျန်တဲ့ လျှို့ဝှက်မြေပုံတွေကိုတော့ နောက်ကျမှပဲ စစ်ဆေးကြည့်ပါတော့၊ နဂါးပျံတံဆိပ်သာ အဖိုးအတန်ဆုံး ဖြစ်ပါတယ်၊ ကျုပ်တို့ကို နိုင်အောင် တိုက်နိုင်တဲ့အခါမှာ ဒီအထုပ်ကို အပိုင်ယူသွားနိုင်ပါပြီ၊ ကျုပ်ပြောတာ အားလုံး ရှင်းပါတယ်နော်"

တိဗက်ဂိုဏ်းချုပ်ကြီးက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်ပြ၏။

"အင်း....ဒကာကြီးရဲ့စိတ်အကြံက မဆိုးလှပါဘူး"

"ဟား ဟား ဟား၊ ဘယ်ဆိုးပါ့မလဲဗျာ၊ ကျုပ်ရဲ့ နဂါးပျံတံဆိပ်ရသွားရင် ကျုပ်တို့ရဲ့ မြေပြန့်သိုင်းလောကကို အုပ်စိုးအုပ်ချုပ်နိုင်ပြီပဲဥစ္စာ"

ဝှက်မွေးအကျီ ဝတ်ဆင်ထားသည့် မောင်စံနီးယိကျောင်းသည်လည်း ဟာဟားဟား အော်ဟစ်ရယ်မောလေတော့၏။ သူ့ရယ်သံကြောင့် လူအားလုံးက သူ့အား စိုင်းကြည့်ကြသည်။

www.burmeseclassic.com



မောင်စန်းယိကျင်းက....

"ကျုပ်က ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံကို လူကောင်းအောက်မေ့နေတယ်၊ လက်စသတ်တော့ ယွင်ကြိုလုံဟာ မြေပြန့် သိုင်းလောကကို ရောင်းစားမယ့် သကောင့်သားကြီး ဖြစ်နေပါလား၊ ဘယ်လိုလဲ ညီလေး ယွင်ကြိုလုံရဲ့"

မောင်စန်းယိကျင်း၏စကားက ယွင်ကြိုလုံအပေါ် မကျေနပ်သည့်သဘောမျိုး သက်ရောက်နေသော်လည်း လေသံကမူ မကျေနပ်သောလေသံမျိုး မဟုတ်ပါချေ။

ယွင်ကြိုလုံအား နောက်ပြောင်ကျီစယ်သည့် သဘောမျိုးသာဖြစ်ကြောင်း အားလုံးက နားလည်သဘောပေါက်လိုက်ကြသည်။

"ဟား....ဟား....ဟား"

ယွင်ကြိုလုံကလည်း ဟစ်၍ဟစ်၍ ရယ်ပြန်လေ၏။

ထို့နောက်....

ရယ်သံနှော၍ ဆက်ပြောသည်။

"ဆရာကြီး မောင်စန်းယိကျင်း၊ အခုတိုက်ပွဲမှာ ကျုပ်တို့ ဒဏ်ရာရပြီဆိုရင် တရုတ်ပြည် မြေပြန့်သိုင်းလောကက ဒိ



ဗက်ဂိုဏ်းချုပ်ကြီးကိုဘယ်သူက ယှဉ်နိုင်ဦးမှာလဲဗျ၊ကျုပ်တောင်ရှုံးရင် သူတို့လဲ အညံ့ခံတော့ပေါ့ဗျာ၊ ကျုပ်က ပြတ်ကို စီစဉ်ထားတာပဲဗျ"

မောင်စန်းယိကျင်းက မျက်စိပိတ်၍ ရယ်သည်။

"ဒါလဲ ဟုတ်တာပဲ"

ထိုစဉ်....

စိတ်မရှည်သံဖြင့် လူတစ်ဦးက ဝင်ပြောလာ၏။

ပြောလာသူမှာ ခေါင်းပြောင်ကြီး ဝမ်ကြည် ဖြစ်လေသည်။

သူပြောသောစကားက မာကျောကျောနိုင်လှ၏။

"ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံ၊ အပိုတွေ ပြောမနေနဲ့တော့ဗျာ၊ ကျုပ်တို့က သိုင်းပညာပြိုင်ဖို့လိုက်လာကြတယ်၊ စောစော တိုက်ခိုက်ပြီး စောစောပြန်မယ်၊ တကယ်လို့ ခုချိန်မှာမတိုက်သေးဘူးဆိုရင်တော့ ကျုပ်တို့ ပြန်တော့မယ်"

ဝင်စစ်....

မောင်စန်းယိကျင်း၊ ဝမ်ကြည်နှင့် ဗမ်ချန်းတို့သည် သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ကြသည်မှာ နှစ်ပေါင်း သုံးဆယ်မျှ ရှိခဲ့ကြလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သိုင်းလောကမှ အနားယူသွားကြခြင်း ဖြစ်သည်။

လူသူကင်းရာ တောတောင်များအတွင်း လှည့်လည်သွားလာရင်း အတွင်းအားကျင့်စဉ်များ ကျင့်နေသူများ ဖြစ်သည်။

သိုင်းလောကမှ အသစ်ပေါ်ပေါက်လာသည့် တက်သစ်စ သိုင်းသမားငယ်များသည် မောင်စန်းယိကျင်း၊ ဝမ်ကြည်နှင့် ဝှမ်ချန်းတို့၏ အမည်များကို ကြားဖူးကြမည် မဟုတ်ပေ။

ယွင်ကြိုလုံသည် မြေပြန့်သိုင်းလောကအတွက် အလွန် တရာ အရေးကြီးလှသဖြင့် ထိုပုဂ္ဂိုလ်သုံးဦးကို ကော်ခက်ခဲခဲ သွားရောက် ပင့်ဖိတ်ခဲ့ရခြင်း ဖြစ်ပေသည်။

ကျောင်းပျက်ကြီး၏အပေါ်ထပ် ပြတင်းပေါက်မှ ချောင်းကြည့်နေသည့် ဆန်ကွမ်းချီသည် နောက်ပေါ် သိုင်းသမားငယ်ကလေးမျှသာ ဖြစ်ရာ မောင်စန်းယိကျင်း၊ ဝမ်ကြည်နှင့် ဝှမ်းချန်းတို့ကို လုံးဝမသိပေ။

သို့သော်....



ဆန်ကွမ်းချီသည် ယွင်ကြိုလုံကိုတော့ ကောင်းစွာ သိရှိသည်။

အဘယ်ကြောင့်ဆိုသော်....

သူ၏ လက်မွန်မဆွ ဆရာကြီးဖြစ်သော ရဲယိဖိန်က ယွင်ကြိုလုံ၏အမည်ကို မကြာခဏ ပြောခဲ့သောကြောင့် ဖြစ်ပေသည်။

နဂါးပုံဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် နဂါးပုံ မှတ်တံဆိပ်ဖြင့် ပြည်နယ် ခုနစ်ပြည်နယ်မှ သိုင်းသမားများကို ကြီးကိုင် အုပ်ချုပ်နေသူ ဖြစ်သည်။

ထိုဒေသရှိ ဂုဏ်ထက်လမ်းဂိုဏ်းသားအများစုနှင့် အောက်လမ်း ဂိုဏ်းသား အများစုပါ ယွင်ကြိုလုံကို ကြောက်ရွံ့လေးစားရသည်။

ယွင်ကြိုလုံ မည်မျှ ဂုဏ်သိက္ခာကြီးမြင့်စေ မောင်စန်းယိကျင်း၊ ဝမ်ကြည်နှင့် ဝှမ်ချန်းတို့၏ ဂုဏ်သိက္ခာကိုမူ လုံးဝ ကျော်လွှားနိုင်ပေ။

ထိုပုဂ္ဂိုလ်ကြီးသုံးယောက်မှာ ဝါစဉ်ကြီးသော သိုင်းသမားကြီးများ ဖြစ်ကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကြည်သည် သူ၏ သွေးသောက်ညီဖြစ်သော ပိန်ရှည်ရှည် အဘိုးအိုဝှမ်ချန်းကို တစ်ချက် လှည့်ကြည့်၏။

ဝှမ်ချန်းက မသိမသာ ခေါင်းညိတ်ပြ၏။

ဝမ်ကြည်၏ မျက်လုံးများသည် တိဗက် ဂိုဏ်းချုပ်ကြီး အပေါ်သို့သာ ရောက်ရှိနေသည်။

ဝမ်ကြည်၏ တောက်ပလွန်းသော မျက်လုံးများကြော ယွင်ကြိုလုံသည် မည်သို့ တားမြစ်ရမှန်းမသိဘဲ ဖြစ်နေ သည်။

ဝမ်ကြည်သည် သိုင်းပညာပြိုင်ရန် အလွန်တရာစိတ်‌ေ နေမိသည်။

ယွင်ကြိုလုံအနေဖြင့် ချက်ချင်း မတိုက်ခိုက်လိုသေးပေ

အချိန်စောင့်လိုသေးသည်။

သူသည် အဆုံးအဖြတ် မပေးလျှင်မဖြစ်သဖြင့် လေအေ အေးနှင့် ရှင်းပြရတော့၏။

* * *



"ဒီပြဿနာက သိပ်အရေးကြီးပါတယ် နောင်ကြီး ဝမ်ကြည်၊ တိုက်ခိုက်ဖို့ကိုတော့ လုံးဝမပူပါနဲ့ဗျာ၊ ကျုပ်တို့ မသေမချင်း တိုက်ကြရမှာပါ၊ အခုတိုက်ရင် အုပ်စုတိုက်ပွဲ ဖြစ်ဖြစ် တစ်ဦးချင်းတိုက်ပွဲဖြစ်ဖြစ် တိုက်ရပါမယ်၊ ကျုပ် အနေနဲ့ တခြားစစ်ကူတစ်ဦးကို ဖိတ်ခေါ်ထားခဲ့လို့ သူ့ကို စောင့်နေတာပါ၊ သူလာမှတိုက်ရင် ကျုပ်တို့အတွက် အခြေ အနေ အတော်ကောင်းနိုင်ပါတယ်၊ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ခဏစောင့်ရုံနဲ့ အရှုံးအနိုင် မရှိနိုင်ပါဘူး"

အဘိုးအိုဝမ်ကြည်က သူ၏ သွေးသောက်ညီ ဝှမ်ချန်းကို လှည့်ကြည့်ပြန်၏။

"ဘယ်လိုလဲ ညီလေး"

အဘိုးအိုဝှမ်ချန်းက တောင်ဝှေးကို မြေပြင်၌ ထောင်ပြီး-

"အစ်ကိုကြီးသဘောပဲ၊ အချိန်သိပ်စောင့်ရင်တော့ သိပ် မကောင်းဘူး"

အဘိုးအိုဝမ်ကြည်သည်သွေးသောက်ညီဖြစ်သူ၏သဘော တူညီမှုကို ရသောအခါ တိဗက်ဂိုဏ်းချုပ်ကြီးဘက်သို့ လှည့် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တိဗက်ဂိုဏ်းချုပ်ကြီးက အေးစက်စက်ရယ်ပြီး....

"ဒကာကြီးတို့နှစ်ဦးက သိပ်ပြီး ဟိုက်ချင်ခိုက်ချင်သာ ဆိုရင်လဲ ကျုပ်တို့က မငြင်းပါဘူး၊ ရှေ့ကို ထွက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်" ။

အဘိုးအိုဝမ်ကြည်က သူ့လက်ထဲမှ တောင်ဝှေးကို မြေ ပြင်၌ ဆောင့်ချပြီးနောက် ရှေ့သို့ ခြေလှမ်းကျဲကျဲဖြင့် ထွက် လာလေ၏။

ဝိပ်းလက်တောက်ပသော မျက်လုံးများဖြင့် စူးစူးရဲရဲ ကြည့်ပြီး ပြောသည်။

"ခင်ဗျားတို့ဘက်က တစ်ယောက်ချင်း တက်မှာလား ဒါမှမဟုတ် တစ်အုပ်စုလုံး တက်မှာလား"

တိဗက်ဂိုဏ်းချုပ်ကြီးက လက်မြှောက်၍ အချက်ပြလိုက် သည်။

အနီရောင်၊ အပြာရောင်နှင့် အဝါရောင် ဝတ်ရုံရှည်ကြီး များ ဝတ်ဆင်ထားသည့် တိဗက်ဘုန်းကြီး သုံးပါးတို့သည် ကွက်လပ်ထဲသို့ ခုန်ဝင်လာလေ၏။



တိဗက်ဘုန်းကြီးသုံးပါးသည် မြေကွက်လပ်အလယ်၌ ရင် ပေါင်တန်း၍ ရပ်လိုက်ပြီး အဘိုးအို ဝမ်ကြည်ကို စောင့် ကြည့်နေကြ၏။

ဝမ်ကြည်က တဟင်းဟင်းရယ်၍...

"သုံးပါးတည်းဆိုတော့ မနည်းလွန်းဘူးလား"

သူသည် တောင်ဝှေးကို မြေပြင်၌ တစ်ချက်ဆောင့်ကာ တိဗက်ဘုန်းကြီးသုံးပါး၏အလယ်သို့ ခုန်ဝင်သွား၏။

သူ မြေပြင်သို့ ခြေမကျမီပင် သူ့တောင်ဝှေးသည် ရဟန်း များ၏ သေွးကြောများဆီသို့ လျှပ်တစ်ပြက် ထိုးစင်သွား၏။

အရိပ်ပေါင်း ထောင်သောင်း ဖြာကျနေသော တောင် ဝှေးသည် ဘုန်းကြီးသုံးပါးကို လွတ်ကွက်မရှိအောင် လွှမ်း ခြုံသွားသည်။

သို့သော်....

ဘုန်းကြီးသုံးပါး၏ ယှပ်ရှားပုံကလည်း အလွန် လျင် မြန်၏။

အောင်ဝှေးချက်ချက်များအတွင်းမှ အခနောက်သည် ငါး ပေကွာအထိ လျှပ်တစ်ပြက် ဆုတ်ခွာသွားနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

အံ့ဩဖွယ်ကောင်းသည့်အချက်မှာ ငါးပေခန့် ဆုတ်သွားပြီးသည်နှင့် ချက်ချင်းလိုလိုပင် လျှပ်တစ်ပြက် ပြန်လည်တိုးဝင်လာခြင်းပင်ဖြစ်သည်။

လက်ဝါးခြောက်ဘက်သည် တောင်ဝှေး၏အရိပ်များကို ပြန်လည် လွှမ်းမိုးသွားပြန်လေ၏။

သူတို့၏ ဆုတ်တက် လှုပ်ရှားပုံနှင့် လက်ဝါးရိုက်ချက်များသည် တစ်ဘာသာ ထူးခြားသည်။

သို့သော်....

အင်အားရှိပုံတော့ မရချေ။

ယင်းတို့၏ လက်ဝါးများ၌ ယင်ဟန်ခေါ် အမဓာတ် အေးစိမ့်မှု ပါဝင်နေသည်။

ယင်ဟန်ကို မြေပြန့်သိုင်းလောကသားများက အအေးဓာတ် အဆိပ်ဟု ခေါ်ဝေါ်ကြ၏။

အဘိုးအိုဝမ်ကြည်သည် သုံးကွက်မျှ တိုက်ခိုက်ပြီးသည်နှင့် တိဗက်ဘုန်းကြီးများ၏လက်ဝါး၌ အအေးဓာတ်အဆိပ် ပါသည်ကို သိရှိသဘောပေါက်ပြီး ဖြစ်သည်။



သို့ရာတွင်....

သူသည် သူ့ကိုယ်သူ အလွန်အားကိုးနေသဖြင့် ထို အအေးဓာတ် အဆိပ်၏စွမ်းပကား မည်မျှရှိနေသည်ကို စမ်းသပ်ကြည့်ချင်သေး၏။

ထို့ကြောင့်....

တိဗက်ဂိုဏ်း၏ လက်ဝါးသိုင်း ရိုက်ချက်များကို ရှောင်တိမ်းခြင်းမပြုဘဲ ထိပ်တိုက် ရင်ဆိုင်ခုခံလိုက်သည်။

သူ၏အတွင်းအားများကို ညှစ်၍ ထုတ်လိုက်၏။

သူ့ခန္ဓာကိုယ်တစ်ခုလုံး သံမဏိသဖွယ် မာကျောသွားအောင် စိတ်တင်းလိုက်သည်။

တိဗက်ဘုန်းကြီး သုံးပါးသည် မာကျောသည့် တုံ့ပြန်မှုကြောင့် အလန့်တကြား ခုန်ဆုတ်သွားသည်။

တိဗက်ဘုန်းကြီး သုံးပါး ခုန်ဆုတ်သွားပုံကို ကြည့်၍ အဘိုးအိုဝမ်ကြည်က တဟဲဟဲရယ်သည်။

သူ့ပညာကို ဤဘုန်းကြီးသုံးပါးမခံနိုင်ဟုယူဆပြီး အလွန် ကျေနပ်နေသည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



သူ့ကျေနပ်မှုမှာ နာရီဝက်ကြာအောင်ပင် မခံလိုက်ပါ။

အဝါရောင် ဝတ်စုံရှည်ဝတ်ဆင်ထားသည့် တိဗက်ဂိုဏ်းချုပ် ဘုန်းတော်ကြီးသည် ရှေ့သို့ တစ်လှမ်းချင်း တိုးတက်လာပြီးနောက် ဝမ်ကြည်အား လက်ဝါးကာ၍ ကားလိုက်သည်။

"ဒကာကြီး ရှေ့ကိုတိုးမလာပါနဲ့တော့၊ ဒကာကြီးဟာ ယင်ဟန်လက်ဝါး ထိသွားပါပြီ....

"ယင်ဟန်အဆိပ်ကို ခန္ဓာကိုယ်ရဲ့အပြင် ရောက်အောင် အချိန်မီမထုတ်နိုင်ရင် ဆယ့်နှစ်နာရီအတွင်း ဒကာကြီးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး မာတောင့်သွားပါလိမ့်မယ်"

ယွင်ကြိုလုံ၏ ဘက်တော်သားများထဲမှ အတွေ့အကြုံ နုနယ်သော ဂိုဏ်းသားအချို့မှာ ဟာယ်ခနဲ ဖြစ်သွားလေတော့၏။

တိဗက်ဂိုဏ်းချုပ်ကြီးက ဆက်ပြောနေသည်။

"သုံးလအတွင်းမှာ ဒကာကြီးရဲ့အဆုတ်တွေ၊ အသည်းနှလုံးတွေ၊ ကလီစာတွေအားလုံးပဲ ဆိုပါတော့၊ အအေးဓာတ်အဆိပ်သင့်ပြီး သေဆုံးသွားပါလိမ့်မယ်"



တိဗက်ဂိုဏ်းချုပ်ကြီး၏လေသံသည် ကြားရသူအပေါင်း၏နားထဲသို့ စိတ်မချမ်းမြေ့ဖွယ်ရာ ဝင်သွားသည်။

သည်အတိုင်းဆိုလျှင် တိဗက်ဂိုဏ်းမှ တိဗက် ဘုန်းတော်ကြီးအားလုံးလိုလို ယင်ဟန်ခေါ် အအေးဓာတ် အဆိပ်ကို လေ့ကျင့်အောင်မြင်ထားပုံ ရနေလေ၏။

မြေပြန့် သိုင်းလောကသားတို့အတွက် စိတ်မချမ်းသာစရာ အဖြစ်ပေတကား။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### ထူးဆန်းသောတိုက်ပွဲ

အဘိုးအိုဝမ်ကြည်သည် တိဗက်ဂိုဏ်းချုပ်ကြီးက အထက်စီးမှပြောနေသည့်တိုင် မည်သို့မျှ ထူးထူးခြားခြား မခံစားရသေးဘဲရှိနေ၏။

သို့သော်....

အနည်းအကျဉ်းတော့ စိတ်လှုပ်ရှားသွားခဲ့ရချေပြီ။

သူသည် တစ်ဖက်၌ရပ်နေသည့် တိဗက်ဘုန်းတော်ကြီးအုပ်စုကို အကဲခတ်လိုက်သည်။

ဘုန်းကြီးအားလုံး အေးစက်စက်ကြီး ရပ်နေကြသည်။



ထိုအထဲမှ အမွှေးတိုင်ထည့်သည့်အိုးကြီးကို ထမ်းလာသည့် တိဗက်ဘုန်းကြီး၏မျက်နှာမှာ ပို၍ အေးစက်စက်ဖြစ်နေသည်။

သူ့မျက်နှာသည် လျှပ်စစ်ယက်သည့်အခါ လင်းလက်သွားသည့်မျက်နှာမျိုး ဖြူဖွေးနေ၏။

ထိုဘုန်းကြီးနှင့် အကြည့်ချင်း ဆုံသွားသဖြင့် ဝမ်ကြည်၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

ထိုဘုန်းကြီး၏မျက်လုံးထဲမှ အေးစက်သော အရိပ်အငွေ့သည် သူ့ရင်ထဲသို့ ကူးစက်လာသလို ထင်မှတ်လာရ၏။

ထိုဘုန်းကြီးက....

"ဒကာကြီး....မင်းဟာ ယင်ဟန်ဒဏ် ခံစားနေရပြီ၊ အတွင်းအားသိုင်းကျင့်စဉ်ကို ထိုင်ပြီးကျင့်လိုက်ပါ၊ ဒီလို မလုပ်ရင် အရိုးအဆစ်တွေကြားထဲက ကိုက်ခဲမှုကို ခံစားရလိမ့်မယ်၊ နှစ်နာရီအတွင်း မခံစားရဘူးဆိုရင် ကျုပ်ကို ပြောချင်တိုင်း ပြောပေတော့"

ထိုတိဗက်ဘုန်းကြီး၏အသံမှာ ကြောက်မက်ဖွယ်ရာ အေးစိမ့်လှသဖြင့် ထိုစကားများကို နားမထောင် နားမစိုက်ဘဲ မနေနိုင်သလို ဖြစ်သွားခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်....

ခန္ဓာကိုယ်ထဲမှ အေးစိမ့်မှုပေါ်လာသဖြင့် တစ်ကိုယ်လုံး ကြက်သီးထသလို တုန်လှုပ်သွားရသည်။

ယွင်ကြိုလုံ၊ မောင်စန်းယိကျောင်းနှင့် ဝှမ်ချန်းတို့အားလုံးသည် ဝမ်ကြည်၏ထိခိုက်ဒဏ်ရာရပုံကို ချက်ချင်း သိမြင်သဘောပေါက်ကြ၏။

ထိုအချိန်မှာပင်....

ဝမ်ကြည်၏မျက်လုံးများ ဝေသီလာ၏။

ခန္ဓာကိုယ်လည်း တုန်လှုပ်လာ၏။

မျက်နှာပေါ်၌လည်း ပင်ပန်းနွမ်းနယ်သော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ဝမ်ကြည်သည် ရုတ်တရက် နောက်ဘက်သို့ ခြေငါးလှမ်း ဆုတ်လာရသည်။

ဝမ်ကြည်၏သွေးသောက်ညီဖြစ်သော ဝှမ်ချန်းသည် သူ၏သွေးသောက်နောင်တော်ထံ ခုန်ဝင်သွားပြီး ဝမ်ကြည်၏ နောက်ကျောကို လက်ဝဲလက်ဖြင့် ထောက်ပေးလိုက်၏။



ကျောပြင်ရှိ မင်မင်သွေးကြောကိုလည်း လက်ဝါးဖြင့် သုံးချက်ပုတ်ပေးသည်။

ယွင်ကြိုလုံက မောင်စန်းယိကျောင်းအား တိုးတိုးမေးလေသည်။

"ဆရာကြီး....ဆရာကြီးက ကျုပ်တို့ထက် ဗဟုသုတများပါတယ်၊ အဲဟိုတိဗက်ဘုန်းကြီး တိုက်ခိုက်လိုက်တဲ့ အတတ်ပညာထဲမှာ 'လိပ်ပြာလွင့်'အတတ်များ ပါဝင်နေသလား"

မောင်စန်းယိကျောင်းက ခေါင်းညိတ်၏။

"ပါတယ်လို့ ထင်ရတာပဲ၊ ဒါပေမယ့် ငါလဲ အတပ်မပြောနိုင်သေးဘူး၊ လိပ်ပြာလွင့်အတတ်ဆိုတာ ဒဏ္ဍာရီတွေထဲမှာသာ ရှိခဲ့တာကလား၊ အပြင်မှာ တကယ်ရှိ,မရှိ ဘယ်တပ်အပ်သေချာ ပြောနိုင်ပါ့မလဲ"

ယွင်ကြိုလုံက ဆက်ပြောနေ၏။

"တိဗက်ဂိုဏ်းရဲ့သိုင်းပညာက အင်မတန် ဆန်းကြယ်တယ်၊ ပယောဂနည်းတွေ မပါဝင်ဘူးလို့ ဘယ်သူမှ အတပ်မပြောနိုင်ပါဘူး၊ နောက်ပြီး တိုက်ခိုက်တဲ့အခါမှာ ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူတို့ကို ပျော့ပျော့ပျောင်းပျောင်း ကိုင်ဆဲလို့ ရမယ် မထင်ဘူး”

မောင်စန်းယိကျောင်းက ခပ်အုပ်အုပ်ရယ်၏။

“အသေအကျေတိုက်ဖို့ လာကြတဲ့ပွဲပဲ၊ ပန်းနဲ့ပေါက်ကမ်း ကာစားကြမှာ ဟုတ်လို့ ငါ့ညီပြောတဲ့စကားဟာ ရယ်စရာကောင်းနေပြီ”

ယွင်ကြိုလုံသည် မောင်စန်းယိကျောင်း၏ စကားမဆုံးမီမှာပင် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွားလေ၏။

“ကျုပ်ယွင်ကြိုလုံ ဝင်လာပြီ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ လိပ်ပြာရှင့်အတတ်ကို ကျုပ် စမ်းသပ်ကြည့်ချင်ပါသေးတယ်”

သူသည် တိုက်ပွဲစည်းအတွင်းရောက်သည်နှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးအား လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

ဘိဗက်ဂိုဏ်းချုပ်ကြီးက အေးစက်စက်ရယ်ရင်း လက်ဝါးနှစ်ဖက်မှဝင်လာသော အတွင်းအားလှိုင်းများကို ဝတ်ရုံလက်ရှည်ကြီးဖြင့် ခါယမ်းဖယ်ထုတ်ပစ်လိုက်သည်။



ယွင်ကြိုလုံ၏အတွင်းအားမှာနူးညံ့သော အတွင်းအားဖြင့် ဖယ်ထုတ်ခြင်းခံရသည်။

ထို့အတွက် ယွင်ကြိုလုံသည် မျက်လုံးမျက်ဆန် ပြူးသွားရသည်။

“ဒီတိဗက်ဘုန်းကြီးတတ်ထားတဲ့ သိုင်းပညာက ဘာလဲ၊ ငါ့အတွင်းအားဟာ အဆင့်ခုနစ်ရှိတယ်၊ အခုတော့ တစ်စက်မကျန် ပျောက်ဆုံးသွားခဲ့ရပြီ”

ယွင်ကြိုလုံ အကြီးအကျယ် ထိတ်လန့်နေလေပြီ။

သို့သော် အရှက်ကွဲခံ၍ နောက်ဆုတ်ခြင်းထက် အသေခံလိုက်ရခြင်းက ပိုကောင်းသည်ဟု သူ ယူဆသည်။ သူ့လက်ဝါးနှစ်ဖက်ကို ထပ်မံမြှောက်လိုက်စဉ် သူ့နောက်မှ အသံတစ်သံကြားလိုက်ရလေ၏။

“ညီလေးယွင်.... ပယ်ကွက် မထုတ်ပါနဲ့ဦး”

ထိုအသံကား မောင်စန်းယိကျောင်း၏ အသံတည်း။

ယွင်ကြိုလုံသည် ခြေလှမ်းသုံးလှမ်းခန့် အမြန် ပြေးဆုတ်လာပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး မောင်စန်းယိကျင်း၊ ဘာများ ပြောချင်လို့ပါလဲ"

"ညီလေးယွင်....ဘာဖြစ်လို့ ဆန္ဒစောနေတာလဲ၊ တိုက်ခိုက်တယ် ဆိုတာက အချိန်မရွေး တိုက်ခိုက်လို့ ရပါတယ်၊ ဇာရားဝင်တိုက်ပွဲဖြစ်ဖို့အတွက် စည်းကမ်းချက်တွေ မသတ်မှတ်သင့်ဘူးလား"

ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် မောင်စန်းယိကျင်း၏ စကားကြောင့် အလျင်အမြန် တွေးတောနေရတော့၏။

* * *

"တိဗက်တုန်းကြီးတွေရဲ့ သိုင်းပညာဟာ အင်မတန် ထူးခြား ဆန်းကြယ်တယ်လို့ ကြားဖူးခဲ့တယ်၊ ဒီနေ့တော့ ကိုယ်တွေ့ သိမြင်ရတာပဲ၊ မျက်လုံးနှစ်လုံးနဲ့ ကြည့်ရုံနဲ့ အကြည့်ခံရသူဟာ လိပ်ပြာလွင့်မတတ် တုန်လှုပ်ချောက်ချားသွားကြရတယ်၊ ဒီလိုသိုင်းပညာမျိုးနဲ့ ဆက်ပြီးယှဉ်ပြိုင်နေရင် ငါတို့



ရှုံးမှာသေချာတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်ဆွဲထားရမယ်၊ ဆရာကြီး မောင်စန်းယိကျင်း ပြောတာ မှန်တယ်"

သူ တွေးတောနေခိုက်မှာပင်၊ တိုးဘက်ဂိုဏ်းချုပ်ကြီးက ဝင်ပြောလာလေ၏။

"ဟိုဒကာကြီးရဲ့ အကြံဉာဏ် အကောင်းဆုံးပဲ၊ အခု ကျုပ်တို့ တိုက်တာဟာ စည်းမရှိ ကမ်းမရှိ တိုက်ပွဲကြီး ဖြစ်နေတယ်၊ စည်းကမ်းသတ်မှတ်ပြီး တိုက်တဲ့ တိုက်ပွဲကသာ သိုင်းလောကမှာ သမိုင်းဝင်နိုင်တယ်"

ယွင်ကြိုလုံက ကျိတ်၍ ကျိန်ဆဲမိသည်။

"အင်း....သူတို့ဘက်က အခြေအနေ သာသယောင် ဖြစ်နေတော့ ဒီလိုစကားမျိုး ပြောတာပေါ့၊ တွေ့ကြသေးတာပေါ့လေ"

ယွင်ကြိုလုံသည် သူ့လူများကို ရေတွက်လိုက်၏။ မောင်စန်းယိကျင်း၊ ဝှမ်ချန်းနှင့် မိမိကိုပါ ထည့်တွက်၏။

ဝမ်ကြည်ကို ထည့်တွက်၍ မရတော့ပေ။ ဝမ်ကြည် တိုက်ခိုက်မည် မဟုတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အခါက သုံးပွဲယှဉ်ပြိုင်လျှင် ကောင်းမည်။ တိဗက်ဘုန်းကြီးလုံးပါးနှင့် မိမိတို့သုံးယောက် ယှဉ်ပြိုင်ရမည်။ နှစ်ပွဲနိုင်သော အဖွဲ့သည် သိုင်းပြိုင်ပွဲ စည်းကမ်းအရ အနိုင်ရသော အဖွဲ့ဖြစ်ရမည်။

တစ်ပွဲတည်းသာနိုင်သူသည် အရှုံးပေးရသောအဖွဲ့ ဖြစ်ရမည်။ သူတို့ဘက်၌ တိဗက်ဂိုဏ်းချုပ် ပါဝင်မည်ကတော့ သေချာသည်။

ရန်သူ၏ သာလွန်သော တိုက်ကွက်များကို အလိမ္မာသုံး၍ ရှောင်ဖယ်ရမည်။ ရန်သူ့ အားနည်းချက်များကို ပိုင်ပိုင်တိုက်ရမည်။ တကယ်တမ်း ထိုအတိုင်း တိတိကျကျ တိုက်ခိုက်နိုင်လျှင် မိမိတို့ အနိုင်ရနိုင်သည်ဟု ယွင်ကြိုလုံ တွေးနေ၏။

ယွင်ကြိုလုံသည် တိုက်ပွဲစည်းအတွင်းသို့ ပြန်လျှောက်သွားပြီး တိဗက်ဂိုဏ်းချုပ်ကြီးနှင့် ရင်ဆိုင်လိုက်သည်။

သည်တစ်ကြိမ် ရင်ဆိုင်ခြင်းက တိုက်ခိုက်ရန်မဟုတ်ပါ။ ပြိုင်ပွဲအတွက် စည်းကမ်းချက်ချမှတ်ရန် ဖြစ်ပါသည်။



"ဂိုဏ်းချုပ်ဆရာကြီး အနေနဲ့ ဘယ်လို ပြိုင်ပွဲစည်းကမ်းကို သတ်မှတ်ချင်ပါသလဲ"

တိဗက်ဂိုဏ်းချုပ်ကြီးက ပြန်လှန်မေးသည်။

"ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံကကော ဘယ်လိုစည်းကမ်း သတ်မှတ်ချင်ပါသလဲ၊ အဆိုပြုပါဦး"

"ကျုပ်ကတော့ ဒီပြိုင်ပွဲအတွင်းမှာ တစ်ဖက် သုံးယောက် ယှဉ်ပြိုင်သင့်တယ်လို့ ထင်တယ်၊ ဂိုဏ်းချုပ် ဆရာတော်ကြီး စိတ်ကြိုက်ရွေးချယ်တဲ့ ကပည့်နှစ်ယောက်နဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီး အပါအဝင် သုံးယောက်ပေါ့…

"ကျုပ်တို့ဘက်ကလဲ ကျုပ်အပါအဝင် သုံးယောက် ယှဉ်ပြိုင်သင့်တယ်လို့ ယူဆပါတယ်…

"နောက်ဆုံးပွဲကိုတော့ ဂိုဏ်းချုပ်ဆရာတော်ကြီးနဲ့ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ကြတာပေါ့၊ ဘယ်လို သဘောရသလဲ"

တိဗက်ဂိုဏ်းချုပ်ကြီးသည် သူ့နောက်လိုက်များဘက်သို့ လှည့်ကာ ဗေဒါဘုရင်ဖုတ်စကားဖြင့် တိုင်ပင်ဆွေးနွေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွင်ကြိုလုံသည် ဝေလူမျိုးစုစကားကို နားမလည်ချေ။

တိဗက်ဘုန်းကြီးများသည် ကွမ်းတစ်ယာညက်ခန့် ကြာသည်အထိ အပြန်အလှန် တိုင်ပင်ဆွေးနွေးကြသည်။

နောက်ဆုံး၌ ဂိုဏ်းချုပ်ကြီးသည် ယွင်ကြိုလုံဘက်သို့ ပြန်လှည့်လာ၏။

"ကောင်းပြီ၊ ဒကာကြီး တင်ပြတဲ့ သုံးပွဲသုံးချီ ယှဉ်ပြိုင်ဖို့ ကိစ္စကို ကျုပ် သဘောတူတယ်၊ အရှုံးအနိုင်အတွက် ဘယ်လိုဆုံးဖြတ်မလဲ"

"သုံးပွဲအနက် နှစ်ပွဲနိုင်တဲ့အဖွဲ့က အနိုင်လို့ ဆုံးဖြတ်ပါ့မယ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး သဘောတူရဲ့လား"

တိဗက်ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်၏။

"ကောင်းတယ်၊ တရားမျှတပါတယ်၊ ဒကာကြီးတို့ဘက်က သုံးယောက်က ဘယ်သူတွေလဲ"

ယွင်ကြိုလုံက မောင်စန္နီးယိကျင်းနှင့် ဝှမ်ချန်းတို့ကို ညွှန်ပြပြီး....



"ဟောဒီက ဆရာကြီး မောင်စန်းယိကျင်းရယ်၊ ဟောဒီက ဆရာကြီး ဝှမ်ချန်းရယ် ကျုပ်ရယ်ပါပဲ၊ ဆရာတော်ကြီးဘက်ကရော...."

တိဗက်ဂိုဏ်းချုပ်ကြီးက လက်ခုပ်တီးပြပြီး အချက်ပြလိုက်၏။

မီးခိုးရောင်ဝတ်စုံရှည် ဝတ်ဆင်ထားသော တိဗက်ဘုန်းကြီးတစ်ပါးနှင့် အနီရောင်ဝတ်စုံရှည် ဝတ်ဆင်ထားသော တိဗက်ဘုန်းကြီးတစ်ပါးတို့ ရှေ့သို့ထွက်လာကြ၏။

* * *

တိဗက်ဂိုဏ်းချုပ်ကြီးက....

"ဟောဒီက ကိုယ်တော်နှစ်ပါးနဲ့ ကျုပ်ပဲပေါ့၊ သဘောတူရဲ့လား၊ သဘောတူရင် ဒကာကြီးတို့ဘက်က ပထမဦးဆုံးလူ ထွက်လာပါစေ"

ဝှမ်ချန်းသည် ဝမ်ကြည်ကို နောက်ဘက်တစ်နေရာ၌ ဆိုင်းစေပြီးနောက် ကွက်လပ်ထဲသို့ တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တိဗက်ဂိုက်းချုပ်ကြီးလည်း ဝေလူမျိုးစုစကားဖြင့် အမိန့်ပေးလိုက်ရာ မီးခိုးရောင်ဝတ်စုံ တိဗက်ဘုန်းတော်ကြီးက ရှေ့သို့ထွက်လာ၏။

ထိုတိဗက်ဘုန်းကြီးမှာ အိပ်ချင်မူးတူးဖြင့် အိပ်ရာမှထလာသူကဲ့သို့ မျက်လုံးမှေးတေးတေးဖြင့် တိုက်ပွဲစည်းအတွင်းသို့ ဝင်လာသည်။

ဝှမ်ချန်းသည် ဓါးတောင်ဝှေးကို လက်နှစ်ဖက်ဖြင့် ကန့်လန့်ဖြတ် ကိုင်ထား၏။

တိဗက်ဘုန်းကြီးအား ခပ်မာမာလှမ်းပြောသည်။

"ကိုယ်တော် လက်နက်ထုတ်ပေတော့၊ ကျုပ်က စကားဒီး များများပြောဂစ်တဲ့ အတိုးကြီးမဟုတ်ဘူး"

မီးခိုးရောင်ဝတ်ဆင်ထားသော တိဗက်ဘုန်းကြီးသည် သူ့ဝတ်စုံရှည်ထဲမှ ရွှေကွင်းနှစ်ကွင်းကို ဆွဲထုတ်လိုက်သည်။

ထိုရွှေကွင်းနှစ်ကွင်းကို ကြက်ခြေခတ်ပုံ ရင်ခွင်ရှေ့ လက်ယှက်ပြီး ဝှမ်ချန်းအား ဂါရဝပြုနှုတ်ဆက်၏။

ထို့နောက် ဝေလူမျိုးစုစကားဖြင့် လှမ်းပြောသည်။



သို့သော်....

ဝှမ်ချန်းမှာ ဝေလူမျိုးစုဘာသာစကားကို နားမလည်သူဖြစ်၍ ဖက်ဦးနှင့်တစ်ဦး ဘာတွေပြောနေမှန်းပင်မသိဘဲ ရှိကြသည်။

တိဗက်ဘုန်းကြီးက ရွှေကွင်းလက်နက် ဆွဲထုတ်ခြင်းမှာ စိတ်မှန်းနှင့် ရမ်းထုတ်လိုက်ခြင်းမျှသာ ဖြစ်သည်။

ဝှမ်ချန်းသည် တောင်ဝှေးအားဆုပ်ကိုင်ထားသည့် လက်ဝဲလက်ကိုလွှတ်ပြီး ညာဘက်လက်ကောက်ဝတ်ကို ကိုင်ပြ၏။

ဤအချက်ပြမှုမှာ မြေပြန့်သိုင်းလောက၏ ဓလေ့ထုံးတမ်းများကို ရင်းနှီးကျွမ်းဝင်သူ မဟုတ်၍ ဝှမ်ချန်းလုပ်ပြသလို သူလည်း လိုက်၍လုပ်ပြ၏။

"ဟာ...ဒီတိဗက်ဘုန်းကြီးတော့ သေတော့မှာပဲ၊ ငါက ဂါရဝတရားနဲ့ သူ့ကို ဦးစားပေးတဲ့ဥစ္စာ၊ သူက ဘာဖြစ်လို့ ငါလုပ်သလို လိုက်လုပ်ရတာလဲ၊ ကဲ...ဘာပဲဖြစ်ဖြစ် သူက ငါ့ကို ဦးစားပေးတယ် ဆိုနေမှတော့ ကိုက်ရုံပဲ ရှိတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝှမ်ချန်းသည် အတွေးဆုံးသည်နှင့် တိဗက်ဘုန်းကြီး၏ ဝမ်းဗိုက်သို့ တောင်ဝှေးဖြင့် လှစ်ခနဲထိုး၍ တိုက်ခိုက်လိုက်သည်။

ဝှမ်ချန်း၏ဝါးတောင်ဝှေးသည် မြွေဟောက်ပေါက်သည်ထက် လျင်မြန်သော်လည်း တိဗက်ဘုန်းကြီးအဖို့တွင်လည်း အလမ္ပာယ်ဆရာထက် ပို၍လျင်မြန်နေသည်။

သူ၏ရွှေကွင်းတစ်ကွင်းဖြင့် ဝှမ်ချန်း၏တောင်ဝှေးကို လှစ်ခနဲ ပုတ်ထုတ်ပြီးဖြစ်နေသည်။

ထို့ပြင်....

လက်ယာလက်မှရွှေကွင်းသည်လည်း ဝှမ်ချန်း၏ဦးခေါင်းဆီသို့ ဝှီးခနဲ ရောက်ရှိလာပြန်သည်။

ဝှမ်ချန်း ကြောက်ဖျား ဖျားသွားသည်။

တိဗက်ဘုန်းကြီး ဤမျှလက်သွက်လိမ့်မည်ဟုလည်း သူ လုံးဝမထင်မှတ်ခဲ့ချေ။

သူသည် တောင်ဝှေးတိုက်ကွက်ကို ကပျာကယာရုပ်သိမ်းသျှက် ဘေးဘက်သို့ ခုန်ထွက်လိုက်ရသည်။



သူ ခုန်ရှောင်လိုက်သည့် အကွာအဝေးမှာ ငါးပေခန့် ရှိ၏။

"ဝှီး"

သူ့ဆီသို့ပြေးထွက်လာသည့် ရွှေကွင်းသည် ဝှီးခနဲမြည်ကာ သူ့သခင် တိဗက်ဘုန်းကြီးထံသို့ ပြန်လည်ရောက်ရှိသွားသည်။

အဖြစ်မှန်ကား ဤသို့တည်း။

တိဗက်ဘုန်းကြီး၏ ရွှေကွင်းများသည် သေးငယ်သော်လည်း အလွန်တရာခိုင်ခန့်သည့် သတ္တုကြိုးမျှင်ကလေးများဖြင့် ချည်နှောင်ပြီး လိုသလို ပစ်ခတ်တိုက်ခိုက်ခြင်းသာ ဖြစ်ပေသည်။

ဝှမ်ချန်းသည် သူ့နဖူး သူ ရိုက်မိမတတ် ဖြစ်သွားလေသည်။

"ငါနှယ်ကွာ.... အစိပ္ပာယ်မဲ့ အကြောက်ကြီးလိုက်တာ လွန်ပါရောပဲ၊ တိဗက်ဘုန်းကြီးရဲ့ပညာက စုန်းကဝေများလားလို့ လန့်သွားတယ်၊ လက်စသတ်တော့ ရွှေကွင်းကို ကြိုးနဲ့ဆွဲထားတဲ့ပညာပဲ ရှိတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဝှမ်ချန်းသည် သူ၏သွေးသောက်နောင်တော် ဝမ်ကြည် ဒဏ်ရာရသွားသည့်အတွက် တိဗက်ကိုဖ၏ ဆိုင်းပညာကို အထင်ကြီး ကြောက်လန့်နေမိခြင်းသာဖြစ်သည်။

ရွှေကွင်းကို သတ္တုကြိုးသေးလေးဖြင့် ချည်နှောင်ထိုက် နိုက်မှန်း သိသောအခါ သူ ရဲဝံ့လာတော့သည်။

ထို့ကြောင့်....

တောင်ဝှေးကို တဝှီးဝှီးဝှေ့ယမ်းလျက် တိဗက်ဘုန်းကြီး၏ ခါးလယ်ကို ဖြတ်ရိုက်လိုက်သည်။

ထိုရိုက်ချက်သည် အလွန်တရာမြင်းထန်၏။

* * *

"ဟား....ဟား....ဟား.... ကျုပ်ရဲ့တောင်ဝှေးကို လွှတ် အောင်ရှောင်နေတော့၊ ကိုယ်တော်ရဲ့ မှုက်လှည့်တိုက်ကွက် ကို ကျုပ် မကြောက်တော့ဘူးဗျ"



ဝှမ်ချန်း အော်ပြောသော်လည်း တိဗက်ဘုန်းကြီး အနေ ဖြင့် လုံးဝ နားမလည်ချေ။

သို့သော်....

တောင်ဝှေးရိုက်ချက်များကိုမူ အထင်သေးသောအကြည့် ဖြင့်ကြည့်ပြီး ခုန်ရှောင်၏။

"ဝှီး....ဝှစ်....ဝှစ်"

ဝှမ်ချန်း၏တောင်ဝှေးသည် တိဗက်ဘုန်းကြီးကို တဝှီးဝှီး တဝှစ်ဝှစ် လိုက်ဘိုး၏။ တိဗက်ဘုန်းကြီးက ခုန်ရှောင်၏။

"ဝှီး"

ဝှမ်ချန်းသည် တိဗက်ဘုန်းကြီးခုန်သလို လိုက်ခုန်ပြီး ခြေ ထောက်ကို တောင်ဝှေးဖြင့် ရိုက်ချသည်။

တိဗက်ဘုန်းကြီးမှာ မြေပြင်သို့ ကျွမ်းပိုးမှောက်ခုံ ကျ သွားလေ၏။

တိဗက်ဘုန်းကြီး ဒဏ်ရာရသွားပြီလော။

ဝှမ်ချန်းသည် လက်ဦးမှုရနိုင်ရေးအတွက် တိဗက်ဘုန်း ကြီးရှိရာသို့ ခုန်ချဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးတိုက်ကွက်ကို ထုတ်ကာ တိဗက် ဘုန်းကြီး၏ ဦးခေါင်းကို ရိုက်ချသည်။

သို့သော်....

တိဗက်ဘုန်းကြီးမှာ သူ့တောင်ဝှေးချက်မိသွားပြီး ကျွမ်းထိုးမှောက်ခုံ ကျသွားခြင်း မဟုတ်ပါ။

လေထဲ၌ အရှောင့်လွန်သွားပြီး ဟန်ချက်ပျက် လိမ့်ကျသွားခြင်းဖြစ်သည်။

ထို့ကြောင့်....

ဝှမ်ချန်းက တောင်ဝှေးတိုက်ကွက် ထုတ်၍ လာရိုက်သောအခါ တိဗက်ဘုန်းကြီးအနေဖြင့် လွယ်ကူစွာ ရှောင်တိမ်းနိုင်ခဲ့လေ၏။

ဝှမ်ချန်းသည် နှစ်ကြိမ်တိုင်တိုင် လက်ဦးမှုရယူပြီး တိုက်ခိုက်နိုင်ခဲ့သော်လည်း တိဗက်ဘုန်းကြီး ဒဏ်ရာရသွားအောင်တော့ မလုပ်နိုင်ခဲ့ချေ။

သို့သော်....

ထိုမှနောက်ပိုင်းတွင် ဝှမ်ချန်းသည် အထက်စီးရသွားပြီး အဆက်မပြတ် တိုက်ခိုက်လာနိုင်သည်။



တိဗက်ဘုန်းကြီးအနေဖြင့် အောက်စီး ဖြစ်သွားပြီး တစ်ဆုတ်တည်းဆုတ်နေရ၏။

ထိုစဉ်....

ပြိုင်ပွဲဝင်မည့် အနီရောင်ဝတ်စုံရှည် ဝတ်ဆင်ထားသည့် တိဗက်ဘုန်းကြီးသည် ဂိုဏ်းချုပ်ဆရာကြီးအနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားပြီး ဝေလူမျိုးစုစကားဖြင့် တီးတိုး ပြောနေလေတော့သည်။

* * *

ထိုစကားသံများကို ယွင်ကြိုလုံတို့လူစုအားလုံး ကြားကြရသည်။

သို့ရာတွင်....

မည်သူမျှ နားမလည်ကြချေ။

အမူအရာကိုကြည့်၍ ခန့်မှန်းရသည့် အချက်မှာ မိုးခိုးရောင်ဝတ် တိဗက်ဘုန်းကြီး ရှုံးနိမ့်တော့မည်ဖြစ်၍ ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဆရာတော်အား ဝင်ရောက်ကူညီရန် ပန်ကြားနေခြင်း ဖြစ်သည်ဟူ၍ မှန်းဆ၍ ရသည်။

ဂိုဏ်းချုပ်ဆရာတော်က ဖြည်းညင်းစွာ ဦးခေါင်း ခါယမ်းပြနေသည်ကို မြင်ရပြန်သဖြင့် ဂိုဏ်းချုပ်ဆရာတော် အနေဖြင့် ဝင်မကူဟု အားလုံး ခန့်မှန်းကြပြန်၏။

သို့သော်....

တိဗက်ဂိုဏ်း၏ သိုင်းပညာမှာ အလွန်တရာ ဆန်းကြယ်သဖြင့် မိမိတို့ စိတ်ထင် ဟုတ်ချင်မှ ဟုတ်မည် ဖြစ်ကြောင်း ယွင်ကြိုလုံ အပါအဝင် အားလုံး သတိရှိကြသည်။

ယွင်ကြိုလုံတို့ အုပ်စု အမျိုးမျိုး ခန့်မှန်းနေစဉ်မှာပင် ဝှမ်ချန်း၏ အော်ဟောက်သံကို ကြားလိုက်ကြရသည်။

"အီး....အား....အား"

ငယ်သံပါအောင် စူးစူးရှားရှား အော်လိုက်သည့် အသံကိုပါ ဆက်တိုက် ကြားလိုက်ရသောအခါ လူအားလုံး၏ အတွေးစများ ပြတ်သွားကြပြီး တိုက်ပွဲသို့ အားလုံး အာရုံရောက်သွားကြ၏။



"ဟာ...."

လူအားလုံး၏ အာမေဋိတ်သံများသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

သူတို့မြင်ရသော မြင်ကွင်းကား....

ဝှမ်ချန်းသည် သွေးစွန်းသော တောင်ဝှေးကို လက်နှစ်ဖက်ဖြင့် မြှောက်ကိုင်ထားပြီး မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် တိဗက်ဘုန်းကြီးမှာ ဦးခေါင်းကွဲကြေပြီး ပွဲချင်းပြီး သေဆုံးနေလေ၏။

ထိုမြင်ကွင်းနှင့် ထိုအာမေဋိတ်သံများကို ကျောင်းပျက်ပြတင်းတံခါးမှ ချောင်းကြည့်နေသည့် ဆန်ကွမ်းချီသည် အထင်းသား မြင်ရ၏။

အရှင်းသား ကြားရ၏။

သူသည် တီးတိုး ရေရွတ်မိသည်။

"အင်း....ဟာကယ့်ပြိုင်ပွဲပဲ၊ ဆရာကြီးပြောတာ မှန်တယ်၊ ငါသာအိပ်ပျော်သွားရင် ဒီလောကပညာပါတဲ့ သိုင်းပြိုင်ပွဲမျိုးကို လုံးဝ မြင်လိုက်ရတော့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ၏ မြေကွက်လပ်အတွင်းမှာမူ....

မောင်စန်းယိကျောင်းသည် တိုက်ပွဲစည်းအတွင်းသို့ ဓားရှည် တစ်ချောင်းကို ဆွဲကိုင်၍ ခုန်ဝင်လာ၏။

"ကဲ....ပထမတစ်ပွဲမှာတော့ အရှုံးအနိုင် အဖြေပေါ်ပြီ၊ ဒုတိယပွဲအတွက်တော့ ကျုပ်ပဲထွက်ရမှာပဲ၊ဂိုဏ်းချုပ်ကြီးတို့ ဘက်က ဘယ်သူထွက်မလဲ"

တိဗက်ဂိုဏ်းချုပ်ကြီးသည် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

အနီရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည့် တိဗက် ဘုန်းကြီးသည် တစ်လှမ်းချင်း ရှေ့သို့ထွက်လာ၏။

တိဗက်ဂိုဏ်းချုပ်ကြီးက ဝေလူမျိုး ဘာသာစကားဖြင့် ထိုဘုန်းကြီးအား သတိပေးသည်။

"ဒီအဘိုးကြီးဟာ ပထမ အဘိုးကြီးထက် ပညာရည် ကောင်းမယ်ဆိုတာ သံသယရှိစရာမလိုဘူး၊ သုံးပွဲမှာ နှစ်ပွဲ နိုင်တဲ့အဖွဲ့ဟာ အောင်ပန်းဆင်နိုင်မယ့်အဖွဲ့ဖြစ်တာမို့ ဒုတိယပွဲဟာ ငါတို့အတွက် သေရေးရှင်ရေးတမျှ အရေး ကြီးတယ်"



အနီရောင် ဝတ်ရုံရှည်ဝတ်ဆင်သည့် ဘုန်းကြီးသည် တိဗက် ဂိုဏ်းချုပ်ကြီးအား လက်အုပ်ချီ၍ ဂါရဝပြုသည်။

"စိတ်ချတော်မူပါ ဆရာဂိုဏ်းချုပ်ကြီး"

တိဗက်ဂိုဏ်းချုပ်ကြီးက ဆက်ပြော၏။

"ကိုယ်တော်ရဲ့ ဦးလေးတော်ဟာ မြေပြန့်သိုင်းလောက သား သိုင်းသမားတွေနဲ့ ရန်ငြိုးရှိခဲ့ဖူးတယ်၊ ဒီတော့ သူတို့ ကို အနိုင်ရအောင် တိုက်ပါ၊ နောက်ဆုံးအချိန်မှာ ကိုယ် ရှုံးတော့မယ် ဆိုရင် ငါတို့ဂိုဏ်းရဲ့ သီးခြား ပညာဖြစ်တဲ့ ပယောဂပညာပါ ထုတ်သုံးပါ"

အနီရောင်တိဗက်ဘုန်းကြီးသည် လက်အုပ်ချီပြီး အာမ ဘန္တေ ခံလိုက်ပြန်၏။

"စိတ်ချတော်မူပါ ဆရာဂိုဏ်းချုပ်ကြီး"

"တတိယပွဲအတွက်တော့ ငါတာဝန်ယူထားတယ်၊ ငါ တိုက်ရတဲ့တိုက်ပွဲမှာလဲ ငါတို့ဂိုဏ်းရဲ့ 'လိပ်ပြာလွင့်'အတတ် ပညာကို ထုတ်သုံးဖို့ ရည်ရွယ်ထားပြီးပြီ၊ ဒီတိုက်ပွဲမှာ ငါတို့ နိုင်ပြီးတဲ့အခါ သူတို့ဂိုဏ်းသားအားလုံးကို သတ်ပစ်ရမယ်၊ ကိုယ်တော်သာ မရှုံးနိမ့်စေနဲ့"

www.burmeseclassic.com



အနီရောင်တိဗက်ဘုန်းကြီးသည် တတိယအကြိမ် အာမ ဘန္တေ ခံလိုက်ပြန်၏။

"စိတ်ချတော်မူပါ ဆရာဂိုဏ်းချုပ်ကြီး"

"ကောင်းပြီ၊ ကိုယ်တော် ထွက်ပေတော့"

အနီရောင် တိဗက်ဘုန်းကြီးသည် သူ၏ ဂိုဏ်းချုပ်ဆရာတော်ကို နောက်ဆုံးအကြိမ် ဂါရဝပြုပြီး တိုက်ပွဲစည်း အတွင်းသို့ ဝင်သွား၏။

မောင်စန်းယိကျော်သည် ဟန် တရုတ်ဘာသာစကားဖြင့် မေးခွန်း ထုတ်လိုက်၏။

"ကိုယ်တော်၊ ကျုပ်က ဓားကိုင်ထားတယ်၊ ကိုယ်တော်က ဘာမှ မကိုင်ဘူးလား၊ ဒါဆိုရင် ဒီပွဲဟာ တရားမျှတမှု ရှိနိုင်မှာ မဟုတ်ဘူး"

အနီရောင်တိဗက်ဘုန်းကြီးက အေးစက်စက် အသံဖြင့် ပြောသည်။

"ဒကာကြီး စိတ်မပူပါနဲ့၊ ကျုပ်လက်နက် အခုပဲရောက် လာပါလိမ့်မယ်"



သူ၏စကား မဆုံးမီမှာပင် တိဗက်ဘုန်းကြီးငယ်တစ်ပါးသည် တြိဂံ ပုံသဏ္ဍာန်ရှိသော ဒိုင်းလက်နက် နှစ်ခုကို အနီရောင် ဘုန်းကြီးလက်ထဲသို့ လာရောက် ပေးအပ်လေသည်။

ထိုတြိဂံဒိုင်းလက်နက်၏ အပေါ်ပိုင်း အကျယ်သည် တစ်ပေခန့် ရှိသော်လည်း အောက်ပိုင်းအချွန်မှာမူ နှစ်ပေခန့် ချွန်းထွက် သွား၏။

ဒိုင်းတစ်ခု၏ မျက်နှာပြင်သည် ရွှေရောင်တောက်ပလျက် ရှိပြီး အခြားတစ်ခုမှာ ငွေရောင် တောက်ပနေ၏။

တိုက်ပွဲစည်းအလယ်တွင် မောင်စန်းယိကျော်က ဓားရှည် ကိုင်ပြီး ရပ်နေသလို အနီရောင် တိဗက်ဘုန်းကြီးကလည်း ဒိုင်းနှစ်ခုကိုကိုင်၍ ရပ်နေ၏။

သူတို့သည် တစ်ယောက်၏လှုပ်ရှားမှုကို တစ်ယောက်က စောင့်ကြည့်နေကြသည်။

ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် ထို ငြိမ်သက်နေသည့် အခြေအနေကို သဘောမကျချေ။

တိဗက်ဂိုဏ်းသားများသည် ပယောဂ အတတ်များကို တတ်ကျွမ်းထားကြသဖြင့် ထိုအတတ်ဖြင့် အနိုင်ယူသွားမည်ကို စိုးရိမ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပွဲ မြန်မြန်ဖြစ်လေ ယိုအတာကို မသုံးနိုင်လေဟု ယွင်ကြိုလုံ တွက်ချက်၏။

သို့သော်....

မောင်စန်းယိကျင်းသည် သူဖြစ်စေချင်သလိုမတိုက်ခိုက်ဘဲ ရန်သူနှင့် စကားကြော်ရှည်နေ၏။

"ကိုယ်တော်၊ ကိုယ်တော်ရဲ့ဗိုင်းလက်နက်က အဆန်းပါလားဗျ"

အနီရောင် တိဗက်ဘုန်းကြီးက အေးစက်စက်ပြော၏။

"ဗိုင်းလက်နက်ဆိုတာ အရိုးဆုံးပဲ၊ သိုင်းလောကမှာ သည့်ထက်ဆန်းတဲ့ လက်နက်တွေ အရာအထောင် ရှိတယ်"

"ကိုယ်တော်ရဲ့ ဗိုင်း လက်နက်ပေါ်က စာလုံးတွေက ကိုယ်တော်တို့ရဲ့ ပယောဂပညာရဲ့ သော့ချက် စကားလုံးတွေလား"

"တစ်နည်းဆိုရင်လဲ ဟုတ်ပါတယ်"

"တစ်နည်းဆိုရင်လဲ မဟုတ်ဘူးလို့ ဆိုလိုပြန်တာပေါ့"

"ဒီမှာကြည့်လေ"

အနီရောင် တိဗက်ဘုန်းကြီးသည် သူ၏ ငွေရောင် ဗိုင်းကို မြှောက်ပြ၏။



မောင်စန်းယိကျင်းက အသံထွက်၍ ဖတ်လိုက်၏။

ဗိုင်းပေါ်မှစာသည် ဟန်ဘာသာစာ ဖြစ်နေသည်ကိုး။

"ဝိညာဉ်နုတ်ဗိုင်း"

အနီရောင် တိဗက်ဘုန်းကြီးက ငွေရောင်ဗိုင်းကို မြှောက်ပြပြန်၏။

"မရဏဗိုင်း"

မောင်စန်းယိကျင်းသည် ဟာဟားဟားဟားအော်ပြီး ရယ်လေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

## သေသူ နာသူ

"ကိုယ်တော့် လက်နက်တွေရဲ့ နာမည်က အတော်ပဲ နိမိတ်မရှိ နမာမရှိကိုး၊ ဒါတွေကို ကိုယ်တော် အမြဲတမ်း အသုံးပြုသလား"

"ပြုတယ်၊ ဒီလက်နက်မျိုးကို ကျုပ်တို့ဂိုဏ်းထဲမှာ ကျုပ်တစ်ယောက်ပဲ သုံးတယ်"

"ကဲ....တိုက်တော့မယ်"

မောင်စန်းယိကျောင်းသည် ဓားကို ထိုးသွင်းလိုက်၏။

သို့သော်....



ဓားသည် လမ်းခုလတ်၌ ရပ်တန့်သွား၏။ မောင်စန်းယိကျောင်း တွေးသည်။

"ငါ့တိုက်ကွက်က ရှိုးလွန်းတယ်၊ ဒီတိုက်ကွက်နဲ့တိုက်ရင် ငါပဲ သိက္ခာကျမယ်"

ထိုအတွေးကြောင့် သူ၏ဓားကွက်ကို ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

ထိုစဉ်....

ဒိုင်းနှစ်ဒိုင်း၏ တိုက်ခိုက်မှုက သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံလာ၏။

"ဘုရားရေ....သူ့ဒိုင်းတွေရဲ့တိုက်ကွက်က ကြောက်စရာပါလား"

မောင်စန်းယိကျောင်းမှာ ထိုအချိန်မှစ၍ အောက်စည်းမှ အသေအလဲ ခုခံကာကွယ်နေရလေတော့၏။

တိဗက်ဘုန်းကြီး၏တိုက်ကွက်များက ထူးခြားဆန်းကြယ်သလို မောင်စန်းယိကျောင်း၏ ခုခံကွက်များကလည်း အလွန်တရာ ဆန်းကြယ်၏။

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောတိုက်ကွက်မှ တိုးဝင်လာသည့်လက်နက်များကို မောင်စန်းယိကျင်းသည် မထင်မှတ်သောတိုက်ကွက်ဖြင့် ရိုက်ထုတ် နှိမ်၏။

တိုက်ပွဲကို ကြည့်နေသူများမှာ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူများဖြစ်လင့်ကစား တိုက်ပွဲ၏ ဆန်းကြယ်သောတိုက်ကွက်များကြောင့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်နေကြသည်။

တိုက်ပွဲဝင်နေသူ နှစ်ဦးစလုံးသည် သေမင်းနှင့် လက်တစ်လုံးခြား ကစားနေကြရကြောင်း ရိပ်မိကြသည်။

တရုတ်ပြည် မြေပြန့်သိုင်းလောက၌ ဧရာမပုဂ္ဂိုလ်ကြီးဖြစ်သော မောင်စန်းယိကျင်းသည် တိဗက်ဘုန်းကြီး၏ ဒိုင်းလက်နက်ကို အသေအလဲ ခုခံနေရ၏။

အကယ်၍သာ ဤတိုက်ပွဲကို တရုတ်ပြည် မြေပြန့် သိုင်းလောကသားများသာ မြင်တွေ့သွားလျှင် ဆရာကြီး မောင်စန်းယိကျင်းကို အထင်သေးသွားကြပေလိမ့်မည်။

မောင်စန်းယိကျင်းသည် 'ဖြာကျစီးသွန် ရေတံခွန်' ဟူသော ဓားသိုင်းကွက်ဖြင့် တိဗက်ဘုန်းကြီး၏ဒိုင်းများကို ခါထုတ်ပစ်နေရသည်။



တိဗက်ဘုန်းကြီး၏ ဝိညာဉ်နုတ်ဒိုင်းနှင့် မရဏဒိုင်းတို့သည် မောင်စန်းယိကျင်း၏ သေတွင်းများဆီသို့ တရစပ်ကျရောက်လာသဖြင့် ဖြာကျစီးသွန် ရေတံခွန် သိုင်းကွက်လည်း အရာမရောက်သလို ဖြစ်လာသည်။

ထို့ကြောင့်....

'ပက်လက်မှောက်လှန် သိုင်းပြောင်းပြန်' ဟူသော သိုင်းကွက်ဖြင့် ခုခံရပြန်သည်။

သူ့တစ်သက်တာ၌ အကြီးမားဆုံးသောရန်သူဖြင့် တိုက်ခိုက်နေရပြီဖြစ်ကြောင်းကို မောင်စန်းယိကျင်း သိတောပေါက်လာသည်။

သူသည် ဒိုင်းလက်နက်ကိုင်ဆောင်၍ အောင်ပွဲခံခဲ့သော သိုင်း လူစွမ်းကောင်းများအကြောင်း ကြားဖူးနားဝ ရှိခဲ့သည်။

သို့သော်....

ထို သိုင်းလူစွမ်းကောင်းသည် တိဗက်ဘုန်းကြီး မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟန်တရုတ်လူမျိုးစစ်စစ် ဖြစ်၏။

ယခု....

ဗိုင်းလက်နက် သိုင်းပညာသည် အဘယ်သို့သော နည်းဖြင့် တိဗက်ဘုန်းကြီး၏လက်ဝယ်သို့ ရောက်နေရသနည်း။

တောခေါင်ခေါင် အရပ်၌ တည်ထားသည့် ဘုရားကျောင်းအိုပျက်အနီး၌ ထူးခြားသော ဗိုင်းလက်နက် သိုင်းပညာကို သူ တွေ့နေရသဖြင့် အလွန်တရာ အံ့ဩနေသည်။

ထိုစဉ်မှာပင်....

စည်တိုနက်သံ တဗိုင်းဗိုင်းကြားရပြီး ဆွဲဆွဲငင်ငင် သီမှုတ်လိုက်သည့် နှဲသံကြီးကိုလည်း ကြားလိုက်ရသည်။

အုတ်အုတ်ကျက်ကျက် အသံပြုသည့်ဘုန်းကြီးများ၏အသံကြောင့် မောင်စန်းယိကျင်း၏စိတ်များ ပျာယာခတ်သွားသည်။

"ရပ်လိုက်"

ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် အော်ဟစ်ရင်း ရှေ့သို့ ခုန်ထွက်လာသည်။



စည်တိုနက်သံများ၊ နှဲသံများ ရပ်ဆိုင်းသွားသလို အနီရောင် တိဗက်ဘုန်းကြီးနှင့် မောင်စန်းယိကျင်း၏ တိုက်ပွဲလည်း ရပ်ဆိုင်းသွား၏။

"ဂိုဏ်းချုပ်ဆရာတော်ကြီး၊ တိုက်ခိုက်နေတုန်း ခုလို တီးမှုတ်တာကတော့ အတော့်ကို မဒွယ်မရာ အပြုအမူပါပဲ"

တိဗက်ဂိုဏ်းချုပ်ကြီးက ခပ်အေးအေး မေး၏။

"ဘာဖြစ်လို့လဲ ဒကာကြီးရဲ့"

"သိုင်းပညာပြိုင်ပွဲမှာ စိတ်တည်ငြိမ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဂိုဏ်းချုပ်ဆရာတော် အသိပါပဲ၊ ကျုပ်အနေနဲ့ မီကျောင်းမင်း ရေကင်းပြနေဖို့ လိုမယ်မထင်ပါဘူး၊ ဒီစည်တိုနက်သံနဲ့ နှဲသံဟာ ကျုပ်တို့လူကို အာရုံပျက်ပြားစေပါတယ်....

"ဒီနည်းနဲ့ အနိုင်မယူချင်ပါနဲ့ ဂိုဏ်းချုပ်ဆရာတော်၊ ဆရာတော်တို့ သတ္တိရှိရင် ဒုတိယပွဲယှဉ်ပြိုင်နေချိန်မှာ တတိယပွဲပါ တစ်ဆက်တည်း ယှဉ်ပြိုင်လိုက်ရုံပါပဲ"

တိဗက်ဂိုဏ်းချုပ်ကြီးက အေးစက်စက်ရယ်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတို့က တစ်ပွဲနိုင်ပြီးပြီပဲ၊ ဒုတိယပွဲနဲ့ တတိယပွဲ ဆက်ပြိုင်ရင် ဒကာကြီးတို့ နစ်နာသွားမှာပေါ့"

တိဗက်ဂိုဏ်းချုပ်ကြီး ပြောသည့် အဓိပ္ပာယ်က ရှင်းသည်။

ဒုတိယပွဲကို မောင်စန်းယိကျင်း နိုင်လျှင် အရှုံးအနိုင် ပြတ်ပြီ။

တတိယပွဲအတွက် ယွင်ကြိုလုံအနေဖြင့် တိုက်ရန် လိုတော့မည် မဟုတ်ချေ။

အကယ်၍ တိုက်ပါက ဒုတိယပွဲတွင် ယွင်ကြိုလုံတို့ဘက်က နိုင်ပြီး တတိယပွဲတွင် ပြိုင်သူ ယွင်ကြိုလုံ ရှုံးနိမ့်ပါက ယွင်ကြိုလုံအဖို့ သက်သက် ဒဏ်ရာအနာတရရပြီး အရှက်ကွဲသွားနိုင်၏။

ထို့ကြောင့်....

ဒုတိယပွဲနှင့် တတိယပွဲကို တစ်ပြိုင်တည်း မယှဉ်သင့်ကြောင်း တိဗက်ဂိုဏ်းချုပ်ကြီးက ပြောဆိုခြင်း ဖြစ်ပေ၏။

ယွင်ကြိုလုံ၏စိတ်ကူးက တစ်မျိုးဖြစ်သည်။



တိဗက်ဂိုဏ်းချုပ်ကြီးအား တိုက်ပွဲစည်းဝိုင်းအတွင်း ဆွဲခေါ်ပြီး တိုက်ခိုက်ထားလျှင် တိဗက်ဂိုဏ်းသားများအား ဝင်ကူရန် အချက်ပြနိုင်တော့မည်မဟုတ်ဟု ယူဆ၏။

ထို့ကြောင့်....

အထွေအထူး စကားမပြောတော့ဘဲ တိဗက်ဂိုဏ်းချုပ်ကြီးအား ဝင်ရောက်တိုက်ခိုက်တော့သည်။

ထိုအချိန်မှစ၍ ရန်သူအတွဲနှစ်တွဲသည် တစ်ပြိုင်နက် ပြန်လည်တိုက်ခိုက်ကြလေတော့၏။

* * *

တိဗက်ဂိုဏ်းချုပ်ကြီးသည် ယွင်ကြိုလုံ၏ လက်ဝါးရိုက်ချက်များကို အလွယ်တကူ ဖယ်ထုတ်ပစ်နိုင်သည်။

"ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံ၊ ဒကာကြီးရဲ့ အတွင်းအားပညာရပ်က တကယ့်ကို ထူးချွန်တာပါပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ယွင်ကြိုလုံသည် တိဗက်ဂိုဏ်းချုပ်ကြီး၏မျက်နှာကို ရုတ်တရက် ကြည့်လိုက်မိ၏။

တိဗက်ဂိုဏ်းချုပ်ကြီး၏ မျက်လုံးများမှာ နက်မှောင်ပြီး သူ့အား ညှို့နေသလိုရှိနေသဖြင့် ယွင်ကြိုလုံမှာ ကပျာကယာ မျက်နှာလွှဲပစ်လိုက်ရသည်။

ယွင်ကြိုလုံတစ်ယောက် ကြောက်ကြောက်လန့်လန့်ဖြင့် တွေးနေ၏။

"ဒီတိဗက်ဘုန်းကြီးတွေဟာ ပယောဂအတတ်မှာတော့ တစ်ဖက်ကမ်း ခတ်နေပြီ၊ ငါတို့ရိုးရာပညာနဲ့ သူတို့ကို ယှဉ်မှ ယှဉ်နိုင်ပါတော့မလား"

ထိုစဉ်မှာပင်....

တိဗက်ဂိုဏ်းချုပ်ကြီးက ယွင်ကြိုလုံအား လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်၏။

ပြင်းထန်သော အားလှိုင်း ဝင်လာသဖြင့် ယွင်ကြိုလုံသည် ကြောက်လန့်တကြား နောက်သို့ ခုန်ပေးရသည်။

"ဘုရားရေ....သူတို့ ပယောဂ ပညာကို ကြောက်စရာကောင်းတယ်လို့ ထင်မှတ်ရုံရှိသေးတယ်၊ သူ့သိုင်းပညာ



စွမ်းကိုပါ ထပ်ပြနေဘယ်၊အတွင်းအားပညာကလဲ အတော်ကောင်းတာပဲကိုး"

သူသည် တိဗက်ဘုန်းကြီး၏မျက်နှာကို ရုတ်တရက် လှမ်းကြည့်မိပြန်၏။

သူ၏ရင်ထဲ၌ ခိုက်ခိုက်တုန်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော်....

တိဗက်ဂိုဏ်းချုပ်ကြီး၏ မျက်လုံးများမှ ထူး ရှ သော အလင်းတန်းတစ်ခုသည် သူ့ရင်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်ဟု ထင်လိုက်မိသောကြောင့်တည်း။

တိဗက်ဂိုဏ်းချုပ်ကြီးက ခပ်အုပ်အုပ် ရယ်သည်။

"ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံ၊ ဒကာကြီးဟာ ကျုပ်နဲ့လက်ရည်တူသူ မဟုတ်ပေဘူး၊ စောစောစီးစီး အရှုံးပေးမယ်ဆိုရင် ဒကာကြီးအဖို့ ဒဏ်ရာမရနိုင်တော့ဘူးပေါ့"

တိဗက်ဂိုဏ်းချုပ်၏အသံသည် သူ၏ အသည်းနှလုံးများကို တုန်ခါသွားစေတော့သည်။

သူသည် တိဗက် ဂိုဏ်းချုပ်ကြီးကို အကြီးအကျယ် ကြောက်လန့်နေခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့အတွင်းအား သိုင်းပညာဖြင့် သူ့စိတ်ကိုသူ ထိန်းသည်။

သူ့စိတ်ကို ငြိမ်အောင်ကြိုးစားသည်။

သူ့အတွင်းအား ပညာသည် အဆင့်လွန် ပညာ ဖြစ်၍ မကြာမီ ထိန်းသိမ်းလာနိုင်သည်။

"ဟင်း....တိဗက်ဂိုဏ်းဆိုတာ သိုင်းဂိုဏ်းမှ မဟုတ်တဲ့၊ မှော်ပညာဂိုဏ်း ဖြစ်နေတာပဲ"

သူတွေးနေစဉ်မှာပင်....

တိဗက်ဂိုဏ်းချုပ်ကြီး၏ လက်ဝါးရိုက်ချက် ထွက်လာပြီး ကြီးမားသော အားလှိုင်းကြီးသည် သူ့အား ရိုက်ချလေတော့၏။ ယွင်ကြိုလုံ လွင့်စဉ်ထွက်သွားသည်။

ယွင်ကြိုလုံ၌ သိုင်းလောကအတွေ့အကြုံ ဆယ့်ငါးနှစ် ရှိသည်။

ဤအဖြစ်မျိုး သူ့တစ်သက်၌ တစ်ကြိမ်တစ်ခါမှ မကြုံရသေးချေ။

သူသည် ချန်ကျန်းဒေသ (ယန်စီကျန်မြစ် တောင်ပိုင်း) ပြည်နယ်ခုနစ်ခု၌ မော်ကြွားနေသည့် သိုင်းအကျော်အမော် များကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူခဲ့သူ ဖြစ်သည်။



သိုင်းပညာကောင်းသလို ပါးနပ်လိမ္မာမှုလည်း ရှိသည်။

ယခုသော်....

အောင်ပန်း မပန်နိုင်တော့ချေတကား။

သူသည် သူ့အားရိုက်ခတ်သည့် လှိုင်းအားကို လက်ဝါးဖြင့်ကာရန် ကြိုးစား၏။

အေးစက်စက်စကားသံသာ သူ့နားဝ၌ ကြားနေတော့သည်။

"ယွင်ကြိုလုံ၊ ဒကာကြီးဟာ ကျုပ်ရဲ့ကိုယ်ပိုင်ပညာဖြစ်တဲ့ 'ယင်ချီ' အတွင်းအားတိုက်ကွက်ရဲ့ ဒဏ်ကို ခံသွားရပါပြီ၊ သုံးနာရီအတွင်း ဒကာကြီးရဲ့ အသည်းနှလုံးတွေ အဆိပ်တက်လာပါလိမ့်မယ်"

ယွင်ကြိုလုံသည် ရေနစ်သူကဲ့သို့ ခံစားလိုက်ရပြီး သူ့နားထဲ၌ တစီစီမြည်လာသည်။

သူ့အင်အားများလည်း ရုတ်ခြည်း လျော့ပါးသွားသလို ခံစားလာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်....

အဝေးမှပြောသံလိုလို ပဲ့တင်သံလိုလို စကားသံများကို ထပ်မံကြားလာရပြန်သည်။

ထိုစကားပြောသူ မည်သူဖြစ်သည်ကို ကြိုးစားကြည့်၏။ တိဗက်ဂိုဏ်းချုပ်ကြီးပင်ဖြစ်ကြောင်း သူ မှတ်မိလာသည်။

"ယွင်ကြိုလုံ၊ ဒကာကြီးရဲ့ပညာစွမ်းက မသေးပါဘူး၊ဒီပညာကို ဒကာကြီးအနေနဲ့ လွယ်လွယ်ကူကူရလာတာမဟုတ်ပါဘူး၊ ဒါကြောင့်မို့ ကြိုတင်အရှုံးပေးပါ၊ ဒီလိုမှမဟုတ်ရင်တော့ ဒကာကြီးကို သတ်ပစ်ရတော့မယ်"

သူသည် တိဗက်ဂိုဏ်းချုပ်ကြီးနှင့် မျက်လုံးချင်း မဆိုင်နိုင်အောင် မျက်လုံးစုံမှိတ်ထားနိုင်သော်လည်း အသံမကြားရအောင် နားကို ပိတ်မထားနိုင်ဘဲ ရှိလေ၏။

သူ လွန်စွာ အခံရခက်လျက်ရှိနေပေပြီ။

တိဗက်ဂိုဏ်းချုပ်၏ အေးစက်စက်ရယ်သံ ထွက်ပေါ်လာပြန်သည်။



"ယွင်ကြိုလုံ အရှုံးမပေးသေးဘူးလား' တကယ်ပဲ အသေခံတော့မလား"

ယွင်ကြိုလုံသည် အားတင်း၍ ထရပ်လိုက်၏။

သို့သော်....

သူသည် နောက်သို့ ခြေငါးလှမ်းမျှ ဆုတ်သွားခဲ့ရပြီး ဖင်ထိုင်လဲကျသွားလေတော့၏။

တိဗက်ဂိုဏ်းချုပ်ကြီး၏လက်ဝါးနှစ်ဖက်သည် ယွင်ကြိုလုံ၏ဦးခေါင်းထက်သို့ ကျလာလေသည်။

ယွင်ကြိုလုံသည် ပွဲချင်းပြီးသေမသွားစေရန် လက်နှစ်ဖက်ဖြင့် အားကုန်ခုခံလိုက်ရသည်။

တိဗက်ဘုန်းကြီးလည်း နောက်ဆုတ်သွားတော့သည်။

"ဝေါ့"

ယွင်ကြိုလုံ၏ပါးစပ်မှ နီရဲသောသွေးများ ပွက်ခနဲ ထွက်လာ၏။

ရှုံးကြဲဖေးသည် သူ၏ဂိုဏ်းချုပ်ကြီး အခြေမလှတော့ကြောင်း တွေ့လိုက်ရသဖြင့် သူ၏ဂိုဏ်းချုပ်ကြီးထံသို့ လျှပ်တစ်ပြက် ခုန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးသည် အောက်ဟတ်ဝေါက်မြွေးပြီး ရှုံးကြုံဖေးကို တံားဆီးလိုက်လေသည်။

တိဗက်ဘုန်းကြီးများလည်း လျှပ်တစ်ပြက် ခုန်ဝင်လာသဖြင့် တိုက်ပွဲစည်းဝိုင်းအတွင်း ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားလေတော့၏။

★

## အခန်း (၁၆)

### မရဏတိုင်စားလှယ်

သစ်တောအတွင်း၌ ဆောင်းလေအေးသည် တသုန်သုန် တိုက်ခတ်လာ၏။

တောပန်း တောင်ပန်းတို့၏ ပန်းရနံ့သည် မွှေးပျံ့သင်းကြိုင်လာသည်။

ထိုတောပန်း တောင်ပန်းတို့၏ ရနံ့နှင့်အတူ လေကဲ့သို့ လျင်မြန်လှသော အစိမ်းရောင်လူရိပ်တစ်ခုလည်း ခုန်ပေါက်ဝင်ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယွင်ကြိုလုံ မကြောက်နဲ့၊ ငါရောက်လာပြီ"

အစိမ်းရောင်လူရိပ်၏လက်ထဲမှ ဓားသည် တရိပ်ရိပ်လည်နေသည်။

တဝှီးဝှီးတဝှစ်ဝှစ် မြည်နေသည်။

ယွင်ကြိုလုံအား အသေတိုက်ခိုက်ရန် ချဉ်းကပ်လာသည့် တိဗက်ဂိုဏ်းချုပ်ကြီးသည် မြက်ပင်အား တံစဉ်ဖြင့် ပိုင်းဖြတ်လိုက်သည့်အလား မြေပြင်သို့ ပစ်ကျသွား၏။

နီရဲသောသွေးများသည် တိုက်ပွဲမြေပြင်အား ဆေးနီရေဖျန်းလိုက်သကဲ့သို့ နီရဲသွားစေ၏။

ထို့နောက်....

တိဗက်ဘုန်းကြီးများမှာ တစ်ပါးပြီးတစ်ပါး ပွဲချင်းပြီးသေဆုံးကုန်ကြတော့၏။

တိဗက်ဘုန်းကြီးများ၏လှုပ်ရှားမှုမှာ လျင်မြန်ပါ၏။

သို့သော်....

အစိမ်းရောင်လူ၏လျင်မြန်မှုက တိဗက်ဘုန်းကြီးများထက်အဆပေါင်းများစွာ သာလွန်သည်။



ဤသို့ဖြစ်ရခြင်းမှာ တောပန်းတောင်ပန်းတို့၏ ရနံ့ဟုထင်ရသော အမွှေးနံ့၏ပယောဂကြောင့်လည်း ဖြစ်သည်။

ထိုအမွှေးနံ့ကို ရှူရှိုက်ပြီးကတည်းက တိဗက်ဘုန်းကြီးများ၊ အင်အား ဆုတ်ယုတ်သွားသလို ခံစားလိုက်ကြရလေသည်။

အဆိပ်ရနံ့ပေလော။

ထိုလူသည် တိဗက်ဘုန်းကြီး အတော်များများကို ထိုးခုတ်တိုက်ခိုက်ပြီးနောက် မောင်စိန်းယိကျင်းနှင့်တိုက်ခိုက်နေသည့် အနီရောင် တိဗက်ဘုန်းကြီး၏နောက်သို့ ရောက်ရှိသွားလေသည်။

"ဖြန်း"

အစိမ်းရောင်လူ၏လက်ဝါးသည် အနီရောင်တိဗက်ဘုန်းကြီး၏ ကျောပြင်ပေါ်သို့ ဖြန်းခနဲ ကျသွား၏။

တိဗက်ဘုန်းကြီးမှာ တဆတ်ဆတ်ခါသွားပြီးနောက် ဖုန်းခနဲ ပစ်ကျသွားလေတော့၏။

သေပြီ။ တိဗက်ဘုန်းကြီး သေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏လက်ဝါးရိုက်အားမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် အင်အားပါသလို အလျှန် လျင်မြန်လှသည်။

အနီရောင် တီဗက်ဘုန်းကြီး၏ လက်ထဲမှ ဝိညာဉ်ခေါ် ဒိုင်းနှင့် မရဏဒိုင်းတို့သည် အဝေးသို့ လွင့်စဉ်ထွက်သွားခဲ့လေပြီ။

ဒိုင်းနှစ်ဒိုင်းကား ပိုင်ရှင်မဲ့သွားခဲ့လေပြီ။

မောင်စန်းယိကျင်းသည် သူ့ကိုကူညီသူအား မှင်တက်မိလျက် ငေးကြောင်ကြည့်နေမိ၏။

အဘယ်သူနည်း။

အဘယ်ကြောင့် မိမိတို့အား ကူညီရသနည်း။

မြေပြန့် သိုင်းလောက၏ ကယ်တင်ရှင်လော။

"ရွှီး...."

အစိမ်းရောင်လူ၏ဓားသည် တွေးတောနေသည့် မောင်စန်းယိကျင်း၏ ရင်ဝသို့ တည့်မတ်စွာ ဝင်ရောက်လာ၏။

အဆင်သင့် ပြင်ဆင်ထားခြင်း မပြုနိုင်သော မောင်စန်းယိကျင်းမှာ ထိုဓားကို လွတ်အောင် မရှောင်နိုင်ပါ။



ယခုထက် သူ၏သိုင်းပညာ ပိုကောင်းလျှင်လည်း လွတ်အောင် ရှောင်နိုင်မည် မဟုတ်ပါ။

"ဟား....ဟား....ဟား....ဟား"

ယွင်ကြိုလုံသည် တဟားဟား အော်ဟစ်ရယ်မောနေသူအား အထိတ်တလန့် ကြည့်မိ၏။

မိမိတို့၏ ရန်သူ တီဗက်များကို သတ်ဖြတ်ပေးသဖြင့် မိမိတို့၏ မိတ်ဆွေဟု သတ်မှတ်ရမည်လော။

မိမိတို့၏ မိတ်ဆွေ ဖြစ်ပါလျက် အဘယ်ကြောင့် မောင်စန်းယိကျင်းကို ရက်ရက်စက်စက် သတ်ရသနည်း။

သူ့အတွေး မဆုံးသေးမီမှာပင်....

မိတ်ဆွေမှန်း ရန်သူမှန်း ခွဲခြားမရသော အစိမ်းရောင်လူသည် ယွင်ကြိုလုံအနီးသို့ ခုန်ဝင်လာပြန်၏။

ဒဏ်ရာရနေသည့် ယွင်ကြိုလုံက တုန်ယင်နေသော အသံဖြင့် မေးလိုက်၏။

"နောင်....နောင်ကြီး....ဘယ်သူလဲ"

"ငါ သေမင်းကိုယ်စားလှယ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေစကားဆုံးသည်နှင့် ဓားသည် ယွင်ကြိုလုံ၏ ရင်ဝသို့ ရွှိခနဲ တိုးဝင်သွားပြန်သည်။

နဂါးပျံဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံမှာ ဆရာကြီး မောင်စန်းယိကျင်းကဲ့သို့ပင် မိတ်ဆွေမှန်း ရန်သူမှန်း မသိရသော အစိမ်းရောင်လူ၏ ဓားချက်ကို မရှောင်တိမ်းနိုင်ပါ။

ဓားသည် ရင်ဝမှ ကျောပြင်သို့ ဖောက်ထွက်သွား၏။

ယွင်ကြိုလုံသည် ခန္ဓာကိုယ်ကို အနည်းငယ် စောင်းပေးလိုက်ရာ ဓားချက်သည် အရေးကြီးသော ကလီစာများကို မထိတော့ဘဲ လွဲချော်သွားသည်။

ယွင်ကြိုလုံ၏ ပါးစပ်မှ သွေးများ ပွက်ခနဲ ထွက်လာလေသည်။

သူ မေ့မြောသွားလေဟော့၏။

ထိုအဖြစ်အပျက်များကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသော ဝှမ်ချန်းကား ထိုလူစိမ်းအား မိတ်ဆွေလား ရန်သူလား ခွဲခွဲခြားခြား သိရှိသွားခဲ့လေပြီ။

မိတ်ဆွေဟူသည် ကိုယ့်လူကိုယ် ပြန်လည် သတ်ဖြတ်ပါမည်လော။



မိတ်ဆွေ လုံးဝမဖြစ်နိုင်။

ဤလူသည်တိဗက်ဘုန်းကြီးများ၏ ရန်သူဖြစ်သလို မိမိတို့၏ ရန်သူလည်း ဖြစ်ပေသည်။

အချိန်ရသဖြင့် ဝှမ်ချန်းသည် သူ့ဘောင်ငွေးကို အဆင်သင့် ပြင်ဆင်ထားနိုင်ခဲ့၏။

“မင်း ဘယ်သူလဲ”

အစိမ်းရောင်လူက လုံးဝ အဖြေမပေးပေ။

ပါးစပ်ဟပြီး ရယ်သည်။

ရယ်သံလည်း ထွက်မလာပေ။

သေမင်းရယ်လျှင် ဤသို့ပင် ရယ်ပေလိမ့်မည်။

“ဝှိုး....”

လူစိမ်း၏ ဓားသည် ဝှမ်ချန်းထံသို့ အရှိန်ပြင်းစွာတိုးဝင်လာသည်။

နှုတ်က စကားမပြော။

ဓားက စကားပြောသည်။

www.burmeseclassic.com



ဓားတစ်ချက် အသက်တစ်ချောင်းပင်။

သို့သော်....

ဝှမ်ချန်းက ထိုဓားကို ရိုက်ထုတ်သည်။

"ဝှစ်"

တောင်ဝှေးသည် မြေပေါ်သို့ တစ်ဝက် ပြတ်ကျသွား၏။

ဝှမ်ချန်း၏မျက်နှာမှာ လူသေမျက်နှာကဲ့သို့ ဆွတ်ဆွတ်ဖြူသွားသည်။

သူ့တောင်ဝှေးသည် အလွန်ခိုင်မာ၏။

တောနက်အတွင်းမှ စက်ခဲစွာ ရှာဖွေထားသည့် ကြိမ်ပင်နွယ်ဖွား ဝါးတောင်ဝှေး ဖြစ်သည်။

တော်ရုံတန်ရုံ ဓားဖြင့် ခုတ်ဖြတ်၍ မပြတ်နိုင်ပေ။

ယခု ပြတ်သွားသည်ကို ကြည့်လျှင် လူစိမ်း၏ဓားသည် တော်ရုံတန်ရုံဓား မဖြစ်နိုင်ပေ။

သူ ကြောက်လန့်နေစဉ်မှာပင် လူစိမ်းဓားသည် ဝှစ်ခနဲ ဝှစ်ခနဲ တိုးဝင်လာသည်။



ဝှမ်ချန်း ဆုတ်ပြီးရင်း ဆုတ်သည်။

သူ့နားထဲ၌ တဟူးဟူးမြည်လာသည်။

ကြာသောအခါ သူ့ခန္ဓာကိုယ်၌ အင်အားများ လျော့ပါးလာသည်။

"ငါ နောက်ထပ် ရှောင်တိမ်းနိုင်ရင် ငါးကွက်ပဲ"

ဝှမ်ချန်းသည် သွေးရူးသွေးတန်း တွေးတောနေ၏။

လူစိမ်း၏ သိုင်းပညာကောင်းလှသဖြင့် ဝှမ်ချန်းအဖို့ မျက်စိများ မှုန်နောက်လာရသည်။

အေးစက်စက် ရယ်သံသည် ပြတ်တောင်း ပြတ်တောင်း ထွက်ပေါ်လာသည်။

"ဇွိ"

လူစိမ်း၏ဓားသည် ဝှမ်ချန်း၏ရင်ဝသို့ စိုက်ဝင်သွားပြန်လေသည်။

သေပြီ။ ဝှမ်ချန်း သေလေပြီ။ ပွဲချင်းပြီး သေဆုံးလေပြီ။ ပါးစပ်မှ သွေးများ ပွက်ခနဲ ထွက်လာလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းသည် ဝှမ်ချန်းအား ခြေထောက်ဖြင့်ကန်ထုတ်လိုက်၏။ သူ၏သိုင်းပညာစွမ်းအား မည်မျှကြီးမားသနည်းဆိုသော် ဝှမ်ချန်း၏ ဦးခေါင်းသည်ပင်လျှင် သူ့ခြေထောက်ကန်ချက်ဖြင့် ကြေမွသွားခဲ့ရပေသည်။

ထိပ်သီးဟုဆိုနိုင်သော သိုင်းအကျော်အမော် အားလုံးအသတ်ခံသွားခဲ့ရပေပြီ။ ကျန်ရစ်သူများမှာ ထိပ်သီးမဟုတ်တော့ပေ။ ထိပ်သီးများက မယှဉ်နိုင်လျှင် ဤလူစိမ်းကို ထိပ်သီး မဟုတ်သူများက အဘယ်မှာလျှင် ယှဉ်ပြိုင်နိုင်လိမ့်မည်နည်း။

လူစိမ်းက အေးစက်စွာအော်ရင်း အားလုံးကို သတိပေး၏။

"မင်းတို့အားလုံး အဆိပ်သင့်နေပြီ၊ ငြိမ်ငြိမ်သက်သက် ထိုင်ပြီး အဆိပ်ကို ဖြေကြပါ၊ အဲဒီလိုကြိုးစားရင် နောက်ထပ် သုံးနာရီလောက် အသက်ရှင်ခွင့်ရမယ်၊ လှုပ်လှုပ်ရှားရှား တိုက်ခိုက်ရင်တော့ နာရီဝက်အတွင်း သေဆုံးသွားကြလိမ့်မယ်"

ကျန်ရစ်သော တိဗက်ဘုန်းကြီး အချို့နှင့် ယွင်ကြိုလုံ၏ သိုင်းသမားအချို့မှာ ဝေးကြောင်ကြောင် ဖြစ်နေကြသည်။



မရဏကိုယ်စားလှယ်၏ စကားကြောင့် သွေးပျက်မတတ် ခံစားသွားကြရသည်။

တိဗက်ဘုန်းကြီးများသည် သူတို့၏ ဂိုဏ်းချုပ် ဆရာကြီး အလောင်းဘေး၌ ဝန်းပတ် ဝိုင်းထိုင်လိုက်ကြ၏။

သူတို့၏ ညီတိုနှင့် နှဲကြီးကိုလည်း သိမှတ်တော့သည်၊

ဆိုင်းသံသည် ကြားရသူအပေါင်း၏စိတ်နှလုံးကို ကြေကွဲဝမ်းနည်းအောင် ဖန်တီးနေသည်။

တိဗက်ဘုန်းကြီး တစ်ပါးသည် စူးစူးရှရှ အော်ဟစ်ပြီးနောက် လဲကျ သေဆုံးသွား၏။

"ဟား ဟား ဟား"

ပြယ်ဓတောင်း ပြတ်တောင်း ရယ်လိုက်သည့် အက်ျီစိမ်းဝတ်သူ၏ ရယ်သံသည် တောတောင် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

ထိုမှ နောက်ပိုင်းတွင် တိဗက်ဘုန်းကြီးများ တစ်ပါးပြီး တစ်ပါး လဲကျသေဆုံးကုန်၏။ နှဲမှုတ်နေသည့် ဘုန်းကြီးနှစ်ပါး မသေသေးသဖြင့် တိဗက်ဘုန်းကြီးများ၏ အလောင်းများပေါ်ကို နှဲသံဖြင့် ဆင်ယင်နေသယောင် ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယွင်ကြို့လုံ၏ အတွင်းအား မကောင်းသူ အတော်များများလည်း တစ်ယောက်ပြီး တစ်ယောက် သေဆုံးကုန်သည်။

သေချာလေပြီ။

တောပန်းတောင်ပန်းတို့၏ ရနံ့ဟု ယူဆရသော အမွှေးရနံ့သည် အဆိပ်ရနံ့ ဖြစ်နေလေပြီ။

ထို့ကြောင့်ပင် လူစိမ်းက အားလုံးကိုအဆိပ်သင့်နေပြီဟု အသေအချာ ပြောခြင်း ဖြစ်ရပေမည်။

သိုင်းသမားတိုင်း မိမိလဲကျသေဆုံးရမည့်အချိန်ကို စောင့်ဆိုင်း နေကြရသဖြင့် ထိတ်လန့်နေကြလေသည်။

ထိုစဉ် ရှုံးကြဲဖေးသည် ရုတ်တရက် အော်ဟစ်ပြီး လူစိမ်းထံသို့ ခုန်အုပ်လိုက်၏။ လူစိမ်းက ဝေးဝေးမရှောင်ပါ။ လက်ယာခြေထောက်ကို ဆံလည်လှည့်ပြီး ကိုယ်တစ်ခြမ်း စောင်းပေးလိုက်သည်။

ရှုံးကြဲဖေးသည် အဆိပ်ရနံ့မိမထားပါက လူစိမ်းကို ထိအောင် ကန်နိုင်ကောင်း ကန်နိုင်ပေလိမ့်မည်။ ယခုသော် အဆိပ်ရနံ့မိထားသူဖြစ်၍ လူစိမ်းကို ထိမှန်အောင် မကန်နိုင်တော့ပေ။



ရှုံးကြဲဖေး ဝုန်းခနဲ ပစ်ကျသွားခဲ၏။ လူစိမ်းသည် ရှုံးကြဲဖေးအား တစ်ကွက်မျှ မတိုက်ခိုက်ခေ။ ရှုံးကြဲဖေး အလိုအလျောက် လဲကျသွားခြင်းဖြစ်၏။ ထို့နောက် သွေးအန်၍ သေဆုံးသွားတော့သည်။

လူစိမ်းက အေးစက်စက်ရယ်ရင်း....

"ဩော်....ဒီလောက် အဆိပ်မိနေတာတောင် ငါ့ကို တိုက်ခိုက်ချင်တဲ့လူ ရှိသေးသကိုး၊ ကောင်းပြီ၊ ခင်ဗျားတို့အားလုံး အဆိပ်မမိခင် သေကြပေတော့"

လူစိမ်းသည် ပြောပြောဆိုဆိုဖြင့် ကျန်နန် သိုင်းသမားများကြားသို့ ခုန်ဝင်ပြီး ထိုးခုတ် သတ်ဖြတ်တော့သည်။

ကျန်နန် သိုင်းသမားများမှာ အဆိပ်ရနံ့ အမိခံထားရခြင်းကြောင့် လည်းကောင်း၊ သိုင်းပညာအရာ၌ လူစိမ်းကို မယှဉ်နိုင်သောကြောင့် လည်းကောင်း လူစိမ်း၏ ထိုးခုတ်သမျှကို လည်စင်းခံကြရတော့၏။

ထိုစဉ်....

သေပြီဟုယူဆခြင်း ခံထားရသော ယွင်ကြို့လုံ၏ မျက်လုံးများသည် ရုတ်တရက် ပွင့်လာလေ၏။ သူ့ပါးပြည့်များ၏

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆိုးကို ရင်နင့်စွာ တွေ့မြင်လိုက်ရသော ယွင်ကြိုလုံမှာ အသံထွက်၍ တားဆီးမိမှုတတ် ဖြစ်သွား၏။

သို့သော် ချက်ချင်း စိတ်ပြောင်းသွားသည်။ သူ၏ရင်ခွင်ထဲမှ နဂါးပုံဘုံဆိပ်ပါသောအထုပ်နှင့် သူ့အနီးမှာ မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသော တိဗက်ဂိုဏ်းချုပ်ကြီး၏ ရွှေဓားပါသော အထုပ်ကို ခက်ခဲစွာကောက်ယူပြီး အမွှေးတိုင်အိုးကြီးထဲသို့ ပစ်ထည့်လိုက်သည်။

အမွှေးတိုင်အိုးထဲ၌ ရက်ပေါင်းများစွာက ထွန်းညှိထားခဲ့သော အမွှေးတိုင်ပြာများ တစ်ထွာဘဲစ်မိုက်မျှမက ထူတက်နေသဖြင့် အထုပ်နှစ်ထုပ်သည် ပြာများအောက်၌ နစ်မြုပ်သွားတော့၏။ ထို့နောက် ယွင်ကြိုလုံ ဒူးအနံ့ လဲကျသွားလေတော့၏။

လူစိမ်းသည် တိဗက်ဘုန်းကြီးများနှင့် ကျန်နန်ဒေသမှ သိုင်းသမားအားလုံးကို တစ်ယောက်မကျန် လိုက်လံသတ်ဖြတ်နေသဖြင့် ယွင်ကြိုလုံ၏အပြုအမူကို လုံးဝသတိမပြုမိချေ။

ယွင်ကြိုလုံရှိရာဘက်သို့ လှည့်လိုက်သောအခါတွင်မူ ယွင်ကြိုလုံ မလှုပ်ရှားတော့ပေ။



ထိုတိဗက်ဘုန်းကြီးများနှင့် ကျန်နန်ဒေသ သိုင်းသမားများအားလုံးထဲမှ အသက်ရှင်လျက် ကျန်ရစ်သူဆို၍ အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့်မိန်းကလေးတစ်ယောက်တည်းသာ ရှိသည်။

သူမသည် သွေးပျက်ဖွယ်ရာမြင်ကွင်းကို မြင်တွေ့ရသောကြောင့်လည်းကောင်း၊ အဆိပ်မွှေးရနံ့ကို မိထားသောကြောင့်လည်းကောင်း ဒေါင်ခြောင်ခြောင် ရပ်နေမိလေ၏။

လူစိမ်းသည် ထိုမိန်းကလေးအနီးသို့ ခုန်ဝင်သွားပြီး သူ့ဓားဖြင့် ထိုးချိန်လိုက်သည်။

သို့သော်....

စိတ်ပြောင်းသွားဟန်ဖြင့် ဓားကို အောက်ချလိုက်လေသည်။

ထို့နောက်....

မိန်းကလေး၏သွေးကြောများကို ထိုးပိတ်လိုက်ရာ မိန်းကလေးမှာ ဝုန်းခနဲ လဲကျသွားသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းသည် လဲကျသွားသောမိန်းကလေးကို ခါးမှပွေ့ချီလိုက်ပြီး လူများ အတုံးအရုံး လဲကျသေဆုံးနေသော တိုက်ပွဲမြေပြင်မှ ပြေးထွက်သွားလေတော့၏။

ထိုစဉ်....

ယွင်ကြိုလုံသည် သတိမေ့မြောနေရာမှ ပြန်လည်သတိရလာပြန်၏။

သူ၏ဒဏ်ရာမှသွေးကြောများကို ပိတ်သည်။

ထို့နောက်....

ခန္ဓာကိုယ်ကို တရွတ်ဆွဲလျက် သေဆုံးနေသည့် မောင်စန်းယိကျင်း၏ အလောင်းကောင်ဆီသို့ ခက်ခဲစွာ တိုးကပ်သွားသည်။

သူသည် မောင်စန်းယိကျင်း၏ ခန္ဓာကိုယ် အနှံ့အပြားကို လက်ဖြင့် လျှောက်စမ်းသည်။

တစ်စုံတစ်ခုကို စမ်းသပ်မိသောအခါ သူ့မျက်လုံးထဲ၌ ဝင်းလက်တောက်ပသွားသည်။

ဝှက်မွေးအင်္ကျီ၏ အတွင်းဘက်သို့ နှိုက်ယူလိုက်သောအခါ ပုလင်းတစ်လုံး ပါလာလေ၏။



သူသည် ဆေးပုလင်းကိုဖွင့်လျက် ဆေးလုံးသုံးလုံး ထုတ်ယူလိုက်သည်။

ပါးစပ်ထဲပစ်သွင်းပြီး မျိုချလိုက်သောအခါ သူ့တစ်ကိုယ်လုံး၌ အပူခံတွတ်များ ပျံ့နှံ့စီးဆင်းသွားတော့သည်။

မောင်စန်းယိကျင်း၏ ဆေးကား အသက်ကယ် သက်စောင့် ဆေးပေတည်း။

ယွင်ကြိုလုံသည် အတန်ကြာမျှ ငြိမ်ငြိမ်သက်သက် အိပ်နေသည်။ ပြီးမှ ဖြည်းလေးစွာထသည်။ ထို့နောက် တင်ပျဉ်ခွေထိုင်လျက် အတွင်းအားကျင့်စဉ်ကို လေ့ကျင့်တော့သည်။

မကြာမီ ယွင်ကြိုလုံတစ်ယောက် လူကောင်းနီးပါး ဖြစ်လာသည်။ သူသည် ထိုင်ရာမှ ဖြည်းညင်းစွာထပြီး ကျန်နေသော သိုင်းသမားများဆီသို့ လျှောက်လာ၏။

အလောင်းတစ်လောင်းမှ အဝတ်အစားကို ချွတ်ယူလိုက်ပြီး သူ၏ အပြာရောင်ဝတ်စုံဖြင့် လဲလှယ်ဝတ်ဆင်လိုက်သည်။

လူတစ်ယောက်၏ ခါးစည်းပဝါကို ချွတ်ယူပြီး ခေါင်း၌ စည်းနှောင်လိုက်သောအခါ ယွင်ကြိုလုံဟူ၍ ရုတ်တရက် အားဖြင့် မည်သူမျှ မပြောနိုင်လောက်အောင် ရုပ်ပြောင်းသွားသည်။

www.burmeseclassic.com



သူသည် သူ၏ဝတ်စုံ ဝတ်ဆင်ပေးထားသူ၏ မျက်နှာကို ဖျက်ဆီးပစ်လိုက်သည်။

ထိုအခိုက်မှာပင် တစ်စုံတစ်ယောက် ပြေးလာသည်ဟု ထင်မှတ်လိုက်သောကြောင့် သူသည် အမွှေးတိုင်အိုးဘေး၌ ဘေးဓောင်း လှဲချလိုက်ရတော့၏။

ရောက်ရှိလာသူကား မည်သူနည်း။

* * *

ထပ်မံ ရောက်ရှိလာသူကား လူသစ်တစ်ဦး မဟုတ်ချေ။ တိုက်ပွဲမြေပြင်တစ်ခုလုံးကို အလောင်းကောင်များဖြင့် ဖြည့် ...က်သွားခေ...ာင် ပြုလုပ်ခဲ့သည့် မရဏကိုယ်စားလှယ်ပေ ...ာည်း။

မရဏကိုယ်စားလှယ် တစ်ဖန် ပြန်လည်ရောက်ရှိလာခဲ့ ပြန်ချေပြီ။

မရဏကိုယ်စားလှယ်သည် အလောင်းများကို လိုက်လံ စစ်ဆေးရင်း ယွင်ကြိုလုံက မျက်နှာပြင်တစ်ခုလုံး ဖျက်ဆီး ထားသည့် အလောင်းကောင်ဆီသို့ ရောက်ရှိလာသည်။



အပြာရောင်ဝတ်စုံ၏ ရင်ဘတ်၌ နဂါးပုံတစ်ကောင် ပန်း ထိုးထားရာ ဝတ်စုံသက်သေအရ ယွင်ကြိုလုံဟူ၍သာ မှတ် ထင် ယူဆရတော့သည်။ သူသည် ယွင်ကြိုလုံ၏ ဦးခေါင်း နှင့် ပျက်စီးနေပုံကို သံသယရှိဟန်ဖြင့် အတန်ကြာ စဉ်းစား နေ၏။

သို့သော် သူကိုယ်တိုင် ဓားနှင့်ထိုးသတ်ခဲ့ခြင်း ကိုယ် တိုင်သိ၊ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ပြုမူခဲ့သဖြင့် ... သံသယဖယ်ရှားကာ အလောင်းကောင်ကို ခြေ... ကျွန်နန် တိုးကော်လွှင့်ပစ်လိုက်တော့သည်။

"ဟား... ဟား... ဟား"

သူသည် ဤဇာမ္ဗူတွင် သူတစ်ယောက်သည်သာ တစ် တစ်မင်း မှန်ပ်သည်ဟု ယုံကြည်ယူဆသည့်မမာ ကျယ်လော စွာ ရယ်မောနေလေတော့၏။

သူ၏ အော်ဟစ်ရယ်မောသံသည် ချက်ချင်း ပျောက် သွားသည် မဟုတ်ပါ။ တောတောင်အတွင်း ပဲ့တင်ထပ်လျက် ရှိနေတော့သည်။

သူသည် စိတ်ကျေနပ်အောင် ရယ်မောပြီးနောက် ဟရိ ရိပ် ပြေးထွက်သွားပြန်လေ၏။

www.burmeseclassic.com



သူ၏ ကိုယ်ဖော့ပညာမှာ လက်ဖျားခါရလောက်အောင် ကောင်းနေပြန်သည်။

ထို့ကြောင့် မကြာမီအချိန်အတွင်း ထိုလူ ပျောက်ကွယ်သွားတော့၏။

*　　*　　*

ဘုရားကျောင်းပျက် အပေါ်ထပ်မှ ချောင်းကြည့်နေသူ ဆန်ကွမ်းချီသည် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

"ဒီလူဟာ ဘယ်သူလဲဆိုတာတော့ ငါမသိဘူး၊ ဒါပေမယ့် သူဟာ ကိုယ်ဖော့ပညာ ကောင်းတယ်၊ သိုင်းပညာကောင်းတယ်၊ အတွင်းအားပညာ ကောင်းတယ်၊ တဒင်္ဂအချိန်အတွင်းမှာ လူတွေအများကြီးကိုလဲ သတ်ပစ်နိုင်တယ်၊ ရက်စက်တဲ့နေရာမှာလဲ စံတင်ထိုက်သူဖြစ်နေတယ်၊ ဟင်း… ဒီလိုလူမျိုးကို အထင်ကြီးဖို့ကိစ္စက အတော်မလွယ်ပါလား"

သူတွေးတောနေခိုက်မှာပင် သစ်တောအတွင်းမှ အနက်ရောင် ပဝါများကို မျက်နှာ၌ အုပ်စည်းထားပြီး အနက်



ရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် လူတစ်ကျိပ်ခန့် ပြေ
ထွက်လာကြ၏။

သူတို့ပြေးလာပုံကို ကြည့်ခြင်းအားဖြင့် သိုင်းပညာ
မည့်လူကြောင်း ဆန်ကွမ်းချီ ခန့်မှန်းသိရှိလိုက်သည်။

လူတစ်ကျိပ်ခန့်သည် အလောင်းများ ရှိရာ မြေပြင်သို့
ရောက်သောအခါ ဝန်းရံလိုက်ကြ၏။

သူတို့တွင် လက်နက်ကိုယ်စီ ပါလာကြသဖြင့် ကျန်နေ
ဒေသ သိုင်းသမားများ၏စစ်ကူများပေလောဟု ဆန်ကွမ်းချီ
တွေးနေသည်။

သို့သော်…

တဒင်္ဂအချိန်အတွင်းမှာပင် အဝေးမှ ဟစ်အော်ရယ်သံ
ကြားလိုက်ရပြီး အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်သည့် မရဏ
ကိုယ်စားလှယ် ပြေးလွှားလာကြောင်း တွေ့လိုက်ရလေ၏။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်သည့် သိုင်းသမားများသည်
ပျာပျာသလဲဖြစ်သွားကြပြီး ချက်ချင်းပင် ဒူးထောက်ဦးညွှတ်
ကြလေ၏။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်လူသည် ထိုသိုင်း
သမားများ၏ အရိုအသေ ဂါရဝပြုမှုကို လုံးဝ အရှုမစိုက်ဘဲ
သူအမိန့်ပေးလိုရာကိုသာ တင်းတင်းမာမာ အမိန့်ပေးလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခေါင်းတွေကို မြေမြှုပ်ပစ်လိုက်၊ သွေးစက် သွေးကွက် လုံးဝမကျန်စေနဲ့"

အနက်ရောင် သိုင်းသမား တစ်ကိုယ်၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက ရိုကျိုးစွာ ပြောကြားလေ၏။

"စိတ်ချပါခင်ဗျာ၊ အမှိန့်အတိုင်း တိတိကျကျ ဆောင်ရွက်ပါ့မယ်"

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူသည် အမွေးတိုင်ထွန်းသည့် ကြွေအိုးကြီးအနီးသို့ လျှောက်သွား၏။

တသည် ကြွေအိုးကို သံသယမကင်းဟန်ဖြင့် လှည့်ပတ်ကြည့်ရှုသည်။

ကြွေအိုးဘေး၌ အသက်မဲ့သေဆုံးသော ယွင်ကြိုလုံကိုတွေ့သော်လည်း အခေါင်းကောင်အမှတ်ဖြင့် ခွကျော်သွားလေတော့သည်။

ယွင်ကြိုလုံမှာမူ ယိုလူက ကြွေအိုးကြီးကို လှည့်ပတ်ကြည့်ရှုလေ စိတ်မချမ်းသာလေ ဖြစ်နေရှာသည်။

အတန်ကြာသော်...

"ဟေ့ကောင်၊ အဲဒီ အမွှေးတိုင်ထွန်းတဲ့ ကြွေအိုးကိုပါ မြေမြှုပ်ပစ်လိုက်စမ်း၊ ကုန်ကုန်ပြောမယ်၊ ဒီမြေဘစ်ဝိုက်မှာ ပစ္စည်း အစအနဆိုလို့ ဘာမှမကျန်စေနဲ့"



အနက်အရောင်ဝတ်စုံ ဝတ်ဆင်သူများက အမိန့်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ခေါင်းငြိမ့် အမှတ်အသား ပြုကြလေ၏။

အစိမ်းရောင်ဝတ်စုံဝတ်ဆင်သည့်လူသည် တိုက်ပွဲ မြေပြင်ကို နောက်ဆုံး အကြိမ်ဟန်ဖြင့် တစ်ချက် ကြည့်ပြီးနောက် ပြေးထွက်သွားပြန်လေသတည်း။

★

စာစဉ်-၁ ပြီး၏။

စာစဉ်-၂ ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com